www.burmeseclassic.com

# မြန်မာ့ခြင်းလုံးသမိုင်း

## ခြင်းဦးဘသိန်း (ပီကင်းပြန်)

BURMESE CLASSIC



ပန်းချီစံတိုး

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၁ ခုနှစ် စာပေဗိမာန် စာမူဆု
သုတပဒေသာ (ဝိဇ္ဇာ) ပထမဆုရ

# မြန်မာ့ခြင်းလုံးသမိုင်း

BURMESE CLASSIC

ရေးသူ–ခြင်း ဦးဘသိန်း (ပီကင်းမြန်)

အဖုံးပန်းချီ စံတိုး

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်၊ ၁၉၈၅၊ အုပ်ရေ ၂၃၀၀၀

အမှတ် ၅၂၉–၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်အဖွဲ့၊ တွဲဖက် ညွှန်ကြားရေးမှူး ဦးမျိုးသန့်က (ယာယီမှတ်ပုံတင်အမှတ် ၁၁၁) ဖြင့် စာပေဗိမာန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၀၃၀၂၅) ဖြင့် ထုတ်ဝေသည်။

# မာ တိ ကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| — | ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ အမှာ | ၅ |
| — | နာယကကြီး ဦးအောင်ကိုး၏ အမှာ | ၁၃ |
| — | စာရေးသူ၏ အမှာ | ၁၇ |
| — | နိဒါန်း | ၂၁ |
| ၁။ | ခြင်းလုံး၏ မူလအစ | ၂၅ |
| ၂။ | အညောင်းဖြေမှ ဖျော်ဖြေမှုသို့ | ၃၄ |
| ၃။ | ဖျော်ဖြေမှုမှ အားကစားသို့ | ၄၈ |
| ၄။ | စစ်ပြီးခေတ် ခြင်းလုံးလောက | ၆၃ |
| ၅။ | မြန်မာ့ခြင်းလုံးနှင့် ပြည်ပခရီး | ၇၁ |
| ၆။ | ခြင်းခတ်ပညာ တိုးတက်လာခြင်း | ၉၈ |
| ၇။ | ခြင်းခတ်ပညာနှင့် ဆုတံဆိပ် တွဲတံဆိပ်များ | ၁၁၉ |
| ၈။ | တပ်မတော်နှင့် ကျောင်းပေါင်းစုံ ခြင်းခတ်ပြိုင်ပွဲများ | ၁၃၆ |
| ၉။ | ပြည်သူ့ရဲတပ်ဖွဲ့ ခြင်းခတ်ပြိုင်ပွဲများ | ၁၅၁ |
| | ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့ ခြင်းပြိုင်ပွဲများ၊ ခရိုင်ပေါင်းစုံ တံခွန်စိုက်ပြိုင်ပွဲများ | |


www.burmeseclassic.com

www.burmeseclassic.com




| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | ခြင်းလုံး ဒိုင်လူကြီးနှင့် နည်းပြသင်တန်းများ .... .... | ၁၆၁ |
| ၁၁။ | ပြိုင်ပွဲစည်းမျဉ်း ဥပဒေများ .... .... | ၁၇၁ |
| ၁၂။ | ခြင်းလောက၏ ရွှေဆောင်များ .... .... | ၂၁၆ |
| | ဦးကရင်၊ ဦးကံ၊ ဦးဖိုလ်ကြီး၊ ဒုတိယ ဗိုလ်မှူးကြီး စိုးတင်နှင့် ဗိုလ်မှူး သန်းဆွေ၊ ဦးအရိန်၊ ဦးအောင်ကိုး၊ | |
| | — နောက်ဆက်တွဲ .... .... | ၂၃၉ |
| | ခြင်းလုံး ဝေါဟာရ ရှင်းလင်းချက်၊ | |
| | ခြင်းလုံးရက်စွဲစဉ် သမိုင်း၊ | |
| | ကျမ်းကိုးစာရင်း | |


BURMESE CLASSIC

# ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ အမှာ

"မြန်မာ့ခြင်းလုံးသမိုင်း" အမှာရေးရန် ခြင်းဦးဘသိန်း (ပီကင်းမြန်)၏ ဆန္ဒအရ စာမူများကို ကြိုတင်ဖတ်ရှုခွင့် ရခဲ့ပါသည်။

မန္တလေးတက္ကသိုလ် "ကန္နသာယာ"စာတမ်းဖတ်ပွဲ (၁၉၇၀ ပြည့်နှစ် မေလ ၁၇ ရက်နေ့)၌ ခြင်းဦးဘသိန်း၏ "မြန်မာ့ခြင်းလုံးသမိုင်း" အကျဉ်းစာတမ်းဖတ်စဉ်ကလည်း တက်ရောက်နာယူ မှတ်သားခဲ့ရပေသည်။ မြန်မာ့ခြင်းလုံးမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အားကစားတမျိုးဖြစ်၍ ကမ္ဘာတွင် ဤသို့ကစားနည်းမျိုး အာရှအချို့နိုင်ငံများမှာ ရှိသော်လည်း စနစ်တကျကစားပုံကို မြန်မာပြည်မှာသာ တွေ့နိုင်ပေသည်။ မန္တလေးတက္ကသိုလ် အနုပညာပြတိုက်တွင် ဆင်စွယ်ဖြင့် ပြုလုပ်ထားသော အထပ်ခုနစ်ထပ် ထွင်းထုထားသည့် ခြင်းလုံး ပုံသဏ္ဌာန်နှင့်တူသော ပစ္စည်းတခုကို မန္တလေးအနောက်ပြင် မြေဈကီရိုရပ်ကွက် တနေရာ မြေကွက်မှ ရ၍ ပြသထားခဲ့ပါသည်။ ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ယဉ်ကျေးမှုပြပွဲမန္တလေးသို့ လာရောက်ပြသစဉ်က ထိုသို့သော ဆင်စွယ်ခြင်းလုံးပုံသဏ္ဌာန် ပစ္စည်းများကို တွေ့ရှိရပါသည်။ ထို့ကြောင့် ခြင်းလုံးကစား



www.burmeseclassic.com

www.burmeseclassic.com

မှများ တရုတ်ပြည်နှင့် မည်သို့ ဆက်သွယ်မည်ကို စဉ်းစားဖွယ် ရှိသည်။

မြန်မာနိုင်ငံသမိုင်းတွင် ခြင်းလုံး ပေါ်ပေါက်ခဲ့သည်မှာ ပျူဒေသမှ ငွေခြင်းလုံးကိုစတွေ့သဖြင့် ပျူခေတ်ကပင် အမှန် အစ ဖြစ်မည်ဟုဆိုခဲ့ကြသည်။ မျက်မှောက်ခေတ်၌ ခြင်းလုံး ကို အမျိုးသားရေး ကိုယ်လက်လှုပ်ရှား ကစားမှု၌ မြို့နယ် ကျေးရွာမကျန် မြန်မာများ ထိပ်တန်းကထားရှိသည်ကိုထောက် ပါက မြန်မာ့ရှေးရိုးအစဉ်အလာ ကစားမှုတရပ်ဟု ဆိုရပေမည်။

ခြင်းဦးဘသိန်းသည် သာမန်ခြင်းဝါသနာပါသူမျှ မဟုတ်မူပဲ သုတေသီစိတ် ပြင်းပြသူတဦး ဖြစ်သည့်အားလျော်စွာ မိမိစိတ် ဝင်စားသော ခြင်းလုံးသမိုင်းကို မြန်မာ့စာပေနှင့် နိုင်ငံခြား မှတ်တမ်းများမှ မွှေနှောက် ရှာဖွေသုတေသနပြုကာတင်ပြထား ပေသည်။ ထို့ကြောင့် ခြင်းဦးဘသိန်း၏ သမိုင်းအထောက် အထားများသည် လက်လှမ်းမီသမျှ အလွန်ပင် ပြည့်စုံလှပေ သည်။ အမရပူရ မြို့တည်နန်းတည် ဘိုးတော်ဘုရား ဗဒုံမင်း လက်ထက် ၁၁၅၃ ခုနှစ် အမိန့်တော်အရ ခြင်းပွဲကို ပီပီပြင်ပြင် မှတ်တမ်းတင်ထားခြင်းကို ဖော်ပြထားရှိပေသည်။

ဦးဘသိန်း၏ ခြင်းဝါသနာမှာ သူ့ခတူအောင် ဖြစ်ကြောင်း ကို ခြင်းလုံးသမိုင်းက သက်သေပြနေပါသည်။ ငယ်စဉ်ကပင် ခြင်းလုံးဝါသနာထုံခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါ ၁၉၄၇ ခုနှစ်တွင် ဂရိတ်ဗုဒ္ဓဘာသာ ခြင်းလုံးခတ်အသင်းဝင် ဖြစ် ခဲ့ပြီး ထိုမှနောက်ပိုင်း နန်းညွှန့်နွယ်ခြင်းလုံးအသင်းတွင်လည်း



ပါဝင်၍ နှစ်သင်းစလုံးမှ ခြင်းပွဲများကို လိုက်ပါခတ်ကစားခဲ့ သည်။ ထို့နောက်ဂရိတ်ဗုဒ္ဓဘာသာခြင်းအသင်း၌လည်းကောင်း၊ နှစ်စဉ် ကျင်းပသော မဟာမုနိဘုရားကြီး ဝါဆိုပန်းကပ် ခြင်းပွဲ ဖြစ်မြောက်ရေးအဖွဲ့နှင့် မန္တလေးခရိုင် အပျော်ထမ်းခြင်းလုံး အဖွဲ့ စသည်တို့တွင်လည်းကောင်း အမှုဆောင် တာဝန်များ၊ အတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်၍ အသင်းအဖွဲ့များ အကျိုးကို ဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့ အောင်ဆန်းကွင်း အိုလံပစ်ပွဲ (၁၉၅၆)၊ မန္တလေးမြို့ခရိုင်ပေါင်းစုံ တံခွန်စိုက်ပြိုင်ပွဲ (၁၉၅၇)၊ တောင်ကြီးမြို့ ခရိုင်ပေါင်းစုံတံခွန်စိုက်ပြိုင်ပွဲ(၁၉၅၉) များတွင် မန္တလေးခရိုင် ခြင်းအဖွဲ့က တံခွန်စိုက် ဒိုင်းများကို အောင်ပန်း ဆွတ်ခူးခဲ့စဉ်က ခြင်းသမားတယောက်အဖြစ် ပါဝင် ခဲ့သည်။ ခြင်းလုံးညီလာခံများ (၁၉၅၆၊၁၉၅၉၊ ၁၉၆၀၊၁၉၆၂) တွင်လည်း ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။ ရန်ကုန် အောင်ဆန်းကစားကွင်း ခရိုင်ပေါင်းစုံ တံခွန်စိုက်ပြိုင်ပွဲ(၁၉၆၀) ၌လည်းကောင်း၊ အထက် မြန်မာပြည် ဗန်းမော်၊ ကသာ၊ မေမြို့ (တပ်တွင်း)၊ ကျောက်ဆည်၊ အမရပူရ စသော မြို့နယ် အသီးသီးတို့၌ လည်းကောင်း ပြိုင်ပွဲ ဒိုင်လူကြီး လုပ်ရသည်။ ဒေသနှင့် ဆိုင်ရာ ခြင်းလုံးပြိုင်ပွဲ ဥပဒေများကိုလည်း ရေးဆွဲ ပေးသည်။

၁၉၅၄ မှ ၁၉၆၀ အထိ အမှတ်ခတ်ပြိုင်ပွဲ၊ အလှခတ်ပြိုင်ပွဲ ဟူ၍ ဝိုင်းဖွဲ့ပြိုင်ပွဲနှစ်မျိုးရှိရာ အမှတ်ခတ်ပြိုင်ပွဲတွင် နှုတ်ဖြင့် အော်၍ အမှတ်ပေးသည်။ အလှခတ် ပြိုင်ပွဲမှာ နှုတ်ဖြင့် မအော်ဘဲ ဒိုင်များက ဇယားကွက်တွင် ရေးမှတ်၍ အမှတ်ပေး ကြရသည်။ ဒုတိယနည်းအရ ကျေနပ်မှုမရှိကြသဖြင့် ထိုပြိုင်ပွဲကို

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်တော်ပယ်ရန် အဆိုပြုခဲ့ကြလေသည်။ ထိုအခါ ခြင်းလုံးအဖွဲ့ချုပ်က ၎င်းအလှခတ်ပြိုင်ပွဲကို နှုတ်ဖြင့်အော်၍ အမှတ်ပေးနိုင်ရန်အတွက် ခရိုင်အသီးသီးသို့ အကြံဉာဏ်များ တောင်းခံခဲ့ရာ ဦးဘသိန်းက အမှတ်အော်ပေးနိုင်သော နည်းစနစ်ကိုတီထွင်၍ ကိုယ်တိုင်အမှတ်အော်ပြသဖြင့် ဝိုင်းဖွဲ့ အလှခတ်ပြိုင်ပွဲသည် ယနေ့အထိ ဆက်လက်တည်ရှိခဲ့သည်။ ၁၉၅၉ ခုနှစ် မန္တလေးမြို့ မြို့တည်နန်းတည် နှစ်တရာပြည့်ပွဲတော် အခမ်းအနားတွင်လည်း ၁၀ ရက် တိုင်တိုင် တာဝန်ခံကြီးကြပ်၍ ခြင်းယှိုင် အလှခတ်ပွဲများကို ညစဉ်ကျင်းပပြီး အသံချဲ့စက်ဖြင့် ခြင်းခတ်နည်းများကို အကျယ်တဝင့် ရှင်းလင်း ပြောပြပေးခဲ့သည်။ ယင်းသို့ ကိုယ်ခံခြင်းလုံးပညာနှင့်ပြည့်စုံသူတဦး ဖြစ်သည့်အလျောက် ၁၉၆၄ ခုတွင် "ဗမာ့ခြင်းပညာ ခတ်နည်းတရာ" စာအုပ်ကို မန္တလေးခရိုင် အပျော်ထမ်း ခြင်းလုံးအဖွဲ့ ဥက္ကဋ္ဌဟောင်း ဦးဖိုးကြီးနှင့် ပူးတွဲရေးသားကာ ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ထိုစာအုပ်ကို ထိုးချဲ့ရေးပြီး "ဗမာ့ခြင်းပညာ"အမည်ဖြင့် ထုတ်ဝေခဲ့သည်။

ခြင်းလုံးပညာနှင့်ပတ်သက်သော ဦးဘသိန်း၏ ဆောင်းပါးများသည် ရန်ကုန် မန္တလေးထုတ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း အစောင်စောင်တွင် ပါရှိခဲ့သည်။ ထို့ကြောင့်လည်း ၁၉၈၀ ပြည့်နှစ် တရုတ်မြန်မာနယ်ခြားသတ်မှတ်ရေး အောင်ပွဲကျင်းပရာ တရုတ်ပြည် ပီကင်းမြို့တော်သို့ အားကစားအဖွဲ့နှင့် လိုက်ပါခဲ့ရပြီး တရုတ်ပြည်၌ တလနှင့် ရက်သတ္တတပတ်ကြာ နေထိုင်၍ ပီကင်း၊ ရှင်ယန်၊ နန်ကင်း၊ ရှန်ဟဲ၊ ဟံချောင်း၊ ကွမ်းတုန်နှင့် ကူမင်း စသော မြို့ကြီးများတွင် မြန်မာခြင်းခတ်ပညာကို ပြသ



ရာတွင် ပါဝင်ကစားပြခဲ့ပေသည်။ ဤမျှဖော်ပြလျှင် ဦးဘသိန်း၏ ခြင်းလုံးပညာကို လှလှကြီး အကဲခတ်နိုင်ပေသည်။ ဦးဘသိန်း၏ဘဝတွင် ခြင်းလုံးသာလျှင် သူ့ဘဝ ဆိုဘိသကဲ့သို့ရှိရာသည်။ ထိုင်လည်း ခြင်းလုံး၊ ထလည်း ခြင်းလုံး၊ သွားလည်း ခြင်းလုံး။ ခြင်းလုံးကို မည်မျှ စိတ်စွဲသည်ဆိုပါမူ ထမင်းစားယင်းမှာပင် ခြင်းလုံးခတ်ပုံ ခတ်နည်း အတွေးလွန်ပြီး ထမင်းလုပ်ကိုလက်မှာကိုင်လျက် မိန်းမောတွေဝေနေသဖြင့် ထမင်းဝိုင်းထိုင်နေကြသူ အိမ်သူအိမ်သားများက စိုးရိမ်တကြီး ဖြစ်ခဲ့ရဖူးလေသည်။ ဤခြင်းသမိုင်း ပြုစုနေစဉ်မှာပင် တနေ့တွင် နံနက်စာ ထမင်းစားရန် မေ့နေ၍ ထမင်းတနပ် လက်လွှတ်ခဲ့သည်။ မိမိလေ့လာသော ပညာတရပ်အပေါ် စိတ်ဝင်စားမှုသည် ပညာရှင်အခေါ်ခံသူတိုင်းတွင် ရှိလေ့ရှိထ မရှိကြချေ။ တက္ကသိုလ်၌ အထက်တန်း ပညာရပ်များ ဆက်လက် ရှာဖွေသုတေသနပြုကြရာဝယ် များစွာသော ပုဂ္ဂိုလ်တို့သည် ဘွဲ့ကလေး ဂုဏ်ထူးကလေးရပြီးနောက်၌ မိမိလေ့လာခဲ့သောပညာကို ဆက်လက် ကြိုးပမ်းလေ့လာ နေသူများအား တွေ့ရခဲသည်။ ထို့ကြောင့် ခြင်းဦးဘသိန်း၏ ဝါသနာစရိုက်ကို ဖော်ထုတ်ပြရခြင်း ဖြစ်သည်။ ခြင်းဦးဘသိန်းသည် မန္တလေးသားဖြစ်သည်။ တိုင်းရင်းသား မြန်မာမှတ်စလင်အမျိုးသားဖြစ်သည်။ သို့တစေ တကယ်မြန်မာ့စိတ် မြန်မာ့ဟန်နှင့် နေထိုင်သူဖြစ်သည်။ မြန်မာစာပေ မြန်မာ အနုပညာကို လေးစားသည်။ ခြင်းလုံးနှင့်ပတ်သက်သော စာဟူသမျှ ရှာကြံသည်။ ဖတ်သည်။

၇-၁၀-၆၇ နေ့ လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာတွင် "မြန်မာ့ ခြင်းခတ်ပညာနှင့် ပတ်သက်၍" ဟူသော ဆောင်းပါး

www.burmeseclassic.com

www.burmeseclassic.com


တွင် ခြင်းခတ်ပညာနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးတင်ပြထားသည်။ မည်သူတဦး တယောက်ကိုမျှ ဂုဏ်သိက္ခာထိခိုက်စေလိုသော စိတ်ထားမျိုးမရှိပဲ အများအကျိုးအတွက်အမှန်ကို သိရှိနားလည်စေရန် စေတနာ ထားကြောင်းလည်းဝန်ခံထားသည်။ တဖန် ၁၉၆၉ ခုနှစ်တွင်ပုံနှိပ်သော ဆဋ္ဌမတန်းမြန်မာဖတ်စာသစ်တွင် သရေခေတ္တရာမှ ရသော ငွေခြင်းလုံးနှင့်စပ်လျဉ်းပြီး ဘောဘောကြီးစေတီ ဌာပနာမှ မဟုတ်ကြောင်း၊ ၁၉၂၆-၂၇ ခုနှစ် ပြည်ခရိုင် မှော်ဇာမြို့နယ် ခင်ဗကုန်းမှရသော ခြင်းလုံးဖြစ်ကြောင်း၊ ၁၅-၃-၇၀ နေ့ထုတ် ဟံသာဝတီသတင်းစာတွင်လည်း ကျောင်းသားကျောင်းသူများအတွက် အမှန်ကို ပြုပြင် ပေးရန် တင်ပြခဲ့လေသည်။ ပညာရေးဌာန သို့လည်း အခါအားလျော်စွာ အကြံပြုခဲ့သည်သာ။

ခြင်းဦးဘသိန်းသည် ခြင်းလုံးသမိုင်း ပြုစုရာတွင် ရက်စဉ်သမိုင်းဟူ၍ ကဏ္ဍတရပ် တင်ပြထားသည်။ ခြင်းလုံးခတ်ပုံအခေါ်အဝေါ် ခတ်ဟန် ခတ်နည်း နှင့် တကွ ဝိုင်းအဖွဲ့ ခွဲဝေပုံ၊ ခြင်းလုံးခတ်နည်း ဥပဒေစည်းကမ်း သတ်မှတ် ခဲ့ပုံများကိုပါ ရှာဖွေရေးသားထားသည်။ ခေတ်အဆက်ဆက် ခြင်းလုံးပညာသည်များနှင့်အဖွဲ့များ အမည်မှတ်တမ်းလည်း ပါရှိသည်။

ကိုယ်လက်လှုပ်ရှား အားကစားမှုတရပ်အဖြစ် အမျိုးသားများသာမက အမျိုးသမီးများလည်း ယခုအခါ ခြင်းလုံးခတ်ကစား လာကြလေပြီ။ လူငယ်၊ လူလတ်၊ လူကြီး အရွယ်မျိုးစုံကစားနိုင်သော အားကစားမှု မျိုးလည်း ဖြစ်သည်။ အချို့ပုဂ္ဂိုလ်များက ခြင်းလုံးခတ်ပွဲကို ပုံစံသစ်ဖြင့် ပိုက်တန်းခြားပြီးခြင်းလုံးခတ်မှုများ တီထွင်လာကြသည်။ အချို့လူငယ်ကလေးများသည် ရွှံ့လုံးကစားသကဲ့သို့ နှစ်ဦးသား ရင်ချင်း ကျောချင်းပူးတုံ့ခွာတုံ့ ခြင်းလုံးကို ညှပ်ပြီး မြေမှာမကျစေပဲ တဦးနှင့်တဦးနမ်းရှုပ်ယင်း ကျီစယ်ကာ ကစားပုံအဆန်းများလည်း တွေ့ရသည်။ ခြင်းလုံးခတ်မှုကို လူတိုင်း ပါဝင်မကစားကြသည့်တိုင်အောင် မြန်မာများအဖို့ အလွန်ကျေနပ် နှစ်သက်၍ ကြည့်ရှုအားပေးကြသော ကစားနည်းဖြစ်လေသည်။ ယင်းသို့ကြောင့်လည်း ခြင်း ဦးဘသိန်း (ပိုကင်းပြန်) ၏ "မြန်မာ့ ခြင်း လုံးသမိုင်း" စာအုပ်ကို ဖတ်ရှုပြီး ဤမိတ်ဆက်အမှာစာ ရေး၍ဂုဏ်ပြုရပါသည်။ ။

၁၉-၁၁-၇၆ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)

www.burmeseclassic.com

# နာယကကြီး ဦးအောင်ကိုး၏အမှာ

ခြင်းခတ်ကစားနည်းသည် မြန်မာ့ယဉ်ကျေးမှုမှ ပေါက်ဖွားလာခဲ့သော အားကစားနည်းတရပ်ဖြစ်ပေသည်။ ယင်းကစားနည်းသည် ပျော်ရွှင်မှု၊ ကျန်းမာမှုနှင့်တကွ စုပေါင်း ဆောင်ရွက်ခြင်း၊ စုပေါင်း တာဝန်ယူခြင်း စသည့် မွန်မြတ်သော သမဂ္ဂါယမစိတ်ဓာတ် အခြေခံတို့ကို ပေးစွမ်းနိုင်သော ဂုဏ်သတ္တိနှင့်လည်း ပြည့်စုံပေသည်။ အထီး ခြောက်မျိုးကို အခြေခံ၍ ခတ်ကစားရသော မြန်မာ့ ခြင်းခတ် ကစားနည်းတွင် တိုင်းတပါး၏ မူဟန်၊ နည်းစနစ်၊ ကိရိယာပစ္စည်း စသည်တို့ လုံးဝမပါရှိပေ။ မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ့နည်းစနစ်၊ မြန်မာ့ပစ္စည်း ကိရိယာဖြင့်သာ ခတ်ကစားရသော ကစားနည်းဖြစ်ပါသည်။ ထို့ကြောင့်ပင် မြန်မာ့ အမျိုးသား ကစားနည်းကို ပြပါဟု ဆိုလျှင် ခြင်းခတ် ကစားနည်းကို ဂုဏ်ယူ၍ ပြသရပါသည်။ မြန်မာ တိုင်းရင်းသား များကို လည်းကောင်း၊ နိုင်ငံခြား ဧည့်သည်တော်ကြီးများနှင့် ကမ္ဘာလှည့် ခရီးသည်ကြီးများကိုသော်လည်းကောင်း မြန်မာ့ခြင်းလုံး ခတ်ကစား ပြသည့်အခါ ချီးကျူးသြဘာသံများ လှိုက်လှဲစွာ ထွက်ပေါ်လာစမြဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဤမြန်မာ့ခြင်းခတ်ကစားနည်းကို တီထွင်ပေးခဲ့သည့် ပုဂ္ဂိုလ်ကြီးများအား ထာဝစဉ်လေးစားလျက် ကျေးဇူးဥပကာရ တင်ထိုက်လှပါပေသည်။

ခြင်းဝါသနာရှင်တဦးသည် ခြင်းသမားကောင်းတယောက်ဖြစ်လိုပါလျှင် ခြင်းခတ်ပေါက် ခတ်ဟန် ခတ်ကွက်တို့ကို နည်းစနစ်ကျနစွာ တနည်းအားဖြင့် ဆိုသော် သိပ္ပံနည်းကျကျလေ့ကျင့်သင်ယူရပါသည်။ ခြင်းရိုး၊ ခြင်းကလေး၊ ခြင်းလတ်၊ ခြင်းကြီး ခေတ်ဆန်းဟူသော ခတ်ပေါက်တို့ကို မှန်ကန်ပိုင်နိုင်စွာ ခတ်ကစားတတ်အောင် ဇွဲသန်သန်ဖြင့် လေ့ကျင့်ရပါသည်။ ယင်းနည်းစနစ်ပိုင်းနှင့် စပ်လျဉ်း၍ ခြင်းလုံးပညာရှင်များ၏ ကြိုးပမ်းချက်ဖြင့် ခြင်းလုံးခတ်နည်း ပညာပေးသည့်စာအုပ်များ ပေါ်ထွက်ခဲ့ပြီးဖြစ်ပါသည်။ ခြင်းလုံး ဝါသနာရှင်များသည် ခြင်းလုံးခတ်နည်းတို့ကို ဖတ်ရှုလေ့လာပြီး လက်တွေ့လေ့ကျင့်ယူနိုင်ကြပေပြီ။

ခြင်းလုံးသမိုင်းစဉ်နှင့် စပ်လျဉ်း၍မူကား ဖတ်ရှုလေ့လာရန်စာအုပ်များ ရှားပါးလှပါသေးသည်။ ခြင်းလုံး သုတေသီဦးဘသိန်း၏ "ခြင်းလုံးသမိုင်း" သည် ဤဟာကွက်ကို ဖြည့်တင်းလိုက်သည့် စာအုပ်ဟု ဆိုရပေမည်။ ခြင်းလုံးသမိုင်းနှင့်ပတ်သက်သည့် အချက်အလက်များကို နှစ်ပေါင်းများစွာရှာဖွေ စုဆောင်းလာခဲ့သူ ဦးဘသိန်းသည် ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ဆယ်နှစ်ထိုင်တိုင် ကြိုးပမ်း ရေးသားပြုစုခဲ့ရကြောင်း သိရှိရပါသည်။ ခြင်းလုံး၏ ရှေးခေတ်သမိုင်းကြောင်းနှင့်တကွ မျက်မှောက်ခေတ် အတွင်း ပြောင်းလဲ



တိုးတက်လာခဲ့သော အကြောင်းခြင်းရာများကို ထုတ်ဖော်တင်ပြထားရာ များစွာ စိတ်ဝင်စားဖွယ် ကောင်းပါပေသည်။

ထို့ကြောင့် ဤစာအုပ်သည် ခြင်းလုံး ဝါသနာရှင်တိုင်း၏လက်ဝယ် ရှိထိုက်သော စာအုပ်တအုပ် ဖြစ်သည်ဟု ဆိုချင်ပါသည်။ ။

**ဦးအောင်ကိုး(ဘီအေ ဘီအီးဒီ)**
**နာယကကြီး**
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
ခြင်းလုံးအဖွဲ့ချုပ်

၁၅ - ၈ - ၈၀

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

မြန်မာနိုင်ငံသည် ခြင်းလုံးခတ်ကစားခြင်း အလေ့အထ အရှေ့တောင်အာရှ၌ ပထမဦးဆုံး စတင်ပေါ် ပေါက်ခဲ့သော နိုင်ငံ ဖြစ်သော်လည်း ခြင်းလုံးခတ်ကစားခြင်း ပညာနှင့် ပတ်သက်၍ သမိုင်းကြောင်းကိုဖော်ထုတ်ရေးသားသည့် ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာများကို မတွေ့ရှိရပါ။ ရှေးကျသော စာအုပ်စာတမ်း များလည်း မတွေ့ရပါ။ ထို့ကြောင့် ခြင်းလုံးသမိုင်း ရေးသား လိုသောဆန္ဒ ပြင်းပြလျက်ရှိသည့်အတိုင်း ပြုစု ရေးသားရာတွင် တွေ့ရှိရသည့် အခက်အခဲများဖြစ်ကြသော မှီငြမ်းပြုရန် စာအုပ် ရှားပါးခြင်းကြောင့် နိုင်ငံခြားသားများ၏ မှတ်တမ်းများကို ခက်ခဲစွာရှာဖွေကြည့်ရှု ခြင်း၊ ရန်ကုန်နှင့်မန္တလေးရှိ ရှေးဟောင်း သုတေသနဌာနရုံးများသို့ သွားရောက်၍ မေးမြန်း မှတ်သားရ ခြင်း၊ ၎င်းဌာနများမှ နှစ်ပတ်လည်အစီရင်ခံစာများကို ကြည့်ရှု လေ့လာရခြင်းနှင့် ကျောက်စာဝန်ဟောင်းသက်ကြီးပုဂ္ဂိုလ်များ ဖြစ်ကြသောမန္တလေးမှဦးမြ၊ ရန်ကုန်မှဦးလူဖေဝင်း၊ ရှေးဟောင်း သုတေသန ညွှန်ကြားရေးမှူး ဦးအောင်သော်၊ ၎င်းရုံးမှဦးညိမ်း မောင်၊ ပုဂံပြတိုက်မှ လက်ထောက် ပစ္စည်းထိန်းသိမ်းရေးမှူး ဟောင်း ဦးထွေးစိန်၊ မန္တလေးကျောက်စာဌာနမှ ဝန်ထောက် ဦးမြင့်အောင်၊ ရုံးအုပ်စာရေးကြီးဟောင်း ဦးနွယ် စသည့်ပုဂ္ဂိုလ် များထံ သွားရောက် မေးမြန်းရခြင်း၊ ၎င်းအပြင် မန္တလေးနှင့် ရန်ကုန်ရှိ ခြင်းဝါသနာရှင် သက်ကြီးပုဂ္ဂိုလ်များထံ ချဉ်းကပ်၍

www.burmeseclassic.com

www.burmeseclassic.com



လေ့လာမေးမြန်းခြင်းတို့သည်လွယ်ကူလှသည်မဟုတ်ပါ။ နှစ်ရှည်လများ ဇွဲကောင်းကောင်းဖြင့် လေ့လာခဲ့ရပါသည်။ နှစ်ပေါင်းလေးဆယ်ခန့်မျှ စိတ်ရော ကိုယ်ပါ လိုက်စားလေ့လာ မှတ်သားခဲ့သည်များမှ ခိုင်လုံသော အထောက်အထား အချက်အလက်များနှင့်တကွ မြန်မာ့ခြင်းလုံး သမိုင်းကို ရေးသားခဲ့ရာ ၁၉၆၉ ခုနှစ်ကပင် ရေးသားပြီးစီးခဲ့ပါသည်။ သို့ရာတွင် အကြောင်းမညီညွတ်သဖြင့် စာအုပ်အဖြစ် စက်တင်ပုံနှိပ်ခြင်းမပြုနိုင်ခဲ့ပါ။

၁၉၇၀ ပြည့်နှစ် မေလအတွင်းက ဤမြန်မာ့ခြင်းလုံးသမိုင်းမှ အချို့အဝက်ကိုထုတ်၍ " မြန်မာ့ခြင်းလုံးသမိုင်းစာတမ်း " ဟု အမည်တပ်ပြီး မေလ ၁၇ ရက်နေ့တွင် မန္တလေးမြို့ ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ် သမိုင်း ခန်းမဆောင်၌ ကျင်းပခဲ့သော "ကွန်သာယာ" စာတမ်းဖတ်ပွဲတွင် သမိုင်းပါမောက္ခ ဒေါက်တာ သန်းထွန်းက သဘာပတိပြု၍ ကျွန်တော်ကိုယ်တိုင် ဖတ်ကြားခဲ့ပါသည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း ဤမြန်မာ့ခြင်းလုံးသမိုင်းကို အကြိမ်ကြိမ်ဖတ်ပြီး ညှိနှိုင်းခြင်း၊ ဖြည့်စွက်ခြင်းများပြုလုပ်၍ အထပ်ထပ် ပြန်လည်ဆန်းစစ်လျက် စနစ်တကျ ပြန်လည်ရေးသားပြုစုပါသည်။

မြန်မာ့ခြင်းလုံးသမိုင်း ရေးရာတွင် စနစ်တကျ ခေတ်မီအောင် ရေးနိုင်ရန်အတွက် ရေးနည်းရေးဟန် အထားအသိများကို ညွှန်ကြားပေးသည့် မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သမိုင်းပါမောက္ခဒေါက်တာသန်းထွန်း၊ ခြင်းအကြောင်းနှင့်ပတ်သက်၍ စာရေးမေးမြန်းခြင်းနှင့် လူကိုယ်တိုင် သွားရောက်တွေ့ဆုံမေးမြန်းရာတွင် ကောင်းမွန်စွာ စာရေးပြန်ကြားသူများနှင့် လက်ခံတွေ့ဆုံ၍ဖြေကြားကြသော ပုဂ္ဂိုလ်ကြီးငယ်များ၊ ဤစာအုပ်တွင် ဖော်ပြနိုင်ရန် ဓာတ်ပုံများ ချီးမြှင့်



ကြသောပုဂ္ဂိုလ်များနှင့် မိမိတို့၏ပုံများကိုဖော်ပြခွင့်ပြုကြသည့် ပုဂ္ဂိုလ်များ၊ မြန်မာ့ခြင်းလုံးသမိုင်း လက်ရေးမူကို ပထမအကြိမ် လက်နှိပ်စက်ဖြင့် အခမဲ့ ကူးယူရိုက်နှိပ်ပေးသော မန္တလေး မီးရထား ဘူတာရုံရှိ ငွေစာရင်း ဌာနမှ စာရေးကြီး ဦးသန်းမောင်၊ ဒုတိယအကြိမ် ခေတ်မီစနစ်ဖြင့် ပြန်လည်ရေးသားသော လက်ရေးမူကို လက်နှိပ်စက်ဖြင့် အခမဲ့ကူးယူရိုက်နှိပ်ပေးသည့် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သမိုင်းဌာနမှ ဦးသန်းဖေ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် နိုင်ငံခြားသားများ၏ ခြင်းလုံးအကြောင်း မှတ်တမ်းများကို မြန်မာပြန်ဆိုပေးကြသော "ရွှေလက်ဝါး" ဆေးတိုက်ပိုင်ရှင် ဒေါ်ဒေါ်ထားနှင့် လူထုဒေါ်အမာ၊ အထက်တန်းရွှေနေကြီးဦးမင်းနွယ်(ဘီအေ)စကြာနွယ်စဉ်၊ ကျောင်းဆရာ ဦးတင်စိုး (ဘီအေ) စကြာနွယ်စဉ်၊ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် သင်္ချာဌာနမှ လက်ထောက်ကထိကဦးမောင်မောင်တင်နှင့် စာရေးသူအား စာဖတ်ပရိသတ်နှင့် မိတ်ဆက်စာရေးပေးသည့် နိုင်ငံသမိုင်းသုတေသန ဦးစီးဌာနမှ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) တို့ကို ကျေးဇူးတင်ရှိကြောင်း ဝမ်းသာစွာဖော်ပြအပ်ပါသည်။ ။

ခြင်း - ဦးဘသိန်း (ပီကင်းမြန်)

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ကျွန်တော် ယော်ဇဉ်ကပင် ခြင်းလုံးခတ် ကစားခြင်းကို ဝါသနာပါခဲ့သည့် အလျောက် ၁၂ နှစ် ၁၃ နှစ်သား အရွယ်ကစ၍ ခြင်းလုံးခတ်ကစားခဲ့ပါသည်။ ၁၉၃၃ - ၃၄ ခုနှစ်လောက်မှစ၍ ခြင်းပွဲများတွင် ကြိုးကြားကြိုးကြား ပါဝင်ကစားခဲ့ရပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၂ - ၄၅ ခုနှစ်က စစ်ပြေးအကွာသည်ဘဝတွင် ဟင်းငုရွာ၊ ဒေါနုခြံ၊ ဗုံးအိုး စသည့် ရွာများသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ရစဉ် အချိန်ကလည်း ညနေတိုင်းနေ့စဉ် ခြင်းလုံးခတ်ခဲ့ပါသည်။

စစ်ပြီးကာလ ၁၉၄၇ နှစ်မှစ၍ ဂရိတ် ဗုဒ္ဓဘာသာ ခြင်းလုံးခတ် အသင်းကြီးတွင် အသင်းသားအဖြစ် ပါဝင်ခဲ့ပါသည်။ ထို့နောက် နန်းညွန့်နွယ် ခြင်းလုံးခတ်အသင်း၌လည်း ပါဝင်ကာ အမြို့မြို့ အရွာရွာသို့ လိုက်ပါလျက် ခြင်းပွဲများ ခတ်ကစားခဲ့ပါသည်။ ထို့အပြင် ခြင်းလုံးခတ် ပြိုင်ပွဲများတွင် အမှတ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဒိုင်လူကြီးအဖြစ် အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ ခရိုင်ပေါင်းစုံ ခြင်းလုံးခတ် တံခွန်စိုက် ပြိုင်ပွဲကြီးများတွင် ပထမတန်း(က) ၁၀ ပေါက်တန်းမှ လေးကြိမ်တိုင်တိုင် ပါဝင်ခတ်ကစားခဲ့ဖူးသည့်အပြင် ၁၉၆၀ ပြည့်နှစ်တွင် တရုတ်ပြည် ပီကင်းမြို့တော်၊ နန်ကင်း၊ ရှင်ယန်၊ အံရှန်၊ ရှန်ဟဲ၊ ကွမ်းတုန်၊ ဟန်ချို၊ ကူမင်း (ခွင်မင်း) စသော မြို့ကြီးများသို့ ခြင်းယိုင်ခတ်အဖွဲ့တဖွဲ့ အစိုးရကစေလွှတ်ရာတွင် လက်ရွေးစင် ခြင်းခတ်သမားတဦးအဖြစ် လိုက်ပါခဲ့ရလေသည်။

၁၉၅၇ ခုနှစ်မှစ၍ ယနေ့တိုင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ခြင်းလုံးဆောင်းပါးများကို မကြာခဏ ရေးသားခဲ့ပါသည်။ ခြင်းလုံးနှင့် ပတ်သက်၍ အထူး စိတ်ဝင်စားသူတယောက်ဖြစ်သည့်အတိုင်း ခြင်းနှင့်ပတ်သက်သမျှ အကြောင်းအရာများကို တဆင့်ကြားဖြင့် မယုံကြည်ပဲ ကိုယ်တိုင်လေ့လာပြီးမှ ယုံကြည်လေ့ရှိပါသည်။ ခြင်းကိစ္စနှင့် ပတ်သက်၍ လေ့လာစရာ မေးမြန်းစရာ ရှိလျှင် ကိုယ်တိုင် သွားရောက် မေးမြန်းဆွေးနွေးပြီး သေချာစွာ မှတ်သားလေ့ရှိပါသည်။ တခါတရံ စိတ်ကျေနပ်မှု မရပါက ပုဂ္ဂိုလ်တဦးထံသို့ သုံးလေးကြိမ်အထိ သွားရောက် ဆွေးနွေးလေ့ရှိပါသည်။ ဝေးနေ မိတ်ဆွေများထံ စာရေးမေးမြန်းသည့်အပြင် လူကိုယ်တိုင်လည်း သွားရောက်မေးမြန်းပါသည်။

ထို့ပြင် ခြင်းအကြောင်း ရေးသားပါရှိသော စာနယ်ဇင်းများ၊ စာအုပ်စာတမ်းများကိုလည်း တွေ့သမျှ ရသမျှ ဝယ်ယူစုဆောင်းကာ ဖတ်ရှု၍ မှတ်သားခဲ့ပါသည်။

ဤကဲ့သို့ နှစ်ရှည်လများ အပတ်တကုတ် ကြိုးစားလေ့လာမှတ်သားထားသည်များကို ပျောက်ပျက် မသွားစေရန်နှင့်



နောင်လာနောက်သား ခြင်းလုံး ဝါသနာပါသူများ အလွယ်တကူ လေ့လာမှတ်သား နိုင်ကြစေခြင်းအလို့ငှာ သမိုင်းတင်ထားရစ်မှသာလျှင် ပင်ပန်းရကျိုးနပ်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့်တကြောင်း၊ ယခုလို ခြင်းလုံးခတ်ကစားခြင်း တိုးတက်ခေတ်စားလာသော အချိန်အခါမျိုး၌ တိကျ မှန်ကန်သော ခြင်း သမိုင်းတစောင်တဖွဲ့ ရှိသင့်ပြီဟု သဘောရရှိပါ၍ "မြန်မာ့ခြင်းလုံးသမိုင်း" အမည်ဖြင့် ဤစာအုပ်ကို ဖြစ်မြောက်အောင် ရေးသားလိုက်ရပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

### အခန်း ၁

# ခြင်းလုံး၏ မူလအစ

ခြင်းလုံးခတ် ကစားခြင်း အလေ့အထသည် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံများ၌ စတင် ပေါ်ပေါက်ခဲ့သနည်း၊ ၎င်းနောက် မည်သည့်နိုင်ငံများတွင် ခတ်ကစားလေ့ရှိကြပါသနည်းဆိုသော အကြောင်းအရာ အချက်အလက်များကို ပထမဦးဆုံး စတင် ရေးသားလိုပါသည်။

မြန်မာနိုင်ငံ သုတေသန အသင်း၏ နှစ်ငါးဆယ်မြောက် မဟာသဘင်ကို စတင်ကျင်းပသော ၁၉၃၉ ခု ဒီဇင်ဘာ ၂၈ ရက်နေ့က သတိုးသီရိသုဓမ္မ ဂျေ၊ အက်စ၊ ဖာနီဗယ်သည် မဟာသဘင် ဖွင့်ပွဲ မိန့်ခွန်း ပြောကြားရာတွင် ခြင်းလုံးနှင့် ပတ်သက်သော စကားအနည်းငယ် ပါရှိလာသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

> မြန်မာကိုက သူတို့တဦးတည်းသာ အပျော်ကစားရန် သုံးစွဲဘတ်သည်ဟု ထင်သော ခြင်းလုံးကို မြန်မာတို့ မြန်မာနိုင်ငံတွင်းသို့ မဝင်လာမီ ကာလ အတန်ကြာကပင် ပျူတို့ သုံးစွဲကြဟန်ရှိ၍ ဆူမတ္တရကျွန်းကြီး လွန်ပြီးနောက် များစွာ အလှမ်းကွာဝေးရာ ကျွန်းငယ်များ၌ အလားတူ အလုံးများကို သုံး၏။ ဘော်နီယိုအလယ် တောင်များပေါ်တွင် နေထိုင်သူတို့လည်း သုံး၏။ ထိုသူတို့၏ ဘိုးဘွားများအလား



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၌ နေထိုင်သွားခဲ့ဖူး၏။ မြန်မာတို့ထက် စော၍ လာရောက် နေဖူးသူတို့၏ ကစားနည်း ဖြစ်စရာအကြောင်း ဖြစ်လေသည်။[1]

ဂျင်းပြင် ပြည်ထောင်စု မြန်မာနိုင်ငံ အပျော်ထမ်း ခြင်းလုံး အဖွဲ့ချုပ်၏ ပြိုင်ပွဲစည်းမျဉ်းများ၌ " ခြင်းလုံးရာဇဝင် " ကို ရေးသားထားသည်မှာ အောက်ပါအတိုင်းပင် ဖြစ်လေသည်။

ခြင်းလုံးကို မြန်မာ၊ ဘော်နီယို၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မာလာယု စသော တိုင်းပြည်အသီးသီး၌ခတ်ကစားကြသော်လည်းတကျောင်း တဂါထာ၊တရွာတပုဒ်ဆန်း ဆိုသကဲ့သို့ တူညီမှု မရှိကြပေ။[2]

ဟူ၍ ရေးသားဖော်ပြချက်ကို တွေ့ရပါသည်။ တခြားစာနယ်ဇင်းများတွင်လည်း ခြင်းလုံးဆောင်းပါး ရေးသားသူများက အရှေ့တောင်အာရှ ကျွန်းဆွယ်များတွင် ရှိကြသော နိုင်ငံများ၌ ခြင်းလုံးခတ်ကစားသော အလေ့အထများရှိကြောင်းကို ရေးသားကြပါသည်။ သို့ရာတွင် ယိုးဒယားနိုင်ငံမှအပ တခြားနိုင်ငံများတွင် ခြင်းလုံးခတ်ကစားနေကြသောဓာတ်ပုံများဖော်ပြသည်ကို မတွေ့ရဖူးပါ။ စင်ကာပူ နိုင်ငံတွင်လည်း ခြင်းလုံး ခတ် ကစားကြောင်း သိရပါသည်။ ၎င်းတို့ခတ်ကစားပုံ ခတ်ကစားနည်းကို အတိအကျ မသိရသော်လည်း မြန်မာများကဲ့သို့ ဝိုင်းဖွဲ့၍ ခတ်ကစားကြသည်ဟု ကြားသိရပါသည်။ စင်ကာပူ

၁။ ၁၉၆၀ ပြည့်နှစ် ဇွန်လထုတ် မြန်မာနိုင်ငံသုတေသနဂျာနယ်၊ အတွဲ ၄၃၊ အပိုင်း ၁၊ စာမျက်နှာ ၁၄၆။
၂။ ၁၉၆၄ ခုနှစ် ဗိုလ်ဇင်ဘာလထုတ် ခြင်းလုံးခတ်ပြိုင်ပွဲ စည်းမျဉ်းစာအုပ်၊ စာမျက်နှာ ၈၊ စာကြောင်းရေ ၂၀။



တွင် ခတ်ကစားကြသော ခြင်းလုံးမှာ ကြိမ်ဖြင့် ရက်လုပ်သော်လည်း မြန်မာခြင်းလုံးကဲ့သို့ အပေါက်ချန်မထားပဲ ဘောလုံးကဲ့သို့ ရက်လုပ်ထားသည်ကို တွေ့ရပါသည်။ ကြိမ်ကို နန်းပါးပါး ဆွဲပြီး သုံးထပ် ရက်လုပ်ထားသဖြင့် အပေါက် ပိတ်သွားပါသည်။ လုံးပတ်မှာ ၁၄ လက်မသာရှိ၍ မြန်မာခြင်းလုံးထက် သေးငယ်ပါသည်။ မြန်မာတို့ ခတ်ကစားသော ခြင်းလုံး၏ လုံးပတ်မှာ ၁၇ လက်မ ရှိပါသည်။ ယိုးဒယား နိုင်ငံတွင် ခတ်ကစားကြသည့် ခြင်းလုံးများမှာ မြန်မာခြင်းလုံးနှင့် အရွယ်ချင်း၊ ပုံသဏ္ဌာန်ချင်း တူသော်လည်း ကြိမ်ကို နန်းဆွဲရာတွင် အပြား နည်းနည်းပိုကြီးသဖြင့် ခြင်းလုံး၏ အပေါက်ကျဉ်းပြီး မာတင်းနေသည်။ မြန်မာ့ခြင်းလုံးလို ကြိမ်ပင် ကလေးများ ချောင်ပြီး ကြွကြွရွရွ မနေပါ။

## ပျူခေတ်က ငွေခြင်းလုံး

ဤနေရာ၌ မြန်မာနိုင်ငံအတွင်းမှတွေ့ရှိရသော အထောက် အထားတခုကို တင်ပြလိုပါသည်။

မြန်မာပြည်ရှေးဟောင်းသုတေသနဌာနမှ ကျောက်စာဝန် မစ္စတာ ဒူရွိုင်ဇယ်၏ ညွှန်ကြားချက်အရ ၁၉၂၆ - ၂၇ ခုနှစ်အတွင်းက ပြည်ခရိုင် မှော်ဇာမြို့ ကုလားကန်ကုန်း၏ အနီးရှိ ခင်ဗကုန်းတွင် ရှေးဟောင်း သုတေသနဌာနမှ ကွင်းဆင်းသုတေသန အစီအစဉ်အရ တူးဖော်မှုဆောင်ရွက်ရာတွင် ရုပ်တု၊ ဆင်းတု၊ ရွှေစေတီ၊ ငွေစေတီ၊ ရွှေပေစာ စသည်တို့ပါဝင်သော ဌာပနာပစ္စည်းများကို ဖော်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိရာ၌ ငွေဖြင့် ပြုလုပ်ထားသည့် ခြင်းလုံးကလေး တလုံးပါရှိကြောင်း သိရှိရပါသည်။[၃]

ရှင်းတွေ့ရှိရသော ပစ္စည်းများ၏သက်တမ်းကို သက်ဆိုင်ရာ ပညာရှင်တို့၏ ခန့်မှန်းချက်မှာ စောလျှင် ခရစ်နှစ် ငါးရာစု၊ နောက်ကျလျှင် ခုနစ်ရာစုထက် နောက်မကျဟု ခန့်မှန်းကြလေသည်။ ဌာပနာ ပစ္စည်းများနှင့် ဆက်စပ်သည့် ကထိက ဦးသက်တင်၏ အယူအဆမှာ ဤသို့ရှိပါသည်။

အိန္ဒိယပြည်တောင်ပိုင်းတွင် အေဒီငါးရာစုအတွင်း ရေးထိုးခဲ့သော ကာဒမ္ဗတို့နှင့် စောစောပိုင်း စာလုကြတို့၏ တေလဂူ၊ ကနရအက္ခရာ ရေးပုံ မျိုးနှင့် မှော်ဇာ ခင်ဗကုန်း ရွှေပေလွှာများပေါ်တွင် ရေးထားသော ပျူ အက္ခရာ ရေးပုံမျိုးသည် ဆင်တူသည်ဟုဆိုပါမှ တိကျမှန်ကန်မည်။ အေဒီ ငါးရာစုဟု အိန္ဒိယ အက္ခရာပါရဂူတို့က ဆိုကြသော ကြောင့် သေဉ်လည်ကြောင်၊ ကြောင်တူရစ်၊ သည်တန်၊ သူရဲ ဟူသော ပုဂ်မင်းများခေတ်ဖြစ်၏။ ခင်ဗကုန်း ရွှေပေလွှာ၏ အက္ခရာရေးပုံမျိုး အိန္ဒိယ၌ ထပ်တူမရှိ၊ ဆင်တူ ရေးပုံမျိုးသာရှိဖူး၏။ ထို့ကြောင့် ယင်းရွှေပေလွှာများကို မှော်ဇာခေတ်၊ မှော်ဇာမှာ ရေးထိုးပြီး ပုဂ်မင်းလက်အောက်ခံ မှော်ဇာမင်း ပရဘော် (ခ) ဩိပြဘူဝရ်မနှင့် မိဖုရား ဩိပြဘူဒေဝီတို့က ခင်ဗကုန်းဌာပနာတိုက်တွင် လှူဒါန်းခဲ့သည်ဟု ဧကန်မှတ်အပ်ပါသည်။ ဤအဆိုကို အတည်ပြုသော အချက်တခုကား ယင်းရွှေပေလွှာများနှင့် အတူ တွေ့ရသော ငွေဗောဓိပင်၏ခုံနဖူးပတ်လည်နှင့် အောက်ခြေ

၃။ အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာန၊ ၁၉၂၆ - ၂၇ ခုနှစ်၊ နှစ်ချုပ်အစီရင်ခံစာ၊ စာမျက်နှာ ၁၈၁။



ပတ်လည်တွင် ရေးထိုး ထားသော ပျူစာနှင့် ပါဠိစာများ၏ အက္ခရာရေးပုံသည် ရွှေပေလွှာအက္ခရာ ရေးပုံနှင့် ထပ်တူဖြစ်ခြင်းပေတည်း။ ပရဘော်မင်းနှင့် မိဖုရားတို့ကို ထိုစာတမ်းတွင် ဖော်ပြထား၏။[၄]

ဤစာပိုဒ်များအရ ခင်ဗကုန်းမှ တွေ့ရှိရသော ငွေခြင်းလုံးကလေးသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်လောက်က မှော်ဇာမင်းပရဘော်နှင့်မိဖုရားတို့က ဘုရားတွင် ဌာပနာထားခဲ့သည့် ပစ္စည်း ဖြစ်ကြောင်းကို သိရလေသည်။ ပထမ အစဦးက ဖော်ပြခဲ့သော သတိုးသီရိသုဓမ္မ မစ္စတာ ဖာနီဗယ်၏ အဆိုနှင့်လည်းကိုက်ညီသဖြင့် ကမ္ဘာပေါ်တွင် ပထမဦးဆုံး မြန်မာပြည်မှာ ပျူလူမျိုးများ နေထိုင်ခဲ့သည့် ခေတ်ကစ၍ ခြင်းလုံးခတ်ကစားခြင်း အလေ့အထ ရှိခဲ့ပြီးနောက် အရှေ့တောင်အာရှတွင်ရှိသော တခြားနိုင်ငံများသို့ ပြန့်ပွားသွားသော ကစားနည်း ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

ခြင်းလုံးအကြောင်းနှင့် ပတ်သက်၍ တွေ့ရှိရသော ရှေးကျသည့် မှတ်တမ်းများကို ဆက်လက် ဖော်ပြပါမည်။

## အင်းဝခေတ်က ခြင်းလုံး

၁၇၈၂ ခုနှစ်တွင် မြန်မာနိုင်ငံ အင်းဝ နေပြည်တော်သို့ သာသနာပြု လုပ်ငန်းဖြင့် ရောက်ရှိလာသော အီတလီနိုင်ငံမှ ဗရင်ဂျီဘုန်းတော်ကြီး ဇန်ဂါမန်နို[၅] ၏ မှတ်တမ်းတွင် —

မြန်မာနိုင်ငံတွင် ကစားကြသည့် ကစားနည်းများမှာ

၄။ သက်တင်၊ ကထိက၊ ဦး၊ "ရွှေပေလွှာဟိန္ဒူမယူခဲ့" လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ။

၅။ Sangermano.

www.burmeseclassic.com

www.burmeseclassic.com



ခုံညင်းထိုးခြင်း၊ ဆင်စွယ်ဖဲချပ်ဖြင့် ဖဲကစားခြင်း၊ ကြက်တိုက်ခြင်းတို့ အပြင် ကိုယ်လက်လှုပ်ရှား ကျန်းမာရေး ကစားအမျိုးမျိုးတို့ အနက်မှ ဝါးကိုလွှာ၍ ပြုလုပ်သော အလုံးကိုလက်ဖြင့်ပုတ်ပဲ ခြေထောက် ရိုက်ခတ်ကစားခြင်း ပြုလုပ်သည့် ကစားနည်းတခုပါရှိသည်။ ဤကစားနည်းတွင် လူငယ်လူရွယ်များသည် အချိန် အတော်ကြာစွာ အတူတကွ ခတ်ကစားကြသည်။[၆]

ဟူ၍ ရေးသားထားသည်ကို တွေ့ရလေသည်။ ထိုအထောက်အထားအရ ထိုကစားနည်းသည် ခြင်းလုံးခတ်ကစားခြင်းပင် ဖြစ်နိုင်လေသည်။ ဝါးကို လွှာ၍ ပြုလုပ်သော အလုံးဟုဆိုထားသဖြင့် ထိုခေတ်ထိုအချိန်အခါက ကြိမ်ဖြင့် မရက်လုပ်ကြသေးပဲ ဝါးအကြောကို အနေတော်လွှာယူပြီး ခြင်းလုံးရက်၍ ခတ်ကြလေရော့သလားဟု တွေးဆရာအကြောင်း ရှိလေသည်။ ထို့အပြင် တောရွာတချို့၌ ထမ်းခေါက်လျှော်ဖြင့် ရက်လုပ်သော ခြင်းလုံးနှင့် ဝါးကို လွှာထားသည့် နှီးတို့ဖြင့် ရက်လုပ်သော ခြင်းလုံးများကို ယခုခေတ်တိုင် ခတ်ကစားလေ့ ရှိနေသေးကြောင်း သိရပါသည်။ မည်သည့်ပစ္စည်းဖြင့် ရက်လုပ်၍ ခတ်ကစားခဲ့ကြသည်ဖြစ်စေ စန်ဂါမနို၏ မှတ်တမ်း အရ လွန်ခဲ့သော နှစ်ပေါင်း ၁၉၀ ကျော်က အင်းဝ နေပြည်တော်တွင် ခြင်းလုံးခတ်ကစားနေကြသည်ဆိုသော ခိုင်လုံသည့် အထောက်အထားတခုကို တွေ့ရှိရခြင်းပင် ဖြစ်လေသည်။

---

၆။ ၁၈၃၃ ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေသော (The Burmese Empire) မြန်မာ့လက်နက်နိုင်ငံ စာအုပ်၊ စာမျက်နှာ ၁၃၁၊ အမှတ်စဉ် ၂၉ တွင် ဖော်ပြပါရှိသည်။



## ကုန်းဘောင်ခေတ်က ခြင်းလုံး

ဒုတိယအကြိမ် တွေ့ရှိရသော နိုင်ငံခြားသား၏ မှတ်တမ်းတခုမှာ ၁၇၇၄-၇၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှတဆင့် မဒရပ်စစ်တပ်၏ တပ်မှူးချုပ် ဆာဖရပ်ဒရစ်ဟိန်းနှင့်ဇနီး လေဒီဟိန်း[၇] တို့နှင့်အတူ မြန်မာနိုင်ငံသို့လိုက်ပါလာသော အင်္ဂလန်မှ ခွဲစိတ်မှူးဆရာဝန်ကြီး စီ၊အေ၊ဂေါ်ဒန်[၈]၏ မှတ်တမ်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရလေသည်။

ပြည်မြို့၌ ကျွန်ုပ်ရှိနေစဉ်အခါ ဂါတ်တဲအနီးတွင် ဗမာလူမျိုး လေးဦး ခြင်းလုံးခတ် ကစား နေကြသည်ကို တွေ့မြင်ရသည်။ ကျွန်ုပ်တို့၏ ဘောလုံး ကစားနည်း ဟန်အတိုင်း သူတို့သည် ဖျတ်လတ်စွာ ခတ်ကစား နေကြသည်။ ယင်းအလုံးသည် ကြိမ်ဖြင့် ပြုလုပ်ထားပြီး အခေါင်းပွ ဝိုင်းဝန်းသော သဏ္ဍာန်ရှိကြောင်း တွေ့ရသည်။ ယင်းသည် ပေါ့ပျောင်း နွဲ့နှောင်းဟန် ရှိသည်။ ကစားသူများသည် လုံချည်ကို ခါးတောင်းကျိုက်၍ ကိုယ်တုံးလုံးဖြင့် ခတ်ကစားနေကြသည်ကို တွေ့ရ၏။ ဤကဲ့သို့ ခါးတောင်းကျိုက် ထားခြင်းဖြင့် ဒူးနှင့် အောက်ပိုင်း အားလုံးတို့ လွယ်ကူစွာ လှုပ်ရှားကစားနိုင်ကြောင်း တွေ့ရသည်။ ကိုယ်အထက်ပိုင်းနှင့် ခြေထောက်များ အဝတ်မပါ ဗလာဖော်ထားသည်။ ထိုကဲ့သို့ ပြုမူခြင်းသည် တနည်းအားဖြင့် ထိုခေတ်အခါက ဗမာလူမျိုးများ ဂုဏ်ယူကြသော ထိုးကွင်းမင်ကြောင်များကို ပေါ်လွင်ထင်ရှားစွာ တွေ့မြင်နိုင်စေရန် ဖြစ်ကြောင်းသိရပေသည်။ ကစားပုံ ကစားနည်းမှာ တဦး

---

၇။ Sir F. P. Haines and Lady Haines

၈။ C. A. Gordon

www.burmeseclassic.com

www.burmeseclassic.com



မှတဦးသို့ ခြေဖြင့်ခတ်၍ ပို့ကြပြီး လက်နှင့်ထိခြင်း၊ ပုတ်ခြင်းကို ခွင့်မပြုပေ။ သို့ရာတွင် ဒူး၊ ခြေဖမျက်၊ ခြေဖဝါး၊ ပခုံးတို့နှင့် ထိတွေ့ ခတ်ခွင့် ရှိကြောင်း တွေ့ရလေသည်။ ထို့ကြောင့် ကိုယ်ခန္ဓာတခုလုံးရှိ အစိတ်အပိုင်း အားလုံးလိုလိုပင် မိမိထံ ရောက်ရှိလာမည့် ခြင်းလုံးအတွက် အသင့်ပြင်ဆင်ပြီး နေကြသည်။ ထိုကဲ့သို့ ခတ်ကစားခြင်းဖြင့် ခြင်းလုံးသည် တဦးထံမှ တဦးထံသို့ လှည့်ပတ်နေပြီး ပျော်ရွှင်စွာ ရယ်ကာ မောကာနှင့် စိတ်မာတ်တက်ကြွစွာ ကစားနိုင်ကြောင်းကို တွေ့မြင်ရပေသည်။[၉]

ဟူ၍ ရေးသားထားလေသည်။ စီ၊ အေ၊ ဂေါ်ဒွန်၏ မှတ်တမ်းအရ ၁၈၇၄ - ၇၅ ခုနှစ်တွင် ပြည်မြို့၌ ခြင်းလုံးခတ် ကစားနေသည့် အထောက်အထားတခုကို တွေ့ရလေသည်။ ထိုအချိန်အခါက မြန်မာနိုင်ငံအထက်ပိုင်း၌ မင်းတုန်းမင်းတရားကြီး စိုးမိုးအုပ်ချုပ် မင်းလုပ်နေချိန်ပင် ဖြစ်လေသည်။

မြန်မာ ၁၁၄၅ ခုနှစ် အမရပူရမြို့တည် နန်းတည် ဘိုးတော်ဘုရားခေါ် ဗဒုံမင်းလက်ထက်တော်က ဘုရင်မင်းတရားကြီးနှင့် နန်းမတော် မိဖုရားခေါင်ကြီး နှစ်ပါးတို့ ကိုးကွယ်တော်မူသည့် ဂုဏာဘိအနန္တဓဇမဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရှိသော မင်းအိုဆရာတော်ဘုရားကြီးသည် သက်တော် ၇၃ နှစ်၊ ဝါတော် ၆၃ ဝါ၊ သက္ကရာဇ် ၁၁၅၃ ခုနှစ်တွင် မင်းအိုတိုက်အောင်မြေဘုံကျော် ကျောင်းတော်ကြီး၌ ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။ ထိုအခါ ဘုရင်မင်းမြတ်က ဘုန်းကြီးပျံပွဲကျင်းပရန်အတွက် အမိန့်တော် ထားသည်မှာ –

ပြာသာဒ်၊ တလား၊ ရထား၊ သန်လျင်းပွဲသဘင်ကျင်းပြီးလျှင် စည်ကြီး၊ ခရာ၊ တူရိယာနှင့် ပတ်သာ ဖိုမင်း၊ ခရသင်း၊ နှဲ၊ ပလွေ၊ အထွေထွေသော တီးမျိုး၊ မှုတ်မျိုး၊ ကြိုးတန်းလျှောက်ပွဲ၊ ကျွမ်းပွဲ၊ ခြင်းပွဲ၊ မီးပွဲ စသည် အတည်တည် အရပ်ရပ်တို့ကို မလစ်ဟင်းရအောင် ပူ၍ သာဓုကိဋ္ဌန သဘင် ဆင်ယင်ကျင်းပကြရမည်။[၁၀]

ဟူ၍ အမိန့်ရှိတော်မူ၏။ ဤအမိန့်တော်တွင် "ခြင်းပွဲ" ဆိုသော စကား အတည့်အလင်း ပါဝင်နေသောကြောင့် ဘိုးတော်ဘုရားခေါ် ဗဒုံမင်း လက်ထက်တော်တွင် ခြင်းပွဲများ ရှိနေသည့် အကြောင်းကို ခိုင်လုံသော အထောက်အထားတခု ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၉။ (Our Trip to Burma) စီ၊ အေ၊ ဂေါ်ဒွန်ရေး ကျွန်ုပ်တို့မြန်မာပြည်သို့ ခရီးထွက်ခြင်း စာအုပ်၊ စာမျက်နှာ ၇၇၊ စာကြောင်းရေ ၁၀ မှစ၍ ရေးသားဖော်ပြထားလေသည်။

၁၀။ ၁၉၆၀ ခုနှစ်တွင် တတိယအကြိမ် ရိုက်နှိပ်သည့် ဦးပေါ်ဦး လျှောက်ထုံးမည်သော ကဝိသတ္တုမဉ္ဇူသာကျမ်းဒုတိယတွဲ၊ စာမျက်နှာ ၅၀ ၌ ပါရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂

# အညောင်းဖြေမှ ဖျော်ဖြေမှုသို့

၁၉၁၀ ခုနှစ်မတိုင်မီက ခြင်းလုံးခတ်ကစားခဲ့ကြသည့် စနစ်မှာ လူနေဟန်ထား၊ အလှအပ၊ အယဉ် အကျေး၊ ခေါင်း၊ ခါး၊ ခြေ၊ လက် အနေအထား အချိုးကျကျ ခတ်ကစားခြင်းများကို အသားပေး၍ အညောင်းအညာ ပြေစေရန် ကိုယ်လက်လှုပ်ရှားသော ကစားနည်းတရပ် အနေဖြင့် အလုပ်အကိုင်အားလပ်သည့် ညနေချမ်း နေအေးချိန်တွင် စုပေါင်းဝိုင်းဖွဲ့ပြီး အပျော်သက်သက် ခတ်ကစားခဲ့ကြလေသည်။ ထိုခေတ် ထိုအချိန်အခါက ခြင်းလုံးခတ် ကစားနည်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာတရပ်အနေနှင့်သာ အသိအမှတ် ပြုခဲ့ကြသော လက္ခဏာ ရှိလေသည်။

## ပထမခေတ် အိမ်တော်ရာ ခြင်းဝိုင်း

ခရစ်နှစ် ၁၉၀၀ ပြည့်နှစ်လောက်က မန္တလေးမြို့ အိမ်တော်ရာဘုရား ပရဝုဏ်အတွင်း အနောက်မြောက်ထောင့် ကျောက်ဖျာ ခင်းထားသည့် အပေါ်၌ နေ့စဉ် ညနေတိုင်း အညောင်းအညာဖြေ အပျော်ထမ်း ခတ်ကစား ကြသော ခြင်းဝိုင်းတဝိုင်း ရှိခဲ့လေသည်။





ထိုခေတ်အခါက ခြင်းလုံးခတ် ကစားကြပုံမှာ အထက်သို့ ဆယ်တောင်၊ ဆယ့်နှစ်တောင် အထိ ခြင်းလုံးတက်အောင် မြင့်မြင့်ခတ်ကစား၍ တချက်ချင်း အကူးအသန်း ကောင်းကောင်းနှင့် ဝိုင်းကောင်း ဝိုင်းလည် ခတ်ကစားကြပါသည်။ "ခြင်းဝင်၊ နင်းကွက်၊ ခြင်းထွက်၊ လူဟန်" ဆိုသည့်အတိုင်း ခြင်းခတ်ရာ အဝင်အထွက် မှန်ကန်ရေး ခြင်း၊ လူနေဟန်ထား မှန်ကန်လှပအောင် ခတ်ကစားလေ့ ရှိကြသည်။

ခြင်းလုံး မြေကျမှာကို အလွန်နှမြော စိုးရိမ်ကြသော ခေတ်ဖြစ်ခြင်းကြောင့် ခြင်းလုံးကို ပိုင်ပိုင် နိုင်နိုင် ခတ်ကစား တတ်သူကိုမှ ၎င်းတို့ခြင်းဝိုင်း၌ ပါဝင် ခတ်ကစားခွင့် ပြုလေသည်။ တဘက်သားထံမှ မိမိထံသို့ ကောင်းစွာ ထွက်လာကူးလာသော ခြင်းလုံးကို ဖူး၊ ခြေဖျား၊ ခြေခွင်တို့ဖြင့် ထိန်းထားခြင်း၊ တော့ထားခြင်း၊ ဆွဲထားခြင်း မပြုရ။ တဦးတယောက် တည်းက လေး ငါး ဆယ်ချက် တော့နေ၊ တွဲနေ၊ ဆွဲနေသည့် တကိုယ်ကောင်းဆန်သော ခတ်ကစားခြင်း မျိုးကိုလည်း မပြုလုပ်ကြရပေ။ ဝိုင်းဖွဲ့၍ ခတ်ကစားနေကြစဉ် မကျသင့်သည့် ခြင်းလုံးကို သုံးလေးကြိမ်အထိ မြေကျအောင် ခတ်ကစားပါက ထိုသူအား ဘေးမှ ကြည့်ရှုနေကြသော ပရိသတ်များကပင် သည်းမခံကြပဲ ထိုသူနာမည်ကို ခေါ်၍ လက်ဖက်ရည်သောက်ရအောင်နားဦးဟု ပြောလေ့ရှိသည်။ ထိုကဲ့သို့ တခါနှစ်ခါနှင့် ခေါ်မရလျှင် လက်ကိုဆွဲ၍ ထုတ်လေ့ ရှိခဲ့လေသည်။ အိမ်တော်ရာခြင်းဝိုင်းသို့ နေ့စဉ် ညနေတိုင်း ခြင်းလုံးခတ်ကစားရာသို့ လာရောက်ကြည့်ရှုကြသော ပရိသတ်များမှာ သံဃာတော်များ အပါအဝင် ငါးဆယ် ခြောက်ဆယ်ထက်မနည်း အမြဲရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်များတွင် ကျောက်ဖျာပေါ်၌ မခတ်ကြပဲ အနောက်ဘက် အုံးနှဲပင်အရိပ်ရှိရာ မြေကြီးပေါ်သို့ ပြောင်းရွှေ့ ခတ်ကစားကြပါသည်။ ထိုခေတ်အခါက ခြင်းလုံးခတ် ကစားရာတွင် စောင့်ထိန်း လိုက်နာအပ်သော စည်းကမ်း ဥပဒေများမှာ ဗယ်ဘက်သို့လှန်၍ မခတ်ရ၊ ညာဘက်လူ ရှေ့မှ ဖြတ်၍ မခတ်ရ၊ ဝိုင်းအလယ် ဗဟို နေရာထက်လွန်၍ ရှေ့သို့ မလိုက်ရ၊ ပေးခြင်းကို အဆန် မထွင်ရ၊ ပေးခြင်းကို ပြန်ခြင်း ပေးပို့ခြင်း တို့ဖြစ်ပါက လက်ယာဘက်ကိုသာ လိုက်၍ ခတ်ရခြင်းနှင့် လက်ယာ ဘက်သို့ ကျသော ခြင်းကို လိုက်ကောက် ရခြင်း၊ ပေးခြင်း* ပေးသောအခါ လက်ယာဘက်မှလူကို ဦးစားပေး၍ ပေးခြင်း စသည်တို့ ဖြစ်လေသည်။ ဥပမာ လူသုံးယောက် ခြင်းခတ်မည်ဆိုလျှင် သုံးပွင့်ဆိုင် ဖေ့ကြပြီး လက်ယာဘက်က လူကို စ၍ ပေးခြင်း ပေးရလေသည်။ လေးယောက်ဖြစ်လျှင် မျက်နှာချင်းဆိုင် လူကို ပေးရ၏။ ငါးယောက် ဖြစ်လျှင် လက်ယာဘက်က တယောက်ခြားလူကို ပေးရသည်။ ခြောက် ယောက်ဖြစ်လျှင် မျက်နှာချင်းဆိုင် လူကို ပေးရသည်။ ခုနစ် ယောက်ဆိုလျှင် လက်ယာဘက်မှ နှစ်ယောက်ခြားလူကို ပေး ရသည်။ ယခု ဖော်ပြပါ စည်းကမ်းချက်များသည် ရှေးအစဉ် အဆက်ကပင် ထားရှိခဲ့ကြသော စည်းကမ်း ဥပဒေ များပင် ဖြစ်လေသည်။

ထိုခေတ်က ခြင်းတဝိုင်းလျှင် လူဦးရေ မည်မျှသာ ခတ် ကစားရမည်ဟု ကန့်သတ်ချက် အတိအကျမရှိပါ။ ခြင်းတဝိုင်း လျှင် လူခုနစ်ယောက်၊ ရှစ်ယောက်အထိ ပါဝင် ခတ်ကစားလေ့

* ၁။ ပေးခြင်းဆိုသည်မှာ ခြင်းလုံးကို လက်နှင့်ကိုင်ပြီး ပေးသည့်ခြင်းကို ခေါ်ဝေါ သည်။



ရှိပါသည်။ ခြင်းလုံး ခတ်ကစားမည့်နေရာသို့ ပထမဦးစွာ ရောက်ရှိလာသူများက နှစ်ယောက် သုံးယောက်နှင့် စတင်၍ ခတ်ကစားနှင့်ပါသည်။ နောက်မှ ရောက်ရှိ လာသူများက အစဉ်လိုက် ဝင်ရောက် ခတ်ကစားကြပါသည်။

ခြင်းကစားကွင်း၏ အကျယ်အဝန်းကိုလည်း တိတိကျကျ သတ်မှတ်ထားသော စည်းမျဉ်းဥပဒေ မရှိပါ။ လူနည်းလျှင် ဝိုင်းကျဉ်းကျဉ်းဖေ့၍ ခတ်ကစားကြပြီး လူများလာလျှင် ဝိုင်း ချဲ့၍ ခတ်ကစားကြပါသည်။

ထိုခေတ်က ခတ်ကစားကြသော ခြင်းလုံးများမှာ လုံးပတ် ၁၅ $\frac{၁''}{၂}$ ရှိပြီး အလေးချိန် ငါးကျပ်မတ်တင်း၊ ငါးကျပ်သား ရှိ သော ကြက်ဥကြိမ်နှင့် ရက်လုပ်သည့် ခြင်းလုံးများကို ခတ် ကစားကြပါသည်။ ခြင်းလုံးတလုံး၏ တန်ဖိုးမှာ တမတ်၊ ငါးပဲ (နှစ်ဆယ့်ငါးပြား၊ ၃၁ $\frac{၁}{၄}$ ပြား)သာ ပေးရ၏။ ရက်ရှည်မခံပဲ နွေ့ချင်းကျိုးလေသည်။

ပထမခေတ် အိမ်ဘော်ရာ ခြင်းဝိုင်း၌ ခတ်ကစားခဲ့ကြသည့် ရှေးခြင်းသမားကြီးများ အနက်မှ နာမည်ကျော်ကြား လူသိ များသော ပုဂ္ဂိုလ်များမှာ အောက်ပါ ပုဂ္ဂိုလ်များ ဖြစ်ကြပါ သည်။

၁။ ပထမံ ဦးသက်၊
(တောင်ရှည်ပုဆိုး ခါးတောင်းကျိုက်၍ ခေါင်းပေါင်း နှင့် ခတ်ကစားသည်။)

၂။ ဦးစိန်ကြီး၊
(တောင်ရှည်ပုဆိုး ခါးတောင်းကျိုက်၍ ခေါင်းပေါင်း နှင့် ခတ်ကစားသည်။)

www.burmeseclassic.com

www.burmeseclassic.com



၃။ ဖဝါး–ဦးသက်ပန်၊
(တောင်ရှည်ပုဆိုး ခါးတောင်းကျိုက်၍ ခေါင်းပေါင်းနှင့် ခတ်ကစားသည်။)
၄။ မြင်းကုန်းနှီး–ဦးမြကလေး၊
(အထိုင်ခတ် ကောင်းသည်၊ ခြင်းခတ်ပေါက်အစုံခတ်နိုင်သည်။)
၅။ အမဲကာ (ခေါ်) ဦးကာ၊
(ထိုင် ထပ်ဒူးနှင့် နောက်ပြန်ဝိုင်းသွင်းခတ် ကောင်းသည်။)
၆။ ရင်လိမ်– ဦးထိန်၊
(ရင်လိမ်ဖဝါးခတ် ကောင်းသည်။)
၇။ ဦးသက်နှင်း

စသည့် ရှေးခြင်းအမားကြီးများကို မှတ်သားသိရှိရပါသည်။

ပထမ အိမ်တော်ရာခြင်းဝိုင်းနှင့် ခေတ်ပြိုင်တွင် ရန်ကုန်မြို့ သရက်တောကျောင်းတိုက် အတွင်း၌လည်း နေ့စဉ်နေ့တိုင်း အပျော်ထမ်း ခတ်ကစားနေကြသော ခြင်းဝိုင်းတဝိုင်း ရှိခဲ့လေသည်။ ထိုခြင်းဝိုင်းမှ ခြင်းခတ်သားများမှာလည်း ခြင်းဝင်၊ နှင်းကွက်၊ ခြင်းထွက်၊ လူဟန်ဖြင့် ခြင်းအမြင့်ခတ် ကစားလေ့ရှိကြသည်။ ၎င်းတို့ ခတ်ကစားသည့် ခြင်းလုံးမှာ မန္တလေး ခြင်းလုံးထက်ပင် လုံးပတ်ငယ်သည်။ တဆယ့်လေးလက်မခန့်ရှိ ခြင်းလုံးများကို ခတ်ကစားကြသည်ဟူ၍ သိရှိရ ပါသည်။ အလေးချိန်မှာလည်း လေးကျပ်ခွဲ ငါးကျပ်သားခန့်သာရှိသော ခြင်းလုံးများကို ခတ်ကစား ကြလေသည်။ ထိုခေတ် အခါက သရက်တောကျောင်းတိုက် အတွင်းရှိ ခြင်းဝိုင်း၌ ခတ်ကစားခဲ့



ကြသော ခြင်းသမားကြီးများအနက်မှ နာမည်ကျော်ကြား လူသိများသော ခြင်းသမားကြီးများမှာ –

၁။ ခြင်း ဦးဖိုးစိန်၊
(ခြင်းပေါက်အစုံ ခတ်နိုင်သည်။ ခွင်ဟန်မှင်မောင်း ကောင်း၏။)
၂။ ဦးဖိုးဆင်၊
(ကုမ္ဘဏ် ဒူးနှင့် ထပ်ဒူးအခတ် ကောင်းသည်။)
၃။ ဦးဖိုးသင်း၊
(ခြင်းယဉ်၊ ခြင်းနူးနှင့် ရွဲကစားရာတွင်လည်းကောင်းသူ ဖြစ်လေသည်။)
၄။ ဦးထွန်းဝင်း၊
(ဖဝါးခတ် ကောင်းသည်။)
၅။ ဦးဖိုးချစ်၊
(ခြေဖျားခတ် ကောင်းသည်။)
၆။ ဦးလှဘော်၊
(ခြင်းပေါက်စုံသည်။)
၇။ ဦးဖိုးရှင်၊
(ခြင်းထောက် ခြင်းပို့ ကောင်းသည်။)
၈။ ဦးဘသိန်း (လမနစ်ဘသိန်း)၊
(စလွယ် ကောင်းသည်။)
၉။ ဦးသိုင်း

သော ပုဂ္ဂိုလ်များ၏ အမည်ကို မှတ်သား သိရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


## ဒုတိယခေတ် အိမ်တော်ရာ ခြင်းဝိုင်း

မြန်မာ ၁၂၇၂-၇၃ ခုနှစ်ခန့်တွင် မန္တလေး အိမ်တော်ရာ ဘုရား ပရဝုဏ်အတွင်း အနောက်တောင်ထောင့်တွင် ပြောင်းရွှေ့၍ ညောင်ပင်ကြီးအောက်၌ နေ့စဉ်နေ့တိုင်း အပျော်ထမ်း ခတ်ကစားကြသော ခြင်းဝိုင်း ရှိခဲ့လေသည်။ ဝါတွင်းရောက်လာသောအခါ ဥပုသ်နေ့များတွင် နံနက် ၇ နာရီ၊ ၉ နာရီ အချိန်မှစ၍ တနေ့လုံး လူလဲနှင့် ခတ်ကစားလေ့ရှိကြသည်။ ထိုခေတ်မှာလည်း ခြင်းလုံးကို ခပ်မြင့်မြင့်ပင် ခတ်ကစားကြသော်လည်း ခြင်းလုံး၏အလေးချိန်မှာ ယခင်ကထက်လေးသည့် ၅ိ–၈ဲ သား၊ ၅ိ–၁၂ သားအထိ အလေးချိန် ရှိသော ခြင်းလုံးများကို ခတ်ကစားကြသည်။ လုံးပတ်မှာလည်း ဆယ့်ခြောက်လက်မ ရှိသည်။ ကြက်ဥကြိမ်နှင့်ပင် ရက်လုပ်၍ခတ်ကစားကြလေသည်။ ခြင်းတလုံး၏ တန်ဖိုးမှာလည်း ၂၅ ပြား၊ ၃၁ ၁/၄ ပြား၊ ၃၇ ၁/၂ ပြား အထိဖြစ်လာသည်။ ငွေတကျပ်ဖိုး ဝယ်လျှင် ခြင်း သုံးလုံး ရလေသည်။

ထိုခေတ် ခြင်း လုံး ရက်လုပ်၍ ရောင်းခဲ့ ကြသူများမှာ ဦးကျော်သူ၊ ဦးသက်ပန်နှင့် ဦးပို ဆိုသူတို့ ဖြစ်ကြပါသည်။ ထိုခေတ်က ခြင်းလုံးခတ် ကစားကြရာတွင် "တား၊ တည်၊ ထုတ်" ဆိုသော ဆောင်ပုဒ်အရ သူတပါးထံမှ မိမိထံသို့ ကူးလာသော ခြင်းကို ခတ်ပေါက်တချက်ဖြင့် တားလိုက်ပြီး ကျန်သည့်ခြင်းကို တခြားခတ်ပေါက်တချက်ဖြင့် မိမိ၏ ခေါင်းပေါ်တွင် ထောင်နေအောင် တည်ထားလျက် နောက်ထပ် ခြင်းပေါက် တချက်ဖြင့် ခတ်ထုတ်လေ့ရှိလေသည်။ ၎င်းအပြင် တည့်ဖဝါး၊ စလွယ်၊ မဟာဒူး၊ မဟာညွန့်၊ အပြည့်ဝိုက် စသည့်ခြင်းခတ်ပေါက်များကို ညာနှင့် ဗယ်တွဲ၍ ခတ်ကစားလေ့ရှိကြသည်။ ၎င်းတို့ခေတ်ကလည်း ခြင်းမြေကျ နှမြောသောခေတ် ဖြစ်သောကြောင့် ခြင်း အပိအဖိုင် တပေါက်ကောင်း ဟန်အမူအရာနှင့် ခွင်ကျကျ ခတ်ကစားကြလေသည်။ ခြင်းခတ် မပိုင် မနိုင်သူ၊ ခြင်းမြေကျသူများကို ကစားရာမှ ထွက်အထိုင်ခိုင်းလေ့ ရှိသည်။ ခြင်းခတ်ရာတွင် လေးလေးစားစားမရှိလျှင် လက်ကိုဆွဲထုတ်သည်အထိ ရှိခဲ့လေသည်။

နေ့စဉ် ခြင်းခတ်ရာ၌ လာကြည့်ကြသော သံဃာတော်များနှင့် လူပရိသတ်များမှာ ခုနစ်ဆယ်၊ ရှစ်ဆယ်ခန့် ရှိသည်။ ဝါတွင်း ဥပုသ်နေ့များတွင် ပရိသတ်တရာကျော် ရှိလေသည်။ ၎င်းခြင်းဝိုင်း၌ နေ့စဉ် လာရောက် ခတ်ကစားကြသော ခြင်းသမားကြီးများအနက်မှ နာမည်ကျော်ကြား လူသိများသော ပုဂ္ဂိုလ်များမှာ –

၁။ ဖနောင့် ဦးကံထူး။
၂။ ရင်လိမ် ဦးကွန်း။
၃။ မဟာကဲ (ခေါ်) ဦးကဲ။
၄။ ကိုစံကလေး။
(အထိုင်ခတ်နှင့် ဗယ်ညာဝိုက်ကြီး ကောင်းသည်။)
၅။ ကာလပေ (ခေါ်) ဦးပေ။
(ဖိလာဖဝါး၊ တည့်ဖဝါး ကောင်းသည်။)
၆။ ဦးကျော်သူ။
(ခြင်းအပြောင်အနောက်ခတ်ကစားသည်။)
၇။ ဝိုက် ဦးနိတာ။
(မဟာဒူး၊ ရင်လိမ်ဖဝါး၊ ဝိုက်ကြီး ကောင်းသည်။)

www.burmeseclassic.com

www.burmeseclassic.com

၈။ ဦးသာဂျွန်း။
(ခြင်း အပြောင်အနောက် ခတ်ကစားသည်။)

၉။ မဟာသူ(ခေါ်)ဦးသူ။
(မဟာ ကောင်းသည်။)

၁၀။ ဦးဘသိန်းကြီး။
(ခြင်းပေါက်စုံ ဗယ် ညာ၊ ခတ်ကစားသည်။ ခြင်းခွင်ကောင်းသည်။ ခြင်းလုံးခတ်ကစားရာ၌ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ အနေအထား အချိုးအစား ကျန လှပ ခြင်းကို ခွင်ကောင်းသည်ဟု ပြောဆို သုံးနှုန်းကြလေသည်။)

## ဘုန်းကြီးပျံ၊ အလှူပွဲနှင့် ခြင်းပွဲ

၁၉၀၀ - ၁၉၂၅ ခုနှစ်အတွင်း ခြင်းလုံးခတ်အသင်း တည်ထောင်ခြင်း မရှိခဲ့သေးပါ။ ခြင်းလုံးခတ် ဝါသနာပါသူများ စုပေါင်း တွေ့ဆုံ၍ မိမိတို့ သတ်မှတ်ထားသော နေရာတခု၌ ညနေတိုင်း ခတ်ကစားခဲ့ကြသည့်အလေ့အထသာရှိ၏။ ထိုအချိန်က မန္တလေး၌ အကျော်ကြားဆုံး ခြင်းဝိုင်းမှာ အိမ်တော်ရာ ခြင်းဝိုင်းပင်ဖြစ်သည်။ ထိုခေတ် ထိုအချိန်အခါက မန္တလေးမြို့ပေါ်၌ အလှူအတန်းနှင့် ဘုန်းကြီးပျံပွဲများတွင် ခြင်းအယိုင်ခတ်ပွဲ[၂] များဖြင့် ဧည့်ခံလေ့ရှိသည်။ ခြင်းအယိုင်ခတ်ပွဲအတွက် နရည်းဆိုင်းကို ငှား၍ ထားကြရသည်။ နရည်းဆိုင်း ဆိုသည်မှာ ကြေးဝိုင်း သော်လည်းကောင်း၊ မောင်းဆိုင်း သော်လည်း

၂။ ခြင်းအယိုင်ခတ်ပွဲဆိုသည်မှာ လူငါးယောက် ခြောက်ယောက်ဝိုင်းဖွဲ့၍ ခတ်ကစားခြင်းကို ခေါ်ပါသည်။



ကောင်း တခုခုပါပြီး နှဲ၊ ခြောက်လုံးပတ်၊ စည်တို၊ လင်းကွင်း၊ စည်း စသည်ဖြင့် လူလေးယောက်၊ ငါးယောက်နှင့်ပင် ခြင်းဆိုင်း တီးပေးသည့် ဆိုင်းအဖွဲ့ဖြစ်ပါသည်။ ခြင်းပွဲ ခတ်ကစားပေးရန် အတွက် မိမိတို့ နှစ်သက် သဘောကျသော ခြင်းသမား ငါးယောက်၊ ခြောက်ယောက်ကို ရွေးချယ်၍ ၎င်းတို့အား ကတ္တီပါဖိနပ်၊ စွပ်ကျယ်အင်္ကျီ၊ ထီး၊ ခေါင်းပေါင်း စသည်တို့ဖြင့် မိမိတို့ တတ်နိုင်သလို လက်ဆောင် ပေးကမ်း ချီးမြှင့်၍ ဖိတ်ခေါ်ကြရသည့် ထုံးစံ ရှိလေသည်။

ဘုရားပွဲ၊ ကျောင်းပွဲ၊ ဘုန်းကြီးပျံ၊ အလှူအတန်းနှင့် မင်းပွဲ စိုးပွဲ၊ ဧည့်ခံပွဲများတွင် ဆိုင်းနှင့်တွဲဖက်၍ အမြဲတမ်းခတ်ကစားလေ့ ရှိခြင်းကြောင့် တခါတရံ ဆိုင်းဆရာများ ရောက်မလာကြသည့်အခါမျိုးနှင့်ကြုံလျှင် ခြင်းပွဲ မခတ်တော့ပဲ အစီအစဉ်ကိုပါ ပယ်ဖျက်လိုက်ရသည်များ ရှိခဲ့လေသည်။ ဤကဲ့သို့ အထက်မြန်မာနိုင်ငံရှိ မန္တလေးနှင့် ရွှေဘို၊ မြင်းခြံ၊ စစ်ကိုင်း၊ ကျောက်ဆည်စသည့် မြို့ကြီးများ၌ဆိုင်းနှင့်တွဲဖက်၍ ခြင်းယိုင်အလှခတ်ပွဲများ ခေတ်စားနေချိန်တွင် အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ပြုလုပ်သော ခြင်းယိုင် အလှခတ်ပွဲများမှာ ဆိုင်းမပါပဲ ဗလာသက်သက် ခတ်ကစားကြသည်ဟု သိရပါသည်။ ၁၂၉၂ ခုနှစ်(၁၉၃၀ ပြည့်) တွင် ဒဂုဏ် ၂ ဦးဘတင်နှင့် ဒေါက်တာစိန်တို့က ခြင်းယိုင်ခတ်ပွဲကို ဆိုင်းနှင့်တွဲဖက်၍ ခတ်ကစား ကြရန် လှုံ့ဆော်ခဲ့ကြသောကြောင့် နောက်ပိုင်းတွင် ရန်ကုန်မှ ခြင်းပွဲများလည်း ဆိုင်းနှင့် ခတ်ကစားလာကြသည်။

## မန္တလေးခြင်းပွဲကစားနည်းပုံစံ

ခြင်းပွဲ ခတ်ကစားရာ၌ အချိန်ကို တနာရီဟိတိ သတ်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ၎င်းအချိန်အတွင်း၌ မိမိကြိုက်နှစ်သက်သလို ကျွမ်းကျင်ရာ ခတ်ပေါက်ကို ခတ်ကစားနိုင်သည်။ ကန့်သတ်ချက် ချုပ်ကိုင်ချက် မရှိပါ။ ခတ်သား ခြောက်ယောက် ဝိုင်းဖွဲ့၍ ခတ်ကစားရာတွင် မြေကြီးကို ထုံးဖြင့် စည်းဝိုင်း တားလေ့ရှိပါသည်။ ကြိုးဖြင့်လည်း မြေ၌ တိုင်စိုက်၍ ပတ်ပြီး ဝိုင်းထားလေ့ရှိပါသည်။ ခြင်းပွဲကြည့် ပရိသတ်များ ရယ်မောပျော်ရွှင်ရလေအောင် ခြင်းဘဲဝိုင်းလျှင် ခတ်သား ခြောက်ယောက်ရှိသည့်အနက်မှ တယောက်က ခြင်းပြောင် ခြင်းပြက် ခတ်ကစားလေ့ ရှိသည်။ ထိုသူကို ခြင်းလူပြက်ဟု ခေါ်ကြသည်။ ထိုသူက ခြင်းတော်ရာတွင် လက်ကားရား၊ ခြေကားရား၊ ပုံပန်း အချိုးမကျအောင် တမင်သက်သက် လုပ်၍ ခတ်ကစားခြင်းဖြင့် လည်းကောင်း၊ ခြင်းလုံးကို ဖင်နှင့်ပေါက်၊ လက်နှင့်ပုတ်၊ မခိုတရို့ ပြောင်ချော်ချော် ခတ်ကစားပြခြင်းဖြင့် ပရိသတ်ကို ရယ်ရအောင် ခတ်ကစားပြခြင်းပင်ဖြစ်လေသည်။ ခြင်းပွဲ၏အဓိမှအဆုံး ဇာဆက်တည်းလည်း တောက်လျှောက် ပြောင်ချော်ချော်ခတ်ပဲ ကြိုးကြားကြိုးကြား ဟာသအကွက်ကျမှ ခတ်ကစား ပျော်ပြေခြင်း ဖြစ်လေသည်။ ခြင်းလုံး မြေကျသွားသည့်အခါ ဆိုင်းဆရာက ငိုချင်းဆိုင်း တီးပေးလေ့ရှိသည်။

ရှေးက အညောင်းအညာပြေမှု၊ ချွေးထွက်မှုလောက်ကိုသာ သဘောထား၍ ခတ်ကစားလာကြရာမှ ပွဲလမ်းသဘင်များ၌ ဧည့်ခံပျော်ပြေမှုတခု အနေသို့ ရောက်ရှိလာခဲ့လေသည်။

## အရှုံးအနိုင် ယှဉ်ပြိုင်လာခြင်း

ခရစ်နှစ် ၁၉၁၀ ပြည့်နှစ် မတိုင်မီက ခြင်းလုံးခတ် ကစားရာတွင် ခြင်းတဝိုင်းနှင့်တဝိုင်း အရှုံးအနိုင်ပေါ်အောင် ခတ်ကစားခဲ့ကြသည့် အလေ့အထ မရှိခဲ့ပါ။ ၁၉၁၀ ပြည့်နှစ်တွင် ရန်ကုန်မြို့မှ ခြင်းအသိုင်းတော်ပညာရှင် နာမည်ကျော် ဦးဖိုးစိန်က ခြင်းတဝိုင်းနှင့်တဝိုင်း ယှဉ်ပြိုင်၍ ခတ်ကစားလျှင် ဖြစ်နိုင်အောင်၊ အနိုင်အရှုံး ဆုံးဖြတ်နိုင်ရန် အမှတ်ပေးသော စနစ်ကို စတင်၍ ကြံစည် အားထုတ်ခဲ့လေသည်။ ၎င်းတီထွင်ခဲ့သော စနစ်မှာ မည်သည့် ခြင်းခတ်ပေါက်နှင့် ခတ်သည်ဖြစ်စေ၊ ခတ်သား ခြောက်ယောက်စလုံး လှူစေ့အောင် တဝိုင်းလည်ခတ်နိုင်လျှင် ခြောက်မှတ်ပေးသည်။ ဘေးဖဝါး တချက်ခတ်လျှင်တမှတ်၊ တည့်ဖဝါး၊ လေယ်၊ ကုမ္ဘဏ်ဒူး တချက်ခတ်လျှင် နှစ် မှတ်၊ ဝိုက်ကြီး၊ ရင်လိမ်ဖဝါး၊ မဟာတို့ကို တချက်လျှင်သုံးမှတ် စသည်ဖြင့် ခြင်းခတ်ပေါက်များ၏ ခက်ခဲခြင်း၊ လွယ်ကူခြင်းများကို ချင့်ချိန်ပြီး တမှတ်၊ နှစ်မှတ်၊ သုံးမှတ်ပေးထားခြင်းပင် ဖြစ်လေသည်။ ခြင်းလုံး မြေသို့ တကြိမ်ကျလျှင် တမှတ် လျော့သည်။ ခြင်းတဖွဲ့ ခတ်ကစားပြီးလျှင် ရရှိသော အမှတ်များကို တည်၍ ခြင်းမြေကျသော အကြိမ်ရေပေါင်းကို နုတ်ပြီး အသားတင်ရမှတ်ကို အတည်ပြုလေသည်။ ခြင်းကစားချိန် တနာရီ ပေးသည်။ ပထမဦးဆုံး စမ်းသပ် ကျင်းပခဲ့သည့် ပြိုင်ပွဲသည် ရန်ကုန်ဟိုက်စကူးကျောင်းသားများ တနှစ်တကြိမ် ပြုလုပ်သော ကျောင်းပြေးခုန်ပွဲမှာ ဖြစ်လေသည်။၎င်းနောက် ၁၉၁၂ ခုနှစ်တွင် စိန့်ပေါကျောင်းက ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲမှာ ကျောင်းအိပ်ကျောင်းစားဝိုင်းနှင့် နေ့ကျောင်းသားဝိုင်း၊ နှစ်ဝိုင်း ယှဉ်ပြိုင် ခတ်ကစားခဲ့ကြပါသည်။ ၎င်းပြိုင်ပွဲ၌ ဒေါက်ဘဦးဘတင်နှင့် ဒေါက်တာဘသန်းတို့လည်း ခြင်းခတ်သားများအဖြစ် ပါဝင်ခဲ့ကြလေသည်။ ထိုပြိုင်ပွဲသည် စိန့်ပေါကျောင်း၌ ပထမဦးဆုံး အကြိမ် ကျင်းပသည့် ခြင်းပြိုင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ ထိုခေတ် ထိုအချိန်အခါက ခြင်းခတ်ကွက် ခြင်းခတ်ပေါက် များမှာလည်း များများစားစား မရှိလှသေးပဲ အရိုးခံများကိုသာ ခတ်ကစားလေ့ရှိကြပါသည်။ ထို ဥ်အခါက အခြေခံခြင်းရိုး လေးမျိုးနှင့် ခြင်းကြီး ခြောက်မျိုးဟူ၍ သတ်မှတ် ခေါ်ဆိုခဲ့ကြလေသည်။

## ရန်ကုန်ကောလိပ်ကျောင်း ခြင်းခတ်ပြိုင်ပွဲ

ခရစ်နှစ် ၁၉၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း ပြုလုပ်သော ရန်ကုန်ကောလိပ်ကျောင်း အားကစားပြိုင်ပွဲများ ကျင်းပရာတွင် ခြင်းလုံးခတ် ပြိုင်ပွဲတရပ်ကိုလည်း ပါဝင်စေသဖြင့် ကျောင်းသားခြင်းအဖွဲ့ သုံးဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြလေသည်။ ထိုပြိုင်ပွဲတွင် ခြင်းတဝိုင်း၌ ခတ်သားငါးယောက်သာ ပါဝင်ခတ်ကစားရပြီး ငှက်လွှယ်၊ တည့်ဖဝါး၊ မဟာဒူး၊ နှစ်ထပ်ဒူး၊ ဝိုက် စသည့် ခြင်းပေါက်များကို တကြိမ်ခတ်လျှင် တမှတ်၊ နှစ်မှတ်၊ သုံးမှတ် စသည်ဖြင့် ပေး၍ ခြင်း မြေသို့တကြိမ်ကျလျှင် တမှတ် နုတ်သည့် စနစ်ဖြင့် ယှဉ်ပြိုင်ကြရလေသည်။ အသားတင် ရမှတ် အနည်းအများကို လိုက်၍ ပထမ၊ ဒုတိယ၊ တတိယ စသဖြင့် အရှုံးအနိုင်ကို ဆုံးဖြတ်ပေးရလေသည်။ ထိုနှစ်က ပထမဆုံး အကြိမ်အဖြစ် ကောလိပ်ကျောင်း၌ ခြင်းလုံးသည် အားကစား ပွဲ၌ ပါဝင်လာခဲ့ခြင်း ဖြစ်လေသည်။ ၎င်းပြိုင်ပွဲတွင် မန္တလေးမှ ဦးအဘင် ( တက္ကသိုလ် ဒုတိယ နှစ် ကျောင်းသား ) ဦးစီးသော ခြင်းအဖွဲ့က ပထမ ရရှိလေသည်။ နောက်နှစ်များတွင်လည်း နှစ်နှစ် သုံးနှစ် ဆက်လက်၍ ရန်ကုန်ကောလိပ်၌ ခြင်းပြိုင်ပွဲများ ဆက်လက်ကျင်းပပေးသည်ဟူ၍ မှတ်သားရပါသည်။ ထိုအချိန် က ရန်ကုန်ကောလိပ် ကျောင်းအုပ်ကြီးမှာ မက်သယူးဟန်း



တား ဖြစ်လေသည်။ ၎င်းအပြင် ရူပဗေဒ ပါမောက္ခ ဆရာကြီး မှာ ဗေ၊ အီး၊ ဘဲလား[၄] ဖြစ်လေသည်။ ထိုဆရာကြီးနှစ်ဦးက ကျောင်းဝင်းထဲ၌ ကျောင်းသားများ ခြင်းခတ် ကစားနေကြ သည်ကို တွေ့မြင်၍ ခြင်းလုံးခတ်ကစားခြင်းကို သဘောကျ နှစ်သက်သဖြင့် ခြင်းခတ်ပြိုင်ပွဲ ထည့်သွင်း ယှဉ်ပြိုင်စေခြင်း ဖြစ်ပါသည်။

---

၃။ Mathew Hunter, M. A, C. I. E.

၄။ A. E. Bellars, M. S. C.

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃

# ဖျော်ဖြေမှုမှ အားကစားသို့

ခရစ်နှစ် ၁၉၂၃-၂၄ ခုနှစ်လောက် အထိ ဗြိတိသျှ အစိုးရ အုပ်ချုပ်ခဲ့သည့် အချိန်ကာလအတွင်းက ခြင်းလုံးခတ် ကစားသူများကို အထင်အမြင် သေးခဲ့ကြလေသည်။ ခြင်းခတ် ကစားသူများကို အလုပ်အကိုင်မရှိသော အောက်တန်းစား လူ များဟု သဘောထားကာ ရဲဘက်ဆိုင်ရာ ဌာနကပင် တချို့ ခြင်းသမားများကို အလုပ်အတည်တကျ မရှိသူများ စာရင်း၌ သွင်းထားခြင်းပင် ခံရဖူးသည်ဟု မှတ်သားရပါသည်။ ထို ခေတ်ကလူများသည် ညနေခြင်းဝိုင်းသို့ ခြင်းခတ်ရန် သွားကြ သောအခါ ခြင်းလုံးကို လူမြင်မှာစိုးရိမ်၍ ဝှက်ယူကြရသည် အထိ ဖြစ်ခဲ့ပါသည်။ ထိုခေတ် အချိန်အခါမှာပင် မန္တလေးမြို့ အောင်နန်းရိပ်သာအရပ်တွင်ရှိသော ဗုဒ္ဓဘာသာ အထက်တန်း ကျောင်း၏ အရှေ့ဘက်ကပ်လျက်ရှိသည့် ဦးမောင်ကြီးခြင်းဝိုင်း ၌ ညနေတိုင်း လာရောက် ခတ်ကစားကြသော ခြင်းသမား များတွင် ခေတ်ပညာတတ်များ ဖြစ်ကြသည့် နော်မန်ကျောင်း ဆရာကြီး ဦးထွန်းတင်၊ မြူနီစီပယ် ကျန်းမာရေး အင်စပက် တော် ဦးဘပု၊ မြေတိုင်းစာရေးကြီး ဦးလှရင်၊ ဖားသားလဖုန်း ကျောင်းဆရာ ဦးပါ၊ အင်ပီးရီးရဲဘဏ်စာရေးကြီး ဦးကရင်၊ စတီးဘရားသား သစ်ကုမ္ပဏီမှ စာရေးကြီး ဦးချစ်လှ၊ အင်ဂျင်





နီယာ ဦးသုခ စသည့် ပုဂ္ဂိုလ်များလည်း ပါဝင်လေသည်။ ၎င်း ပုဂ္ဂိုလ်တချို့က ခြင်းလုံး ခတ်ကစားခြင်းကို မြှင့်တင်လိုသော ဆန္ဒများဖြစ်ပေါ်လာ၍ မြန်မာသက္ကရာဇ် ၁၂၈၇ ခုနှစ် ပြာသို လပြည့်နေ့ (၂၈-၁၂-၁၉၂၅)တွင် "ဗုဒ္ဓဘာသာ ခြင်းလုံးခတ် အသင်း" ဟူသော အမည်ဖြင့် အဖွဲ့အစည်းတခုကို စနစ်တကျ တည်ထောင်ပြီး စည်းမျဉ်းဥပဒေများကိုပါ ရေးဆွဲ သတ်မှတ်၍ အတည်ပြုပြီး လိုက်နာဆောင်ရွက်ခဲ့ ကြပါသည်။ ထိုသို့ စတင် ဖွဲ့စည်းစဉ်က ပါဝင်ခဲ့ကြသောအသင်းသားများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | ဘကြီးလှ (ခ) ဦးလှ | ဥက္ကဋ္ဌ |
| ၂။ | ဦးဘပု | အတွင်းရေးမှူး |
| ၃။ | ဦးကရင် | ငွေထိန်း |
| ၄။ | ဦးသုခ | အဖွဲ့ဝင် |
| ၅။ | ဦးပေ | ။ |
| ၆။ | ဦးဒွယ်လာ | ။ |
| ၇။ | ဦးပါ | ။ |
| ၈။ | ဦးမောင်ကြီး | ။ |
| ၉။ | ဦးရှင် | ။ |
| ၁၀။ | ဦးစိုးမောင် | ။ |
| ၁၁။ | ဦးချစ်လှ | ။ |
| ၁၂။ | ဦးအောင်ကြီး | ။ |

ဤသို့ အသင်းဖွဲ့စည်းပြီးနောက် အသင်း ဝင်ကြေးငွေ သုံး ...ချင် လစဉ်ကြေးငွေ လေးပဲ (နှစ်ဆယ့်ငါးပြား) သတ်မှတ် ...ရှိပါသည်။ ခြင်းခတ်ကစားရာတွင် ကိုယ်တုံးလုံး မကစားရ

www.burmeseclassic.com


www.burmeseclassic.com



လုံချည် ခါးတောင်းကျိုက်နှင့် မကစားရ၊ ဆေးလိပ် မသောက်ရ စသည့် စည်းကမ်းချက်များလည်း ထားလာသည်။ ခြင်းပွဲဖိတ်ကြားလိုသူများရှိလျှင် ယခင်ကလို ကိုက်ရာလူကို ရွေးကောက်ပြီး ဖိတ်ခေါ်ခြင်းကို လက်မခံပဲ ဥက္ကဋ္ဌထံ လိပ်စာတပ်၍ အသင်းကို ဖိတ်ကြားရပါသည်။ အသင်းက သင့်တော်မည်ထင်သော ခတ်သားများကို စီစဉ်၍ ခတ်ကစား စေပါသည်။ ဖိတ်ခေါ်သူများက ခရီးစရိတ်၊ အသင်းရန်ပုံငွေ စသည်တို့ကို ချီးမြှင့်ကြရပါသည်။ တချို့ကလည်း ဆုတံဆိပ်၊ ဆုဖလား၊ ဆုဗိုင်းများကို ချီးမြှင့်ကြပါသည်။ ခြင်းခတ်ကစားရာတွင် တူညီဝတ်စုံကိုဝတ်ဆင်၍ ခတ်ကစားကြရပါသည်။ ထိုခေတ်က လုံချည်အောက်ကခံ၍ ဝတ်လေ့ရှိသော တရုတ်ဘောင်းဘီတို များကို ဝတ်၍ ခတ်ကစားကြပါသည်။ အင်္ကျီမှာ စွပ်ကျယ်ကိုသော်လည်းကောင်း၊ ရှပ်လက်တိုကိုသော်လည်းကောင်း ဝတ်ဆင်ကြရပါသည်။ ခရစ်နှစ် ၁၉၂၆ ခုနှစ်ကစ၍ ခြင်းပွဲ ခတ်ကစားကြရာတွင် တူညီဝတ်စုံကို အသုံးပြုလာခဲ့ကြလေသည်။

## အသင်းပိုင်မြေနှင့် အဆောက်အအုံ

ဗုဒ္ဓဘာသာ အသင်းဖွဲ့စည်း၍ ခြောက်နှစ်ခန့်ကြာလာသောအခါ ၁၉၃၁ ခုနှစ်တွင် ၃၃ လမ်း မြေနီကျင်းရပ်ကွက်မှ သွပ်ကာသွပ်မိုး သုံးပင် နှစ်ခန်း အိမ်တလုံးနှင့် ခြောက်ပင်ဆယ်ခန်း ပတ်လည်ရှိ မြေကွက်ကိုအဖိုးငွေ ၃၅၀ိ နှင့် ဝယ်ယူလိုက်လေသည်။ ၎င်းမြေကွက်ကို ရှင်းလင်းပြီး ခြင်းကစားကွင်းပြုလုပ်လျက်ခြင်းကစားယင်းက အသင်းပိုင် ရန်ပုံငွေမှ ၅၀ိ၊ ခြင်းလုံးခတ်ကစားခြင်းကို အားပေးလိုကြသော ပုဂ္ဂိုလ်များထံမှ ကောက်ခံရရှိငွေ ၅၀ိ၊ စုစုပေါင်းငွေ ၁၀၀ိ မတည်ပြီး ၁၉၃၁



မန္တလေးမြို့ ဗုဒ္ဓဘာသာခြင်းအသင်းကြီး အဆောက်အအုံ

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်မှာပင် ခြင်းလုံးခတ်အသင်းရုံးအဖြစ် လေးပင်သုံးခန်း ပတ်လည်ပျဉ်ထောင်နှစ်ထပ်အိမ်တလုံးဆောက်လုပ်နိုင်ခဲ့လေသည်။ ၎င်းအဆောက်အအုံ၏ရှေ့မျက်နှာစာတွင် ခြင်းကစားကွင်းကြီးကို သပ်သပ်ရပ်ရပ်၊ထည်ထည်ဝါဝါ၊ ခန့်ခန့်ညားညားပြုလုပ်ပြီး ညအချိန်တွင် ခတ်ကစားနိုင်ရန်အတွက် လျှပ်စစ်မီးပွင့်များကိုလည်း တပ်ဆင်ထားပါသည်။ ၎င်းခြင်းကစားကွင်းနှင့် အဆောက်အအုံပြီးစီးသောအခါ မန္တလေးမြို့ပေါ်မှ ခြင်းဝါသနာရှင်များနှင့် လူကြီးလူကောင်းများကို ဖိတ်ကြား၍ ကွင်းဖွင့်ပွဲအခမ်းအနား ကျင်းပရာတွင် မြန်မာမင်းမျိုး မင်းနွယ်ဖြစ်သော သီရိပဝရ မဟာသုဓမ္မရာဇာ အိမ်ရှေ့မင်းသား၏ သားတော် မန္တလေးအရေးပိုင်ထိပ်တင်ဖြူ ကိုယ်တော်ကြီး ကိုယ်တိုင် ကြွရောက်ပြီး မိန့်ခွန်းမြွက်ကြား၍ ခြင်းကစားကွင်း၌တပ်ဆင်ထားသော လျှပ်စစ်မီးပွင့်များ၏ ခလုတ်ကို နှိပ်၍ ကစားကွင်းဖွင့်ပေးလိုက်ပါသည်။ထိုအခမ်းအနားဖွင့်ပွဲသို့အဝေးရောက်မင်းဦးအောင်ကြီးလည်း တက်ရောက်၍ မိန့်ခွန်းချီးမြှင့်ခဲ့ပါသည်။

၎င်းဗုဒ္ဓဘာသာ ခြင်းအသင်းရုံး အဆောက်အအုံသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း မန္တလေးမြို့သို့ ဂျပန်လေယာဉ်ပျံများ လာရောက် ဗုံးကြဲသဖြင့် ၁၃၀၃ ခုနှစ် တန်ခူးလဆုတ် ၄ ရက်နေ့က မီးလောင်ရာတွင် ပါဝင်ဆုံးရှုံးခဲ့ရလေသည်။ ဗုဒ္ဓဘာသာ ခြင်းအသင်းသည်ကား ယနေ့ထက်တိုင် တည်ရှိနေပါသည်။

## အသင်းအဖွဲ့များ တိုးတက်လာခြင်း

ဗုဒ္ဓဘာသာ ခြင်းလုံးခတ်အသင်း ဖွဲ့စည်းပြီးသည့်နောက် နှစ်နှစ် သုံးနှစ်ခန့် အကြာတွင် အိမ်တော်ရာ၌ ခတ်ကစားနေ





နေပြည်တော် ခြင်းအဖွဲ့မှ ခြင်းနာမည်ကျော်
ရွှေတံဆိပ်ရသူ ဦးဘသိန်းကြီး

ကြသည့် ဦးဘသိန်းကြီးတို့ လူစုကလည်း "မြန်မာ့ဂုဏ်ထူးဆောင် နေပြည်တော်"အမည်ဖြင့် ခြင်းလုံးခတ်အသင်း တသင်း ဖွဲ့စည်းတည်ထောင်ခဲ့လေသည်။ ၎င်းနောက် ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



၍ မန္တလေးတွင်မကပဲ မြင်းခြံ၊ စစ်ကိုင်း၊ ရွှေဘို၊ ကျောက်ဆည်၊ အမရပူရစသည်တို့အပြင် တခြားမြို့ကြီးများ၌လည်း အဖွဲ့အစည်းများ တည်ထောင်၍ ခြင်းလုံးခတ် ကစားလာကြပါသည်။ ဤကဲ့သို့ အဖွဲ့အစည်းနှင့် ခြင်းလုံးခတ်ကစား လာကြသောအခါ ယခင်ကလို အပျော်သဘော၊အညောင်းဖြေသဘောမျိုး ပေါ့ပေါ့တန်တန် သဘောမထားကြတော့ပဲ ကိုယ်လက်အင်္ဂါ ကျန်းမာသန်စွမ်းရေးကို ဦးတည်ချက် ထား၍ ခတ်ကစားလာကြလေတော့သည်။

မိမိတို့ မြို့နယ်အလိုက် သင့်တော်သလို ကောင်းနိုးရာရာ စည်းမျဉ်းဥပဒေများကို ညှိနှိုင်းတိုင်ပင် ရေးဆွဲကြပြီး တနှစ်လျှင်တကြိမ်၊ နှစ်ကြိမ်စသည်ဖြင့် ခြင်းလုံးခတ် ပြိုင်ပွဲများ ကျင်းပလာကြပါသည်။ စည်းမျဉ်း ဥပဒေများမှာ မူသေမရှိကြသေးပဲ တနှစ်တမျိုးဆိုသလို မြေစမ်း ခရမ်းပျိုး ဆိုသည့်အတိုင်း အမျိုးမျိုးအဖုံဖုံ ဒေသအလိုက် ရေးဆွဲ ကျင်းပခဲ့ကြလေသည်။

၁၉၃၀ - ၃၁ ခုနှစ်တွင် ရန်ကုန်ဘူတာကြီး အနီးရှိ မော်လမြိုင် ဘုန်းကြီးကျောင်းတိုက်တွင် တည်နေရာထားပြီး ဗဟိုခြင်းလုံးခတ်အသင်း တည်ထောင်ခဲ့ပါသည်။ ၎င်းဗဟိုခြင်းအသင်းကြီးက မြန်မာတပြည်လုံးတွင် ခြင်းလုံးခတ် ပြိုင်ပွဲစည်းမျဉ်းဥပဒေတခုတည်း ဖြစ်မြောက်ရေးကို ရှေးရှု၍ စည်းရုံးခဲ့ရာ ပထမ ရန်ကုန်မြို့ပေါ်တွင် ရှိကြသော ခြင်းလုံးခတ် အဖွဲ့များ ပါဝင်ဆက်သွယ်လာကြပါသည်။

ခရစ်နှစ် ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးရက်သတ္တပတ်တွင် ရန်ကုန်မြို့ ဗဟိုခြင်းခတ် အသင်းကြီးက ကမကထပြုပြီး မော်လမြိုင်ကျောင်းတိုက်အတွင်းမှာ ခြင်းလုံးညီလာခံကြီးတခု ခေါ်၍ အောင်မြင်စွာ ကျင်းပခဲ့ပါသည်။၎င်းညီလာခံ



သို့ မန္တလေး၊ ပြည်၊ မော်လမြိုင်၊ ဟင်္သာတ၊ ပုသိမ် စသောမြို့ကြီးများမှကိုယ်စားလှယ်များတက်ရောက်လာကြပြီး အများလိုက်နာနိုင်မည့် ပြိုင်ပွဲ ဥပဒေတခု ဖြစ်မြောက်ရေးအတွက် ညှိနှိုင်းတိုင်ပင်၍ ရေးဆွဲ အတည်ပြုခဲ့ကြပါသည်။ ၎င်းညီလာခံတွင် အမ်အေ ဦးမောင်ကြီးကို သဘာပတိ တင်မြှောက်ပြီး ဒဂုန်ပဦးဘတင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ နောက်နှစ်များတွင် ညီလာခံကို မခေါ်နိုင်ကြသဖြင့် ၁၉၃၄ ခုနှစ်က ရေးဆွဲခဲ့ကြသော စည်းမျဉ်းဥပဒေများလည်း ဆက်လက်တည်မြဲခြင်းမရှိပဲ ပျက်ပြယ်ခဲ့ရလေသည်။

## ဗဟိုခြင်းအသင်းကြီး၏ အမှုဆောင်အဖွဲ့

ဗဟိုခြင်းအသင်းကြီး၏ အမှုဆောင်အဖွဲ့ဝင် လူကြီးများမှာ အောက်ပါပုဂ္ဂိုလ်များဖြစ်ကြ၏။

| | | |
|---|---|---|
| ၁။ | ဦးဖိုးရှင် "ဖို့မြေ" | ဥက္ကဋ္ဌ |
| ၂။ | ဦးဖိုးဆင်၊ ၁၃ လမ်းအငြိမ့်ထောင် | ဒု–ဥက္ကဋ္ဌ |
| ၃။ | ဒဂုန်ပ ဦးဘတင် | အတွင်းရေးမှူး |
| ၄။ | ဦးအေးမောင်၊ နေရှင်နယ်ဘဏ် စာရေး | အဖွဲ့ဝင် |
| ၅။ | ဦးထွန်းဖေ၊ ပန်းထိမ်ဆရာ၊ ပုဇွန်တောင် | ။ |
| ၆။ | ဦးသန်းဖေ၊ရန်ကုန်ဆေးရုံကြီး | ။ |
| ၇။ | ဦးခင်မောင်၊ဗဟိုစာတိုက်ကြီးစာရေး | ။ |
| ၈။ | ဦးဘသန်း၊စကော့ဈေး(ယခုဗိုလ်ချုပ်ဈေး) | ။ |
| ၉။ | ဦးကျော်စိန်၊ ကြည့်မြင်တိုင် | ။ |

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ဦးအောင်ဖေ၊ အီး၊ အိုင်၊ အက်စ၊ အိုင် အဖွဲ့ဝင် ကမ္ဘာ့စာရေးကြီး
၁၁။ ဦးဘမောင်၊ ဒေါ်ပုံသဘော်ကျင်း ။
၁၂။ ဦးဘဇော်၊ စာရင်းကိုင်အရာရှိ ။
၁၃။ (အမည်မမှတ်မိပါ) ။

## ခါးတောင်းကျိုက်နှင့် ခေါင်းပေါင်း

ခရစ်နှစ် ၁၉၃၆–၃၇ ခုနှစ်ခန့် အချိန်က ရန်ကုန်မြို့၌ ခြင်းယှိုင်အလှခတ်ပွဲများတွင် တူညီဝတ်စုံအဖြစ် ဂျူတီပါ ဘောင်းဘီတိုကို အောက်ကခံ၍ တောင်ရှည် တပိုင်းပြတ် (ခါးပုံဖြတ်) ကို အပေါ်မှ ဝတ်ပြီး ခါးတောင်းကျိုက်လျက် ပိုးပဝါ ခေါင်းပေါင်းများနှင့် ခြင်းပွဲ ခတ်ကစားလေ့ ရှိခဲ့ကြပါသည်။ ထိုစဉ်အခါက ဝတ်ဆင်ပုံများမှာ သဘင်ဆန်လွန်းနေ၍ သမ်းမတော် ဌာနာအုပ် ဦးအုန်းဖေ၊ ဦးဘဇော်၊ ဦးကုလားကြီး၊ ဦးအောင်ကိုး၊ ဦးဖိုးရင်၊ ဦးညွန့်၊ ဦးဘလှကျော်၊ ဦးညွှန့်၊ ပညာဝန် ဦးစိန်ရွက်၊ ဦးအရိန်၊ ဦးဖိုးရှင်၊ ဦးဘ စသည့် ပုဂ္ဂိုလ်များက ကျောင်းထိုင်ဆရာတော် ဦးနန္ဒိယထံ ခွင့်တောင်းပြီး သရက်တောကျောင်းတိုက် ပါဒကျောင်းတွင် ရန်ကုန်မြို့ပေါ်မှ ခြင်းသမားများကို ဖိတ်ခေါ်၍ အထူးအစည်းအဝေး ကျင်းပခဲ့ပါသည်။ ၎င်းအစည်းအဝေးမှ ခြင်းလုံးခတ် ကစားခြင်းသည် ကိုယ်လက်လှုပ်ရှား အားကစားနည်းတရပ် ဖြစ်ခြင်းကြောင့် ခြင်းပွဲခတ်ကစားကြရာ၌ တောင်ရှည်ပုဆိုး တပိုင်းပြတ် ဝတ်ဆင်ခြင်းနှင့် ခေါင်းပေါင်း ပေါင်း၍ ကစားခြင်းများကို ရှောင်ကြဉ်၍ ဘောင်းဘီတိုနှင့်သာ ခတ်ကစားကြရန်

www.burmeseclassic.com



အများသဘောတူဆုံးဖြတ်အတည်ပြုလျက် လိုက်နာခဲ့ကြသဖြင့် ခေါင်းပေါင်း ပေါင်းပြီး ပုဆိုးခါးတောင်းကျိုက်၍ ခတ်ကစားကြသောခေတ် ကုန်ဆုံးခဲ့လေသည်။

## ဘီအေအေကွင်းတွင် ကစားခွင့်မပြု

ခရစ်နှစ် ၁၉၃၉ ခုနှစ် ဗြိတိသျှအစိုးရ လက်ထက်တွင် ရန်ကုန်မြို့ ဘီအေအေ ဘောလုံးကွင်း၌ နှစ်စဉ် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဘောလုံးဖိုလ်လုပွဲများ ကျင်းပရာ ဘောပွဲကြည့် ပရိသတ်များ စည်ကား များပြားနေရန် ဘောပွဲမစမီ ဘောလုံးကွင်းတွင် အငြိမ့်ပွဲဖြစ်စေ၊ ဆိုင်းပွဲဖြစ်စေ၊ ဗိုလ်ခရာတီးဝိုင်းနှင့်ဖြစ်စေ ဖျော်ဖြေလေ့ ရှိခဲ့ပါသည်။ ထို၍ ၁၉၃၉ ခုနှစ်တွင် ကျင်းပမည့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဖိုလ်လုပွဲကျင်းပမည့် ဘီအေအေ ဘောလုံးကွင်းတွင် ခြင်းယှိုင်အလှခတ်ပြရလျှင် ကောင်းမည်ဟု ယူဆကြသဖြင့် စာတိုက်ဝန် ဦးအရိန်နှင့် ဘိလပ်ပြန် ခြင်းဝိဇ္ဇာ ဦးဖိုးသင်းတို့က ဘောလုံးကွင်း အတွင်းရေးမှူး မစ္စတာမစ်ချဲထံ သွား၍ ဘောလုံးဖိုလ်လုပွဲ၌ မြန်မာ့ခြင်းလုံး အလှခတ်ပွဲဖြင့် ဖျော်ဖြေလိုကြောင်း ပြောပြကြပါသည်။ လာရောက်ခတ်ကစားပြခွင့်ပြုပါလျှင် မိမိတို့ဒရိတ်နှင့်ပင် လာရောက်မည်ဟု ပြောဆိုသော်လည်း လက်မခံခဲ့ပါ။

## ကြက်တံဆိပ်ဒိုင်း ခြင်းလုံးခတ် ပြိုင်ပွဲ

ခရစ်နှစ် ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ကြက်တံဆိပ် အမျိုးသား ဘိလပ်ရည်စက်မှ ပေးသည့် ငွေဒိုင်းကြီးအတွက် ဦးအရိန်က ဦးစီးဦးကိုင်ဆောင်ရွက်ပြီး ရန်ကုန်မြို့နယ် ခြင်း

www.burmeseclassic.com

www.burmeseclassic.com



လုံးခတ်ပြိုင်ပွဲကို ပဇွန်တောင် လိပ်ကန်ပန်းခြံ၌ ကျင်းပခဲ့ပါသည်။ ၎င်းပြိုင်ပွဲတွင် အမှတ်ပေး ဒိုင်လူကြီးများအဖြစ် အမျိုးသားပညာဝန် ဦးဖိုးကျားနှင့် ဦးဂုဏ်ဘဏ်တို့က ဆောင်ရွက်ကြပါသည်။

ထိုအခါက ယှဉ်ပြိုင်ရသည့် စနစ်မှာ ရှုံးထွက်စနစ်ဖြစ်၍ နှစ်ပွဲ ယှဉ်ပြိုင်ခတ်ကစားရာ ရှုံးသောအဖွဲ့ တခါတည်း ထွက်သွားရပါသည်။ နောက်ထပ်တကြိမ် ယှဉ်ပြိုင်ခွင့် မရှိပါ။ နိုင်သည့်အဖွဲ့က နောက်နေ့တွင် တခြားအသင်း တသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရပါသည်။ ဤနည်းဖြင့် နိုင်သောအသင်းက အဆင့်ဆင့်တက်ခဲ့ရလေသည်။ ၎င်းပြိုင်ပွဲတွင် အလုံမှ ကျောက်ကုန်သည် ဆရာဘ (ရတနာပုံ ဆရာဘ)၏ ခြင်းသင်းက အရှုံးပွဲ မရှိပဲ တောက်လျှောက် တက်လာသည့်အတိုင်း ဒဂုံ ခြင်းအသင်းကလည်း တက်လာ၍ ၎င်းတို့နှစ်သင်း ဖိုင်နယ်တွင် တွေ့ကြရတော့၏။

ထိုအချိန်က ခြင်းပွဲကြည့် ပရိသတ်များလည်း ဖိုင်နယ်ပွဲကို အလွန်စိတ်ဝင်စားလျက် ရှိကြသည်။ ဖိုင်နယ်ပွဲ ခတ်ကစားသည့်နေ့တွင် ပရိသတ်များ လိပ်ကန်ပန်းခြံအတွင်း ပြည့်လျှံသွားပြီး ဓာတ်ရထားလမ်းအထိ ရောက်ကုန်၍ လမ်းပိတ်နေခြင်းကြောင့် ဓာတ်ရထားများပင် ခေတ္တ ရပ်ဆိုင်း ထားရသည်အထိ ဖြစ်ပါသည်။ ထိုနေ့က ကြည့်မြင်တိုင်နှင့် ပဇွန်တောင်သို့ ပြေးဆွဲနေသော ဘတ်စကားများသည် ညနေပိုင်းတွင် "ခြင်းပွဲကို၊ ခြင်းပွဲကို" ဟု ဆူညံစွာ အော်ဟစ်ပြေးဆွဲကြသည်ကို တွေ့ရပါသည်။

နောက်ဆုံးဖိုင်နယ်ပွဲ ယှဉ်ပြိုင်အပြီးတွင် အလုံမှ ဆရာဘအသင်းက အနိုင်ရရှိသဖြင့် ကြက်တံဆိပ် ငွေဒိုင်း ကြီးကို ပညာဝန် ဦးဖိုးကျားက ပေးအပ် ချီးမြှင့်လိုက်ပါသည်။



ရန်ကုန်မြို့၌ ရှေးက ကျင်းပခဲ့ဖူးသော ခြင်းလုံးခတ် ပြိုင်ပွဲများအနက် အုတ်အော်သောင်းတင်းနှင့် လူအစည်ကားဆုံး ပြိုင်ပွဲဖြစ်ကြောင်းကို မှတ်တမ်းတင်ကြရလေသည်။

အနိုင်ရသော ကျောက်ကုန်သည် ဆရာဘအဖွဲ့မှ ခြင်းခတ်သားများမှာ –

၁။ ကိုမဟာမှတ် (မန္တလေး) ရန်ကုန်တွင် ခေတ္တနေသည်။
၂။ ကိုအောင်ဘ (မန္တလေး)
၃။ ကိုထွန်းတင်
၄။ ကိုတိုက်ဒွး
၅။ ကိုကျော်လွင်
၆။ ကိုချက်ကြီး

တို့ ဖြစ်ကြပါသည်။

၎င်းတို့ ယှဉ်ပြိုင်ရသည့် အမှတ်ပေးပုံစနစ်မှာ အောက်ပါအတိုင်း ဖြစ်၏။

ခြင်းတသင်းလျှင် ခတ်ကစားချိန် မိနစ် ၃၀ သာ ခတ်ကစားကြရသည်။ အမှတ်ပေးပုံမှာ ဖိလာဖဝါး နှစ်မှတ်၊ မဟာ နှစ်မှတ်၊ စလွယ် သုံးမှတ်၊ ရင်လိမ်ဖဝါး သုံးမှတ်၊ တည့်ဖဝါး မှတ်၊ ပတ်ဒူး ငါးမှတ်၊ ဝိုက်ကြီး ငါးမှတ်၊ မဟာညွန့် ငါးမှတ် သည်ဖြင့် သတ်မှတ်၍ ၎င်းခြင်းခတ်ပေါက်များကို တကြိမ် အတိုင်း ခတ်တိုင်း မည်သူကပဲ ခတ်ခတ် ဒိုင်လူကြီးများက အမှတ်ပေးဇယားကွက်တွင် မှတ်သားထားရပါသည်။ ပထမ အစ ပေးခြင်း ပေးလိုက်သည်မှစ၍ ခြင်းလုံး မြေသို့ ကျလျှင် အမှတ်ပေးသော ဇယား၌ စာရင်းတခါဖြတ်၍ မှတ်သားထားရပါသည်။ ခတ်ကစားချိန် မိနစ် ၃၀ ပြည့်သော် အမှတ်ပေးဇယားကွက်မှ ခြင်းမြေကျတိုင်း ပိုင်းခြား

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ထားသည့် အတွင်းရှိ ရမှတ်ပေါင်းကို ကဏ္ဍအလိုက် အားလုံး တကဏ္ဍချင်း၊ အားလုံးကို တခုချင်း ပေါင်းကြည့်ရသည်။ အမှတ် အများဆုံးရသည့် ကဏ္ဍမှ အမှတ်ကို ၎င်းအသင်း၏ ရမှတ်ဟု အတည်ပြုရလေသည်။ ဤနည်းအတိုင်း တခြားယှဉ်ပြိုင်သည့် အသင်းကိုလည်း မှတ်သား၍ အများဆုံး အမှတ်ရသော ကဏ္ဍတခုကိုသာ အတည်ပြု၍ အမှတ်များရာ အသင်းကို အနိုင်ပေးသည့်စနစ်နှင့် ယှဉ်ပြိုင်ကြရခြင်းပင် ဖြစ်ပါသည်။

ခရစ်နှစ် ၁၉၄၁ ခုနှစ်တွင် ရန်ကုန်မြို့ ဘိအေအေ ကစားကွင်း(အောင်ဆန်းကွင်း)၌ မြန်မာပြည်လုံးဆိုင်ရာ ပြေးခုန်ပစ် အားကစားပြိုင်ပွဲကို အားကစား အဖွဲ့ချုပ်မှ ကြီးမှူး၍ ကျင်းပရန် အစီအစဉ်ရှိလေသည်။ ထိုအခါ အားကစားကွင်းမှ အတွင်းရေးမှူး မစ္စတာ မေ်စ်ခဲ့ကိုယ်တိုင် စာတိုက်ဝန်မင်း ဦးအရိန်နှင့် လာရောက်တွေ့ဆုံပြီး ဘိအေအေ ကစားကွင်း၌ ကျင်းပပြုလုပ်မည့် ပြေးခုန်ပစ် အားကစား ပြိုင်ပွဲကြီးတွင် အမျိုးသားခြင်းလုံးငတ်ပြိုင်ပွဲ ပါဝင်နိုင်ရန် အစီအစဉ် ပြုလုပ်ပေးပါရန်နှင့် ကုန်ကျစရိတ်များကိုလည်း တာဝန်ယူပါ ညီဟု ပြောလေသည်။ ထိုအခါ ဦးအရိန်က ခြင်းပြိုင်ပွဲ ဖြစ်မြောက်ရန် တာဝန်ယူလိုက်ပါသည်။ ၎င်းနောက် ထိုပြိုင်ပွဲအတွက် ဥပဒေစည်းမျဉ်းတခု ရေးဆွဲရန် ဦးအရိန်နှင့်အတူ ဦးဂုဏ်ဘ၊ ဦးစိန်ရွက်၊ ဦးအုန်းဖေ၊ ဦးဘမောင်၊ ဦးဘသန်း စသည့်ပုဂ္ဂိုလ်များ အားလုံးပါဝင်၍ ရေးဆွဲခဲ့ကြသည့်ဥပဒေမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

အခြေခံ ခြင်းငတ်ပေါက်ကလေးများကို အမှတ်မပေး၊ တခြားခြင်းငတ်ပေါက်များကို တချက်ခတ်လျှင် တမှတ်၊



နှစ်မှတ်၊ သုံးမှတ်၊ လေးမှတ်၊ ငါးမှတ် စသည်ဖြင့် လွယ်လျှင် လွယ်သလို ခက်လျှင် ခက်သည့်အလိုက် တန်ဖိုးသတ်မှတ်၍ ပေးထားပြီး ခတ်ကစားစေပါသည်။ ခြင်းခတ်သားခြောက်ယောက်စလုံး ခတ်၍ရရှိသော အမှတ်များကို ဇယားကွက်တွင် ဒိုင်လူကြီးများက ရေးမှတ်ထား ရလေသည်။ ခြင်းလုံးမြေသို့ ကျတိုင်း တကြိမ်ကျလျှင် တမှတ် ရေးမှတ်ထားရပါသည်။ ခြင်းလုံးမြေကျ စာရင်းကို သီးခြား ဒိုင်တယောက်က မှတ်ရပါသည်။ အချိန်စေ့သောအခါ ရမှတ်အားလုံးကို တည်၍ ခြင်းမြေကျသည့် အကြိမ်ပေါင်းနှင့် စားပြီး ကျန်ရှိသည့် ရလဒ်အမှတ်ကို အတည်ပြု၍ ၎င်းအဖွဲ့၏ အသားတင် ရမှတ်အဖြစ် အသိအမှတ်ပြုရ၏။ ဤနည်းဖြင့် ယှဉ်ပြိုင်ကြရပြီး အနည်းအများကို လိုက်၍ ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် အရှုံးအနိုင်ကို ဆုံးဖြတ်ခြင်း ဖြစ်လေသည်။[၁]

၎င်းဥပဒေအရ ကျင်းပခဲ့သော ပြိုင်ပွဲသို့ (၁)ရွှေဘို၊ (၂) မန္တလေး၊ (၃)မြင်းခြံ၊ (၄)ပခုက္ကူ၊ (၅)ပဲခူး၊ (၆)ရန်ကုန်၊ (၇) သံလျင်၊ (၈)ပြည် စသည့်မြို့များမှ ခြင်းအသင်းများလာရောက် ယှဉ်ပြိုင်ကြရာ ရွှေဘိုခြင်းအသင်းက ပထမ၊ မြင်းခြံအသင်းက ဒုတိယ ရလေသည်။ ပထမဆုအဖြစ် နန်းရင်းဝန် ဂဠုန်ဦးစောဆု ငွေစင်ရုပ်ဆုကို ရွှေဘိုခြင်း အသင်းက ရရှိလေသည်။ ၎င်းအသင်းတွင် ပါဝင်ခတ်ကစားသူများမှာ –

၁။ ကိုလူမောင်
၂။ ကိုချစ်စု

[၁] မဟာမှတ်၊ ဦး၊ ၏ ပြောပြချက်။

www.burmeseclassic.com

www.burmeseclassic.com

၃။ ကိုညို
၄။ ကိုကျော်အုန်း
၅။ ကိုလှဖေ
၆။ ကိုစု

တို့ ဖြစ်ကြလေသည်။

မြန်မာပြည်လုံးဆိုင်ရာ ပြေးခုန်ပစ် အားကစား ပြိုင်ပွဲများ ကျင်းပရာတွင် အားကစား အဖွဲ့ချုပ်က ခြင်းလုံး ခတ်ပြိုင်ပွဲကို တခြား အားကစား ပြိုင်ပွဲများနည်းတူ အသိအမှတ်ပြု၍ ဖိတ်ခေါ် ကျင်းပပေးခြင်းသည် ပထမဆုံး အကြိမ်ပင် ဖြစ်လေသည်။ သို့ပါ၍ ယခင်က ဖျော်ဖြေမှု အဆင့်အတန်း အနေအထားမှ အားကစားနယ်သို့ ခြေတလှမ်း ချလိုက်ရခြင်းပင် ဖြစ်လေသည်။ ထိုနောက် များမကြာမီ ကာလအတွင်း၌ ဒုတိယကမ္ဘာစစ်ကြီး မြန်မာပြည်သို့ ရောက်ရှိလာလေတော့သည်။

## အခန်း ၄

# စစ်ပြီးခေတ် ခြင်းလုံးလောက

၁၉၄၇ ခုနှစ် နိုဝင်ဘာလ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက်တွင် မြန်မာပြည် အိုလံပစ် အားကစားအသင်းကြီးကို တည်ထောင်ခဲ့ကြရာ၌ အားကစားအမျိုးမျိုး ပါဝင်ဖွဲ့စည်းခဲ့ကြရာတွင် အပျော်ထမ်း ခြင်းလုံးအဖွဲ့ကြီးကိုလည်း ဖွဲ့စည်း၍ ပူးပေါင်း ပါဝင်ခဲ့ရလေသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၂၅ရက်နေ့မှစ၍ ရန်ကုန်မြို့၌ကျင်းပခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ် အားကစားပွဲတော်ကြီးတွင် ခြင်းလုံးခတ် ပြိုင်ပွဲလည်း ပါဝင်သဖြင့် ဝင်ရောက် ယှဉ်ပြိုင်ကြသော ခြင်းအဖွဲ့များမှာ အင်းစိန်၊ ရန်ကုန်၊ ဥက္ကံ၊ ပြည်၊ မြင်းခြံ၊ မန္တလေး နှင့် ရွှေဘို ခြင်းအဖွဲ့တို့ ဖြစ်ကြပါသည်။

၎င်းပြိုင်ပွဲတွင် နောက်ဆုံး ဖိုင်နယ်ပွဲ၌ မန္တလေးအဖွဲ့နှင့် ရန်ကုန် အဖွဲ့တို့ အောင်ဆန်း ကွင်းတွင် ယှဉ်ပြိုင်ကြရာ မန္တလေး အဖွဲ့က အမှတ်ပေါင်း ၂၂၆ မှတ်ဖြင့် ပထမရပြီး ရန်ကုန်အဖွဲ့က အမှတ်ပေါင်း ၁၇၄ မှတ်ဖြင့် ဒုတိယ ရရှိပါသည်။ တံခွန်စိုက် ဒိုင်းဆုကြီးနှင့် ပထမဆုကို မန္တလေးအဖွဲ့အားလည်းကောင်း၊ ဒုတိယ ဆုကို ရန်ကုန်အဖွဲ့ အားလည်းကောင်း ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် တက်ရောက်၍ ပေးအပ် ချီးမြှင့်ခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



မန္တလေး ခြင်းအဖွဲ့မှ ခတ်သားများမှာ ဦးဘသိန်းကြီး၊ ကိုဘသိန်းကလေး၊ ကိုညိုဌေး၊ ကိုမောင်ကိုလေး၊ ကိုလှကျော်နှင့် ကိုအောင်ခင် (စစ်ကိုင်း) တို့ဖြစ်ကြပါသည်။

အဖွဲ့ခေါင်းဆောင်မှာ ဦးဘသိန်းကြီးဖြစ်၍ အုပ်ချုပ်ရေးမှူးအဖြစ်ဖြင့် ဦးကရင်က လိုက်ပါခဲ့ရပါသည်။ ပထမဦးဆုံး မြန်မာနိုင်ငံ အိုလံပစ် အားကစားပြိုင်ပွဲ၌ ယှဉ်ပြိုင်ခဲ့ကြရသည့် ဥပဒေမှာ မဟာဒူး၊ စလွယ်၊ တည့်ဖဝါး၊ ဖိုလာဖဝါး၊ ဖိုလာဖနောင့်၊ နှစ်ထပ်ဒူး၊ နှစ်ထပ်ခြေခွင်၊ နှစ်ထပ်ခြေဖျားနှင့်ရှပ်ခြေဖျား ခတ်ပေါက်များကို တကြိမ်ခတ်လျှင် တမှတ် ဖြစ်ပါသည်။

ပတ်ဒူး၊ ရင်လိမ်ဖဝါး၊ မဟာနွယ်၊ မဟာညွန့်၊ ဝိုက်ကြီး၊ ဝိုက်ဒူး၊ ဒူးဝိုက်ကြီး၊ အပျောက်ဝိုက်၊ အပျောက်ထပ်ခြေဖျား၊ အပျောက်ထပ်ခြေခွင်၊ အပျောက် ထပ်ဒူး၊ အပျောက် ရှပ်ထိုး၊ မြင်းစီးဖနောင့် စသည့် ခတ်ပေါက်များကို ခတ်လျှင် နှစ်မှတ်ပေးပါသည်။ နှစ်မှတ်တန်ဖိုး သတ်မှတ်ထားသည့် ခြင်းခတ်ပေါက်များ အားလုံးကို ပြည့်စုံအောင် တမျိုးလျှင် သုံးကြိမ်အောင်မြင်စွာ ခတ်ကစားပြရန် ခတ်သားတဦးလျှင် ၁၀ မိနစ်အချိန်ပေးလေသည်။ ၎င်းခြင်းခတ်ပေါက်ကို သုံးကြိမ် အောင်မြင်အောင် ခတ်နိုင်လျှင် သီးခြား အမှတ်ကြီး တမှတ်စီပေးလေသည်။ ၎င်းပြင် တမှတ်တန်ဖြစ်စေ၊ နှစ်မှတ်တန်ဖြစ်စေ ခတ်ကစားတိုင်း ဒိုင်လူကြီး တယောက်က ရမှတ်များကို တဆက်တည်း ပေါင်း၍ အော်ပေးရသည်။ ဥပမာ နှစ်မှတ်တန် ခြင်းတပေါက်ကို ခတ်လျှင် နှစ်မှတ်ဟုအော်ပြီး နောက်တကြိမ် ခတ်လျှင် လေးမှတ်ဟု အော်ရသည်။ နောက်ထပ် တမှတ်တန် တပေါက်ခတ်လျှင် ငါးမှတ်ဟု အော်ရသည်။ ဤနည်းဖြင့် ခြင်းမြေမကျပဲ အမှတ်ပေါင်း ၅၀ ပြည့်လျှင် အမှတ်ကြီး တမှတ်



ပေး၏။ အမှတ်ပေါင်း ၅၀ မပြည့်မီ ခြင်းမြေကျပါက ရပြီး အမှတ်ကလေးများ အားလုံးကို ချေဖျက်လိုက်ရလေသည်။ ဤစနစ်မှာ ခြင်းပေါက်အစုံ ခတ်ကစားစေရန် အားပေးထားပြီး ခြင်းမြေကျမှာကိုလည်း နှမြောဖွယ် ကောင်းအောင် တဘက်က ထိန်းပေးထားသည့် ဥပဒေဖြစ်လေသည်။

ယှဉ်ပြိုင်ကြသည့် အဖွဲ့များ၏ အမှတ်ကြီးအဖြစ် ရရှိသည့် အမှတ်များကို အတည်ပြု၍ အနည်းအများအလိုက် ပထမ၊ ဒုတိယ အရှုံးအနိုင် ခွဲခြားပါသည်။


မြန်မာနိုင်ငံ အိုလံပစ်ခြင်းအသင်း ဖွဲ့စည်းခဲ့စဉ်က ယာယီအားဖြင့် ပထမဆုံး အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ကြပါသည်။

| | | |
|---|---|---|
| ၁။ | ဦးအရိန် | ဥက္ကဋ္ဌ |
| ၂။ | ဦးဘမောင် | ဒု ဥက္ကဋ္ဌ |
| ၃။ | ဦးအောင်ကိုး | အတွင်းရေးမှူး |
| ၄။ | ဦးဘသန်း | ငွေထိန်း |
| ၅။ | ဦးအုန်းဖေ | အဖွဲ့ဝင် |
| ၆။ | ဦးသွယ် | ။ |
| ၇။ | ဦးဘသိန်း | ။ |
| ၈။ | ဦးဘဇော် | ။ |
| ၉။ | ဦးဘစံ | ။ |
| ၁၀။ | ဦးအို | ။ |
| ၁၁။ | ဦးလွင် | ။ |
| ၁၂။ | ဦးဘ | ။ |

ယင်းအမှုဆောင်အဖွဲ့ကပင် အထက်ဖော်ပြပါ ခြင်းပြိုင်ပွဲ ည်းမျဉ်းဥပဒေအသစ်ကို ရေးဆွဲခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com





## အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ ပေါ်ပေါက်လာခြင်း

ခရစ် ၁၉၅၁ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက "အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ" ကို ဖွဲ့စည်းတည်ထောင်လျက် ကိုယ်လက်လှုပ်ရှား အားကစားမှုများကို အားပေးလာသောအခါ ခြင်းလုံးခတ်ကစားခြင်းကိုလည်း အားပေးမြှင့်တင်ရန် အစီအစဉ်ရှိသဖြင့် မြန်မာတနိုင်ငံလုံးလိုက်နာနိုင်မည့် ခြင်းလုံးခတ်ပြိုင်ပွဲ ဥပဒေစည်းမျဉ်းတခု တည်ရှိစေရန် အရေးတကြီးလိုအပ်သောကြောင့် အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေး ကောင်စီက ဦးစီး၍ စရိတ်ငွေ အကုန်အကျခံကာ ရန်ကုန်မြို့အောင်ဆန်းအားကစားကွင်းရှိ ကောင်စီတည်နေရာဌာနတွင် ခြင်းလုံးဥပဒေ ရေးဆွဲရေး ညီလာခံကြီး တရပ်ကို ၃၀-၆-၅၃ နေ့မှ ၆-၇-၅၃ နေ့ အထိ ရက်သတ္တတပတ်ကြာမျှ ကျင်းပပြုလုပ်ခဲ့ပါသည်။

၎င်းညီလာခံသို့ အောက်ပါခရိုင်များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ မန္တလေး၊ ရမည်းသင်း၊ မကွေး၊ မိတ္ထီလာ၊ မြင်းခြံ၊ ပခုက္ကူ၊ ရေနံချောင်း၊ မင်းဘူး၊ တောင်ငူ၊ သရက်၊ ပြည်၊ ဖျာပုံ၊ မြောင်းမြ၊ သထုံ၊ ဟင်္သာတ၊ မော်လမြိုင်၊ ပဲခူး၊ ရန်ကုန်၊ အင်းစိန်၊ စစ်တွေ၊ မြိတ်၊ ကျောက်ဖြူ၊ ထားဝယ်၊ ပုသိမ်၊ တောင်ကြီး၊ လှိုင်ကော်၊ ဖန်းမော် ခရိုင်များဖြစ်ကြပါသည်။ သုံးဆယ့်သုံးခရိုင်မှတက်ရောက်လာကြသည်ဟု အဆိုရှိသော်လည်း ကျန်သုံးခရိုင်၏ အမည်ကို ဖော်ပြထားခြင်း မတွေ့ရပါ။ ၂၉-၆-၅၃ နေ့ ညနေ ၅ နာရီအချိန် ရန်ကုန်မြို့တော်ခန်းမကြီးတွင် ကျန်းမာရေးဌာန

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီး ဦးခင်မောင်လတ် တက်ရောက်၍ ခြင်းလုံးအခမ်းအနားကို ဖွင့်လှစ်ပေးခဲ့လေသည်။

ဋ္ဌင်းခြင်းလုံး ညီလာခံ၌ မြန်မာတနိုင်ငံလုံး လိုက်နာနိုင်မည့် ပြိုင်ပွဲဥပဒေတစ် ချမှတ်အတည်ပြုစေရန်နှင့် ညီလာခံကြီး အထမြောက် အောင်မြင်စေရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို တာဝန်ပေးသည်ဟု သိရပါသည်။

အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေး ကောင်စီက ပြည်ထောင်စု မြန်မာနိုင်ငံလုံးဆိုင်ရာ ခြင်းလုံးညီလာခံတွင် တင်ပြရန်အတွက်ခြင်းလုံးခတ်ပြိုင်ပွဲ အခြေခံစည်းမျဉ်း ဥပဒေမူကြမ်းတရပ်ကို ရေးဆွဲရန် ကွယ်လွန်သူ စာတိုက်ဝန် ဦးအရိန်အား တာဝန် ပေးအပ်ခဲ့လေသည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံလုံးဆိုင်ရာ ခြင်းလုံးညီလာခံ ဖြစ်မြောက်ရေး အတွက် အငြိမ်းစား အမြဲတမ်းတော်ခွန်ဝန်ထောက် ဦးဝင်းဖေနှင့် အငြိမ်းစား အိုင်စီအက်စ စည်သူ ဦးပိုင်တို့က တာဝန်ယူကြသည်။ ဝိုင်းဝန်းကူညီကြသော အခြားပုဂ္ဂိုလ်ကြီးများမှာ ပြည်သူ့ဝန်ထမ်းဌာနဝန်ကြီး ဦးခင်မောင်လတ်၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးဝန်ကြီး ဦးကျော်မြင့်၊ အငြိမ်းစား ဆရာဝန်ကြီး ကာနယ် ဦးမင်းစိန်၊ ဗမာ့ကိုယ်စားလှယ်အဖွဲ့ ဒါရိုက်တာ ဦးဘအေး၊ ပါလီမန်အမတ် အိုင် စီ အက် စ ဦးကျော်မင်း၊ အငြိမ်းစား ပညာမင်းကြီး ဦးချို၊ လူမျိုးစု လွှတ်တော် အတွင်းဝန် ဦးထွန်းတင်တို့ ဖြစ်ကြသည်။ မြန်မာနိုင်ငံ ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီမှ ညွှန်ကြားရေးဝန် ဦးမောင်မောင်ကလေး၊ အထွေထွေ အတွင်းရေးမှူး မစ္စတာအက်ဖဟာတ်စကင်း အမျိုးသား စည်းရုံးရေးမှူး ဦးဇော်ဝိတ်၊ အမျိုးသမီး စည်းရုံးရေးမှူး ဒေါ်ကျင်စီ၊ တိုင်းမှူး ဦးန္တဲ့နှင့် ဦးမောင်ကိုတို့က ညီလာခံ



သို့ တက်ရောက်လာသည့် ခရိုင်အသီးသီးတို့မှ ကိုယ်စားလှယ်များအား ကြိုဆိုဧည့်ခံရေးအပြင် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းဖြင့် အသွားအပြန် ခရီးစရိတ်မှအစ အဘက်ဘက်မှ လိုလေသေးမရှိအောင် တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုခြင်းလုံးဥပဒေပြု ညီလာခံသို့ တက်ရောက်လာကြသော ခရိုင် ကိုယ်စားလှယ်များအနက်မှ ရွှေဘိုခရိုင်နှင့် မန္တလေးခရိုင် ကိုယ်စားလှယ်တို့က မိမိတို့ခရိုင်များမှ ညှိနှိုင်းဆွေးနွေး ရေးဆွဲလာသောစည်းမျဉ်းဥပဒေမူကြမ်းများကို တင်သွင်းကြပါသည်။ ရန်ကုန်ခရိုင်မှ စာတိုက်ဝန် ဦးအရိန်ကလည်း မိမိတာဝန်အရ ခြင်းလုံးခတ်ပြိုင်ပွဲ ဥပဒေ မူကြမ်းတခုကို တင်သွင်းရာ ညီလာခံ ကိုယ်စားလှယ်များအားလုံး ညှိနှိုင်း ဆွေးနွေးတိုင်ပင်ပြီးနောက် ဦးအရိန် တင်သွင်းသော မူကြမ်းကို အနည်းငယ် ပြင်ဆင်လျက် အတည်ပြု ဆုံးဖြတ်ခဲ့ကြပါသည်။

## အားကစားအသွင် ပေါ်လွင်လာခြင်း

၁၉၃၀ ပြည့်နှစ်မှ ၁၉၅၃ ခုနှစ်အထိ ၄၃ နှစ်အတွင်းခြင်းလုံးခတ်ပြိုင်ပွဲ စည်းမျဉ်း ဥပဒေအမျိုးမျိုး ကြံစည်စိတ်ကူးပြီး အခွင့်အခါသင့်တိုင်း ရေးဆွဲ၍ ခြင်းလုံးခတ်ပြိုင်ပွဲများ အမြို့မြို့ အနယ်နယ်တွင် စမ်းသပ် ကျင်းပလာခဲ့ကြပါသည်။ ၎င်းကဲ့သို့ လက်တွေ့ကျင့်သုံးခဲ့ရာ၌ တွေ့ရှိရသော ချွတ်ယွင်းချက် အနည်းအများကို အဆင့်ဆင့် ပြုပြင်လာခဲ့ကြရာမှ ယခု ညီလာခံမှ အတည်ပြုလိုက်သည့် ပြိုင်ပွဲဥပဒေသည် မြန်မာ့နည်း မြန်မာ့ဟန် မပျက်စေပဲနှင့် အားကစားအသွင်သို့ ရောက်ရှိလာစေသည့်

၂။ ဘခေ၁်၊ ဦး၊ ခြင်းလုံးပညာပဒေသာ၊ မြေဝတီ ၁၉၇၈၊ စာမျက်နှာ ၅၅-၅၆။

www.burmeseclassic.com

www.burmeseclassic.com



ဥပဒေ ဖြစ်လေသည်။ ၎င်းဥပဒေကို အချိန်အခါလိုက်၍ အနည်းငယ် အတိုးအဆုတ်ပြုလုပ်လျက် ယနေ့တိုင် အများ လိုက်နာ ကျင့်သုံးလျက် ရှိကြပါသည်။ စည်းမျဉ်းဥပဒေ အကျယ်နှင့် အမှတ်ပေးပုံ ပေးနည်းကို နောက်ဆက်တွဲ အခန်း တွင် ဖော်ပြပါမည်။

### မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဖွဲ့စည်းခြင်း

၁၉၅၃ ခုနှစ် ခြင်းလုံးဥပဒေ ညီလာခံကြီးအပြီး ပထမဦးဆုံး ဖွဲ့စည်းလိုက်သော ပြည်ထောင်စုမြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်၏ အမှုဆောင်အဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | ဦးဝင်းဖေ၊ အမြတ်တော်ခန့်ဝန်ထောက် | ဥက္ကဋ္ဌ |
| ၂။ | ဦးအရိန်၊ စာတိုက်မင်းကြီး | ဒု - ဥက္ကဋ္ဌ |
| ၃။ | ဦးသိန်းမောင်၊ လက်နှိပ်စက် တာဝန်ခံ စာရေးကြီး | အတွင်းရေးမှူး |
| ၄။ | ဦးမောင်အို၊ ဒိစတြိတ်ကောင်စီရုံး စာရေးကြီး | တွဲဖက်အတွင်းရေးမှူး |
| ၅။ | ဦးဘ၊ ရတနာပုံစိန်တိုက်ပိုင်ရှင် | ငွေထိန်း |
| ၆။ | စည်သူ ဦးပိုင်၊ အိုင်စီအက်စ | အဖွဲ့ဝင် |
| ၇။ | ဒဂုဏ်ပဦးဘတင်၊ | ။ |
| ၈။ | ဦးဘဇော်၊ စာရင်းကိုင် အရာရှိ | ။ |
| ၉။ | ဦးဘသန်း၊ ဟိုက်ကုတ်ဘိလစ်ရုံးအုပ် | ။ |
| ၁၀။ | ဗိုလ်မှူးဘရွှေ၊ ဗမာ့တပ်မတော်(ကြည်း) | ။ |
| ၁၁။ | ဗိုလ်ကြီးအောင်ဝင်း၊ ဗမာ့တပ်မတော်(ကြည်း) | ။ |
| ၁၂။ | ဦးအောင်ကိုး၊ ဘီအေ၊ ဘီအီးဒီ | ။ |

တို့ပါဝင်ကြပါသည်။

## အခန်း ၅

# မြန်မာ့ခြင်းလုံးနှင့် ပြည်ပခရီး

"၁၉၁၁ ခုနှစ်က အေဒင်မြို့မှ ဟင်ဆန်ဆပ်ကပ်အဖွဲ့သည် မြန်မာပြည်သို့ ရောက်ရှိလာပြီး ရန်ကုန်၊ မန္တလေးနှင့် တခြား မြို့ကြီးများသို့ လှည့်လည်၍ ဆပ်ကပ်ပွဲ ပြသခဲ့ဖူးပါသည်။ ၎င်းဆပ်ကပ်အဖွဲ့ကြီး မြန်မာပြည်မှ ပြန်သောအခါတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မှ ခြင်းဝိဇ္ဇာ ဦးဖိုးသင်းအား ၎င်းတို့ ဆပ်ကပ်နှင့် အတူလိုက်ပါ၍ မြန်မာ့ခြင်း ရှဲ အတတ်ပညာကို ပြသရန် လစာငွေ ၃၀၀ိနှင့် သုံးနှစ်စာချုပ်၍ ခေါ်ဆောင် သွားကြောင်း" ဖြင့် ဦးဂုဏ်ဘဏ်ထံမှ ကြားသိခဲ့ရပါသည်။

ဦးဖိုးသင်းသည် ဆပ်ကပ်အဖွဲ့နှင့် လိုက်ပါသွားရာတွင် ကပည့်တယောက်ကိုပါ ခေါ်သွားပြီး ရှဲလုံးနှင့် ခြင်းလုံးကို အသေတင်ခြင်း၊ ညှပ်ကစားခြင်းများအပြင် တယောက်တည်း ခြင်းအယိုင်ကိုလည်း ခတ်ပြသည်ဟု သိရပါသည်။ ဦးဖိုးသင်း သည် ခေါင်းပေါင်းနှင့် တောင်ရှည်ပုဆိုးကို အမြဲဝတ်ဆင်လေ့ရှိ သည်။ အင်္ဂလန်သို့ ရောက်သွားသောအခါ ခေါင်းပေါင်း၊ ရင်ဖုံးတိုက်ပုံအင်္ကျီနှင့်တောင်ရှည်ပုဆိုးဝတ်ဆင်၍ မြို့ထဲသို့ ထွက် သည်သောအခါ အင်္ဂလိပ်များ ဝိုင်းအုံ၍ လိုက်ပါကြည့်ရှုကြ သဖြင့် ရဲများက နောက်လမ်းထွက်လျှင် ၎င်းအဝတ်အစား များနှင့် မထွက်ရန် တားမြစ်ခြင်း ခံခဲ့ရလေသည်။ ဦးဖိုးသင်း



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို သူရိယသတင်းစာ၌ အောက်ပါအတိုင်း ရေးသားထားသည်ကိုလည်း တွေ့ရပါသည်။

> ယခု ကြည့်မြင်တိုင်တွင် နေထိုင်သော ကြည့်မြင်တိုင်သား အသက် ၆၀ ခန့်ရှိ ဦးဖိုးသင်းအား ခြင်းဝိဇ္ဇာဟုခေါ်ဆိုကြလေသည်။ ဦးဖိုးသင်းသည် မြန်မာ ခြင်းခတ်ခြင်း၊ ရှိကစားခြင်း ပညာကို ဥရောပ၊ အမေရိကန်နှင့် အိန္ဒိယတို့သို့ ဦးစွာ လှည့်လည်ပြသသူ ဖြစ်လေသည်။ အနောက်နိုင်ငံသို့ ပြင်သစ်သဌေး ဦးကလစေ့ သုံးရာပေး၍ ပြင်သစ်ပြည် ပါရီမြို့ အိုလင်ဘာ ဇာတ်ရုံတွင် ဦးစွာ ခြင်းခတ်၊ ရှိကစားပြရလေရာ အထူး နာမည်ကျော်ကြား သွားလေသည်။ ထို့ကြောင့် ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ အင်္ဂလန်၊ အမေရိကန်နှင့်အိန္ဒိယတိုင်းပြည်များတွင် သုံးနှစ်ခွဲခန့် လှည့်လည်၍ မြန်မာတို့၏ပညာကို နိုင်ငံခြားသားတို့ ရင်သပ်အံ့သြ ချီးမွမ်းလောက်အောင် ပြသ အသုံးတော်ခံခဲ့သူ ပုဂ္ဂိုလ်ကြီး ဖြစ်ပေကြောင်း၊ ထိုအချိန်အခါ သည်ကား သူရိယသတင်းစာကြီး စတင် ထုတ်ဝေစ အချိန်ဖြစ်သောကြောင့် ထိုခြင်းဝိဇ္ဇာကြီးအကြောင်းကို ၂၅ နှစ်မြောက် သူရိယ အထူးစာစောင်တွင် အမှတ်တရ ဖော်ပြလိုက်ရခြင်း ဖြစ်ပေကြောင်း။[၁]

ဟူ၍ ဖော်ပြ ပါရှိလေသည်။

၎င်းနောက် တံခွန်ဂျာနယ်တွင်ရေးသားထားသည်မှာလည်း အောက်ပါအတိုင်း တွေ့ရပါသည်။

၁။ ၁၂၈၈ ခုနှစ်၊ ဝါဆိုလဆုတ် ၂ ရက်၊ ခရစ်နှစ် ၁၉၂၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့၊ ၂၅ နှစ်မြောက် အထူးထုတ် သူရိယသတင်းစာ။



> ဗမာ့ခြင်းကို ကမ္ဘာကသိအောင် စွမ်းဆောင် နိုင်ခဲ့သူမှာကား ခြင်းဝိဇ္ဇာဦးဖိုးသင်းဆိုသူပင် ဖြစ်လေသည်။ ဦးဖိုးသင်းကို ၁၈၇၆ ခုနှစ်တွင် မွေး ဖွား ခဲ့လေ သည်။ ၎င်းပုဂ္ဂိုလ်သည် ၁၈ နှစ်သားအရွယ်မှစ၍ ခြင်းခတ်ခြင်း၊ ရှဲကစားခြင်း ပညာကို စတင် တတ်မြောက်ခဲ့သော ပုဂ္ဂိုလ်ပင် ဖြစ်လေသည်။ ၁၉၁၁ ခုနှစ် အသက် ၃၅ နှစ်တွင် မြန်မာ့ခြင်းရှဲပညာကို ဥရောပ၊ အမေရိကန်၊ အိန္ဒိယတို့သို့ ဦးစွာ လှည့်လည်ပြသခဲ့သူဖြစ်လေသည်။ အနောက်နိုင်ငံသို့ ပြင်သစ်သဌေးတဦးက လခ ၃၀၀ ကျပ်ပေး၍ ပြင်သစ်ပြည် ပါရီမြို့ အိုလင်ဘာ ဇာတ်ရုံကြီးတွင်ဦးစွာခြင်းခတ်ရှဲကစားပြရလေရာ အထူးနာမည်ကျော်သွားလေသည်။ ထို့နောက် ဂျာမနီ၊ စပိန်၊ အမေရိကန်နှင့် အိန္ဒိယတိုင်းပြည်များတွင် သုံးနှစ်ခွဲခန့် လှည့်လည်၍ မြန်မာတို့၏ပညာကို နိုင်ငံခြားသားများ ရင်သပ်အံ့သြ ချီးမွမ်းရလောက်အောင် ပြသခဲ့သော ပုဂ္ဂိုလ်ဖြစ်သဖြင့် မြန်မာ့ခြင်းရာဇဝင်တွင် ထိပ်ဆုံးမှ မှတ်တမ်းတင်ရမည် ဖြစ်သည်။ ဦးဖိုးသင်းသည် ၁၉၃၆ ခုနှစ်အထိ ရန်ကုန်မြို့ ကြည့်မြင်တိုင်တွင် နေထိုင်ခဲ့သော်လည်း မည်သည့်အရွယ် မည်သည့်ခုနှစ်တွင် သေဆုံးကြောင်း မသိရပေ။[၂]

…၍ ရေးသားဖော်ပြထားလေသည်။

## ခြင်းဝိဇ္ဇာ ဦးလော်ပေါ်

ခရစ် ၁၈၂၄ ခုနှစ်တွင် အင်္ဂလန်ပြည် လန်ဒန်မြို့၌ ကျောင်းပ

ချစ်ဆွေ၊ မေမြို့၊ "မြန်မာ့ရိုးရာခြင်းပညာ" တံခွန်ဂျာနယ် အတွဲ ၄၊ အမှတ် ၁၆၊ ၂၀ ရက် စက်တင်ဘာ ၁၉၆၄ ခုနှစ်ထုတ်၊ စာမျက်နှာ ၈။

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ဗြိတိသျှ အင်ပိုင်ယာပြပွဲကြီးတွင် မြန်မာ့ခြင်းပညာပြသရန်အတွက် လာရောက်ဖိတ်ခေါ်ရာ ရန်ကုန်မြို့မှ ခြင်းဝိဇ္ဇာ ဦးလော်ပေါ်ကဦးဆောင်လျက် ကြည့်မြင်တိုင် ဘော်ကာတန်းမှ မဟာရွှေ (ခေါ်)ဦးရွှေနှင့် ဦးကျော်စိန်တို့ လိုက်ပါသွားကြလေသည်။ လန်ဒန်မြို့ရှိ "ဝင်ဘလေ" ကစားကွင်း၌ ဦးလော်ပေါ်က ခြင်းနှင့် ရွဲ တွဲဖက်ပြီး အတင်၊ အညှပ် ခြင်းအနုပညာ[၃]ကို ပိုင်နိုင်စွာ ကစားပြရလေသည်။ ၎င်းအပြင် ခြင်းရှင်၊ ခြင်းယိုင် အလှခတ်[၄]ပြရာတွင် မဟာရွှေနှင့် ဦးကျော်စိန်တို့ ပါဝင်လျက် လူသုံးယောက်နှင့် ခတ်ကစားပြသည်ဟူ၍မှတ်သားရပါသည်။

## ဂျပန်နှင့် တရုတ်နိုင်ငံ ခြင်းပွဲ

ခရစ် ၁၉၅၅ ခုနှစ် အောက်တိုဘာလအတွင်းက အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေး ကောင်စီဝင်လူကြီးဦးဝင်းဖေ(တီပီအက်) အုပ်ချုပ်သော မြန်မာ့ လက်ရွေးစင် ဘောလုံး အသင်းသည် ဂျပန်ပြည် တိုကျိုမြို့၊ အိုဆာကာမြို့နှင့် တရုတ်ပြည် ကန်တုံ ဟန်ကော၊ ပီကင်း တို့အပြင် ဟောင်ကောင်သို့ ဘောလုံးကစား သွားခဲ့ကြစဉ်က ၎င်းတို့ရောက်လေရာ မြို့များတွင် ခြင်းယိုင် အလှဝိုင်း ခတ်ကစားပြခဲ့ကြသည့်အပြင် ခြင်းလုံးများကိုလည်း

---

၃။ ခြင်းလုံးကို အတင်၊ အညှပ်၊ အဖမ်း၊ အသေကစားခြင်းကို ခေါ်ပါသည်
၄။ ဝိုင်းဖွဲ့၍ ခြင်းအရှင် ခတ်ကစားခြင်း



လက်ဆောင် ပေးခဲ့ကြလေသည်။ ၎င်းတို့သည် ပြိုင်ပွဲစည်းမျဉ်း ဥပဒေနှင့် ခတ်ကစားပြခြင်း မဟုတ်ပဲ မိမိတို့ ခတ်တတ်သမျှနှင့် ခြင်းအလှဝိုင်း ခတ်ကစားပြခြင်းမျှသာ ဖြစ်လေသည်။ ဤသို့ ခြင်းခတ်ပြခဲ့ကြသည်မှာလည်း တာဝန်တခုအနေနှင့် မဟုတ်ပါ။ ၎င်းတို့ကိုအုပ်ချုပ်၍ လိုက်ပါသွားသော လူကြီးမှာ ထိုအချိန်က ဘာက်မှ ပြည်ထောင်စုမြန်မာနိုင်ငံ အပျော်ထမ်း ခြင်းလုံးအဖွဲ့ ချုပ် ဥက္ကဋ္ဌ ရာထူးကိုလည်း လက်ခံထားသူ ဖြစ်ခြင်းကြောင့် ခြင်းလုံးများကို ယူဆောင်သွားပြီး တတ်နိုင်သမျှ ကြိုးစား၍ င်ခြား၌ ခြင်းလုံး ဝါဒဖြန့်ပေးခြင်းပင် ဖြစ်လေသည်။ ဘော လုံးသမားများအနက် အောက်ပါ ခြင်းကစားတတ်သူများကို ရွေးထုတ်၍ ခတ်ကစား စေပါသည်။

၁။ ကိုဘကြူး
၂။ ကိုဘင်ကြည်
၃။ ကိုစိန်မြင့်
၄။ ကိုဖေခင်
၅။ ကိုအေးမောင်(ရဲ)

ဖြစ်ကြပါသည်။

## ထိုင်းနိုင်ငံခြင်းပွဲ

၁၉၅၉ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ိုင်ငံ ဘန်ကောက်မြို့တွင် ပထမဦးဆုံးအကြိမ်ကျင်းပသော တောင်အာရှ မိသားစု အိုလံပစ်ပွဲတော်သို့ မြန်မာပြည် ုံးအဖွဲ့ချုပ်မှ ခြင်းယိုင်ခတ်အဖွဲ့တဖွဲ့ကို သရုပ်ပြအနေဖြင့် တ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာခြင်းအဖွဲ့ ဘန်ကောက်မြို့၌ ခြင်းခတ်ပြနေစဉ်

ခြင်းအဖွဲ့ ဘန်ကောက်မြို့တော်သို့ရောက်ပြီး ပထမဆုံး အကြိမ် မြန်မာသံအမတ်ကြီး ဦးဘမောင် အိမ်တော်တွင် ညပွဲတပွဲ ခတ်ပြခဲ့ပါသည်။ သံအမတ်ကြီးက အခြား နိုင်ငံ ခြားသား ဧည့်သည်တော် များကိုလည်း ဖိတ်ခေါ် ပြသခဲ့ သည်။ ဒုတိယအကြိမ် အိုလံပစ်နေ့တွင် ကစားကွင်းကြီး ပရိသတ် သုံးသိန်းခန့် အလယ်တွင် ပထမအဆင့် ခြင်းပိုင် ခတ်ပုံ ခတ်နည်းတို့ကို ခတ်ပြရာ အထူး လက်ခုပ်သံ ဩဘာ ပေးကြပါသည်။ ထိုင်းမှလည်း ဆရာတပည့် သုံး ယောက် ခြင်းယိုင်မဟုတ်၊ ခြင်းသေခေါ် အညှပ် အထ ကစားပြပါသည်။ တတိယနှင့် စတုတ္ထအကြိမ် ချူလာ ကျောင်းဝင်း၌တကြိမ် ထပ်မံကစားပြရာ တကန့်စီ၊ တပိုင်း ရှင်းလင်းပြရပါသည်။ ၅၌နောက်ဆုံး နှစ်ပွဲမှာ ကျွန်တော်



များအတွက် အကျိုးအရှိဆုံးနှင့် အရှေ့တောင်အာရှ မိသားစု ခြင်းခတ်ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် ခြေကုပ် ရရှိခြင်းပင် ဖြစ်ပါသည်။

ဘန်ကောက်မြို့တော် မိသားစုပြိုင်ပွဲတွင် (၁) မြန်မာ၊ (၂) ထိုင်း၊ (၃) ဗီယက်နမ်၊ (၄) လာအို၊ (၅) ကမ္ဘော ဒီးယား၊ (၆) မလေးရှားနှင့် (၇) စင်္ကာပူတို့ ပါဝင်ယှဉ်ပြိုင် ကြပါသည်။ အားလုံးသော ထိုထို တိုင်းပြည်များတွင် ခြင်းလုံး ခတ်ကစားခြင်း အလေ့အထ ရှိကြောင်း သိရှိရပါ သည်။ သို့ရာတွင် မြန်မာပြည်ကဲ့သို့ ခြင်းလုံးခတ်ကစား ခြင်းကို မူလယဉ်ကျေးမှု အဆင့်မပျက်စေပဲ ပြိုင်ပွဲအဆင့် သို့ ရောက်ရှိစေရန် သယ်ဆောင်ခြင်းမရှိ။ အနောက်နိုင်ငံ ကစားနည်းများနှင့် ရောယှက်၍ မူလ သိမ်မွေ့ခြင်းကို အရေးမပေး၊ကာကွယ်ခြင်းမပြု၊ ယှဉ်ပြိုင်ခြင်းကိုသာအဓိက ထား၍ ကစားလျက် ရှိကြောင်း သိရပါသည်။

မြန်မာပြည်တွင် ခြင်းယိုင်ခတ် (ခြင်းရှင်)နှင့် ခြင်းသေ (ညှပ်၊ တင်၊ ဖမ်း)ကစားခြင်း နှစ်မျိုးနှစ်စားရှိသော်လည်း ခြင်းယိုင် ခတ်ကိုသာ ဥပဒေ သတ်မှတ်၍ ပြိုင်ပွဲအဆင့်သို့ သယ်ဆောင်ခဲ့ပါသည်။ ခြင်းသေကစားခြင်းကိုမူ လေ့ကျင့် ထားသူများက ပြပွဲတွင်သာအသုံးပြုလျက် ရှိကြပါသည်။ ကျွန်တော်များ ခတ်နေသော ခြင်းပေါက်များမှာ လေ့ ကျင့်မှု မရှိသူများအတွက် အတော်ပင် ခက်ခဲမှုမှာ နှစ် ၅၌ လေ့ကျင့်မှုမရှိလျှင် ပြိုင်ပွဲဝင်နိုင်ရန် မလွယ်ကူသော ကြောင့် ထိုင်းကဲ့သို့ ယခုတိုင် ခြင်းခတ်လျက်ရှိသော တိုင်း ပြည်ကပင် နောက်ငါးနှစ်မှ ၁၀ နှစ်ကြာမှသာ ၅၌စနစ် ၅၌ကစားပုံမျိုးကို လိုက်လံ ယှဉ်ပြိုင် ကစားနိုင်မည် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဝန်ခံစကား ပြောကြားပါသည်။ ယခုကဲ့သို့ ခြင်းလုံးကစားခြင်း အခြေခံရှိသော အရှေ့တောင်အာရှ နိုင်ငံများ ယှဉ်ပြိုင်ကစားနိုင်ရေး ဥပဒေတရပ် ပေါ်ထွက် လာစေရန် အခြေခံထား၍ စတင်ကြိုးစားရမည်ကို ကျွန်ုပ် တော်များ ဆုံးဖြတ်ချက် ချမိပါသည်။ ထိုဆုံးဖြတ်ချက် အတိုင်း ထိုင်းနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အမှုဆောင်များနှင့် နှစ်ရက်တိုင် အချေအတင် ဆွေးနွေးခဲ့ကြရပါသည်။[၅]

ထိုင်းနိုင်ငံ၌ ခြင်းခတ်ကစားပြခဲ့ကြသည့် ခြင်းအဖွဲ့သား များမှာ –

(၁) ဦးအောင်ကိုး (ဘီအေ၊ ဘီအီးဒီ) ရန်ကုန်
(၂) ဦးမြအေး ရန်ကုန်
(၃) ဦးတင်စိုး ရန်ကုန်
(၄) ဦးလှမောင် (စလင်း) ရန်ကုန်
(၅) ဦးဘဟန် မြင်းခြံ
(၆) ဦးမောင်မောင် မြင်းခြံ

တို့ ဖြစ်ကြပါသည်။ ၎င်းအဖွဲ့ကို ဦးဆောင်သွားရသူမှာ ဗိုလ်ကြီး ခင်မောင်ဖြစ်ပြီး သင်တန်းမှူး ဦးဘဇော်နှင့် အကြံပေး အရာရှိအဖြစ် ဦးငြိမ်းလှိုင်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမောင်အိုတို့ လိုက်ပါသွားကြပါသည်။

## တရုတ်ပြည်သွား ခြင်းအဖွဲ့

ခရစ် ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၂ ရက်နေ့တွင်

၅။ ခင်မောင်၊ ဗိုလ်ကြီး၊ "ဗမာ့ခြင်းလုံး ကမ္ဘာ့အိုလံပစ်သို့ ရောက်ရှိရေး" မြဝတီမဂ္ဂဇင်း၊ အတွဲ-၇၊ အမှတ် ၇၊ ဇွန်လ ၁၉၆၀ ပြည့်နှစ်၊ စာမျက်နှာ ၁၇၆-၁၇၇။



တရုတ်မြန်မာ နယ်နိမိတ်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်း အနား ကျင်းပရန်အတွက် ပီကင်းမြို့တော်သို့ ဝန်ကြီးချုပ် ဦးနုနှင့် မြန်မာပြည်မှ အနုပညာသည်များအဖွဲ့၊ အားကစား သမားများအဖွဲ့၊ ကုန်သည်ကြီးများအဖွဲ့နှင့် စစ်ဗိုလ်ကြီးများ အဖွဲ့ စသည်တို့ဖြင့် လူပေါင်း ၃၀၀ ကျော် လိုက်ပါသွားကြ ရာတွင် အားကစားအဖွဲ့၌ ဘောလုံးသမားများ၊ မြန်မာ့ လက်ဝှေ့သမားများနှင့် ခြင်းသမားများ ပါဝင်သည့် လူပေါင်း ၆၄ ယောက်ကို ဗိုလ်မှူးကြီးမောင်ဝင်းက အုပ်ချုပ်၍ လိုက်ပါ ရလေသည်။



တရုတ်ပြည်သို့ သမ္မတနိုင်ငံသွား မြန်မာ့ လက်ရွေးစင် ခြင်းအဖွဲ့ (၁၉၆၀)

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၀ ပြည့်နှစ် ဇက်တင်ဘာလ ၂၆ ရက်နေ့ နံနက် ၅ နာရီတွင် အားကစားပညာဌာန ညွှန်ကြားရေးဝန် ဦးဇော်ဝိတ်ကိုယ်တိုင် အောင်ဆန်းကွင်းမှ မင်္ဂလာဒုံလေဆိပ်သို့ ခြင်းသမားများကို ကားနှင့် လိုက်ပို့ပါသည်။ လေဆိပ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အပျော်ထမ်း ခြင်းလုံးအဖွဲ့ချုပ်မှ ဦးကဇော်၊ ဝတ်လုံဦးအောင်သိန်း၊ ဦးငြိမ်းလှိုင်၊ ဗိုလ်မှူးသန်းဆွေ (လေ) တို့ လိုက်လာပြီး နှုတ်ဆက်ကြပါသည်။ နံနက် ၉ နာရီခွဲအချိန်တွင် မင်္ဂလာဒုံလေယာဉ်ကွင်းမှ ဗိုင်းကောင့် လေယာဉ်ပျံဖြင့် စတင်ထွက်ခွာပျံသန်းခဲ့ရာ တရုတ်ပြည် ကူမင်းမြို့ လေဆိပ်သို့ နေ့လယ် ၁၂ နာရီခွဲ အချိန်တွင် ရောက်ပါသည်။ လေယာဉ်မှ အဆင်းတွင် စစ်ယူနီဖောင်းဝတ်အမျိုးသမီးများက ပန်းစည်းများပေးဆက်၍ ကြိုဆိုကြပါသည်။

၁၉၆၀ ပြည့်နှစ် ဇက်တင်ဘာလ ၂၇ ရက်နေ့ နံနက် ၈ နာရီခွဲအချိန် တရုတ် စစ်လေယာဉ်ပျံဖြင့် ကူမင်းလေဆိပ်မှ ထွက်ခဲ့ပြီး ၁၀ နာရီခွဲအချိန်တွင် ချုံကင်းလေဆိပ်သို့ ဆင်းသက်ရာ စစ်ယူနီဖောင်းဝတ်ထားသော အမျိုးသ မီး က လေး များ က ပန်းစည်းပေးဆက်၍ ကြိုဆိုကြပါသည်။ ၎င်းလေဆိပ်တွင် မိနစ် ၃၀ ခန့် အနားယူပြီး ၁၁ နာရီအချိန် ပြန်လည်ထွက်ခွာခဲ့ရာ နေ့လယ် ၁ နာရီအချိန်တွင် စီအန်မြို့ လေဆိပ်သို့ ရောက်ကြပါသည်။ ၎င်းမြို့တွင် နံနက်စာ ထမင်းစားကြပါသည်။

စီအန်လေဆိပ်မှ နေ့လယ် ၂ နာရီနှင့် မိနစ် ၅၀ အချိန်တွင် ပျံသန်း ထွက်ခွာလာခဲ့ပြန်ရာ ပီကင်းမြို့တော် လေယာဉ်ကွင်းသို့ ညနေ ၅ နာရီနှင့် မိနစ် ၅၀ တိတိ အချိန်တွင် ရောက်ရှိ



ကြပါသည်။ စစ်ယူနီဖောင်းဝတ် အမျိုးသမီးကလေးများ က ပန်းစည်းဆက်၍ ကြိုဆိုကြပါသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၂ ရက်နေ့ နေ့လယ် ၁ နာရီ ၁၅ မိနစ်အချိန်၌ အလုပ်သမား အားကစား ကွင်းကြီးသို့ သွားကြရပါသည်။ တရုတ်ဗမာ နယ်နိမိတ် စာချုပ်လက်မှတ်ရေးထိုးခြင်းကို ထောပနာ ပြုရန်အတွက် ပီကင်းမြို့သူမြို့သား အတော်များများ စုရုံးရောက်နေကြသဖြင့် အားကစားကွင်းထဲ၌ ပြည့်လျှံနေသည့် လူထုတသိန်းခန့်ကို တွေ့မြင်ရပါသည်။ အားကစားကွင်းကြီးမှာ ပတ်ပတ်လည် တကွင်းလုံး နှစ်ထပ် ပြုလုပ်ထားပြီး ဘဲဥပုံသဏ္ဌာန် ရှိပါသည်။ ၎င်း လူထုအစည်းအဝေးပွဲတွင် ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် ဦးနုတို့ မိန့်ခွန်းပြောကြားပြီးနောက် မြန်မာခြင်းအဖွဲ့သားများ ခြင်းယိုင် အလှ ခတ်ကစားပြရန် ဒုဂုဏ်ပ ဦးဘာတင်က ဦးဆောင်ပြီး ကွင်းထဲသို့ ပြေးဝင်သွားကြရာ တကွင်းလုံး လက်ခုပ်တီး၍ သြဘာပေးကြပါသည်။ တရုတ်အမျိုးသမီး ခုနစ်ယောက်ကလည်း ပန်းစည်းများဖြင့် ပြေးဝင်လာပြီး ခြင်းသမားများကို ပန်းစည်းဆက်၍ ဂုဏ်ပြုကြပါသည်။ ထို့နောက် ၁၀ မိနစ်ခန့်မျှသာ ခြင်းယိုင် အလှ ခတ်ပြကြရပါသည်။ ခြင်းတဝိုင်း လည်တိုင်း လည်တိုင်း လက်ခုပ်တီး၍ သြဘာပေးကြ ပါသည်။ ခြင်းလုံးခတ် ကစားနေခြင်းကို ရုပ်မြင်သံကြား စက်ကြီးဖြင့် ရိုက်လှင့် ပေးနေသည်ကိုလည်း တွေ့ရပါသည်။

ခြင်းခတ် ကစားပြရသည့် အချိန်သည် နေ့လယ် ၂ နာရီခန့် နေပူနေချိန်တွင် ဘောလုံးကွင်းထဲ၌ လေတဖြူးဖြူး တိုက်နေသည့် အချိန်အနည်းငယ်မျှသာ ခတ်ကစားပြရသည့်အတွက် ခြင်းဝိုင်း ကောင်းသင့်သလောက် မကောင်းပါ။ ခြင်းခတ်သား

www.burmeseclassic.com

www.burmeseclassic.com



များမှာ အချိန် နည်းလွန်းသဖြင့် အားမလို အားမရ ဖြစ်ကြရပါသည်။ ခြင်းမတော်မီ အချိန်အနည်းငယ် ကြိုတင်၍ ခြင်းလုံးခတ်ကစားခြင်းအကြောင်း တရုတ်စာဖြင့် အတိုကောက် ရိုက်နှိပ်ထားသော စာအုပ်ကလေးများကို တချို့ပရိသတ်များထံ ဝေငှ ပေးကမ်းထားပါသည်။ အသံချဲ့စက်ဖြင့်လည်း တရုတ်ဘာသာဖြင့် ပြောကြားနေသည်ကို ကြားရပါသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၅ ရက်နေ့ည ၇ နာရီအချိန်တွင် ခြင်းသမားများနှင့် မြန်မာ လက်ရွေးသမားများကို အားကစားရုံဘုံရုံသို့ ခေါ်သွားပါသည်။ ၎င်းအားကစားရုံအတွင်း၌ ပရိသတ်များ ပြည့်ကျပ်နေပါသည်။ တရုတ်လူမျိုးများကိုသာမက အနောက်နိုင်ငံသား မျက်နှာဖြူများကိုလည်း တွေ့မြင်ရပါသည်။ ၇ နာရီခွဲအချိန်တွင် အားကစားရုံအဝ၌ ကာရံထားသော ကတ္တီပါ ကားလိပ်ကြီး၏ နောက်တွင် ခြင်းသမားများ ရှေ့နောက် နံပါတ်စဉ်အတိုင်း တန်းစီပြီး ရပ်နေရပါသည်။ ထိုအခါ ရုံအတွင်းမှ စစ်ဘင်ခရာအဖွဲ့က တီးလုံးစတီးလိုက်သောအခါ ကတ္တီပါကားလိပ်ကို ဖွင့်လိုက်ပြီး ဘင်ချက်နှင့်အညီ ဗယ်ညာခြေလှမ်း၍ ဝင်သွားကြရပါသည်။ ကစားကွင်း အလယ်တွင် နေရာယူပြီး တီးဝိုင်းအဖွဲ့က အတီးရပ်လျှင် ပရိသတ်ကို အလေး ပြုလိုက်ကြပါသည်။ ထိုအချိန်တွင် တရုတ်အမျိုးသမီးကလေးများ ပြေးထွက်လာပြီး ပန်းစည်းများ ပေးဆက်၍ လက်ဆွဲ နှုတ်ဆက် ဂုဏ်ပြုကြပါသည်။ ၎င်းပန်းစည်းများကို ပရိသတ်ထဲသို့ ပစ်တင်၍ ခြင်းလုံး စတင် ခတ်ကစားပြရပါသည်။ ၎င်းအားကစားရုံမှာ မိုးလုံ လေလုံ ဘတ်စကက်ဘောကွင်းဖြစ်၍ လေးမျက်နှာ ပတ်လည်၌ အဆင့်ဆင့် စင်မြင့်ပေါ်တွင် ကုလားထိုင်များ အပြည့် ရှိပါသည်။ အမိုးပေါ်တွင်




လျှပ်စစ်ဓာတ် မီးလုံးများ ထွန်းပေး ထားပါသည်။ ထိုညက မိနစ် ၄၀ တိတိ ခြင်းခတ် ကစားချိန်ရသဖြင့်တကြောင်း၊ မိုးလုံ လေလုံ အားကစားရုံ အတွင်း၌ ခတ်ကစားရသောကြောင့် ခြင်းလုံး မြေအကျ နည်းပြီး ခြင်းဝိုင်းကောင်းတခု ဖြစ်လာပါသည်။ ခြင်းခတ်နေစဉ် ဘေးရှိ စင်မြင့်ပေါ်မှ အသံချဲ့စက်ဖြင့် ဒကွဲ့ကတိုင်း အားကစားမှူး ဦးလှကြည်က ခတ်ပြစေချင်သည့် ခြင်းပေါက်များကို ညွှန်ကြား ပြောဆိုပေးပါသည်။ တရုတ်အမျိုးသမီး တဦးကလည်း တရုတ်ဘာသာဖြင့် ပြောကြားပေးနေသည်ကို ကြားရပါသည်။ ထိုညက ခတ်ပြကြရသည့် ခြင်းခတ်ကွက် ခတ်ပေါက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ပထမပိုင်း၌ ခြင်းခတ်ပေါက်အမျိုးစုံ အလှပွဲ ခတ်နည်းအတိုင်း ခတ်ပြလျက် နောက်ပိုင်းတွင် အမှတ်ခတ်သဘောပါသည့် မျိုးတူ ခတ်ပေါက်များကို ခတ်ပြရာ မဟာခြေဖျားဝိုင်းလည်း၊ စလွယ် ဝိုင်းလည်း၊ မဟာဒူး ဝိုင်းလည်း၊ တည့်ဖဝါးဝိုင်းလည်း၊ ဝိုက်ကြီး ဝိုင်းလည်း၊ တည့်ဖနောင့် ဝိုင်းလည် စသည့် အထိခြောက်မျိုး*စလုံးဖြင့် ခတ်ပြကြရပါသည်။ အထူးသဖြင့် ဝိုက်ကြီးမျိုးတူ သုံးဝိုင်းနှင့် ငါးယောက်ထိချက် ၂၃ ကြိမ်တဆက်တည်း ဝိုက်ပြနိုင်ခဲ့ကြပါသည်။

မြန်မာ့လက်ရွေးအတွက် တီးပေးရန် မြန်မာပြည်မှ ပါလာသော ဆိုင်းအဖွဲ့က (ဆိုင်းဝိုင်းကြီးမဟုတ်) အဆင်သင့် ပြင်ဆင်ထားရှိပြီး အသင့်နေကြရပါသည်။ ခြင်းဝိုင်း စခတ်သည့်

* အထိ ခြောက်မျိုးဆိုသည်မှာ (၁) ခြေဖျားထိ (၂) ခြေဖဝါးထိ (၃) အပြင်ခြေဖမျက် (၄) အတွင်းခြေဖမျက် (၅) ဒူးထိ (၆) ဖနောင့် အထိတို့ဖြစ်သည်။

www.burmeseclassic.com



မြန်မာ့လက်ရွေးစင်ခြင်းအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့ဘောလုံးကွင်း၌ ခြင်းခတ်ပြနေစဉ်

www.burmeseclassic.com



အချိန်မှစ၍ ဆိုင်းသံဗုံသံကို လုံးဝမပေးပဲ နောက်ဆုံး ခြင်းဝိုင်း သိမ်းရန် ၂ မိနစ်ခန့် အလိုတွင်မှ ဆိုင်းအဖွဲ့က ဗိန်းဗောင်းတီး ပေးရလေသည်။ ထိုအခါ ခြင်းသမားများက ဝိုက်ကြီး မျိုးတူ ခတ်ကစားကြရာ လက်ခုပ် သြဘာသံများဖြင့် ဆူညံနေချိန် တွင် လေပြေထိုး၍ ရပ်ဆိုင်းလိုက်ပြီး ပရိသတ်ကို အလေး ပြုစဉ် အမျိုးသမီးကလေးများက ဒုတိယ အကြိမ် ပန်းဧည်း ဆက်၍ ရင်ဘတ်တွင် တံဆိပ်ကလေးများ တပ်ဆင်ပေးကြ ပါသည်။ ရင်းနောက် ဧည့်မြင့်ပေါ်မှ ကြည့်ရှုနေကြသော အကြီးအကဲများနှင့် ဒုဗိုလ်မှူးကြီး မောင်ဝင်းတို့ ဆင်းလာပြီး ခြင်းသမားများကို တဦးချင်း လက်ဆွဲနှုတ်ဆက်၍ အတူတွဲ လျက် အမှတ်တရဓာတ်ပုံများ ရိုက်ယူကြပါသည်။ ခြင်းဝိုင်း အပြီးတွင်လည်း မြန်မာ့လက်ဝှေ့ သုံးဆိုင်း ထိုးသတ်ပြကြရ လေသည်။

### ပီကင်းမှ ရှင်ယန်မြို့သို့

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၆ ရက်နေ့ည ၆ နာရီ ...၅ မိနစ်အချိန်တွင် အထူးမီးရထားဖြင့် အားကစားကိုယ် ...လှယ်တဖွဲ့လုံး ပီကင်း ဘူတာရုံကြီးမှ ထွက်ခွာလာခဲ့ကြရာ ...နယ်ချိုင်း ဦးဆောင်သော ဧည့်ခံအဖွဲ့ဝင် စကားပြန် စစ်ဗိုလ် ...ယောက်၊အခြားစစ်ဗိုလ် နှစ်ယောက်နှင့် ဆရာဝန်တယောက်၊ ...မတယောက် ပါဝင်သည့်အဖွဲ့က မီးရထားပေါ်တွင် အတူ ...ပါစောင့်ရှောက်ကြပါသည်။ မီးရထားမှာလမ်းတွင်မရပ်နား ...မရှိ။ တညလုံး ခုတ်မောင်းလာခဲ့ရာ ၁၉၆၀ ပြည့်နှစ် ...တိုဘာလ ၇ ရက်နေ့ နံနက် ၈ နာရီ ၁၅ မိနစ်အချိန်

www.burmeseclassic.com



တွင် မန်ချူးရီးယားနယ် ရှင်ယန်မြို့သို့ ဆိုက်ရောက်ကြပါသည်။ မီးရထားပေါ်မှအဆင်းတွင် စစ်ဗိုလ်နှင့်စစ်သားများက ပန်းစည်းဆက်၍ ကြိုဆိုကြပါသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၈ ရက်နေ့ညနေတွင် ရှင်ယန်မြို့ရှိ ဘောလုံးကွင်း၌ တရုတ်နှင့်မြန်မာ ချစ်ကြည်ရေး ဘောပွဲ ကစားကြရာ ခေတ္တအနားပေးချိန်တွင် ဘောလုံးကွင်း အလယ်သို့ ခြင်းသမားများ ပြေးဝင်သွားပြီး ၅ မိနစ်ခန့် ခြင်းယိုင် အလှခတ်ပြကြရပါသည်။ ထိုနေ့ည ၇ နာရီ အချိန်တွင် အားကစားရုံတခုသို့ မြန်မာ လက်ဝှေ့သမားများနှင့် အတူသွား၍ လက်ဝှေ့ သုံးဆိုင်း ထိုးပြအပြီးတွင် မိနစ် ၃၀ တိတိ ခြင်းယိုင် အလှခတ်ပြကြရပါသည်။ ခြင်းမခတ်မီကြိုတင်၍ ခြင်းလုံး အကြောင်း အတိုကောက် ရေးသားဖော်ပြထားသော စာအုပ်ကလေးများကို ဝေငှထားပါသည်။ အားကစားရုံ အလယ် ခြင်းခတ်မည့်နေရာတွင် နီညိုရောင်ကတ္တီပါကော်ဇောကြီးတချပ်ကို အလယ်မှ ခေါက်၍ နှစ်ထပ်ခင်းပေးထားပြီး အားကစားရုံ အမိုးမှ သံပိုက်များဖြင့်တန်းလန်းချ၍ လျှပ်စစ်ဓာတ်မီး ၃၁ ပွင့် ထွန်းပေးထားပါသည်။ ၎င်းပြင်ခြင်းခတ်ကစားပြနေစဉ် အသံချဲ့စက်နှင့် စကားပြောပေးနေပါသည်။ ပီကင်းမှာ ခတ်ကစားပြခဲ့သည့် စနစ်အတိုင်းပင် ခတ်ပြကြရပါသည်။ ခြင်းဝိုင်းလည်း ကောင်းပါသည်။

## ရှင်ယန်မှ နန်ကင်းသို့

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁၀ ရက်နေ့ည ၁၁ နာရီ အချိန်တွင် ရှင်ယန်မြို့မှ အထူးမီးရထားဖြင့် အားကစားအဖွဲ့ဝင်



အားလုံး ထွက်ခွာလာခဲ့ကြပါသည်။ တညလုံး မီးရထား ခုတ်မောင်းလာသည့်အပြင် နောက်တနေ့ဖြစ်သော အောက်တိုဘာ ၁၁ ရက်နေ့တွင် တနေ့လုံးရပ်နားခြင်းမရှိ ခုတ်မောင်းလျက် ညနေ နေဝင် မီးထွန်းချိန်၌ "ဂျီနန်" ဘူတာရုံသို့ ဆိုက်ရောက်ပါသည်။ ၎င်းဘူတာရုံ၌ မိနစ် ၃၀ ခန့် ရပ်နားပြီးနောက် ဆက်လက်၍ တညလုံး ခုတ်မောင်းပြီး အောက်တိုဘာလ ၁၂ ရက်နေ့နံနက် ၇ နာရီ အချိန် ယန်စီမြစ်ဆိပ်ကမ်းပါးသို့ ဆိုက်ရောက်ကြပါသည်။ မီးရထားကို ဆိပ်ခံသမ္ဗန်ပေါ် မောင်းချပြီး သင်္ဘောနှင့် ဆွဲ၍ မြစ်တဘက်ကမ်းကို ကူးကြရပါသည်။ ထို့နောက် ဆက်လက်၍ ခုတ်မောင်းလာရာ နံနက် ၈ နာရီ တိတိအချိန် နန်ကင်းဘူတာရုံသို့ ရောက်သည်။ နှစ်ညနှင့် တနေ့ တဆက်တည်း မီးရထား စီးခဲ့ရပါသည်။ ကီလိုမီတာ ၁၇၀၀ (မိုင်ပေါင်း ၁၀၆၂ ½ မိုင်)ဝေးကွာသော ခရီးဖြစ်သည်ဟု မှတ်သားခဲ့ရပါသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက် ည ၇ နာရီ အချိန်တွင် နန်ကင်းမြို့ရှိ အားကစားရုံကြီး တခုသို့ သွားကြရပါသည်။ ၎င်းရုံကြီးတွင် မြန်မာလက်ဝှေ့ သုံးဆိုင်း ထိုးပြအပြီး ခြင်းယိုင်အလှ ခတ်ပြကြရပါသည်။ ယခင်မြို့များမှာကဲ့သို့ အစီအစဉ်နှင့် စနစ်တကျ မိနစ် ၃၀ တိတိ ခတ်ကစားကြရပါသည်။ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁၄ ရက်ညနေ တရုတ်နှင့် မြန်မာ ချစ်ကြည်ရေး ဘောလုံးပွဲကစားကြရာ ခေတ္တအနားပေးချိန်တွင် ခြင်းသမားများက ကွင်းလယ်သို့ ပြေးဝင်၍ ၅ မိနစ်ခန့် ခြင်းယိုင်အလှခတ် ပြကြရလေသည်။ ထိုနေ့က ဦးစံလှ ခါးနာနေသဖြင့် ငါးယောက်ဝိုင်းခတ်ကစားကြရာ ခြင်းဝိုင်းကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## နန်ကင်းမှ ရှန်ဟဲသို့

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁၄ ရက်နေ့ည ၁၂ နာရီအချိန်တွင် နန်ကင်းဘူတာရုံမှ အထူးမီးရထားဖြင့် ခရီးထွက်ခဲ့ကြရာ ၁၅-၁၀-၁၉၆၀ ရက် နံနက် ၆ နာရီအချိန် ရှန်ဟဲဘူတာရုံသို့ ဆိုက်ရောက်ပါသည်။ မီးရထားပေါ်မှ အဆင်းအမျိုးသမီးကလေးများက ပန်းစည်းဆက်၍ ကြိုဆိုကြပါသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁၆ ရက်နေ့ည ၇ နာရီအချိန်တွင် အားကစားရုံတခုသို့ မြန်မာ လက်ရွေးသမားများနှင့် အတူ သွား၍ လက်ရွေး သုံးဆိုင်းထိုးအပြီးတွင် ယခင်မြို့များ၌ ခတ်ကစား ပြခဲ့ကြရသည့် နည်းတူ မိနစ် ၃၀ တိတိ ခြင်းယှိုင် အလှ ခတ်ပြ ကြရပါသည်။ ခြင်းပွဲအပြီး တရုတ်အမျိုးသမီးကလေးများပြေးထွက်လာလျက် ပန်းစည်းများဆက်၍ရင်ဘတ်တွင် တံဆိပ်တခုစီ တပ်ဆင်ပေးပြီး လက်ဆွဲ နှုတ်ဆက်ကြပါသည်။ ထို့နောက် ၎င်းတို့နှင့် အတူယှဉ်တွဲ၍ အမှတ်တရ ဓာတ်ပုံရိုက်ပါသည်။

## ရှန်ဟဲမှ ဟန်ချိုသို့

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁၉ ရက် နေ့လယ် ၃ နာရီနှင့် မိနစ် ၄၀ တိတိ အချိန်တွင် ရှန်ဟဲမြို့မှ အထူးမီးရထားဖြင့် ခရီးထွက်ခဲ့ပြန်ရာ ဟန်ချိုမြို့ ဘူတာရုံသို့ ညနေ ၆ နာရီ ၃၅ မိနစ် အချိန်တွင် ဆိုက်ရောက်ပါသည်။ ထိုမြို့သို့ အလည်သက်သက် အပန်းဖြေသဘော သွားရောက် နေထိုင်ရခြင်းမျှသာ ဖြစ်လေသည်။ ၎င်းမြို့၌ နှစ်ရက် နေထိုင်ကြစဉ် ဘောပွဲ၊ လက်ရွေးပွဲနှင့် ခြင်းပွဲများကို လုံးဝ မကျင်းပပါ။



## ဟန်ချိုမှ ကန်တုန်သို့

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၂၂ ရက်နေ့ နံနက် ၈ နာရီတိတိအချိန် ဟန်ချိုမြို့မှ အထူးမီးရထားဖြင့် ထွက်ခွာလာခဲ့ကြရာ နာရီပေါင်း ၃၅ နာရီကြာပြီး ၂၃-၁၀-၁၉၆၀ နေ့ ည ၇ နာရီအချိန်တွင် ကန်တုန်မြို့ဘူတာရုံသို့ ဆိုက်ရောက်ပါသည်။ အားကစားသမားများက ပန်းစည်း ဆက်၍ ကြိုဆိုကြပါသည်။ လမ်းခရီးတလျှောက်တွင် ဥမင်လိုဏ်ခေါင်းပေါင်း ၂၀ ခန့်ထက်မနည်း မီးရထားဖြင့် ဝင်ရောက် ဖြတ်သန်းခဲ့ရပါသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၂၅ ရက် နေ့လယ် ၂ နာရီခွဲအချိန်တွင် ဘောလုံးကွင်းသို့သွားကြရပါသည်။ကန်တုန်တရုတ်ဘောအသင်းနှင့် မြန်မာ အသင်းတို့ယှဉ်ပြိုင်ကစားကြပြီး အနား ပေးချိန်တွင် ဘောလုံးကွင်း အလယ်သို့ ပြေးဝင်၍ ၁၅ မိနစ် ခြင်းယှိုင်အလှခတ်ပြ ကြရပါသည်။ ခြင်းဝိုင်းလည်း ကောင်းပါသည်။ ခြင်းခတ်နေစဉ် "တယ်လီဗီးရှင်း" ရုပ်မြင်သံကြားစက်ဖြင့် ရုပ်လွှင့်ပေးလေသည်။

ထိုနေ့ည ၇ နာရီအချိန်တွင် မြန်မာ လက်ရွေးသမားများနှင့် အတူ အားကစားရုံတခုသို့ သွား၍ လက်ရွေးသုံးဆိုင်းထိုးအပြီးတွင် ခြင်းယှိုင်အလှခတ်ကို မိနစ် ၃၀ တိတိ ခတ်စားပြကြရပါသည်။ ယခင်ပွဲများက အစီအစဉ်အတိုင်းပင် ဆင်ကြရပါသည်။ ခြေတွေ့ကြသော ပွဲကောင်းတပွဲပင် ဖြစ်သည်။ ခြင်းပွဲအပြီးတွင် တရုတ်အမျိုးသမီးကလေးများက ပန်းစည်းဆက်၍ ရင်ဘတ်တွင် တံဆိပ်ကလေးတခုစီ တပ်ဆင်ပေးကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကန်တုန်မှ ကူမင်းသို့

၁၉၆၀ ပြည့် အောက်တိုဘာလ ၂၇ ရက်နေ့ နံနက် ၇ နာရီခွဲ အချိန်တွင် ကန်တုန်မြို့ လေဆိပ်မှ ဒါကိုတာ လေယာဉ်ဖြင့် ထွက်ခွာပျံသန်းခဲ့ကြရာ ၉ နာရီနှင့် ၁၅ မိနစ်အချိန်တွင် နန်နင်မြို့ လေဆိပ်သို့ဆင်းသက်၍ ၄၅ မိနစ်နားသည်။ ၁၀ နာရီအချိန် နန်နင်လေဆိပ်မှ ထွက်ခွာပျံသန်းခဲ့ရာ နေ့လယ် ၁၂ နာရီနှင့် ၁၅ မိနစ်အချိန်တွင် ယူနန်နယ် ကူမင်းလေယာဉ်ကွင်းသို့ ဆင်းသက်ပါသည်။ တရုတ်အမျိုးသမီးကလေးများက ပန်းစည်းများ ဆက်၍ ကြိုဆိုကြပါသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၂၉ ရက် ၂ နာရီအချိန် ကူမင်းဘောလုံးကွင်းသို့ သွားကြရပါသည်။ ၃ နာရီအချိန်တွင် တရုတ် မြန်မာ ဘောပွဲမစမီ ပရိသတ် ငါးသောင်းခန့်ရှိသည့် ဘောလုံးကွင်းကြီး အလယ်သို့ ပြေးဝင်သွားကြရပြီး ၁၅ မိနစ်တိတိ ခြင်းအယိုင် အလှတော် ပြကြရပါသည်။ ထိုအချိန်က လေတဖြူးဖြူး တိုက်နေသော်လည်း ခြင်းဝိုင်းကောင်းပါသည်။

၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့ ၂ နာရီ ၁၅ မိနစ် အချိန်တွင် ယခင် ဘောလုံးကွင်းသို့ တခါသွားရောက်ကြရပြီး ယူနန်ပြည်နယ် လက်ရွေးစင် ဘောလုံးအသင်းနှင့် မြန်မာ ဘောသင်းတို့ ယှဉ်ပြိုင်မကစားမီ အချိန်တွင် ခြင်းသမားများက ဘောလုံးကွင်းအလယ်သို့ ပြေးဝင်သွားပြီး ၁၅ မိနစ်တိတိ ခြင်းအယိုင် အလှတော်ပြကြရပါသည်။ ထိုနေ့ကလည်း လေအနည်းငယ် တိုက်နေသော်လည်း ခြင်းဝိုင်းကောင်းပါသည်။



## မြန်မာနိုင်ငံပြန်ခဲ့ခြင်း

၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၂ ရက်နေ့ည ၈ နာရီနှင့် ၁၅ မိနစ် အချိန်တွင် ကူမင်းလေဆိပ်မှ လေယာဉ်ပျံဖြင့် ပျံသန်းထွက်ခွာလာခဲ့ကြရာ ည ၁၁ နာရီနှင့် မိနစ် ၅၀ အချိန်တွင် မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိလာကြပါသည်။ စကောက်ဝတ်စုံ ဝတ်ဆင်ထားကြသော ကျောင်းသားကလေးများက ပန်းစည်းဆက်၍ ကြိုဆိုကြပါသည်။ တရုတ်ပြည်၌ ရက်ပေါင်း ၃၈ ရက် နေထိုင်ခဲ့ကြရပါသည်။

## တရုတ် မြန်မာချစ်ကြည်ရေး ဒုတိယအကြိမ်ခရီး

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ချစ်ကြည်ရေး အားကစားခရီး ထွက်မည့် မြန်မာခြင်းလုံးအဖွဲ့၏ ခြင်းလုံးသရုပ်ပြအလှခတ်ပွဲကို ၁၉၇၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့ ၁၂ နာရီအချိန်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ပွဲရုံ၌ ကျင်းပရာ နိုင်ငံတော်ကောင်စီဝင် ဗိုလ်မှူးချုပ် သောင်းတင်၊ ကာကွယ်ရေး ဝန်ကြီးနှင့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တင်ဦး၊ ပြည်ထဲရေး ဝန်ကြီး ဦးကိုကို၊ ကျန်းမာရေးဝန်ကြီး ဗိုလ်မှူးကြီး ကြည်မောင်၊ ပညာရေးဝန်ကြီး ဒေါက်တာ ခင်မောင်ဝင်း၊ သမဝါယမဝန်ကြီး ဦးထွန်းတင်၊ လူမှုဝန်ထမ်း ဝန်ကြီး ဦးဗန်ကူး၊ ယဉ်ကျေးမှုဝန်ကြီး ဦးအေးမောင်၊ ကုန်သွယ်ရေး ဝန်ကြီး ဦးစံဝင်းတို့နှင့် ဒုတိယ ဝန်ကြီးများ၊ တရုတ် သံအမတ်ကြီး ယီချင်ချန်နှင့် အဖွဲ့ဝင်များပါ တက်ရောက် ကြည့်ရှုအားပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့လက်ရွေးစင် ခြင်းအဖွဲ့ဝင်များ

ဒေါက်တာ ခင်မောင်ဝင်း စက်မှုတက္ကသိုလ် အုပ်ချုပ်သူ

| | | |
|---|---|---|
| ဦးမောင်မောင်ခင် | ကုန်သွယ်ရေး ၁ | နည်းပြဆရာ |
| စိုးတင့် | ဆောက်လုပ်ရေး | လက်ရွေးစင် ခြင်းခတ်သား |
| စိုးဝင်း | ကုန်သွယ်ရေး ၁ | ။ |
| ငွေအောင် | ကုန်သွယ်ရေး ၄ | ။ |
| သန်းမောင် | ကုန်သွယ်ရေး ၈ | ။ |
| ဝင်းကို | အကောက်ခွန် | ။ |
| သိန်းမြင့် | ရေတပ် | ။ |
| ခင်စိုး | ဆိပ်ကမ်း | ။ |
| သိန်းဟန် | ဗဟိုပုံနှိပ်တိုက် | ။ |
| သန်းကြီး | မန္တလေး | ။ |
| မကျော့စိန် | ကမာရွတ်မြို့နယ် | ။ |
| မမြင့်မြင့်ဝင်း | ကြည့်မြင်တိုင်မြို့နယ် | ။ |
| မသန်းသန်းငွေ | ကုန်သွယ်ရေး ၄ | ။ |

တို့ ဖြစ်ကြပါသည်။

နှစ်နိုင်ငံယဉ်ကျေးမှု၊ ပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဂွမ်ရှိန် ခေါင်းဆောင်သော အဖွဲ့ဝင် ၃၅ ဦး ပါဝင်သည့် မြန်မာ့လက်ရွေးစင် ခြင်းလုံးအဖွဲ့နှင့် ဘောလုံးအဖွဲ့ တို့သည် ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့ နေ့လယ် ၁ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီး ဖြင့် ထွက်ခွာသွားကြသည်။



## တရုတ်ပြည်၌ ခြင်းခတ်ပြခဲ့ပုံ

၁၉၇၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့ည ပီကင်းမြို့ တော်၌ အလုပ်သမား အားကစားရုံတွင် မြန်မာ့လက်ရွေးစင် ခြင်းအဖွဲ့ ခတ်ကစားပြခဲ့သည်။ အစီအစဉ်မှာ ခြင်းလုံး အား ကစား မောင်မယ် ၁၂ ယောက်စလုံး ကွင်းလယ်သို့ ထွက်လာ ပြီး ပရိသတ်ကို အလေးပြုကြသည်။

ထို့နောက် ပရိသတ်နှင့် တဦးချင်း မိတ်ဆက်ပေးသည်။ ပထမဦးဆုံး ခြင်းခတ်ပြရာတွင် အဝိ ခြောက်ချက် ရှိကြောင်း၊ ၎င်းအဝိ ခြောက်ချက်ကို မကျော့စိန်၊ မမြင့်မြင့်ဝင်း နှင့် မသန်းသန်းငွေတို့က တယောက်လျှင် နှစ်မျိုးစီ တဦးချင်း ထွက်၍တမျိုး သုံးကြိမ်စီ တော့ပြကြပါသည်။

ဒုတိယ အစီအစဉ်အရ ခြင်းကြီး ၁၀ မျိုးကို အမျိုးသား များက တယောက်စီထွက်၍ တမျိုးကို သုံးချက်စီ သုံးကြိမ် တော့ပြကြရသည်။

တတိယ အစီအစဉ်အရ ခြင်းလတ် ကိုးမျိုးကို အမျိုးသမီး သုံးဦးက တယောက် သုံးမျိုးစီ တမျိုးလျှင် သုံးကြိမ်ကျ ခတ်ပြကြပါသည်။

စတုတ္ထအစီအစဉ်အရ ခေတ်ဆန်းခြင်း ၁၀ မျိုးကို တမျိုး သုံးကြိမ်စီ ခတ်ပြရာတွင် ကိုသန်းကြီးက မန္တလာဒူး၊ မယားနှယ်၊ သမင်လည်ပြန်ဖနောင့်၊ ကိုသိန်းမြင့်က ရှပ်ထိုးဟာင်း၊ ဆိုက်ကြီး၊ မြင်းစီးဖနောင့်၊ ကိုသန်းမောင်လေးက မန္တလာ ဘော စလွယ်၊ ရှပ်ဒူး၊ လေဝဲ၊ အပျောက်ဝိုက် ခြင်းပေါက် များကို ခတ်ကစားပြကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဉ္စမ အစီအစဉ်အရ အမျိုးသား ငါးယောက်နှင့် အမျိုးသမီး တယောက် ခြောက်ယောက်ဝိုင်းဖွဲ့၍ ခတ်ကစားပြရာတွင် အမျိုးသမီးက ဝိုင်းအလယ်ဝင်၍ အမျိုးသား ငါးယောက်က ခြင်းပို့ပေး၊ ထောက်ပေးရာ အမျိုးသမီးက စိတ်ကြိုက် ခြင်းပေါက်မျိုးစုံ ခတ်ပြရလေသည်။ ၅ မိနစ်ပြည့်လျှင် ပထမ အမျိုးသမီးက ထွက်ပေးပြီး နောက် အမျိုးသမီး တယောက် ဝင်၍ ခတ်ရသည်။ ဤကဲ့သို့ အမျိုးသမီး သုံးယောက်စလုံး တလှည့်စီ ခတ်ပြကြရသည်။

ဆဋ္ဌမ အစီအစဉ်အရ ကိုဘွေးအောင် တဦးတည်း ထွက်၍ မဟာဒူး၊ တည့်ဖဝါး၊ စလွယ်၊ ညှန့်ဒူး၊ ရင်လိမ်ဖဝါး စသည့် ခြင်းကြီး ငါးမျိုးကို တမျိုးလျှင် အချက်ရေ ၃၀ စီ တဆက်တည်း တော့ပြရပါသည်။

သတ္တမ အစီအစဉ်အရ အမျိုးသားခြောက်ယောက် ဝိုင်းဖွဲ့ ခတ်ကစားပြရာတွင် ပြိုင်ပွဲဝင် ခတ်နည်းဖြစ်သည့် ခြင်းလတ်ကိုးမျိုးကို မျိုးကွဲ အကူး ခတ်ပြကြသည်။ ၎င်းနောက် ခြင်းကြီး ၁၀ မျိုးကို မျိုးကွဲ အကူးခတ်ပြကြသည်။

ထို့နောက် မန္တလာဒူး မဟာဒူး တည့်ဖဝါး၊ စလွယ် စသည်တို့ကို မျိုးတူ အကူးခတ်ပြကြပြီးလျှင် အဋ္ဌမ အစီအစဉ်အရ ခြင်းလုံးဆိုင်းကို ကက်ဆက်ဖြင့် ဖွင့်ပေး၍ အလှပွဲ ခတ်ကစားနည်းဖြစ်သော စိတ်ကြိုက် ခတ်ပေါက်များကို အစွမ်းပြ ခတ်ကစားပြကြပါသည်။

နဝမ အစီအစဉ်အရ မသန်းသန်းဌေး တယောက်တည်း ဝိုင်းအလယ်ဝင်၍ တပင်တိုင် အလှခတ်ပြရာတွင် ခြင်းလုံး... ခြေဖျားဖြင့် တော့ထားယင်း ကြိမ်ကွင်း နှစ်ကွင်း သုံးကွင်း... ဖြင့် ခြေမှ ကြိမ်ကွင်းသွင်း၊ ခေါင်းမှ ထုတ်၊ ခေါင်းမှ သွင်း



ခြေမှထုတ် စသည်ဖြင့် လည်းကောင်း၊ အမျိုးမျိုးအဖုံဖုံ ခတ်ကစားပြခြင်း၊ ကြိုးခုန်ယင်း ခြင်းတော့ပြခြင်းများကို လည်းကောင်း အလှပြ ခတ်ကစားခြင်းဖြင့် ခြင်းပွဲကို အဆုံးသတ်ပါသည်။ အစီအစဉ် ၁ မှ ၉ အထိ တဆက်တည်း တမျိုးပြီး တမျိုး ဆက်တိုက်ပြသရာ တနာရီခန့် အချိန်အတွင်း အားလုံး ပြီးစီးစေပါသည်။ ပရိသတ် ၇၀၀၀ ခန့် လာရောက် ကြည့်ရှု အားပေးကြသည်ဟု သိရပါသည်။ ရုပ်ရှင်ဓာတ်ပုံ... ရှမ်ဝင်ခ ပေး၍ ကြည့်ရှုကြရသည်။

၁၂-၁၀-၇၅ နေ့အလုပ်သမားအားကစားရုံတွင် ဒုတိယအကြိမ် ထပ်မံ ခတ်ကစားပြကြရပါသည်။ ပရိသတ် ရုံပြည့် လာရောက်ကြည့်ရှုအားပေးကြလေသည်။ ပီကင်းမြို့၌ နှစ်ကြိမ် ခတ်ကစား ပြခဲ့ကြရလေသည်။

၁၃-၁၀-၇၅ နေ့ ည ၆ နာရီခွဲအချိန်တွင် အားကစားအဖွဲ့ အဖွဲ့လုံး ပီကင်းမြို့တော်မှ မီးရထားဖြင့် ထွက်ခွာလာခဲ့ကြရာ နောက်နေ့ညနေ ၂ နာရီ ၄၀ မိနစ် အချိန် ရှန်ဟဲဘူတာရုံသို့ ဆိုက်ကြပါသည်။

၁၅-၁၀-၇၅ နေ့ ည ၇ နာရီအချိန်တွင် ရှန်ဟဲမြို့ရှိ "လူဝမ်းအားကစားရုံ" ၌ ခြင်းပွဲ ခတ်ကစားပြကြရပါသည်။ ပီကင်းမြို့တော်၌ ခတ်ပြခဲ့ကြသည့် အစီအစဉ်အတိုင်းပင် ခတ်ကစားပြကြရပါသည်။ လူပေါင်း ၄၀၀၀ ဆန့်သော အားကစားရုံကြီးမှာ ရုံလျှံသွားသည်အထိ ကြည့်ရှု အားပေးကြသည်ကို တွေ့ရပါသည်။ နောက်နေ့ည ၇ နာရီအချိန်တွင် လူဝမ်းအားကစားရုံ၌ပင် ဒုတိယအကြိမ် ခြင်းပွဲ ခတ်ကစားပြကြရပါသည်။ ပရိသတ်များ ရုံပြည့် လာရောက်ကြည့်ရှု အားပေးကြပါသည်။ ယမန်နေ့ညက ခတ်ကစားသည့် အစီအစဉ်အတိုင်း အားလုံးကို

www.burmeseclassic.com

www.burmeseclassic.com

တနာရီနှင့်ပြီးအောင် ခတ်ကစားပါသည်။ ပီကင်းမြို့၌ ခတ်ကစားပြခဲ့စဉ်က မောင်ဌေးအောင် တဦးတည်း ခြင်းကြီးငါးမျိုးကို တမျိုးလျှင် အချက်ရေ ၃၀ စီ တော့ပြခဲ့သော်လည်း ရှန်ဟဲမြို့၌ တမျိုးလျှင် အချက်ရေ ၅၀ စီ တော့ပြပါသည်။

၁၇-၁၀-၇၅ နေ့ နံနက် ၈ နာရီအချိန် ရှန်ဟဲမြို့လေဆိပ်မှ အားကစားအဖွဲ့တဖွဲ့လုံး လေယာဉ်ပျံဖြင့် ထွက်ခွာလာခဲ့ကြရာ ၉ နာရီ ၄၅ မိနစ် အချိန်တွင် ဂွလံပြည်နယ်၏မြို့တော် ချံဆားလေဆိပ်သို့ဆင်းသက်၍ခေတ္တနားသည်။ ၁၀နာရီ ၂၅မိနစ်အချိန်တွင် ချံဆားလေဆိပ်မှ ပြန်လည်ထွက်ခွာလာခဲ့ကြရာ နေ့လယ် ၁၂ နာရီ ၂၀ မိနစ်အချိန်တွင် ကူမင်းလေဆိပ်သို့ ရောက်ကြပါသည်။ ထိုနေ့တွင် ကူမင်းမြို့၌ အနားယူနေထိုင်ကြရပါသည်။

၁၈-၁၀-၇၅ နေ့ ည ၇ နာရီ ၁၅ မိနစ်အချိန်တွင် ကူမင်းမြို့ရှိ အားကစားရုံသို့ သွားကြပါသည်။ ၈ နာရီအချိန်၌ ခြင်းပွဲ စတင်ခတ်ကစားရသည်။ ရှန်ဟဲမြို့၌ ခတ်ကစားပြခဲ့ကြသည့် အစီအစဉ်အတိုင်းပင် တခုပြီးတခု ဆက်တိုက်ပြသရာ ၉ နာရီ ၂၅ မိနစ် တွင် ပြီးဆုံးပါသည်။ ထူးခြားသည့် အချက်တခုမှာ ရှန်ဟဲမြို့မှာ ပြသခဲ့စဉ်က မောင်ဌေးအောင်က ခြင်းကြီးငါးမျိုးကို တမျိုးလျှင် အချက်ရေ ၅၀ စီ တော့ပြခဲ့သော်လည်း ကူမင်း၌ ခတ်ပြရာတွင် ပထမလေးမျိုးကို ၅၀ စီ တော့ပြီးနောက် ရင်လိမ်ဖဝါးကို အချက်ရေ ၁၀၀ တိတိတော့ပြီး လက်နှင့်ဖမ်း၍ သိမ်းလိုက်ခြင်းပင် ဖြစ်လေသည်။ လာရောက်ကြည့်ရှု အားပေးကြသော ပရိသတ်မှာ ၆၀၀၀ (ခြောက်ထောင်) ခန့် ရှိမည်ဟု ခန့်မှန်းကြပါသည်။ ၎င်းပရိသတ်ကြီးမှာ ခြင်းပွဲပြီးဆုံးသွားသော်လည်း ရုတ်တရက် ထမပြန်ကြပဲ ဆက်လက်ကြည့်လိုသော ဆန္ဒဖြင့် စောင့်မျှော် နေကြသေးသည်ဟု သိရှိရပါ



သည်။ ခြင်းပွဲများမှာ ပီကင်းမြို့တွင်နှစ်ပွဲ၊ ရှန်ဟဲမြို့တွင် နှစ်ပွဲနှင့် ကူမင်းမြို့တွင် တပွဲ အားလုံးပေါင်း ငါးပွဲ ခတ်ကစားပြခဲ့ကြရာတွင် တရုတ်ပရိသတ်များက ဝိုင်းဖွဲ့ ခတ်ကစားရာတွင် ခြင်းဆိုင်း တီးတ်ခွေဖွင့်၍ ခတ်ကစားခြင်းကို စိတ်ဝင်စားကြသည်ဟု သိရပါသည်။ ၎င်းနောက် ခြင်းခတ်ကွက် ခဲရာခဲဆစ် ခတ်လေ ဩဘာရလေ ဖြစ်ကြောင်းကိုလည်း သိရပါသည်။

၁၉-၁၀-၇၅ နေ့တွင် ခြင်းပွဲမရှိ။ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် ယူနန်ပြည်နယ် လက်ရွေးစင်အသင်းတို့ ချစ်ကြည်ရေးဘောလုံးကစားကြရာ တဘက်တဂိုးစီဖြင့် သရေဖြစ်သွားလေသည်။

၂၀-၁၀-၇၅ နေ့ နေ့လယ် ၁၂ နာရီခွဲ အချိန်တွင် ကူမင်းလေဆိပ်မှ မြန်မာအားကစားတဖွဲ့လုံး မြန်မာပြည်သို့ ပြန်လည် ထွက်ခွာလာခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

# ခြင်းခတ်ပညာတိုးတက်လာခြင်း

### မီးရောင်အောက်က ခြင်းပွဲ

၁၉၂၉ ခုနှစ်တွင် မန္တလေးမြို့၌ရှိသော စတီးဘရားသားသစ်ကုမ္ပဏီ မန်နေဂျာ မစ္စတာ ဝီလျံဖရန့်စစ်ရိုက်[၁] ဆိုသူသည် ဘိလပ်သို့ပြန်မည်ဖြစ်၍ နှုတ်ဆက် ညစာထမင်းစားပွဲ တည်ခင်းကျွေးမွေးရန် အစီအစဉ်ရှိလေသည်။ ၎င်းထမင်းစားပွဲ၌ ခြင်းယိုင် အလှခတ်ပွဲဖြင့် ဧည့်ခံဖျော်ဖြေလိုကြောင်းကို ၎င်းရုံးမှ ခြင်းသမားတဦးဖြစ်သော ဗုဒ္ဓဘာသာ ခြင်းအသင်းသားစာရေးကြီး ဦးချစ်လှကိုခေါ်၍ တိုင်ပင်ရာ ဦးချစ်လှက "ကျွန်တော်တို့ ခြင်းပွဲတွေဟာ ညနေမှာသာ ခတ်ရိုးထုံးစံ ရှိပါတယ်၊ ညတွင် ခတ်လေ့ခတ်ထ မရှိကြသောကြောင့် ဘယ်လိုနေမလဲတော့ မသိဘူး၊ မီးလင်းလင်း ထွန်းပေးနိုင်ယင်တော့ ဖြစ်နိုင်ပါလိမ့်မယ်" ဟု ပြောပြီး ညပွဲ ခတ်ကစားရန် သဘောတူလိုက်လေသည်။

ထမင်းပွဲ ကျင်းပသောညတွင် ခြင်းခတ်ကစားရမည့်နေရာ၌ ခြင်းဝိုင်းဘေး လေးမျက်နှာမှနေ၍ ခုံမြင့်လေးခုပေါ်တွင် လေထိုးလက်ဆွဲဓာတ်မီးလေးလုံးကို မီးထွန်းပြီး တင်ပေးထားလေသည်။ ၎င်း ပထမဦးဆုံး ညပွဲ၌ပါဝင်ခတ်ကစားခဲ့သူများမှာ

၁။ Mr. William Francis Wright.





(၁) ဦးချစ်လှ၊ (၂) ဦးကရင်၊ (၃)ဦးမောင်ကြီး၊ (၄)ဦးရှင်နှင့် (၅) ဦးပုတို့ ဖြစ်ကြလေသည်။ ထိုပွဲမှစ၍ ညတွင်မီးထွန်းပြီး ခြင်းယိုင်အလှ ခတ်ရသော အလေ့အထတခု တိုးတက်လာလေတော့သည်။ ၎င်းနောက် ဘုရားပွဲများနှင့် အလှူအတန်းများတွင် အောက်လင်း ဓာတ်မီးကြီးများ ထွန်း၍ ခတ်ကစားသော ညခြင်းပွဲများ ခေတ်စားလာလေသည်။ ထို့နောက်တွင် လျှပ်စစ်မီးသီးများကို အသုံးပြုလာကြရာမှ ဖန်ချောင်းပေါ်လာသောခေတ်သို့ ရောက်လာသောအခါ ဖန်ချောင်းမီးများကို အသုံးပြုပြီး လေထိုးလက်ဆွဲဓာတ်မီးနှင့် အောက်လင်းဓာတ်မီးတို့ဖြင့် ခတ်ကစားသော အလေ့အထများ မြို့ကြီးများ၌ ကွယ်ပျောက်သွားလေတော့သည်။

### ရှူးဖိနပ်ဖြင့် ခတ်ခြင်း

၁၉၃၁ ခုနှစ်တွင် မြန်မာလူမျိုးထဲမှ ပထမဦးဆုံး ဘုရင်ခံအဖြစ်ခန့်အပ်ခြင်းခံရသူ ဆာဂျေအေမောင်ကြီးသည် မန္တလေးမြို့သို့ တိုင်းခန်းလှည့်လည်လာစဉ် နန်းတော် မြို့ရိုး၏ မြောက်ဘက် မျက်နှာတွင် ဧည့်ခံဂုဏ်ပြုပွဲ ကျင်းပရာ မြို့ရိုးနှင့် ကျုံးအတွင်း ဘုရင်ခံအိမ်တော်နှင့် တည့်တည့်နေရာတွင် ဗုဒ္ဓဘာသာခြင်းအဖွဲ့က ခြင်း ယိုင် အလှခတ် ကစားပြရာ၌ ဦးကရင်က ကင်းဗတ် ရှူးဖိနပ်အဖြူဖြင့် ခတ်ကစားပြခဲ့ပါသည်။ ဆာဂျေအေ မောင်ကြီးသည် ကျုံးအတွင်း၌ ကရဝိက်ဖောင်ဖြင့် လှည့်လည် လာပြီး ခြင်းဝိုင်းရှိရာ နေရာသို့ ကမ်းကပ် ရပ်စေပြီး ကရဝိက်ဖောင်ပေါ်မှပင် ကြည့်ရှုလေသည်။ ၎င်းနောက် ဗုဒ္ဓဘာသာခြင်းအဖွဲ့အား လေးပြားစီး ရွှေတံဆိပ်တခုကို ချီးမြှင့်ခဲ့လေသည်။ ခြင်းပွဲ ခတ်ကစားရာတွင် ဖိနပ်စီး၍ ခြင်းခတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



သည် ဤပွဲမှစတင်၍ မျိုးစေ့ချခဲ့ခြင်းပင်ဖြစ်သည်။ ၎င်းခြင်းပွဲ၌ ပါဝင်ခတ်ကစားခဲ့ကြသော သူများမှာ –

(၁) ဘကြီးလှ၊ (၂) ဦးရှင်၊ (၃) ဦးချစ်လှ၊ (၄) ဦးကရင်၊ (၅) ဦးပေ၊ (၆) ဦးမောင်ကြီး၊ (၇) ဦးအောင်ကြီးနှင့် (၈) ဦးမြတ်သာဟူ၍ ရှစ်ယောက် ခတ်ကစားခဲ့ကြသော ဝိုင်းဖြစ်လေသည်။

## ကြိမ်ကွင်း မီးကွင်းများဖြင့် ခတ်ခြင်း

၁၉၃၀ ပြည့်နှစ်က ပြည်မြို့ ဗဟိုခြင်းအသင်းကြီး၏ ဖိတ်ခေါ်ချက်အရ ပြည်ခရိုင် ပေါက်ခေါင်းမြို့ စွယ်တော်လှည့်ပွဲ၌ ခြင်းဝိဇ္ဇာ ဦးထွန်းတင် သွားရောက် ခတ်ပြရာတွင် ကြိမ်ကွင်း၊ ပန်းကွင်းကို ပထမဦးဆုံး အသုံးပြု၍ ခြင်းလုံးခတ် ကစားပြခဲ့လေသည်။

ခရစ် ၁၉၃၁ ခုနှစ်က သံလျင်၊ ကျိုက်ခေါက် ဘုရားပွဲတော်တွင် ၁၂ ထွေဇာတ်ပွဲနှင့်အတူ တွဲဖက်လျက် ခြင်းဝိဇ္ဇာ ဦးထွန်းတင် ခြင်းခတ်ပြရာ၌ အသစ်တမျိုး တီထွင်လျက် ပါးစပ်တွင် ခြင်းတလုံးကို ကိုက်ထားပြီး ၎င်းအပေါ်သို့ နှစ်လုံးဆင့် သုံးလုံးဆင့် ခတ်တင်၍ ကစားပြခဲ့ခြင်းသည် ပထမဦးဆုံးအကြိမ်ပင် ဖြစ်လေသည်။

ခရစ် ၁၉၃၁ ခုနှစ်တွင် ပြည်ခရိုင် ထုံးဖိုရွာ အာနန္ဒာမုနိဘုရားပွဲတော်တွင် ခြင်းဝိဇ္ဇာ ဦးထွန်းတင် ခြင်းခတ်ပြရာ၌ မီးကွင်းဖြင့် ပထမဆုံး စတင် ခတ်ကစား ပြခဲ့သောပွဲ ဖြစ်လေသည်။



## ကလေး ခြင်းအဖွဲ့

ခရစ် ၁၉၃၁ ခုနှစ်တွင် မန္တလေးတိုင်း အမရပူရမြို့နယ် စစ်ကိုင်းတံတားကြီး၏ တောင်ဘက်၊ ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်းတွင် တည်ရှိသော လက်သရပ်ရွာမှ ကပ်ကျော် ဘုရားပွဲကျင်းပရာ၌ ခြင်းပွဲများ ပါရှိသဖြင့် ခြင်းသမားကြီးများက လာရောက်ကြရာတွင် စစ်ကိုင်းမြို့မှ လာကြသော ဦးဖိုးညွန့်နှင့် ဦးငွေးတို့က ခြင်းလုံးခတ်တတ်သည့်ကလေး မောင်အောင်ခင်ဆိုသူကို ခေါ်လာကြသည်။ ရေကြည်ပေါက်ရွာမှလာသော ဦးအောင်လှက ခြင်းလုံးခတ်တတ်သည့် ၎င်း၏ သားကလေး မောင်ဘသစ်ကို ခေါ်လာသည်။ ရွှေကြက်ယက် ရွာမှ ခြင်းသမားများက မောင်ဘတုတ်ကို ခေါ်လာခဲ့ကြသည်။ ရွာခံဖြစ်သည့် လက်သရပ်ရွာ သပိတ်တန်းမှ ခြင်းခတ်တတ်ကြသော ကလေးများဖြစ်သည့် မောင်ဘသန်း၊ မောင်ကုလားကြီး၊ မောင်ထွန်းကြည်တို့နှင့် ဆုံဆည်းပြီး ကပ်ကျော်ဘုရားပွဲမှာပင် ကလေးခြင်းတဝိုင်း ခတ်ကစားစေခဲ့ပါသည်။

ကလေးခြင်းဝိုင်းကို မြင်ကြရသောပရိသတ်များမှာ အထူးအဆန်းတခု ဖြစ်နေ၍ အလွန်စိတ်ဝင်စားလျက် အားပေးကြသည်မှာ ဆူညံနေတော့၏။ ကလေးခြင်းဝိုင်း၏ ကောင်းသတင်းမှာလည်း တမုဟုတ်ချင်း ပျံ့နှံ့ ကျော်ကြားသွားလေသည်။ နောက်များမကြာမီ အချိန်ကာလအတွင်း၌ အမရပူရမြို့ ဆောင်းဒါး ယက်ကန်းကျောင်းတွင် သစ်တောရေးဌာနအုပ်ကြီး ဦးဘဖေ (ဘကြီးဘဘော)အား ဧည့်ခံပွဲကျင်းပရာတွင် ကလေးခြင်းဝိုင်းလည်း ပါရှိလေသည်။ ကလေး ခြင်းဝိုင်းကို မြင်ရသောအခါ နှစ်သက် သဘောကျသဖြင့် ၎င်းခြင်းအဖွဲ့၏

www.burmeseclassic.com

www.burmeseclassic.com

နာမည်ကို မေးရာ အဖွဲ့အမည်မရှိသေးကြောင်းကို သိရ၍ မောင်ဘသန်းကို ခေါ်ပြီး လက္ခဏာနှင့် ခြေခဏာကိုကြည့်၍ မွေးနေ့နှင့် မွေးသက္ကရာဇ်ကိုပါ မေးမြန်း တွက်ချက်ပြီး "အာဇာနည်" ဆိုသော အမည်ကို ဦးဘဖေက ပေးခဲ့ခြင်း ဖြစ်လေသည်။ ထို့ကြောင့် ၁၉၃၁ ခုနှစ်မှာပင် အာဇာနည်ဆိုသော အမည်ဖြင့် ကလေးခြင်းအဖွဲ့ကို မောင်ဘသန်းအဖေ ဦးမှူက တည်ထောင်ခဲ့လေသည်။ ထိုအချိန်က မောင်ဘသန်း၏အသက်မှာ ရှစ်နှစ်၊ ကိုးနှစ်ခန့်မျှသာ ရှိသေးသည်။ တခြားကလေးများမှာလည်း ၎င်းနှင့် အသက် အရွယ်တူ ကလေးများ ဖြစ်ပါသည်။

ခြင်းအဖွဲ့သားများမှာ (၁)မောင်ဘသန်း(ခြင်းဖမင်းသား)၊ (၂) မောင်ဘသစ်၊ (၃) မောင်အောင်ခင်၊ (၄) မောင်ထွန်းကြည်၊ (၅) မောင်ဘသော်၊ (၆) မောင်ကုလားကြီး (ခြင်းလူပျက်)၊ အရန်လူ မောင်ကိုနှင့် ရွှေကြက်ယက်မှ မောင်ဘတုပ်တို့ ဖြစ်ကြသည်။ ထိုအချိန်အခါက မောင်ဘသန်း၏ အထူးကျော်ကြားသည့်အချက်မှာ ခြေဖျားတော့ တထောင် (၁၀၀၀)တော့နိုင်သည့်ဂုဏ်သတင်းပင် ဖြစ်လေသည်။ ထိုခေတ်က လူကြီးများပင် ခြေဖျားတထောင်ရအောင် မတော့နိုင်ကြသေးပါ။

အာဇာနည်ခြင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးပေါ်ထွက်လာသော ကလေးခြင်းအဖွဲ့ဖြစ်လေသည်။ ၎င်းနောက်များမကြာမီ ကာလအတွင်း မန္တလေးမြို့မှ နေပြည်တော်ကလေးခြင်းအဖွဲ့၊ ဥပုသ်တော်ကုန်းရပ်မှ နန်းညွှန့်နွယ် ကလေးခြင်းအဖွဲ့၊ ဗုဒ္ဓဘာသာ ခြင်းအသင်းမှ ဦးလှမောင် ဦးစီးတည်





အာဇာနည် ခြင်းအဖွဲ့ (၁၉၃၁)

www.burmeseclassic.com

www.burmeseclassic.com



ထောင်သော "မြန်မာ့သတ္တိ"အမည်ဖြင့် ကလေးခြင်းအဖွဲ့များ ထွက်ပေါ်လာခဲ့ကြပါသည်။


## အမျိုးသမီးခြင်းအဖွဲ့

ခရစ် ၁၉၄၇ ခုနှစ်က အောက်ချင်းတွင်းခရိုင် ဘုတလင်မြို့၌ ဦးဘကြည်၏ ဝိဇ္ဇာညွန့် အလွတ်ပညာသင်ကျောင်းတကျောင်း ရှိပါသည်။ ၎င်းကျောင်းဆရာကြီးမှာ ငယ်စဉ်ကပင် ခြင်းခတ် ကစားခြင်းကို ဝါသနာကြီးခဲ့သူတယောက် ဖြစ်လေသည်။ ကြီးလာသောအခါ ၎င်း၏ကျောင်းမှ ကျောင်းသားကျောင်းသူကလေးများကို ကျောင်းအားလပ်ချိန်တွင် ခြင်းလုံးခတ် ကစားစေပါသည်။ ဆရာကြီးကိုယ်တိုင် သင်ကြားပြသပေးပါသည်။ ၎င်းနောက် ဝိဇ္ဇာညွန့်အမည်ဖြင့် အမျိုးသမီးခြင်းအဖွဲ့နှင့် အမျိုးသားခြင်းအဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်။ ၎င်း၏ အမျိုး



ဝိဇ္ဇာညွန့်၊ အမျိုးသမီးခြင်းအဖွဲ့ (၁၉၄၈)





ဝိဇ္ဇာညွန့် ခြင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘကြည်

www.burmeseclassic.com

www.burmeseclassic.com



သားအဖွဲ့နှင့် အမျိုးသမီးအဖွဲ့တို့သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် ဘုတလင်မြို့ လွတ်လပ်ရေး အောင်ပွဲ၌ ဆိုင်းနှင့် ခြင်းအယိုင်အလှ ခတ်ကစားပြခြင်းဖြင့် အောင်ပွဲ ဆင်နွှဲခဲ့ကြပါသည်။ ၎င်းအမျိုးသမီးဝိုင်းတွင် ပါဝင် ခတ်ကစားသူများမှာ (၁) မတင်မြ၊ (၂) မသန်းရီ၊ (၃) မခင်ဆွေ၊ (၄) မအေးမေနှင့် (၅) မလေးတင့်တို့ ဖြစ်ကြပါသည်။

လွတ်လပ်ရေး အောင်ပွဲ၌ အမျိုးသမီးခြင်းဝိုင်း ပါဝင် ခတ်ကစားမည့်သတင်းကို ကြားရသူတိုင်းက အထူးအဆန်း ဖြစ်၍ လာရောက် ကြည့်ရှုသူများ စည်ကား များပြားလှ ပါသည်။ ထို့နောက်တွင်လည်း အလှူများမှ ဖိတ်ပွဲများကို လေး ငါး ဆယ်ပွဲအထိ လက်ခံ ခတ်ကစား ခဲ့ကြသည်ဟု ကြားသိရပါ၏။ ဤအမျိုးသမီး ခြင်းအဖွဲ့သည် မြန်မာပြည်၌ ပထမဦးဆုံး ပေါ်ပေါက်လာသည့် အဖွဲ့ဖြစ်ကြောင်း မှတ်တမ်းတင် ကြရပါသည်။

## အမျိုးသမီး ခြင်းသင်တန်း

၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှအစပြု၍ ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း၊ အမှတ် ၁၇၃ တွင် စာတိုက်မင်းကြီး ဦးအရိန်၏သမီး ဒေါ်ခင်မမကဦးစီး၍ အမျိုးသမီးကလေးများကို ခြင်းလုံးခတ်သင်တန်း ဖွင့်လှစ်သင်ကြား ပေးခဲ့လေသည်။ ဤအကြိမ်သည် မြန်မာ့ခြင်းလုံးသမိုင်း၌ လူသိနတ်ကြား သတင်းစာမှ ကြော်ငြာလျက် ပထမဦးဆုံးအကြိမ် ဖွင့်လှစ်သည့် အမျိုးသမီး ခြင်းလုံးခတ်သင်တန်းပင် ဖြစ်လေသည်။

၎င်းနောက် အမျိုးသမီး ခြင်းလုံးခတ်သင်တန်းများ



တက်ဖွင့်လှစ်သင်ကြားပေးလာကြသည်ကို တွေ့ရပြန်ပါသည်။ ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မေမြို့ အမှတ် ၂ လေ့ကျင့်ရေး တပ်တွင်း၌ အမျိုးသမီး ခြင်းလုံးခတ်သင်တန်း ဖွင့်လှစ်၍သင်ကြားပေးခဲ့ရာ တပ်မတော်အရာရှိအရာခံ၊ အကြပ် တပ်သားများ၏ သမီးပျိုများ သင်တန်းတက်ရောက်သင်ကြား ကြသည်ဟု သိရပါသည်။

၁၉-၆-၆၇ နေ့က ရန်ကုန်မြို့ ပညာရေးတက္ကသိုလ် ခြင်းဝါသနာအဖွဲ့က ကြီးမှူးပြီး အမျိုးသမီး ခြင်းလုံးခတ်သင်တန်း တရပ်ကို ဖွင့်လှစ်၍သင်ကြားရာ အမျိုးသမီးငါးဆယ်ခန့် တက်ရောက်သင်ကြားခဲ့ကြပါသည်။

၄-၁၀-၆၈ နေ့က ဟင်္သာတမြို့ အမှတ် ၄ အထကကျောင်းမှ ကျောင်းသူများအတွက် ခြင်းလုံးခတ်နည်းအခြေခံသင်တန်း ဖွင့်ပွဲတရပ်ကို ကျောင်းခန်းမတွင် ဖွင့်လှစ်၍ သင်တန်းပေးရာ ကျောင်းသူ ၂၅ ယောက် တက်ရောက်ပြီး သင်ကြားလေ့ကျင့်ခဲ့ ကြပါသည်။

၆-၁၁-၆၈ နေ့တွင် ရန်ကုန်မြို့၊ ပုဇွန်တောင် အထက ၁ ခန်းမဆောင်တွင် ဖွင့်လှစ်သင်ကြားသော အမှတ် ၇ နယ်မြေ ကျောင်းသူကျောင်းသားများ၏ ခြင်းလုံးခတ်သင်တန်းသို့ အမျိုးသမီး ၃၈ ယောက် တက်ရောက်၍ သင်ကြားခဲ့လေသည်။


ခြင်းဝါသနာပါသည့် ပုဂ္ဂိုလ်တချို့ကလည်း မိမိတို့နှင့် ခင်မင်နီးစပ်ရာ အမျိုးသမီးကလေးများကို သင်ကြားလေ့ကျင့်ပေးပြီး အမျိုးသမီး ခြင်းအဖွဲ့ ဖွဲ့စည်း၍ အလှူအတန်းနှင့် ဘုရားပွဲများမှ ဖိတ်ခေါ်သော ခြင်းပွဲများကို လက်ခံပြီး ခတ်ကစားကြသည်ကိုလည်း တွေ့ရပါသည်။ ရန်ကုန်မြို့ ကြည့်မြင်တိုင်

www.burmeseclassic.com

www.burmeseclassic.com



သရက်တောမှ ဦးညွန့် ဖွဲ့စည်းခဲ့သော မိုးပုံ့မယ်အမျိုးသမီး ခြင်းအဖွဲ့၊ ၎င်းနောက် မကြီးကြီးလမ်းအနီး ရွှေနှင်းဆီလမ်းမှ ဦးပွကြီး တည်ထောင်ဖွဲ့စည်းသော ရန်ကုန်တိုင်း အမျိုးသမီး ခြင်းအဖွဲ့ စသည်တို့ ဖြစ်ကြပါသည်။ ၎င်းရန်ကုန်တိုင်း အမျိုးသမီးခြင်းအဖွဲ့သည် အမျိုးမျိုး အနယ်နယ်မှ ဖိတ်ခေါ်ခြင်းများကို လက်ခံလျက် ၁၉၇၄-၇၅ ခုနှစ်တိုင်အောင် ခြင်းလုံးဝိုင်းလည် အယိုင်ခတ်နှင့်တဦးချင်း အတတ်ပြ၊အစွမ်းပြဖြစ်သော မီးကွင်း၊ ပန်းကွင်း၊ကြိုးခုန်၊ အတင်၊ အညှပ်စသည့် ခြင်းနှု၊ ခြင်းယဉ်များ ကို ခတ်ကစားပြကြလေသည်။



ရန်ကုန်တိုင်း အမျိုးသမီးခြင်းအဖွဲ့ (၁၉၇၂)

ပြည်ထောင်စု မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်က တည် ထောင်ဖွဲ့စည်းထားသော အမျိုးသမီး သရုပ်ပြ ခြင်းအဖွဲ့သည်



လည်း နှစ်စဉ် ကျင်းပလျက်ရှိသော အမျိုးသား တံခွန်စိုက် ခြင်းလုံးခတ်ပြိုင်ပွဲကြီးများတွင် ၁၉၆၄ ခုနှစ်မှစ၍ အမျိုးသမီး ဝိုင်းသပ်သပ် ခြင်းယိုင် အလှခတ်ကစားပြခြင်းဖြင့် ပါဝင်ဆင်နွှဲ လာခဲ့သည်မှာ ၁၉၇၄ ခုနှစ်အထိပင် ဖြစ်ပါသည်။ နောင်တွင် လည်း အမြဲတမ်းပါဝင်ဆင်နွှဲနိုင်လိမ့်ဟု ယုံကြည်ကြရပါသည်။



ခြင်းအဖွဲ့ချုပ်၏သရုပ်ပြ အမျိုးသမီးခြင်းအဖွဲ့ (၁၉၆၄)
ဒေါ်ခင်မမ (နောက်တန်း၊ ယာစွန်)

တချို့ အမျိုးသမီး ကလေးများသည် ခြင်းတဖွဲ့မှာ ငါး ယောက်၊ ခြောက်ယောက် မစုစည်းမိသဖြင့် အမျိုးသားများ နှင့်ရောယှက်၍ ခြင်းတဖွဲ့လျှင် အမျိုးသမီး နှစ်ယောက်၊ သုံး

www.burmeseclassic.com



ယောက် ပါဝင်ခတ်ကစားကြသည်ကိုလည်း တွေ့ရပါသည်။ တပြည်လုံးအတိုင်းအတာနှင့် ကြည့်လျှင် ခြင်းလုံးခတ်ကစားသည့် အမျိုးသမီးများစွာနည်းပါးသည်ကို တွေ့ရပါ၏။

## ရောင်စုံပုံရိုက်အင်္ကျီများကို အသုံးပြုခြင်း

ခရစ် ၁၉၅၄ ခုနှစ် စက်ဘင်ဘာလမှစ၍ခြင်းလုံးအားကစားသမားများ ခြင်းပွဲခတ်ကစားရာတွင် ဝတ်ဆင်သောစွပ်ကျယ်အင်္ကျီပေါ်တွင် ခြင်းလုံးပုံနှင့် အဖွဲ့အမည်၊ မြို့အမည်၊ခရိုင်အမည်များကိုဆေးရောင်စုံဖြင့်ရိုက်နှိပ်၍ ဝတ်ဆင်ခတ်ကစားခဲ့ကြလေသည်။ အမရပူရမြို့ရှိ ဆောင်းဒါးယက်ကန်းကျောင်းမှ ခြင်းလုံးဝါသနာကြီးလှသည့် ပုံရိုက်နည်းပြဆရာ ဦးစံလှိုင်က ပထမဦးဆုံးတီထွင်ရိုက်နှိပ်ပေးခဲ့လေသည်။ ၎င်းနောက် ခြင်းလုံးပုံရိုက်ထားသောလွယ်အိတ်များ၊ စားပွဲခင်းများ၊ ကုလားထိုင်နောက်မှီအစွပ်များကိုလည်း ရိုက်နှိပ်ဖြန့်ချိခဲ့ပါသည်။ ထို့ပြင် ပိတ်စပေါ်၌ပေါ်ပါးနှံ့ပန်းဝိုင်းနှင့် ခြင်းလုံးလွှယ်ခတ်ဟန်၊ မဟာဒုးခတ်ဟန်များကိုလည်း ရင်ဘတ်တွင်တပ်ဆင်ရန် တံဆိပ်အဖြစ် ရောင်စုံပုံနှိပ်ဖြန့်ချိခဲ့ပါသည်။ ၁၉၅၄ ခုနှစ် မတိုင်မီက အဝတ်စပေါ်တွင် ပိုးဖဲရောင်စုံ ပန်းထိုးချည်များဖြင့် ကြိုက်ရာပုံနှင့် စာလုံးများကိုထိုးပြီး အင်္ကျီပေါ်တွင်တပ်ဆင်၍ အသုံးပြုခဲ့ကြလေသည်။ ကတ္တီပါအစပေါ်တွင် ရွှေချည်ငွေချည်ထိုး၍လည်း တပ်ဆင်ခဲ့ကြပါသည်။

## ခြင်းလုံး စည်းရုံးရေးမှူး ခန့်ထားခြင်း

၁-၁၀-၅၄ နေ့မှစ၍ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီက တလလျှင် လစာငွေ ၂၀၀ိ မှစ၍ တနှစ်လျှင် ၁၀



ကျပ်တိုးနှင့် ပခုက္ကူခရိုင် ခြင်းအဖွဲ့မှ ဦးဘပုကို ခြင်းလုံးစည်းရုံးရေးမှူးခန့်ထားပြီး အမြို့မြို့အနယ်နယ်သို့လှည့်လည်၍ ခြင်းအဖွဲ့များကို စည်းရုံးစေခြင်း၊ ပြိုင်ပွဲဥပဒေကို ရှင်းပြစေခြင်း၊ ပြိုင်ပွဲ၌ အမှတ်ရအောင် ခတ်ပုံခတ်နည်းများကို ညွှန်ကြားပြသစေရန် တာဝန်ပေးလျက် ခိုင်းစေခဲ့ပါသည်။ ၁၉၅၇ ခုနှစ်သို့ ရောက်သောအခါ ခြင်းလုံးအဖွဲ့ချုပ်မှ ၎င်းဦးဘပုကိုပင် အမြဲမြို့



ခြင်းလုံးအဖွဲ့ချုပ် ခြင်းလုံးစည်းရုံးရေးမှူး ဦးဘပု

www.burmeseclassic.com

www.burmeseclassic.com




သို့လွှတ်၍ သားရေရှူးဖိနပ်စီးလျက် ခြင်းလုံးခတ်ပြစေခြင်းဖြင့် လူအများ ခြင်းလုံးခတ်ကစားရာတွင် ဖိနပ်စီး၍ခတ်ကစားလာကြစေရန် ဝါဒဖြန့်ပေးခဲ့လေသည်။ ဦးဘပုသည် ၁၂ နှစ်နှင့်ကိုးလတိတိ အမှုထမ်းဆောင်ပြီးနောက် ၃၀-၆-၆၇ နေ့မှစ၍ အလုပ်မှရပ်နားလိုက်ရပါသည်။ ဦးဘပုသည် ခြင်းလောက၏ ပထမဦးဆုံး အစိုးရခန့် စည်းရုံးရေးမှူး ဖြစ်လေသည်။

၂၈-၉-၅၇ နေ့ညနေတွင် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး အရှေ့မုခ်တွင် ခြင်းပွဲခတ်ကစားရာ၌ ရန်ကုန်မှ ခြင်းလုံးစည်းရုံးရေးမှူး ဦးဘပုရောက်ရှိလာပြီး သားရေရှူးဖိနပ်ကို စီးလျက် ပါဝင်ခတ်ကစားပြလေသည်။ ၎င်း ခြင်း ပွဲ ပြီး သည့်နောက် ရက်အနည်းငယ်အတွင်းမှာပင် မန္တလေးမှအဆွေတော်ခြင်းအဖွဲ့က သားရေဘတ်ဖိနပ်များကိုချုပ်၍ ခြင်းခတ်ကစားခြင်းကို လေ့ကျင့်ကြပြီးလျှင် ၂၆-၁၀-၅၇ နေ့တွင် ကျောက်ဆည်ခရိုင် တံတားဦးမြို့ ပုဏ္ဏားကုန်းရပ် ကထိန် ခင်း ပွဲ တွင် ပထမဦးဆုံးအကြိမ်အဖြစ် ခြင်းဖိနပ်ဖြင့် စတင်ခတ်ကစားခဲ့လေသည်။ ခတ်ကစားသူများမှာ (၁) ကိုဘသိန်း၊ (၂) ကိုလှပေ၊ (၃) ကိုစံတင်၊ (၄) ကိုမောင်ကိုကြီးနှင့် (၅) ကိုသချောင်း (ခြင်းလူပျက်) တို့ ဖြစ်ကြပါသည်။ ၎င်းအဆွေတော်ခြင်းအဖွဲ့သည် ထိုနှစ်မှစ၍ ခြင်းပွဲများခတ်ကစားရာတွင် ဖိနပ်ဖြင့်အမြဲတမ်း ခတ်ကစားခဲ့ကြလေသည်။

## အဝတ်ဖိနပ်ဖြင့် ခြင်းခတ်လေ့ကျင့်ရခြင်း

၂၆-၉-၆၀ နေ့တွင် တရုတ်ပြည်သို့လိုက်ပါသွားကြရသော ခြင်းအဖွဲ့သားများသည် တရုတ်ပြည်သို့ မသွားမီ တလခန့် ကြိုတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ...



သားရေဘတ်ဖိနပ်စီး၍ ခြင်းခတ်ကစားနေသော အဆွေတော်ခြင်းအဖွဲ့ (၁၉၅၇)

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေထိုင်ပြီး အဝတ်ဖိနပ်များကို စီး၍ ခြင်းခတ်လေ့ကျင့်နေကြရပါသည်။ ခြင်းခတ်ဖိနပ်ကို ကြည့်မြင်တိုင် မကြီးကြီးလမ်းရှိ အမှတ် ၆၃ နီးတူး ဖိနပ်ချုပ်ဆိုင်မှ ဇင်ဧအဖြူနှင့်တ ... န်၊ ကတ္တီပါအနက်စနှင့် တရန် ခြင်းသမားတယောက်လျှင် ဖိနပ်နှစ်နှစ်စီ ချုပ်ပေးပါသည်။ ဖိနပ်အောက်ခံမှာ ဆိတ်ရေတပြားတည်းခံ၍ အပေါ်အဝတ်စနှင့် သီပြီး လုပ်ထားခြင်း ဖြစ်ပါသည်။ ခွာမပါပါ။ ကြိုးချည်ရမည့် နေရာတွင် ကြိုးကို အသုံးမပြုပဲ သားရေ မျှော့ကြိုးခံ၍ ချုပ်လုပ်ထားပါသည်။ တရုတ်ပြည်၌ ကတ္တီပါအနက်စနှင့် ချုပ်သည့် ဖိနပ်ဖြင့် ခတ်ကစားခဲ့ကြပါသည်။ နိုင်ငံခြားသို့ သွားရောက်ပြီး ခြင်းလုံးခတ်ကစားပြကြရာတွင် ဤအဖွဲ့သည် ပထမဦးဆုံး ဖိနပ်ဖြင့် ခတ်ကစားပြခဲ့သော အဖွဲ့ပင် ဖြစ်လေသည်။

## အဏုမြူ ရောင်ခြည် ခြင်းလုံး

၂၁–၁၂–၆၁ နေ့ည မန္တလေးမြို့ မဟာအောင်မြေအနောက်ပိုင်းမှ ဘုရားပွဲတွင် အဆွေတော်ခြင်းအဖွဲ့က အဏုမြူရောင်ခြည် ခြင်းလုံးကို ပထမဦးဆုံးအကြိမ် ခတ်ကစားခဲ့ကြပါသည်။ မြန်မာဇာတ်ပွဲများ ကပြရာ၌ အသုံးပြုသော အဏုမြူရောင်ခြည် ဆေးရည်ကို ခြင်းလုံးတွင် သုတ်လိမ်းထားပြီး ခြင်းခတ်သူ၏ ဘောင်းဘီ အနားပတ်နှင့် အင်္ကျီလက်အနားပတ်၊ ကော်လာအနားပတ်များကို ၎င်းဆေးရည် သုတ်လိမ်းထားလျက် ရိုးရိုးမီးရောင်များကိုပိတ်၍ မှောင်ချကာ ခရမ်းရောင်မီးလုံးများကို ထွန်းလိုက်သောအခါ ခြင်းလုံးကလေးမှာ အစိမ်းရောင် တောက်ပလျက် လူးလာခတ် ပျံဝဲ နေသည်ကိုသာ မြင်ကြရသည်။ ခြင်းခတ်သားများ ကွယ်နေပြီး ၎င်းတို့



ဘောင်းဘီ အင်္ကျီနှင့် ကော်လာ အနားပတ်ကလေးများသာ စိမ်း၍ ပေါ်လွင် ထင်ရှားနေလေသည်။ အဏုမြူ ခြင်းလုံးကို ပထမဦးဆုံး ခတ်ကစားခဲ့ကြသော အဆွေတော် ခြင်းအဖွဲ့သားများမှာ (၁) ကိုအောင်ခင်၊ (၂) ကိုလှဖေ၊ (၃) ကိုမောင်ကြီး၊ (၄) ကိုစံတင်နှင့် (၅) ကိုသံချောင်းတို့ ဖြစ်ကြပါသည်။

၁၉၆၂ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ည မန္တလေးမြို့ ရွာဟိုင်းဈေးအရှေ့ဘက်ရှိ မန္တစိမ်းပေါင်း(ချောင်)အရပ်မှ ဘုရားပွဲ၌ ဇာတ်ခုံပေါ်တွင် ဒုတိယအကြိမ်အဖြစ် အဏုမြူရောင်ခြည် ခြင်းလုံးကို အဆွေတော်ခြင်းအဖွဲ့ကပင် ခတ်ကစားပြရာ ကောင်းစွာ ထမြောက်အောင်မြင်သည်ကို တွေ့ရပါသည်။

အဏုမြူဆေးဝယ်၍ ခြင်းလုံးကို သုတ်ရသည်မှာ တပွဲတိုးသာ အသုံးပြုနိုင်သဖြင့် ဆေးဖိုးငွေ အကုန်အကျ များခြင်းနှင့် ခရမ်းရောင် မီးသီးများကိုလည်း လွယ်ကူစွာ ဝယ်ယူအသုံး မပြုနိုင်သည့် အကြောင်းများကြောင့် နောက်နောင်တွင် အဏုမြူခြင်းလုံး ခတ်ကစားခြင်းများကို မတွေ့ရတော့ပါ။

## သရုပ်ပြ ခြင်းအဖွဲ့

၁၉၆၂ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်၌ ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံ အပျော်ထမ်း ခြင်းလုံးအဖွဲ့ချုပ်ကြီးက သရုပ်ပြ ခြင်းအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းခဲ့ပါသည်။ ၎င်းအဖွဲ့များကို နေ့စဉ် ခြင်းလုံးခတ် လေ့ကျင့်စေသည်။ ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်စေပါသည်။ ၎င်းအဖွဲ့များ၏ ယူနီဖောင်းဝတ်စုံမှာ "ထရက်ဆုံ" ခေါ် အနွေးထည် အင်္ကျီလက်ရှည်၊ ဘောင်းဘီ

www.burmeseclassic.com

www.burmeseclassic.com



ရှည်၊ ခြင်းခတ်အဝတ် ဖိနပ်တို့ အပါအဝင် စပို့ရှပ်နှင့် ဘောင်းဘီတိုတို့ ဖြစ်လေသည်။

၁၉၆၂ ခုနှစ် အောက်တိုဘာလမှ ၍ ခြင်းလုံးအဖွဲ့ချုပ်ကြီးက ဦးစီးလျက် အမြို့မြို့ အနယ်နယ်သို့ သွားရောက်ပြီး ပြိုင်ပွဲခတ်ကစားနည်းနှင့် အလှခတ် ကစားနည်းများကို လက်တွေ့ခတ် ကစားပြခြင်းဖြင့် ပညာပေး၍ ဝါဒဖြန့် စည်းရုံးခဲ့ပါသည်။ ၎င်းပြင် ရန်ကုန်မြို့နှင့် တကွ အနီး ပတ်ဝန်းကျင်မှ အ ထ က၊ အ လ က ကျောင်းများသို့ သွားရောက်၍လည်းကောင်း၊ ဇက်ရုံ အလုပ်ရုံများသို့လည်းကောင်း အလှည့်ကျသွားရောက်ပြီး ခြင်းလုံးခတ် ကစားပြရာတွင် ခြင်းခတ်ဖိနပ်ဖြင့်သာ ခတ်ကစားပြခြင်းအားဖြင့် ခြင်းလုံးခတ် ဝါသနာပါသူများ ဖိနပ်စီးလျက် ခြင်းခတ်ခြင်းကို အတော် စိတ်ဝင်စားလာကြသဖြင့် နောက်နောင်တွင် ခြင်းခတ်ရာ၌ ဖိနပ်စီး၍ ခတ်ကစားခြင်း ခေတ်စားလာသည်ကို တွေ့ရပါသည်။

ရှေးက လူများ ခြင်းလုံးခတ် ကစားရာတွင် ခြေဗလာသက်သက်ဖြင့်သာ ခတ်ကစားခဲ့ကြသော ဓလေ့ထုံးစံများသာ ရှိပါသည်။

## မိသားစု ခြင်းအဖွဲ့

၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရန်ကုန်မြို့ ကမာရွတ်ရပ်ကွက်မှ ဦးပါစီ၏ မိသားစု ခြင်းအဖွဲ့ ပေါ်ထွက်လာခဲ့လေသည်။ ၎င်းခြင်းအဖွဲ့တွင် ပါဝင် ခတ်ကစားကြသူများမှာ (၁) ဦးပါစီ အသက် ၄၂ နှစ်၊ (၂) ၎င်း၏သား မောင်တင်ထွန်း ၁၆ နှစ်၊ (၃) ၎င်း၏သား မောင်ကျော်ထွန်း ၁၅ နှစ်၊ (၄) ၎င်း၏သမီး ဘေဘီထွန်း ၁၃ နှစ်၊ (၅) ၎င်း၏



သား မောင်ဇော်ထွန်း ၁၁ နှစ်နှင့် (၆) ၎င်း၏သမီး မာစီထွန်း ၁၀ နှစ်တို့ ဖြစ်ကြလေသည်။ အဖေက ဦးဆောင်ပြီး သားသမီးများနှင့် ခတ်ကစားကြသည့် တကယ့် မိသားစုခြင်းဝိုင်းအဖြစ် ဖြစ်လေသည်။ ၎င်းတို့ ပထမဦးဆုံး ခတ်ကစားသည့်ပွဲမှာ ၅-၂-၆၇ ရက်နေ့တွင် ဒလမြို့၏ အရှေ့ဘက်ရှိ အုံ့ကြီးရွာ၌ ကလေးကင်ပွန်းတပ် အခမ်းအနား ကျင်းပပွဲတွင် ဖြစ်လေသည်။

## မီးတုတ်နှင့် ခြင်းလုံးခတ်ခြင်း

၁၉၇၀ ပြည့်နှစ် မတ်လ ၂ ရက်နေ့ ထန်းတပင်တိုက်နယ် ရေကျော်ကြီးရွာတွင် ကျင်းပ ပြုလုပ်သော တောင်သူလယ်သမားပွဲတော်၌ ညပိုင်းတွင် ခြင်းပွဲများဖြင့် ဧည့်ခံဖျော်ဖြေရာ ရန်ကုန်မြို့ ကမာရွတ်မှ ဦးပါစီဦးစီးသော "မိသားစုခြင်းအဖွဲ့" သည် လျှပ်စစ် မီးသီး မီးချောင်းများ အလင်းရောင်ကို အသုံးမပြုပဲ ခြင်းခတ်သားများ၏လက်တွင် ကိုယ်စီကိုယ်ငအများ၌ ရေနံဆီ အဝတ်ပတ်ထားသည့် မီးတုတ်များကိုကိုင်၍ ၎င်းမီးတုတ်များကို မီးရှို့ပြီး ၎င်းအလင်းရောင်နှင့်ပင် ခြင်းဝိုင်း အလှခတ် ကစားပြခဲ့ကြပါသည်။ ထိုကဲ့သို့ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ကိုယ့်အားကိုယ်ကိုး၍ ခတ်ကစားသည့် နည်းသစ်တခုကို စတင်တီထွင်သူမှာ ဦးပါစီပင် ဖြစ်လေသည်။ ၎င်းနည်းကို ထိုပွဲမှ ပထမဦးဆုံး စတင် ခတ်ကစားခဲ့လေသည်။

၁၉၇၀ ပြည့်နှစ် ဧပြီလ ၂၄ ရက်နေ့ အင်းစိန် ဆေးဘာသာကျောင်း၌ ခတ်ကစားသောပွဲတွင် မီးတုတ်အပြင် မီး

www.burmeseclassic.com

www.burmeseclassic.com



ခြင်းလုံး[၂] ကို စတင်တီထွင်၍ မိသားစုခြင်းအဖွဲ့က ဝိုင်းလည် ခတ်ကစားခဲ့ပါသည်။

### လက်နှိပ်ဓာတ်မီးရောင်ဖြင့် ခတ်ခြင်း

၁၉၇၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်ရပ် ရွှေနှင်းဆီလမ်း၌ ကျင်းပသော ၁၉ ကြိမ် မြောက် ဒုလ္လဘရဟန်းခံနှင့် ရှင်ပြုပွဲတွင် ညပိုင်း၌ ခြင်းအလှ ခတ်ပွဲများဖြင့် ဧည့်ခံရာ ကိုမျိုးခင် ဦးစီးတည်ထောင်သော "မျိုးညွန့်လေး ခြင်းအဖွဲ့" သည် လျှပ်စစ်မီးများကို ခေတ္တ ပိတ်ထားစေပြီး ခြင်းခတ်သားများသည် သုံးခဲထိုး လက်နှိပ် ဓာတ်မီး တချောင်းစီကိုင်၍ ခြင်းလုံးသွားလာလှုပ်ရှားရာနေရာ သို့ လက်နှိပ်မီးရောင်နှင့် ထိုးပြီး ခြင်းလုံးခတ် ကစားကြပါ သည်။ ဤကဲ့သို့ နောက်ထပ်နည်းသစ်တခုကို ထွင်၍ ခြင်းလုံး ခတ် ကစားခြင်းသည် ထိုပွဲမှ အစ ပထမဦးဆုံးပင် ဖြစ်လေ သည်။

### မီးကြိုး၊ မီးခြင်းလုံး၊ မီးကွင်း

၁၉၇၁ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ပျော်ဘွယ်မြို့ ပညာသောင်းကျော်ဘုရားပွဲ ဇာတ်ရုံအတွင်း၌ ရန်ကုန် မြို့ ကြည့်မြင်တိုင် သာခုလမ်း "ရွှေစလွယ်" မိသားစုခြင်း အဖွဲ့မှ အသက် ၁၅ နှစ်ရှိ မောင်သောင်းစိန်က လူနှစ်ယောက် လှည့်ပေးသည့် မီးကြိုးအတွင်းဝင်၍ မီးခြင်းလုံးကို မီးကွင်း နှင့် ခတ်ကစား ပြလေသည်။

၂။ မီးခြင်းလုံး ဆိုသည်မှာ ရေနံဆီ စိမ်ထားသည့် အဝတ်စကို သံနန်းကြိုးမှာ ပတ်ပြီး ခြင်းလုံးအတွင်း သွင်း၍ အလယ်ဗဟိုတွင် တွဲလောင်းထားလျက် နန်းကြိုးအစ နှစ်ဘက်က ခြင်းလုံးအပေါက်ကို သိုင်း၍ ချည်ထားပြီး မီးစာကို မီးညှိလျက် ခတ်ကစားသော ခြင်းလုံးကို ခေါ်ခြင်း ဖြစ်သည်။

အခန်း ၇

# ခြင်းခတ်ပညာနှင့် ဆုတံဆိပ် ဘွဲ့တံဆိပ်များ

ခရစ် ၁၉၁၀–၁၁ နှစ်လောက်တွင် မန္တလေးမြို့ ဆေးရုံကြီး၏ မြောက်ဘက်၌ရှိသော ဝက်စလီယမ်ကျောင်းတွင် ပညာ သင်ကြားနေကြသည့် ဦးကရင်၊ ဦးချစ်လှ၊ ဦးကျော် တို့ အပါအဝင် ကျောင်းသား အချို့သည် အား လပ် ချိန် တွင် ကျောင်းဝင်းထဲ၌ ခြင်းလုံးခတ်ကစားကြရာ ကျောင်းအုပ် ဆရာကြီး မစ္စတာဝီလကင်ဆင်[၁] သည် ကျောင်းဝင်း ထဲ၌ ခြင်းလုံးခတ်ကစားခြင်းကို ခွင့်မပြုသဖြင့် ကျောင်းအနောက် ဘက်တွင်ရှိသော ဝင်းထဲသို့ သွားရောက်၍ ခတ်ကစားကြရ လေသည်။ ထိုစဉ်အခါက ၎င်းကျောင်း၌ သတ္တမတန်းတွင် သင်ကြားရသော ပညာဝန် အေစကော့[၂] ရေးသည့် မြန်မာပြည် ရာဇဝင်စာအုပ်တွင် ခြင်းလုံးခတ်ကစားခြင်းသည် တကိုယ် ကောင်းကစားနည်းဖြစ်သည်ဟူ၍ ရေးသားထားခြင်းကိုလည်း တွေ့ကြရလေသည်။ ၁၉၁၉–၂၀ ခုနှစ်လောက်က ကျောင်းသုံး စတုတ္ထတန်း အင်္ဂလိပ်ဖတ်စာအုပ်တွင် ခြင်းလုံးခတ်ကစား ခြင်းသည် တကိုယ်ကောင်း ကစားနည်းဖြစ်သည်ဟူ၍ ရေး သားထားခြင်းကိုလည်း တွေ့ရလေသည်။

၁။ Mr. Wilkinson ၂။ A. Scott, Inspcetor of Schools



www.burmeseclassic.com

www.burmeseclassic.com



## ကြာပွတ်နှင့် အရိုက်ခံရခြင်း

ခရစ် ၁၉၁၁–၁၂ ခုနှစ် ပတ်ဝန်းကျင်လောက်မှာ မန္တလေးမြို့၌ အရှေ့နယ် ရာဇဝတ်ဝန်ကလေး မစ္စတာဟီး[၃] ဆိုသူ ရှိခဲ့လေသည်။ ၎င်းသည် ယိုးဒယားဈေး ရဲဌာနသို့ ရက်တပတ်လျှင် တကြိမ် ဒေါက်က ရထား[၄]ဖြင့် လာရောက်လေ့ရှိသည်။ ထိုခေတ်က ယခုလက်ရှိ ဗဟိုမီးသတ်ဌာန၏ အရှေ့ဘက် လမ်းဘေးမှ တိုက်အရိပ်၌ ညနေတွင် ခြင်းလုံးခတ်ကစားနေကြသည့် လူငယ်များကိုတွေ့မြင်သောအခါ မစ္စတာဟီးသည် ဒေါက်ကရထားပေါ်မှဆင်းလာပြီး ခြင်းကစားနေသူများအား ကြာပွတ်နှင့်လိုက်ရိုက်၍ ထွက်ပြေးကြရလေသည်။

## ပြည်သူ့လွှတ်တော်နှင့် ခြင်းလုံး

၂၄-၉-၅၇ ရက်နေ့က ကျင်းပခဲ့သော ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ၁၉၅၇–၅၈ ခုနှစ် ဘဏ္ဍာတော်နှစ် အတွက် လိုအပ်သောငွေများကို ဌာနဆိုင်ရာဝန်ကြီးများကတောင်းဆိုကြရာတွင် ကျန်းမာရေးဝန်ကြီး ဒေါက်တာစိန်ဘန်းက ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေးအတွက် ကုန်ကျခံရန် ငွေပေါင်း ၃၄၆၂၅၀၀၀ကျပ်ကို တောင်းဆိုရာ ထိုတောင်းဆိုသောငွေပေါ်မှ ၁၀ ကျပ် ဖြတ်တောက်ရန် အဆိုကို ပုဂံအနောက်ပိုင်းအမတ် ဦးမောင်မောင်က အစိုးရအနေဖြင့် တိုင်းပြည်နှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးနိုင်သောအားကစားအတွက် ငွေကို ဦးစားပေး၍ အသုံးပြုသင့်ကြောင်း အကျယ်တဝင့်

၃။ Mr. Heal

၄။ လန်ချားပုံသဏ္ဌာန်နှင့် တူသော မြင်းတကောင်ဆွဲ ရထားယာဉ်



ပြောဆိုတင်သွင်းခဲ့လေသည်။ ၎င်းအဆိုကို ထောက်ခံသည့် မြောက်ပိုင်းအမတ် ဦးတင်က ထောက်ခံရာတွင် မြန်မာ့ရိုးရာအားကစားဘ ရပ်ဖြစ်သော ခြင်းကစားခြင်းကို အားပေးမှုနည်းသောကြောင့် ခြင်းဝါသနာရှင်များသည် လမ်းဘေးမှာပင် ခတ်ကစားနေကြရကြောင်းကိုပါ ထည့်သွင်းပြောကြားခဲ့လေသည်။

၁၉၅၈ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေး၌လည်း အထက်ချင်းတွင်း မြောက်ပိုင်းအမတ် ဦးဘညွန့်က အောက်ပါအတိုင်းမေးခဲ့လေသည်။

(က) မြန်မာ ခြင်းလုံး ကစား နည်း များ မ တိမ် ကော မပပျောက်စေရန် မြန်မာနိုင်ငံရှိ အစိုးရကျောင်းများတွင် အမျိုးသားအနုပညာဖြစ်သည့် ခြင်းလုံးကစားခြင်းပညာကို သင်ကြားပေးပါမည်လား။

(ခ) မသင်ကြားပေးနိုင်ပါလျှင် အဘယ့်ကြောင့်ပါနည်း။

(ဂ) သင်ကြားပေးမည်ဆိုပါလျှင် မည်သည့်အချိန်အခါတွင် သင်ကြားပေးရန် စီစဉ်ပေးပါမည်နည်း။

ပညာရေးဝန်ကြီးအဖြေ –

(က) နိုင်ငံတော်အစိုးရကျောင်းများတွင် ခြင်းလုံးကစားနည်းများကို သင်ကြားရန် ညွှန်ကြားထားပြီးဖြစ်သည့်ပြင် ခြင်းလုံးများကိုလည်း အခြားကစားနည်းများနှင့် ပူးတွဲ၍ ၁၉၅၂–၅၃ ခုနှစ်မှ စပြီး ကျောင်းများသို့ဝေငှလျက်ရှိပါသည်။

(ခ) နှင့် (ဂ) ဖြေဆိုရန်မလိုပါ။[၅]

၅။ ၁၃၂၀ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် (၁၈၊ ၁၁၊ ၁၉၅၈)၊ လူထုသတင်းစာ။

www.burmeseclassic.com

www.burmeseclassic.com

## ဘုရင်ခံများ ရွှေတံဆိပ် ချီးမြှင့်ခြင်း

ဗြိတိသျှ အစိုးရလက်ထက်က ခြင်းလုံးခတ် ကစားခြင်းကို အားပေးအားမြှောက် မပြုခဲ့သော်လည်း မြန်မာပြည်သို့ ဘုရင်ခံများ လာသောအခါ၌ ဧည့်ခံ ဖျော်ဖြေပွဲများ ကျင်းပရာတွင် ကား မြန်မာ့ရိုးရာ ပညာရပ်တခု အနေဖြင့် ပါဝင် ဆင်နွှဲခဲ့ကြ ရလေသည်။ ထိုအခါ ဘုရင်ခံများသည် ခြင်းလုံးခတ် ကစား ခြင်းကို နှစ်သက်သဘောကျသဖြင့် ရွှေတံဆိပ်များ ချီးမြှင့်ခဲ့ ကြသည်ကို အောက်ပါအတိုင်း တွေ့ရှိရလေသည်။

ရန်ကုန်မှ ခြင်းဦးဖိုးစိန် ရရှိခဲ့သော ရွှေတံဆိပ် များမှာ အောက်ပါတို့ဖြစ်သည်။

၁၉၀၄ ခုနှစ် ဟိုက်စကူး ကျောင်းပွဲမှာ မြန်မာပြည် ဘုရင်ခံ ကိုယ်တိုင် ချီးမြှင့်ခြင်း ခံရသော ငွေတံဆိပ်၊ တံဆိပ်ပုံကို ဘာလောက်နှင့် ရိုက်နှိပ် ဖော်ပြထားသည်။

၁၉၀၅ ခုနှစ် ယခုဂျော့ဘုရင်မင်းမြတ်သည် ဝေလမင်းသား အဖြစ်နှင့် တိုင်းခန်းလှည့်လည် ကြွရောက်တော်မူစဉ်က ပေး သနားသော ရွှေတံဆိပ်၊ တံဆိပ်အလယ်တွင် စေတီပုံပါသည်။ (ပဉ္စမမြောက်ဂျော့ဘုရင်)။

၁၉၁၇ ခုနှစ် လပ်မင်းကြီးအသုံးတော်ခံ ချင်းတော် ငွေ တံဆိပ်၊

၁၉၁၁ ခုနှစ် အင်းစိန်နယ်၌ မင်းပွဲသဘင် ကျင်းပစဉ်အခါက ဘုရင်ခံမင်းမြတ် ပေးသနားသော ငွေတံဆိပ်၊

၁၉၁၀ ပြည့်နှစ် စိန်ပေါကျောင်းကြီးဖွင့်လှစ်သည့် အခမ်း အ နားပွဲတွင် ဘုရင်ခံမင်းမြတ်ပေးသနားသော ငွေတံဆိပ်၊ တံဆိပ်တွင် "အစ်နေ့အဘ သူညှ ခေါ်သည်" မြောက်ကြိမ်



မြောက်ရသော ဆုတံဆိပ်ဖြစ်ကြောင်း ဖော်ပြထားသည်။ တံဆိပ်ပေါ်တွင် ၁၉၁၁ ခုဟူ၍ ရေးထိုး ပါရှိလေသည်။

၁၉၁၃ ခုနှစ် ရှိုင်ဝယ် ကော်မရှင်နာလူကြီးတစု ကြွရောက် လာစဉ်က ပေးသောငွေတံဆိပ်၊

၁၉၀၉ ခုနှစ် ဝိတိုးရီးယားဘုရင်မပန်းခြံ ဖွင့်ပွဲတော်တွင် မြန်မာပြည် ဘုရင်ခံမင်းမြတ် ပေးသောငွေတံဆိပ်၊

၁၉၁၆ ခုနှစ်တွင် ဘတ္တလာ နိရိန္ဒ၏ ဆုတံဆိပ်၊ ရှစ်ကြိမ် မြောက်ဆုဟု ရေးသား ဖော်ပြ ထားလေသည်။

၁၉၁၆ ခုနှစ် မြန်မာပြည် ဘုရင်ခံမင်းမြတ် ဘတ္တလာ သခင် နှစ်ကြိမ်မျှ ချီးမြှင့်ခြင်းခံရသော ငွေတံဆိပ်၊

၁၉၁၁ ခုနှစ်မြန်မာပြည် ဘုရင်ခံမင်းမြတ် ချီးမြှင့်ပေးသနား တော်မူသောတံဆိပ်။

၁၉၀၆ ခုနှစ် မြန်မာပြည် ဘုရင်ခံ ချီးမြှင့် ပေးသနားသော တံဆိပ်[၆]။

ယခု ရေးသားဖော်ပြခဲ့သော တံဆိပ်များကို ဘာလောက် နှင့် ရိုက်နှိပ်၍ ဖော်ပြထားသည်ကို တွေ့ရပါသည်။

ဗုဒ္ဓဘာသာ ခြင်းအသင်းကရရှိသော တံဆိပ်မှာ ၁၉၃၁ ခုနှစ် ဘုရင်ခံဆာဂျေအေမောင်ကြီးကချီးမြှင့်သောလေးပြားစီး ရွှေတံဆိပ်ဖြစ်သည်။

## ဂရိတ်ဘွဲ့ ပေးအပ်ခြင်း

၁၉၃၇ ခုနှစ် ဇန်နဝါရီလတွင် အိန္ဒိယဘုရင်ခံချုပ် လော့ အားဝင်း[၇] သည် တိုင်းခန်း လှည့်လည်လာစဉ် မန္တလေးမြို့သို့

၆။ စိန်၊ ဦး၊ ခြင်းယှိုင်ခတ်နည်း၊ ရန်ကုန်၊ ချစ်စရာပုံနှိပ်တိုက်
၇။ Lord Irwin, Viceroy of India

www.burmeseclassic.com

www.burmeseclassic.com




ရောက်ရှိလာရာ နန်းတွင်းရှိ တောင်ဥယျာဉ်၌ ညဥ့်ဦးယံ ဖျော်ဖြေပွဲ[၇] ကျင်းပလေသည်။ ထိုညတွင် မြန်မာရုပ်သေး၊ ဇာတ်တော်ကြီး၊ အငြိမ့်၊ ဓားသိုင်း၊ ခြင်းဝိုင်းခတ်ပွဲ တို့ အပြင် ကြည့်ရှုဖွယ်ရာ အမျိုးမျိုးတို့ကို စီစဉ်ထားလေသည်။ သတ်မှတ်ထားသည့် အချိန်သို့ ကျရောက်သောအခါ ဘုရင်ခံချုပ်နှင့် အခြွေအရံ အရာရှိကြီးများ ရောက်လာပြီး တခုချင်းလိုက်လံကြည့်ရှုလေသည်။ ဗုဒ္ဓဘာသာခြင်းအဖွဲ့ ခတ်ကစားပြရာ နေရာသို့ ရောက်ရှိလာသောအခါ ဘုရင်ခံချုပ်နှင့်အတူ ကော်မရှင်နာမင်းကြီး၊ ကိုယ်ရံတော် ဗိုလ်ကြီးထွန်းလှအောင်၊ အရာရှိ အရာခံ အကြီးအကဲများ အားလုံး မိနစ် ၂၀ ခန့်ထိုင်၍ ကြည့်သွားသည်ဟု သိရပါသည်။ ဘုရင်ခံချုပ်ကြီးသည် မြန်မာ ခြင်းဝိုင်း ခတ်ကစားပုံကို အလွန် နှစ်သက်သဘောကျသဖြင့် မျက်ပါးရပ် စစ်ရဲတပ်[၈]မှ ဗိုလ်ကြီး ထွန်းလှအောင်ကို တာဝန်ပေး၍ နောက်များမကြာမီရက်အတွင်း ဗုဒ္ဓဘာသာ ခြင်းအသင်းအား "ဂရိတ်"ဘွဲ့နှင့် ငွေသားအုပ် တခုကို ချီးမြှင့်လေသည်။

## ဂရိတ်ဘွဲ့ရသည့် ခြင်းဝိုင်း၏ သရုပ်ဖော်ပုံ

ခြင်းဝိုင်းခတ်ကစားပြသည့် နေရာတွင် တောရွာ၏ သဘာဝ နောက်ခံ အနေဖြင့် သက်ကယ်မိုးနှင့် တဲကလေးတလုံးကို ထိုးထားလျက် ၎င်းတဲဘေးတွင် အမျိုးသမီးကလေး တဦးက မောင်းဖြင့် ဆန်ဖွပ်နေသည့်ပုံသဏ္ဌာန်၊ တဦးကဆန်ပြာနေဟန် သရုပ်ဆောင်နေပြီး နောက်တယောက်က က နေရလေသည်။ မောင်းစင်၏ လက်တန်းပေါ်တွင် ကြက်ဖတကောင် တင်၍

၇။ Night Entertainment

၈။ Military Police



ဂရိတ် ဗုဒ္ဓဘာသာ ခြင်းအဖွဲ့ (၁၉၃၇)၊
(ဝဲ မှ ယာ) ကိုသိန်းအောင်၊ ကိုဘဟန်၊ ကိုစိန်ကွန်း၊ ကိုတင်မောင်၊ ကိုလှမောင်၊ ကိုဘဆင်၊

www.burmeseclassic.com

www.burmeseclassic.com



ကြိုးနှင့် ချည်ထားပါသည်။ ၎င်းခြင်းဝိုင်း၏ အလယ်ဗဟို အပေါ် တည့်တည့်မှ ဆလိုက်မီးပွင့်ကြီးတလုံး ထွန်းပေးထား လေသည်။ ခြင်းခတ်သားတို့၏ တူညီဝတ်စုံမှာ ကြယ်ပြာရောင် ပိုးပဝါ ခေါင်းပေါင်း၊ အဖြူရောင်ရှပ်အင်္ကျီလက်ရှည်၊ အောက်ခံ ပိတ်ဘောင်းဘီ အဖြူပေါ်မှ ကြယ်ပြာရောင်ပိုးပုဆိုး ခါးတောင်း ကျိုက်များ ဖြစ်၏။ ခြင်းခတ်သားများမှာ (၁) ကိုသိန်းမောင်၊ (၂) ကိုတင်မောင် (စစ်ကိုင်း)၊ (၃) ကိုစိန်ကွန့် (မြင်းခြံ)၊ (၄) ကိုတင်မောင်၊ (၅) ကိုလှမောင်၊ (၆) ကိုဘဆင်နှင့် (၇) ကိုဘဟန် (အရန်) တို့ဖြစ်ကြပါသည်။ ခြင်းခတ်ကစား နေစဉ်၊ နန်းတော်ရှေ့ ဆရာတင် ဦးစီးသောတီးဝိုင်းက ခြင်းဆိုင်း တီးမှုတ်ပေးရပါသည်။

## အခမ်းအနားဖြင့် ချီးမြှင့်ခြင်း

ဗုဒ္ဓဘာသာ ခြင်းလုံးအသင်းအား ငွေသားအုပ်နှင့် ဂရိတ် ဘွဲ့ ချီးမြှင့်သည့်အခါ မင်္ဂလာတံခါးပေါက်အထွက် အရှေ့တောင် ဘက် ထောင့်ရှိ မန္တလေးကလပ်[၁၀] တွင် ဂုဏ်ပြု လက်ဖက်ရည်ပွဲ တည်ခင်း၍ ဗိုလ်ကြီးထွန်းလှအောင် ကိုယ်တိုင် ဘုရင်ခံချုပ်က ချီးမြှင့်သော ဂရိတ်ဘွဲ့နှင့် ငွေသားအုပ်ကိုပေးပြီး ဂုဏ်ပြုပွဲသို့ ကြွရောက်လာကြသော ပရိသတ်များအား အငြိမ့်ပွဲဖြင့် ဧည့်ခံ ဖျော်ဖြေလေသည်။ ထိုအချိန်အခါမှစ၍ ဂရိတ် ဗုဒ္ဓဘာသာ ခြင်းလုံးခတ် အသင်းဟူ၍ ခေါ်တွင်လာခဲ့ကြသည်မှာ ယနေ့ တိုင်ပင် ဖြစ်လေသည်။

၁၀။ ယခု မင်္ဂလာတံခါးအထွက်ရှိ ခေတ်ဆီဆိုင်၏ တောင်ဘက်မှ ကပ်လျက် ရှိသော နေရာ



## ခြေဖျားမောင်ဘွဲ့ ပေးအပ်ခြင်း

၁၉၄၇ ခုနှစ်တွင် ရန်ကုန်ခရိုင် ဖဆပလ အဖွဲ့ချုပ် က ဦးစီးပြုလုပ်သည့် စက်မှုလက်မှုပြပွဲတွင် ကျင်းပခဲ့သော ခြင်းလုံး ခတ်ပြိုင်ပွဲကြီး၌ အကျယ်အဝန်း သုံးပေသာရှိသည့် စည်းဝိုင်း အတွင်းမှာ ခြေဖျားတော့ ဗယ်ရော ညာပါ ကြိုက်သလိုတော့၊ အချိန်အကြာဆုံးတော့နိုင်သူကို "ခြေဖျားမောင်ဘွဲ့" ပေးမည် ဟုကြေငြာ၍ အတော့ယှဉ်ပြိုင်စေ၏။ ထိုပြိုင်ပွဲတွင် မအူပင်မြို့မှ ၁၃ နှစ်သား မောင်လှကြိုင်က ခြေဖျားတော့စံချိန် ၃ မိနစ် ၅၈ စက္ကန့်ကြာအောင် တော့နိုင်သဖြင့် ခြေဖျားမောင်ဘွဲ့နှင့် ရွှေ တံဆိပ်တခုကို ဆွတ်ခူးသွားပါသည်။ ခြင်းလုံးခတ်ကစားခြင်း နှင့် ပတ်သက်၍ "မောင်ဘွဲ့" ပေးခြင်းသည် ပထမဦးဆုံး အကြိမ် ပင် ဖြစ်လေသည်။

## ခြင်းကြီး ၁၀ မျိုး မောင်ဘွဲ့ပေးအပ်ခြင်း

၁၉၆၀ ပြည့်နှစ် ဧပြီလအတွင်း ရန်ကုန်မြို့ အောင်ဆန်း ကစားကွင်း၌ကျင်းပသော ခုနစ်ကြိမ်မြောက်ခရိုင်ပေါင်းစုံခြင်း လုံးခတ် တံခွန်စိုက်ပြိုင်ပွဲတွင် ခြင်းကြီး ၁၀ မျိုး အတော့ပြိုင် ပွဲ၌ တမျိုးတမျိုးလျှင် အများဆုံးတော့၍ စံချိန်တင်နိုင်သော ခြင်းသမားများကို –

(၁) မဟာဒူးမောင်၊ (၂) ညှန့်ဒူးမောင်၊ (၃) မဟာ[illegible] မောင်၊ (၄) မဟာညှန့်မောင်၊ (၅) တည့်ဖဝါးမောင်၊ (၆) တည့်ဖနောင့်မောင်၊ (၇) ရင်လိမ်ဖဝါးမောင်၊ (၈) ရင် လိမ်ဖနောင့်မောင်၊ (၉) စလွယ်မောင်နှင့် (၁၀) ဝိုက်ကြီး မောင်စသဖြင့် မောင်ဘွဲ့ ပေးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ခြင်းဝိုင်းနှင့်တံဆိပ်ခေါင်း

၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် စာကြည့်တိုက်နှင့် ကြေးနန်းဌာနမှ ထုတ်ဝေရောင်းချခဲ့သော တပြားတန် စာပို့တံဆိပ်ခေါင်းတွင် လူငါးယောက် ဝိုင်းဖွဲ့၍ ခြင်းလုံးခတ်ကစားနေကြပုံကို အပြာရောင်ဖြင့် ရိုက်နှိပ်ထားသည်။ ၎င်းနောက် ၁၉၅၄ ခုနှစ်တွင် ထိုတံဆိပ်ခေါင်းပုံကို ဒုတိယအကြိမ်အဖြစ် ဟသ်ပြဒါး အရောင်ဖြင့် ရိုက်နှိပ် ထုတ်ဝေခဲ့ပါသည်။ ဤကဲ့သို့ ခြင်း ဝိုင်းပုံပါရှိလာခြင်းမှာ စာတိုက်နှင့် ကြေးနန်းဌာန ညွှန်ကြားရေးဝန် ဦးအရိန်၏ ဆောင်ရွက်ချက်တရပ် ဖြစ်သည်ဟု သိရှိရပါသည်။

## ခရိုင်ပေါင်းစုံခြင်းခတ်ပြိုင်ပွဲ

၁၉၅၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ကျင်းပသော ၄ ကြိမ်မြောက် ပြည်ထောင်စုမြန်မာနိုင်ငံ အိုလံပစ် ကစားခုန်စားပြိုင်ပွဲကြီး၏ကဏ္ဍတရပ်အဖြစ်ထည့်သွင်း၍ ခရိုင်အလိုက် ခြင်းလုံးခတ် တံခွန်စိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်း ကစားကွင်း၌ ပထမဦးဆုံးအကြိမ် ကျင်းပခဲ့လေသည်။ ထိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အဖွဲ့များမှာ (၁) ရန်ကုန်ခရိုင်ခြင်းအဖွဲ့၊ (၂) အင်းစိန်ခရိုင်ခြင်းအဖွဲ့၊ (၃) ဟသ်ာတခရိုင်ခြင်းအဖွဲ့၊ (၄) ပခုက္ကူခရိုင်ခြင်းအဖွဲ့နှင့် (၅) တောင်ကြီးခရိုင် ခြင်းအဖွဲ့တို့ ဖြစ်ကြလေသည်။ ၎င်းပြိုင်ပွဲတွင် ပခုက္ကူခရိုင် ခြင်းအဖွဲ့က တံခွန်စိုက် အနိုင်ရရှိသောကြောင့် ကျပ်ငွေတထောင်တန် ဖလားကြီးကို ရရှိသွားလေသည်။



ပခုက္ကူခရိုင်ခြင်းအဖွဲ့မှ ခတ်သားများမှာ (၁) ကိုဘပု၊ (၂) ကိုဘညိမ်း၊ (၃) ကိုဖိုးကော်၊ (၄) ကိုဖိုးထူ၊ (၅) ကိုအောင်ဒင်၊ (၆) ကိုမျိုးမြင့်နှင့် (၇) ကိုသိန်းဆောင် (အရန်လူ) တို့ ဖြစ်ကြပါသည်။

## ဆုဖလား အလှူရှင်များ

ခရိုင်ပေါင်းစုံ ခြင်းလုံးတော်တံခွန်စိုက်ပြိုင်ပွဲအတွက် လိုအပ်သော ဆုတံဆိပ်၊ ဆုဖလား၊ ဒိုင်းဆု စသည်တို့ကို အောက်ပါမျိုးချစ် ပုဂ္ဂိုလ် ကြီး များက စေတနာ ထက် သန် စွာ ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ အပျော်ထမ်း ခြင်းလုံးအဖွဲ့ချုပ်သို့ လှူဒါန်းကြပါသည်။

ဗမာ့ခေတ် သတင်းစာတိုက်ပိုင်ရှင် ဦးအုန်းခင်နှင့် ဒေါ်ခင်ခင်လေးတို့က ငွေတထောင်တန် ဆုဖလားကြီးတလုံး၊ စိန်ဘဆားသား တိုက်ပိုင်ရှင် ဦးထွန်းစိန်၊ ၎င်းထရေယ်စပ်ပို့နှင့် ထရိတ်ဒင်းတိုက်ပိုင်ရှင် ဦးဘအေး၊ ဆန်းကုမ္ပဏီပိုင်ရှင် ဦးညွန့်တို့က ဆုဖလား ခြောက်လုံးကိုလည်းကောင်း၊ ပီအော ဦးထွန်းရင်က ဆုဖလား ခြောက်လုံးနှင့် ဆုတံဆိပ် ခြောက်ခုကိုလည်းကောင်း အသီးသီးပေးလှူကြပါသည်။

## မန္တလေးတွင်ကျင်းပသည့်ပြိုင်ပွဲ

၁၉၅၄ ခုနှစ်မှ၍ ခရိုင်ပေါင်းစုံ ခြင်လုံးခတ် တံခွန်စိုက်ပြိုင်ပွဲကြီးကို နှစ်စဉ် အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီမှ ထုတ်ပေးသော ထောက်ပံ့ကြေးငွေဖြင့် ရန်ကုန်မြို့ အောင်ဆန်း အားကစားကွင်း၌ သုံးနှစ်ဆက်၍ ကျင်းပခဲ့ပါသည်။ ၁၉၅၇ ခုနှစ်တွင် ကျင်းပသည့် လေးကြိမ်မြောက် တံခွန်စိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲကို မန္တလေးမြို့၌ ကျင်းပရန် မန္တလေးခရိုင် ခြင်းအဖွဲ့က တာဝန်ခံ၍ တောင်းဆိုခြင်းကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ ခြင်းအဖွဲ့ချုပ်က ခွင့်ပြုခဲ့လေသည်။ ထိုအခါ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် မန္တလေးခရိုင်ဝန် ဝဏ္ဏကျော်ထင် ဦးထွန်းဖေကို ဥက္ကဋ္ဌ တင်မြှောက်ပြီး ကော်မတီတရပ် ဖွဲ့စည်း၍ တံခွန်စိုက် ခြင်းလုံးခတ် ပြိုင်ပွဲကြီးကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ၎င်းပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြသောအဖွဲ့များမှာ ရန်ကုန်ခရိုင်မှ နှစ်ဖွဲ့၊ ပခုက္ကူခရိုင်မှ နှစ်ဖွဲ့၊ တပ်မတော်မှနှစ်ဖွဲ့၊ မန္တလေးခရိုင်မှ နှစ်ဖွဲ့၊ မြင်းခြံခရိုင်မှ တဖွဲ့၊ မြိတ်ခရိုင်မှ တဖွဲ့၊ ပဲခူးခရိုင်မှ တဖွဲ့၊ မကွေးခရိုင်မှ တဖွဲ့၊ ရမည်းသင်း ခရိုင်မှ တဖွဲ့၊ တောင်ကြီးခရိုင်မှ တဖွဲ့၊ မုံရွာခရိုင်မှ တဖွဲ့၊ စစ်ကိုင်း ခရိုင်မှ တဖွဲ့၊ ရွှေဘိုခရိုင်မှ တဖွဲ့ အားလုံးပေါင်း ၁၃ ခရိုင်မှ ပြိုင်ပွဲဝင်အဖွဲ့ ၁၇ ဖွဲ့ ဖြစ်လေသည်။

တံခွန်စိုက်တန်းပြိုင်ပွဲတွင် ခုနစ်ဖွဲ့ယှဉ်ပြိုင်၍ ပထမအဆင့်ဝင်ပြိုင်ပွဲ၌ ၁၀ ဖွဲ့ ယှဉ်ပြိုင်ကြပါသည်။ တံခွန်စိုက်တန်းတွင် မန္တလေးခရိုင်(ခ) အဖွဲ့က ပထမရပြီး ပထမအဆင့်ဝင် ပြိုင်ပွဲ၌ ပခုက္ကူခရိုင် ခြင်းအဖွဲ့က ပထမအနိုင်ရလေသည်။ မန္တလေးခရိုင်(ခ) အဖွဲ့မှ ခတ်သားများမှာ (၁) ကိုညိုဌေး၊ (၂) ကို[illegible]ဖေ၊ (၃) ကိုဘသိန်း၊ (၄) ကိုလှဖေ၊ (၅) ကိုချစ်မောင်၊ (၆) ကိုထွန်းရှိန်၊ (၇) ကိုလေးသောင်နှင့် (၈) ကိုသောင်းတို့ ဖြစ်ကြပါသည်။

## ထူးခြားသည့်အချက်များ

ခရိုင်ပေါင်းစုံ တံခွန်စိုက် ခြင်းလုံးခတ်ပြိုင်ပွဲ နယ်မှာတွင် ပထမဦးဆုံး ကျင်းပခဲ့ခြင်းဖြစ်ပြီး အနယ်နယ် အရပ်ရပ်မှ ပြိုင်ပွဲ



ဝင်ရန် လာကြသော ခြင်းအဖွဲ့များအား မီးရထား၊ သင်္ဘောနှင့် လေယာဉ်ပျံ ဌာနတို့က ခရီးစရိတ် ၂၅ ရာခိုင်နှုန်း လျှော့၍ ယူကြပါသည်။ ခြင်းလုံးအားကစားသမားများအတွက် ခရီးစရိတ် နှစ်ဆယ့်ငါးရာခိုင်နှုန်း လျှော့ပေးခြင်းသည် ပထမဦးဆုံး အကြိမ်ပင် ဖြစ်လေသည်။

## ဝိုင်းဝန်း ကူညီကြခြင်း

ပြိုင်ပွဲကြီးအတွက် အကုန်အကျခံ၍ မန္တလေး မြူနီစီပယ် အဖွဲ့က ငွေ ၁၀၀၀ိ၊ မန္တလေး မြင်းပြိုင်ပွဲ အသင်းက ငွေ ၁၀၀၀ိ မတည်ပြီး ပြည်သူ့ရိက္ခာထောက်ပံ့ရေးဌာန၊ ယစ်မျိုးဌာန၊ ပွဲခွန်တော်ဌာန၊ မန္တလေးခရိုင် ရဲအဖွဲ့၊ သားရေဖိနပ်လုပ်ငန်းပိုင်ရှင်များ အစည်းအရုံး၊ အထက် မြန်မာပြည် မော်တော်ယာဉ်အသင်း၊ မြို့တော်သိန်းအောင် ဇာတ်အဖွဲ့ စသည်တို့က ရန်ပုံငွေ ထူကြပါသည်။ ရဲသိပ္ပံကျောင်းအုပ် ရဲမင်းကြီးဦးဖိုးစောထူးက [illegible]င်ရောအဖွဲ့ဖြင့် ဖွင့်ပွဲကျင်းပရာတွင် ကူညီလေသည်။

ခရိုင်အသီးသီးမှ လာရောက်ကြသော ခြင်းအဖွဲ့သားများ တည်းခိုနေထိုင်ရန် မင်္ဂလာဈေး အနောက်ဘက် ရှိ ရန်ကုန် တက္ကသိုလ် ဆေးအတတ်သင် မဟာဌာနခွဲ ကျောင်းအဆောက်အအုံကြီးကို ၎င်းကျောင်းအုပ်ကြီး ပရော်ဖက်ဆာ မစ္စတာ ချောက်ဒရီနှင့် ရုံးအုပ်ကြီး ဦးထွန်းလွင်တို့က ခွင့်ပြုခဲ့ကြပါသည်။

ခြင်းလုံးခတ်ပြိုင်ပွဲကြီး ကျင်းပရန် မန္တလေးမြို့ စီဗီလိုင်းတွင် တည်ရှိသော ဆရာအတတ်သင် သိပ္ပံကျောင်း၏ ကပွဲခန်းမဆောင်နှင့်တကွ ကုလားထိုင်များ၊ စားပွဲများ အပြင်

www.burmeseclassic.com

www.burmeseclassic.com



အသား ကျောက်သင်ပုန်းကြီးများကိုပါ အသုံးပြုရန် ကျောင်းအုပ်ဆရာကြီး ဝဏ္ဏကျော်ထင် ဦးချစ်တင်က ခွင့်ပြုခဲ့ပါသည်။

ခြင်းပြိုင်ပွဲသို့ ဂုဏ်ပြုစဉ် လာရောက် ကြည့်ရှုအားပေးကြသော အထူး ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် ခြင်းခတ်သားများ အားလုံးကို တိုက်ကျွေး ဧည့်ခံရန်အတွက် မန္တလေးမြို့ပေါ်မှ ဆန်းဘိလပ်ရည် ကုမ္ပဏီ၊ ရွှေနန်းတော် ဘိလပ်ရည် ကုမ္ပဏီ၊ လိပ်ပြာဘိလပ်ရည်ကုမ္ပဏီ၊ တောင်ပံကား ဘိလပ်ရည်ကုမ္ပဏီနှင့် ရေခဲတောင် ဘိလပ်ရည် ကုမ္ပဏီတို့က ဘိလပ်ရည် ပုလင်း ၅၀၀ စီ အလှူဒါန ပြုကြလေသည်။ မန္တလေးမြို့ရှိ သတင်းစာတိုက်များ ဖြစ်ကြသော လူထုသတင်းစာ၊ ဗဟိုချုပ်သတင်းစာ၊ မန္တလေးသူရိယ သတင်းစာ၊ ဟစ်တိုင် သတင်းစာနှင့် မြန်မာ့လမ်းစဉ်သတင်းစာ စသည့် သတင်းစာတိုက် အားလုံးကလည်း ပြိုင်ပွဲကျင်းပမည့် နှစ်လက ကြိုတင်၍ ခြင်းပြိုင်ပွဲ စည်းမျဉ်း ဥပဒေများကို နေ့စဉ် ဖော်ပြပေးခဲ့ကြသည့်အပြင် ပြိုင်ပွဲ ကျင်းပနေသည့် ရက်များအတွင်း အနိုင်အရှုံး သတင်းများကိုလည်း ဖော်ပြပေးခြင်းဖြင့် ကူညီကြလေသည်။

## ဆုချီးမြှင့်သည့် အခမ်းအနား

၁၉၅၇ ခုနှစ် ဧပြီလ ၂၉ ရက်နေ့ညတွင် ဆရာအတတ်သင်သိပ္ပံကျောင်း၏ ကပွဲခန်းမဆောင်၌ ဆုပေးအခမ်းအနား ကျင်းပရာ အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ရှိုင်ပေါင်းစုံမှ ခြင်းသမားများကို ကြက်သားဒံပေါက်ဖြင့် ညစာစားပွဲ တည်ခင်းကျွေးမွေးပြီး ရေခဲမုန့်တိုက်ကျွေးလျက် အငြိမ့်ပွဲနှင့် ဧည့်ခံ ဖျော်ဖြေခဲ့ပါသည်။



## အမှတ်ခတ် တိုးတက်လာခြင်း

၁၉၅၃ ခုနှစ် ညီလာခံကြီးမှ ရေးဆွဲ အတည်ပြုခဲ့ကြသော အမှတ်ခတ်ပြိုင်ပွဲ စည်းမျဉ်း ဥပဒေကို စတင်၍ လေ့ကျင့် ခတ်ကစားခဲ့ကြရာတွင် နယ်မှ အသင်းများမှာ အသားတင် အမှတ် ရအောင် မခတ်နိုင်ကြသေးပဲ ရမှတ်ထက် ခြင်းမြေကျ အမှတ်ကပင် များနေသည်ကို တွေ့ကြရပါသည်။

၁၉၅၆ ခုနှစ်သို့ ရောက်လာသောအခါ ရန်ကုန်မြို့ အောင်ဆန်းကစားကွင်း၌ ကျင်းပသည့် သုံးကြိမ်မြောက် ရှိုင်ပေါင်းစုံ ခြင်းလုံးခတ် တံခွန်စိုက် ပြိုင်ပွဲတွင် မန္တလေးရှိုင် ခြင်းအဖွဲ့က ၁၂၉ မှတ် အသားတင် ရအောင် ခတ်ကစားနိုင်ပြီး မြင်းခြံရှိုင် ခြင်းအဖွဲ့က ၂၆၃ မှတ် အသားတင်ရသည်။ ရန်ကုန်ရှိုင် ခြင်းအဖွဲ့က အသားတင် အမှတ် ၃၀၀ အထိ ခတ်ကစားနိုင်သည်ကို တွေ့ရပါသည်။ ၁၉၅၇ ခုနှစ်သို့ ရောက်သောအခါ မန္တလေး၌ ကျင်းပသည့် လေးကြိမ်မြောက် တံခွန်စိုက် ပြိုင်ပွဲတွင် ရန်ကုန်ရှိုင် ခြင်းအဖွဲ့က အသားတင် အမှတ် ၄၀၀ ကျော်ရရှိအောင် ခတ်ကစား သွားလေသည်။ ရန်ကုန်ရှိုင် ခြင်းအဖွဲ့မှ ခတ်သားများမှာ (၁)ဦးအောင်ကိုး၊ (၂)ဦးထွန်းသောင်၊ (၃)ဦးသိန်းတန်၊ (၄)ကိုတင်အေး၊ (၅) ကိုလှမောင်နှင့် (၆)ကိုမြအေးတို့ ဖြစ်ကြပါသည်။ ထိုအချိန်အခါက တခြားရှိုင်မှ ပါဝင်ယှဉ်ပြိုင်ကြသော အဖွဲ့များသည် အသားတင်အမှတ် ၄၀၀ ရအောင်ပင် ခတ်နိုင်ကြပါ။

## အထက် မြန်မာပြည်နှင့် အောက်မြန်မာပြည် ဗိုလ်လုပွဲ

၁-၄-၅၆ နေ့မှ ၁၁-၄-၅၆ နေ့ အထိ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းကွင်း၌ ကျင်းပခဲ့သော ခရိုင်ပေါင်းစုံ ခြင်းခတ်ပြိုင်ပွဲ၌ ပထမဦးဆုံးအကြိမ် အဖြစ် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဗိုလ်လုပွဲကို အမှတ်ခတ် တမျိုးတည်းဖြင့် သုံးရက်ဆက် သုံးကြိမ် ယှဉ်ပြိုင်ကြရလေသည်။ ပထမနေ့တွင် အထက်မြန်မာပြည်က ရှုံးပြီး နောက်နှစ်ရက်တွင် အထက်မြန်မာပြည်အဖွဲ့က နိုင်၍ ရတနာကျော် စီခြယ်ထားသည့် နှစ်ထောင်တန် ငွေအုပ်ကြီးကို အထက်မြန်မာပြည် ခြင်းအဖွဲ့က ရရှိပါသည်။

အထက်မြန်မာပြည်အဖွဲ့မှ ခတ်သားများမှာ (၁)ကိုညိုဗွေး (မန္တလေး)၊ (၂) ကိုချစ်တီး (မန္တလေး)၊ (၃) ကိုဘဟန် (မြင်းခြံ)၊ (၄) ကိုမောင်မောင် (မြင်းခြံ)၊ (၅) ကိုဘညိမ်း (ပခုက္ကူ)နှင့် (၆)ကိုအေး (ပခုက္ကူ) တို့ ဖြစ်ကြပါသည်။

ဤပြိုင်ပွဲကို အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဗိုလ်လုပွဲဟူ၍ နာမည်တပ်သော်လည်း အောက်မြန်မာပြည် ခြင်းအဖွဲ့အနေဖြင့် ခတ်သားများမှာ ရန်ကုန်ခရိုင် ခြင်းအဖွဲ့သားများသာ ဖြစ်လေသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ရတနာစီခြယ်ထားသော ငွေအုပ်ကြီးကို လှူဒါန်းက အလှူရှင် ရတနာပုံ ဦးဘသည် အထက်မြန်မာပြည် ဗိုလ်လုပွဲ ကျင်းပပေးရန်အတွက် ရည်မှန်း၍ လှူသောဆု ဖြစ်ခြင်းကြောင့် ပွဲဖြစ်မြောက်အောင် စီစဉ်လိုက်ရခြင်း ဖြစ်လေသည်။ သို့ဖြစ်၍ ထိုနှစ်က တံခွန်စိုက်တန်းပြိုင်ပွဲ၌ အောက်မြန်မာပြည်မှ ရန်ကုန် တခရိုင်တည်းသာလျှင် ပါဝင်ခြင်း ဖြစ်လေသည်။

၁၉၅၆ ခုနှစ် ပြိုင်ပွဲဝင် ခရိုင်များမှာ ရန်ကုန်ခရိုင်မှ နှစ်ဖွဲ့၊ မန္တလေးခရိုင်မှ တဖွဲ့၊ ပခုက္ကူခရိုင်မှ တဖွဲ့၊ မြင်းခြံခရိုင်မှ တဖွဲ့၊ မိတ္ထီလာခရိုင်မှ တဖွဲ့၊ တောင်ငူခရိုင်မှ တဖွဲ့၊ ရမည်းသင်းခရိုင်မှ တဖွဲ့နှင့် ပုသိမ်ခရိုင်မှ တဖွဲ့ လာရောက်ကြပြီးလျှင် တံခွန်စိုက်တန်း၌ ငါးခရိုင်မှ ခြောက်ဖွဲ့ ဝင်ရောက် ယှဉ်ပြိုင်ကြ၍ ပထမအဆင့်ဝင် အတန်းတွင် ပုသိမ်ခရိုင် ခြင်းအဖွဲ့နှင့် တောင်ငူခရိုင် ခြင်းအဖွဲ့၊ ရမည်းသင်းခရိုင် ခြင်းအဖွဲ့တို့ သုံးဖွဲ့ ယှဉ်ပြိုင်ကြရာ ပုသိမ်ခရိုင် ခြင်းအဖွဲ့က ပထမ အနိုင်ရရှိလေသည်။ တံခွန်စိုက်ပြိုင်ပွဲတွင် မန္တလေးခရိုင် ခြင်းအဖွဲ့နှင့် ရန်ကုန်ခရိုင် (၁) ခြင်းအဖွဲ့တို့ အမှတ်ကြီး ၁၀ မှတ်ချင်းတူနေ၍ တံခွန်စိုက် ဆုဖလားကြီးကို ခြောက်လစီ ပူးတွဲခွဲယူကြရသည်။

မန္တလေးခရိုင်ခြင်းအဖွဲ့မှ ခတ်သားများမှာ (၁) ကိုချစ်တီး၊ (၂) ကိုစုရ၊ (၃) ကိုညိုဗွေး၊ (၄) ကိုဘသိန်း၊ (၅) ကိုသိန်းမောင်၊ (၆) ကိုသန်းလေး၊ (၇) ကိုလှသောင် (မြစ်ငယ်)နှင့် (၈) မောင်ပေါက်တို့ ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၈

# တပ်မတော်နှင့် ကျောင်းပေါင်းစုံ ခြင်းခတ် ပြိုင်ပွဲများ

ခရစ် ၁၉၅၃ ခုနှစ်တွင် ရန်ကုန်မြို့ ဗန္ဓုလပန်းခြံ၌ ကျင်းပသော မြို့တော်ဝန် ဒိုင်းလုပွဲ တတိယတန်းတွင် စစ်လက်နက်ပစ္စည်းတပ်မှ ခြင်းအဖွဲ့တဖွဲ့ ပါဝင် ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရခဲ့ဖူးလေသည်။ ၎င်းပြိုင်ပွဲ၏ အမှတ်ပေးပုံပေးနည်းမှာ ဘေးဖဝါး၊ ရှေ့ဖဝါး၊ ဘေးဖနောင့်တို့ကို တချက်တော်လျှင် တမှတ် ပေးသည်။ နှစ်ချက်၊ သုံးချက် မတော့ရပါ။ တော့လျှင်နောက်တော့သော အချက်များကို အမှတ်မပေးပါ။ ၎င်းပြိုင်ပွဲတွင် စစ်လက်နက် ပစ္စည်းတပ် ခြင်းလုံးအဖွဲ့က တခြားအဖွဲ့များ ခတ်ကစားသလို ထိပ်တိုက် ဝိုင်းကူးအောင်မခတ်ပဲ ဘေးမှာကပ်လျက်ရှိသော လူကိုပေး၍ ကရွတ်ကင်းလျှောက် ခတ်ကစားပြီး အမှတ်ယူကြသဖြင့် အခြား အဖွဲ့များထက် အမှတ်များ ပိုရ၍ ပထမအနိုင်ရခဲ့သော်လည်း ခြင်းလုံးခတ်ကစားသည့် အစဉ်အလာပျက်သောကြောင့် ကြည့်၍ မကောင်းပါ။

၎င်းပြိုင်ပွဲ၌ ကရွတ်ကင်းလျှောက် ခတ်ကစားသွားသည်ကို တွေ့ရခြင်းကြောင့် ၃၀-၆-၁၉၅၃ နေ့မှ ၆-၇-၁၉၅၃ နေ့အထိ ကျင်းပခဲ့သော ၃၃ ရှိုင် ညီလာခံကြီးတွင် ဥပဒေ





ရေးဆွဲရာ၌ ကရွတ်ကင်းလျှောက်မခတ်ရဆိုသော ဥပဒေစည်းကမ်းသတ်မှတ်ချက် ပါလာခြင်းဖြစ်လေသည်။

## ရန်ကုန်တပ်နယ်ခြင်းပြိုင်ပွဲ

ခရစ် ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တပ်နယ် ခြင်းလုံးတော်ပြိုင်ပွဲကို သီးခြားပြုလုပ်ခဲ့ပါသည်။ ၎င်းပြိုင်ပွဲ ဖြစ်မြောက်အောင်ဆောင်ရွက်ခဲ့သူမှာ ဗိုလ်ကြီးသန်းမောင် ဆိုသူ ဖြစ်လေသည်။ ပြိုင်ပွဲကျင်းပခဲ့သည့်နေရာမှာ ဆူးလေဘုရားလမ်းရှိ တပ်မတော်ကုန်စည်ဖြန့်ဖြူးရေးဆိုင်၏အပေါ် ထပ်တွင်ဖြစ်လေသည်။ ပြိုင်ပွဲတွင် စစ်လက်နက်ပစ္စည်းတပ် ခြင်းအဖွဲ့၊ စစ်မှတ်တမ်းရုံး ခြင်းအဖွဲ့နှင့် စစ်လက်နက်အလုပ်ရုံ ခြင်းအဖွဲ့တို့ ယှဉ်ပြိုင်ကြရာ စစ်လက်နက်ပစ္စည်းတပ်က ပထမ အနိုင်ရရှိသွားလေသည်။ ၎င်းပြိုင်ပွဲသို့ ဦးအရိန် ခေါင်းဆောင်သော ရန်ကုန်ရှိုင် ခြင်းအဖွဲ့က လာ၍ ဒိုင်အဖြစ် ဆောင်ရွက်ပေးကြပါသည်။ ထိုပြိုင်ပွဲတွင် အောက်ပါ စည်းမျဉ်းဥပဒေအတိုင်း ယှဉ်ပြိုင်ကြရပါသည်။

### စည်းမျဉ်းဥပဒေ

ခြင်းတဖွဲ့လျှင် ခတ်သား ငါးယောက်သာ ခတ်ကစားကြရမည်။ ခတ်ကစားချိန် မိနစ် ၃၀ ဖြစ်သည်။ ပထမ ၂၅ မိနစ်အတွင်း ခတ်သားတဦးကို ၅ မိနစ်စီ အချိန်ပေး၍ ကျန်လူလေးဦးက ခြင်းပို့ပေးပြီး ထိုခတ်သားတဦး ခတ်၍ရသည့်အမှတ်များကိုသာ ရေးမှတ်ထားရလေသည်။ ၎င်းနည်းဖြင့် ခတ်သားငါးဦးစလုံး စေ့သောအခါ ကျန်သည့်အချိန် ၅ မိနစ် ကိုဝိုင်းသည် ခတ်ကစားစေပြီး တဝိုင်းလည်တိုင်း ဝိုင်းလည်မှတ်ပေးသျက် အချိန်စေ့သောအခါ ရမှတ်အားလုံးကိုတည်၍ ခြင်းမြေ

www.burmeseclassic.com

ကျသည့် အရေအတွက်ကို နုတ်ပြီး အသားတင်ရမှတ် အနည်းအများကိုလိုက်၍ အရှုံးအနိုင် ဆုံးဖြတ်ပေးသော ဥပဒေဖြစ်သည်။

## တောင်ပိုင်းတိုင်း ပြေးခုန်ကစားပွဲ

ခရစ် ၁၉၅၄ ခုနှစ်တွင် တောင်ပိုင်းတိုင်း ပြေးခုန်ကစားပွဲအတွက် စည်းဝေးကြရာတွင် ခြင်းလုံးခတ်ပြိုင်ပွဲကို ထည့်သွင်းရန် ဗိုလ်ကြီးအောင်ဝင်းက အဆိုတင်သွင်း၍ ထည့်သွင်းရန်သဘောတူ လက်ခံကြပြီး ၎င်း ခြင်းပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် ဗိုလ်ကြီး အောင်ဝင်းကိုပင် တာဝန်ပေးကြပါသည်။ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်က ပြုလုပ်သည်ဖြစ်၍ တပ်အနေဖြင့် ဝင်ခွင့်မပြုပဲ တပ်မဟာအနေနှင့်ဖြစ်စေ၊ တပ်နယ် အနေနှင့်ဖြစ်စေ၊ ဧရတပ်အနေနှင့်ဖြစ်စေ၊ လေတပ်အနေနှင့် ဖြစ်စေ တသင်းစီ လူစုကာ ဝင်ခွင့်ပေးခဲ့လေသည်။ ပြိုင်ပွဲဝင် အသင်းများမှာ လေတပ်အသင်း၊ ရန်ကုန်တပ်နယ်အသင်း၊ တပ်မဟာ ၂ အသင်းနှင့် မှော်ဘီတပ်နယ်အသင်းတို့ ဖြစ်ကြပါသည်။ ပြိုင်ပွဲကို နှစ်မျိုးခွဲခြား၍ ထားပါသည်။ အတော့ခတ်ပြိုင်ပွဲနှင့် ဝိုင်းလည်အမှတ်ခတ်ပြိုင်ပွဲ။ အတော့ခတ်ပြိုင်ပွဲတွင် ညာခြေဖျားတော့၊ ဗယ်ခြေဖျားတော့၊ ညာတချက်၊ ဗယ်တချက် ခြေဖျားတော့ဟူ၍ သုံးမျိုး ယှဉ်ပြိုင်ကြရပါသည်။ တသင်းလျှင် နှစ်ဦးကျစီသာ ယှဉ်ပြိုင်စေပြီး သုံးမျိုးပေါင်း တဦးချင်း ဗိုလ်လုကြရသည်။ ၎င်းပြိုင်ပွဲတွင် တပ်မဟာ ၂ မှ တပ်သား ဗိုလ်ဝကညာခြေဖျားတော့ ၅၁၀၊ ဗယ်ခြေဖျားတော့ ၁၀၂ နှင့် ဗယ်တချက် ညာတချက် ၄၈ တော့ ရသဖြင့် တံခွန်စိုက်ဆုကို ရရှိလေသည်။



## ဝိုင်းလည်အမှတ်ခတ် ပြိုင်ပွဲစည်းမျဉ်း

ခြင်းတဝိုင်းလျှင် ခတ်သား ခြောက်ယောက်၊ ခတ်ကစားချိန် မိနစ် ၃၀ တိတိ၊ ပထမ ၁၀ မိနစ်အတွင်း ဘေးဖဝါး၊ ဘေးဖနောင့်၊ ရှေ့ဖဝါး၊ နှစ်ထပ်ခြေဖျား၊ နှစ်ထပ်ခြေခွင်၊ ခြေဖျားဝိုက် (အတွင်းအပြင်)၊ နှစ်ထပ်ဒူးတို့ကို သုံးမျိုးကွဲ သုံးယောက်ခတ်ကစားနိုင်လျှင် တမှတ် ပေးသည်။ နောက်ထပ်တယောက်တိုးတိုင်းတိုးတိုင်း တမှတ်တိုး၍ပေးသည်။

ဒုတိယပိုင်း မိနစ် ၂၀ အတွင်းမဟာဒူး၊ တည့်ဖဝါး၊ တည့်ဖနောင့်၊ စောင်းစလွယ်၊ ဖီလာဖဝါး၊ မဟာနွယ်၊ ပတ်ဒူး၊ ဖီလာဖနောင့်၊ ခတ်ပေါက်များကို တချက်တမှတ် လုံးချင်း အမှတ်ပေး၍ ၎င်း မိနစ် ၂၀ အတွင်း ခတ်သား ခြောက်ယောက်လုံးက သတ်မှတ်ထားသည့် ခတ်ပေါက် အားလုံးကို ပါဝင်အောင် ခတ်နိုင်လျှင် ဒုတိယပိုင်း ရမှတ်ပေါင်း၏ လေးပုံတပုံကို ဆုမှတ်အဖြစ် ပေးလေသည်။ ၎င်း ဝိုင်းလည်အမှတ်ခတ်ပြိုင်ပွဲ၌ ဗိုလ်ကြီးလှမောင်ခေါင်းဆောင်သော ရန်ကုန်တပ်နယ်အသင်းက ပထမရသည်။ ဗိုလ်ကြီး သန်းဆွေ ခေါင်းဆောင်သော လေတပ်အသင်းက ဒုတိယ၊ ဗိုလ်ကြီးခင်မောင် ခေါင်းဆောင်သော တပ်မဟာ ၂ က တတိယ စသည်ဖြင့် အသီးသီးအနိုင်ရရှိကြလေသည်။

ခရစ် ၁၉၅၅ ခုနှစ်တွင်လည်း တပ်ပေါင်းစုံ ခြင်းပြိုင်ပွဲကို ကျင်းပခဲ့ပါသည်။ ၎င်းနှစ်က ပြိုင်ပွဲဝင် အဖွဲ့များမှာ ရန်ကုန်တပ်နယ်အဖွဲ့၊ လေတပ်အဖွဲ့၊ တပ်မဟာ ၅ အဖွဲ့၊ တပ်မဟာ ၃ အဖွဲ့နှင့် မင်္ဂလာဒုံ တပ်နယ်အဖွဲ့တို့ ဖြစ်ကြပါသည်။ အတော့ခတ်နှင့် အမှတ်ခတ်တွင် လေတပ်က ပထမရ၍ ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



တပ်နယ်က ဒုတိယရသည်။ ထိုနှစ်က တောင်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ရှိ တပ်များမှလူစုကာ ရန်ကုန်မြို့ မြို့တော်ဝန် ဒိုင်းလုပွဲတွင် တောင်ပိုင်းတိုင်း အသင်းအဖွဲ့နှင့် ဒုတိယတန်းနှင့် တတိယတန်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဒုတိယတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်သောအဖွဲ့က ပထမရလေသည်။ ၁၉၅၅ ခုနှစ်အတွင်း ရန်ကုန်တပ်နယ်ပြိုင်ပွဲ၊ မင်္ဂလာဒုံ တပ်နယ်ပြိုင်ပွဲနှင့် တပ်မဟာ ၈ ပြိုင်ပွဲများလည်း ကျင်းပခဲ့ကြပါသည်။

ခရစ် ၁၉၅၆ ခုနှစ်တွင် ကျင်းပသည့် ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြသော အဖွဲ့များမှာ ရန်ကုန်တပ်နယ်အဖွဲ့၊ တပ်မဟာ ၃ အဖွဲ့၊ တပ်မဟာ ၅ အဖွဲ့၊ မင်္ဂလာဒုံတပ်နယ်အဖွဲ့၊ လေတပ်အဖွဲ့နှင့် ရေတပ်အဖွဲ့တို့ ဖြစ်ကြပါသည်။ အတော့ခတ် ပြိုင်ပွဲတွင် ရန်ကုန်တပ်နယ်အဖွဲ့က ပထမရသည်။ လေတပ်အဖွဲ့က ဒုတိယရသည်။ ဝိုင်းလည် အမှတ်ခတ်ပြိုင်ပွဲတွင် လေတပ်က ပထမ ရလေသည်။ ရန်ကုန်တပ်နယ်က ဒုတိယ ရသည်။

အတော့ခတ် ပြိုင်ပွဲတွင် ဗယ်ခြေဖျား၊ ညာခြေဖျား၊ ဗယ်ဘေးဖဝါး၊ ညာဘေးဖဝါး၊ စောင်းလွှယ်နှင့် မဟာဒူးကိုပါ တော့ကြရလေသည်။ တပ်မဟာ ၃ မှ ဗိုလ်ကြီးတင်မြင့်သည် ညာခြေဖျားတော့ ၁၁၁၀၊ ဗယ်ဘေးဖဝါးတော့ ၈ တော့ရှိသည်။ တပ်သား လှမောင် (စလင်း)က ညာဘေးဖဝါးတော့ ၈၉ တော့ဖြင့် စံချိန် တင်လိုက်သည်။

ထိုနှစ်က ရန်ကုန်မြို့ လွတ်လပ်ရေးအောင်ပွဲတွင် ကျင်းပသည့် ခြင်းလုံးခတ် ပြိုင်ပွဲ၌ တောင်ပိုင်းတိုင်းအဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်ရာ ဝိုင်းဖွဲ့အလှခတ်တွင် ဒုတိယ၊ ဝိုင်းဖွဲ့ အမှတ်ခတ်တွင် တတိယဆု ရရှိလေသည်။



## ကြည်း၊ ရေ၊ လေ ပြိုင်ပွဲ

ခရစ် ၁၉၅၆ ခုနှစ်တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြိုင်ပွဲကို စတင်ကျင်းပခဲ့ရာ အောက်ပါတပ်ဖွဲ့များ ပါဝင်ယှဉ်ပြိုင်ကြပါသည်။ ယင်းတို့မှာ တောင်ပိုင်းတိုင်း ခြင်းအဖွဲ့၊ မြောက်ပိုင်းတိုင်း ခြင်းအဖွဲ့၊ လေတပ်အဖွဲ့နှင့် ရေတပ်အဖွဲ့တို့ ဖြစ်ကြပါသည်။ အတော့ခတ် မပါ။ ထိုပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းအဖွဲ့က ပထမ၊ လေတပ်က ဒုတိယ၊ ရေတပ်က တတိယ၊ မြောက်ပိုင်းတိုင်းက စတုတ္ထ ရရှိလေသည်။

### ဝိုင်းဖွဲ့အမှတ်ခတ်စည်းမျဉ်း

ခြင်းတဝိုင်းလျှင် ခတ်သား ခြောက်ယောက်၊ ခတ်ကစားချိန် မိနစ် ၃၀၊ ပထမ ၁၀ မိနစ်အတွင်း ဘေးဖဝါး၊ ရှေ့ဖဝါး၊ ဘေးဖနောင့်၊ ရှေ့ဖနောင့်၊ ဘေးပေါက်တို့ကို ရောရောမျိုးကွဲ သုံးဦးခတ်နိုင်လျှင် တမှတ်က ရေပေးသည်။ နောက်ထပ် ငါးဦးစီ တိုးရှုခတ်နိုင်လျှင် တမှတ်ကျ တိုးပေးသည်။ ဥပမာ သုံးဦးခတ်နိုင်မှ တမှတ်ရသဖြင့် ခြောက်ဦးစလုံး ခတ်နိုင်လျှင် နောက်လှသုံးဦးအတွက်က သုံးမှတ်ရသောကြောင့် ခြင်းတဝိုင်းလည်လျှင် ခြောက်မှတ်ရပါသည်။

ဒုတိယ ၁၀ မိနစ်အတွင်း ဖိလာဖဝါး၊ ဖိလာဖနောင့်၊ ဖိလာလွှယ်၊ လှည့်လွှယ်၊ စောင်းလွှယ်၊ ပတ်ဒူး၊ မဟာနှယ်၊ ပတ်ဖဝါး၊ ပတ်ဖနောင့်တို့ကို မျိုးကွဲ အကူး သုံးယောက်ကောင်း တမှတ်ကစ၍ အမှတ်ပေးသည်။ ၎င်းခြင်းပေါက်များအားလုံး စုံအောင် ခတ်နိုင်လျှင် ဤဝိုင်းမှ ရမှတ်ပေါင်း၏ လေးပုံပုံ တပုံ အမှတ်ကို အပိုဆုအဖြစ် ထပ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၀ မိနစ်ဝိုင်းတွင် ဖီလာဖဝါး၊ ပတ်ဖဝါး၊ စောင်းစလွှယ်၊ ဖီလာစလွှယ်၊ ဖီလာဖနောင့်၊ ပတ်ဖနောင့်၊ တည့်ဖဝါး၊ တည့်ဖနောင့်၊မဟာဒူး၊ ပတ်ဒူး၊ မဟာနှုယ်များကို မျိုးတူနှစ်ယောက် ခတ်နိုင်လျှင် တမှတ်က စ၍ပေးသည်။ နှစ်ယောက်မှ အထက် တယောက်တယောက် ခတ်နိုင်တိုင်း နှစ်မှတ်ကျ တိုးပေးသည်။

အထက်ဖော်ပြပါ ပြိုင်ပွဲများအပြင် ၁၉၅၆ ခုနှစ်အတွင်းက ရန်ကုန်တပ်နယ်နှင့် မင်္ဂလာဒုံတပ်နယ်တို့တွင် တပ်အချင်းချင်း ပြိုင်ပွဲ ကျင်းပခဲ့လေသည်။ မြောက်ပိုင်းတိုင်း၌ တပ်မဟာနှင့် တပ်နယ်အလိုက်ပြိုင်ပွဲတွင် မေမြို့တပ်နယ်အဖွဲ့က ပထမ ရရှိလေသည်။

မေမြို့တပ်နယ် ပြိုင်ပွဲပြုလုပ်ရာတွင် အချက်ပြ အတတ်သင် ကျောင်းအဖွဲ့က ပထမ ရရှိလေသည်။ ၁၉၅၆ ခုနှစ်အတွင်းက တပ်မတော် ခြင်းပြိုင်ပွဲများ ခေတ်အစားဆုံး ဖြစ်လေသည်။

ခရစ် ၁၉၅၇ ခုနှစ်တွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ခြင်းလုံးခတ်ပြိုင်ပွဲကျင်းပရာ ရန်ကုန်တပ်နယ်ခြင်းအဖွဲ့၊မင်္ဂလာဒုံ တပ်နယ်ခြင်းအဖွဲ့၊ လေတပ် ခြင်းအဖွဲ့၊ ရေတပ် ခြင်းအဖွဲ့နှင့် တပ်မဟာ ၅ တို့ ပါဝင် ယှဉ်ပြိုင်ခဲ့ကြလေသည်။ ယခင်နှစ်က စည်းမျဉ်းဥပဒေများကိုအောက်ပါအတိုင်း အနည်းငယ်ပြင်ဆင် ၍ ပြိုင်ကြရသည်။ အတော့ခတ်ပြိုင်ပွဲတွင် စောင်းလွှယ်အစား ရှေ့ဖဝါးကိုတော့ရသည်။ ဝိုင်းဖွဲ့ အမှတ်ခတ်ပြိုင်ပွဲတွင် တတိယ ပိုင်း ၁၀ မိနစ် မျိုးတူခတ်ရာ၌ ယခင်က နှစ်ယောက် ခတ် နိုင်လျှင် တမှတ်က၍ အမှတ်ပေးခဲ့သော်လည်း ယခု သုံးယောက် ခတ်နိုင်မှ တမှတ်က၍ ပေးသည်။ ၎င်းပြိုင်ပွဲ တွင် အတော့ခတ်၌ လေတပ်က ဒုတိယ၊ ရန်ကုန်တပ်နယ်က



ပထမ ရလေသည်။ ဝိုင်းဖွဲ့ အမှတ်ခတ်ပြိုင်ပွဲတွင် လေတပ်က ပထမ၊ ရန်ကုန်တပ်နယ်က ဒုတိယ ရလေသည်။

ခရစ် ၁၉၅၇ ခုနှစ်တွင် ရန်ကုန်မြို့၌ လွတ်လပ်ရေးအောင်ပွဲ တွင် ကျင်းပသော ခြင်းလုံးခတ် ပြိုင်ပွဲသို့ တပ်မတော်အဖွဲ့က အရပ်သင်းများနှင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ခြင်းအလှခတ်တွင် ဒုတိယဆု ရရှိခဲ့လေသည်။ ထိုနှစ်အတွင်း မန္တလေးမြို့၌ ကျင်းပ သည့်လေ ကြိမ်မြောက် ခရိုင်ပေါင်းစုံ ခြင်းလုံးခတ် တံခွန်စိုက် ပြိုင်ပွဲကြီးသို့ ဗိုလ်ကြီး အောင်ဝင်း (ကြည်း) နှင့် ဗိုလ်ကြီး သန်းဆွေ(လေ)တို့ဦးဆောင်ပြီး လာရောက်၍ ပထမအဆင့်ဝင် ပြိုင်ပွဲ၌ တပ်မတော်ခြင်းအဖွဲ့ နှစ်ဖွဲ့ ပါဝင် ယှဉ်ပြိုင်ကြရာ အဆင့်ပြိုင်ပွဲတွင် ယှဉ်ပြိုင်သော အဖွဲ့ ၁၀ ဖွဲ့ ရှိသည့်အနက် တပ်မတော်(က)အဖွဲ့က တတိယရလေသည်။တပ်မတော်(က) အဖွဲ့မှပါဝင်ခတ်ကစားကြသူများမှာ ဗိုလ်ကြီးသန်းဆွေ(လေ)၊ တပ်ကြပ်ကြီး ခင်မောင်ကြည် (လေ)၊ တပ်ကြပ်ကြီး ကိုကြီး (လေ)၊ ဗိုလ်ကြီး လှမောင်(ကြည်း)၊ ဗိုလ်ကြီး ခင်မောင် (ကြည်း) နှင့် တပ်သား ဦးတင် (ကြည်း) တို့ ဖြစ်ကြလေ သည်။

## တပ်ရင်းတပ်ဖွဲ့အလိုက် ပြိုင်ပွဲများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ခြင်းလုံး တံခွန်စိုက်ပြိုင်ပွဲများ

မြန်မာ့တပ်မတော်မှ တပ်ရင်းတပ်ဖွဲ့အလိုက် ခြင်းခတ်ပြိုင်ပွဲ များနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ခြင်းလုံးတံခွန်စိုက် ပြိုင်ပွဲများကို ၁၉၆၄ ခုနှစ်မှစ၍ နှစ်စဉ်လိုလို ကျင်းပခဲ့ရာ အောက်ပါအတိုင်း အကျဉ်းမျှ မှတ်တမ်းတင်ဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၆၄ ဒီဇင်ဘာလ

အနောက်မြောက်တိုင်း စစ်ဌာနချုပ် (နမခ) တပ်ရင်း တပ်ဖွဲ့အလိုက် ခြင်းတော်ပြိုင်ပွဲကို မန္တလေးနန်းတွင်း နန္ဒဝန် ဉယျာဉ်၌ကျင်းပသည်။ အမှတ် ၂ လေ့ကျင့်ရေးတပ်မှ ရဲဘော် ထွန်းမြတ်က အကြိမ်ပေါင်း ၃၉၄၇ ဖြင့် ခြေဖျားတော့စံချိန် တင်သည်။

## ၁၉၆၅ ဒီဇင်ဘာလ

နမခ တပ်ရင်းတပ်ဖွဲ့အလိုက် ခြင်းလုံးတံခွန်စိုက် ပြိုင်ပွဲတွင် မေမြို့ အမှတ် ၂ လေ့ကျင့်ရေးတပ်မှ တပ်သားစန်းငွေက အကြိမ်ပေါင်း ၇၁၄၂ ဖြင့် ခြေဖျားတော့စံချိန်တင်သည်။

## ၁၉၆၇ ဧပြီလ

တပ်မတော်(ကြည်း၊ ရေ၊ လေ) ခြင်းလုံးတံခွန်စိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ တပ်မတော်မှတ်တမ်းရုံး၌ ကျင်းပရာ နမခ အသင်း က တံခွန်စိုက်ဆုရရှိသည်။ နမခသည် ၁၉၆၄ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ လေးနှစ်ဆက်တိုက် ဗိုလ်စွဲခြင်းဖြစ်သည်။ ဤနှစ် စ၍ ပိုက်တန်းကျော် ခြင်းတော်ပြိုင်ပွဲကျင်းပရာ ရန်ကုန်တိုင်း စစ် ဌာနချုပ်က ပထမ၊ တပ်မတော် (လေ) က ဒုတိယ ရရှိသည်။

## ၁၉၆၈ မေလ

တပ်မတော် (ကြည်း၊ ရေ၊ လေ) ခြင်းလုံးတံခွန်စိုက်ပြိုင်ပွဲ ကို ပုသိမ်မြို့၌ပြုလုပ်ရာ နမခ အသင်းက ပထမ၊ အလယ်ပိုင်း တိုင်းအသင်းက ဒုတိယရသည်။ ဝိုင်းလည်ခတ်ပြိုင်ပွဲတွင် နမခ



အသင်းက ပထမ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက ဒုတိယ ရရှိပြီး ပိုက်တန်းခြင်းခတ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်းက ပထမ၊ တပ်မတော် (လေ) က ဒုတိယရရှိသည်။

## ၁၉၆၉ မတ်လ

တပ်မတော် (ကြည်း၊ ရေ၊ လေ) ခြင်းလုံးခတ်ပြိုင်ပွဲကို မိတ္ထီလာ လေ့ကျင့်ရေးတပ်စခန်း၌ကျင်းပရာ ဝိုင်းလည်ခတ် ပြိုင်ပွဲတွင် နမခအသင်းက ပထမ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက ဒုတိယရသည်။ ပိုက်တန်းခတ်ပြိုင်ပွဲတွင် တပ်မတော် (လေ) က ပထမ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက ဒုတိယ ရသည်။

## ၁၉၆၉ နိုဝင်ဘာလ

အနောက်မြောက်တိုင်း စစ်ဌာနချုပ်၏ တပ်ရင်း တပ်ဖွဲ့ အလိုက် ပိုက်တန်းခြင်းခတ်ပြိုင်ပွဲကို မန္တလေးနန်းတွင်း နမခ စစ်ဌာနချုပ်၌ ကျင်းပရာ စစ်တက္ကသိုလ်အသင်းက ပထမ၊ အမှတ် ၂ လေ့ကျင့်ရေးတပ်အသင်းက ဒုတိယ ရရှိသည်။

## ၁၉၆၉ ဒီဇင်ဘာလ

အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ တပ်ရင်းတပ်ဖွဲ့အလိုက် ခြင်းခတ်ပြိုင်ပွဲကို မော်လမြိုင်မြို့၌ ကျင်းပရာ အသင်း ၁၂ သင်း ပါဝင် ယှဉ်ပြိုင်သည်။ ပိုက်တန်းခတ်ပြိုင်ပွဲတွင် ခလရ ၅၁ က ပထမ၊ ၅၂၅ ထောက်ပို့တပ်ရင်းက ဒုတိယ၊ ၅၅၅ အလုပ်ရုံတပ်ခွဲ လျှပ်စစ်အသင်းက တတိယရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၇၀ ဖေဖော်ဝါရီလ

ဒုတိယကာကွယ်ရေး ဦးစီးချုပ် (လေ) တံခွန် စိုက် ဒိုင်း ခြင်းခတ်ပြိုင်ပွဲကို မင်္ဂလာဒုံ ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်း၌ ကျင်းပရာ အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်သည်။

## ၁၉၇၀ ဧပြီလ

ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) တံခွန်စိုက်ခြင်းလုံးခတ်ပြိုင်ပွဲကို တောင်ကြီးမြို့၌ကျင်းပရာ ဝိုင်းလည်အလှခတ်ပြိုင်ပွဲ၌ နမခအသင်းက ပထမ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းက ဒုတိယ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက တတိယရသည်။ ပိုက်တန်း ခြင်းလုံး တံခွန်စိုက်ပြိုင်ပွဲတွင် နမခအသင်းက ပထမရသည်။

## ၁၉၇၁ ဧပြီလ

ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း ရေ၊ လေ) အားကစားပြိုင်ပွဲများကို မော်လမြိုင်မြို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ် အားကစားကွင်းတွင် ကျင်းပရာ ခြင်းလုံး ဝိုင်းလည်ခတ်ပြိုင်ပွဲ၌ နမခအသင်းက ပထမ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက ဒုတိယ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အသင်းက တတိယရသည်။

## ၁၉၇၁ ဒီဇင်ဘာလ

ဒုတိယကာကွယ်ရေးဦးစီးချုပ် (လေ) ၏ ခြင်းလုံး တံခွန် စိုက် ပြိုင်ပွဲကို မိတ္ထီလာမြို့ လေ့ကျင့်ရေးလေတပ်စခန်းတွင် ပြုလုပ်ရာ လေတပ်စခန်းအသီးသီးမှ အသင်း ခြောက် သင်း ပါဝင်ယှဉ်ပြိုင်သည်။



## ၁၉၇၂ ဇန်နဝါရီလ

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး တံခွန်စိုက်ဒိုင်း ခြင်းခတ်ပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမှတ် ၃ သေနတ်ကိုင်တပ်ရင်းတွင် ကျင်းပရာ အမှတ် ၁ ပင်မအလုပ်ရုံ (လျှပ်စစ်) အသင်းက ဗိုလ်စွဲသည်။

ဒုတိယကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း ခြင်းခတ်ပြိုင်ပွဲကို သန်လျက်စွန်း ရေတပ်စက်မှုလက်မှုတပ်တွင် ပြုလုပ်ရာ ဝိုင်းလည်ခတ်ပြိုင်ပွဲ၌ ရေတပ်သင်္ဘောကျင်းအသင်းက ပထမ၊ ဆိပ်ကြီးတပ်နယ်အသင်းက ဒုတိယရသည်။ ပိုက်တန်းခတ် ပြိုင်ပွဲတွင် ရခိုင် ရေတပ်စခန်းဌာနချုပ်အသင်းက ပထမ၊ ဆုဝတီ ရေတပ်စခန်းဌာနချုပ်အသင်းက ဒုတိယရသည်။

## ၁၉၇၂ ဖေဖော်ဝါရီလ

ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ခြင်းလုံးခတ်ပြိုင်ပွဲကို မော်လမြိုင်မြို့၌ ကျင်းပသည်။ ဝိုင်းဖွဲ့ (၁) နှင့် ဝိုင်းဖွဲ့ (၂) ပြိုင်ပွဲများအဖြစ် ယှဉ်ပြိုင် ခတ်ကစားကြရသည်။

## ၁၉၇၂ နိုဝင်ဘာလ

ဒုတိယကာကွယ်ရေးဦးစီးချုပ် (လေ) ၏ တံခွန်စိုက်ဒိုင်း ခြင်းခတ်ပြိုင်ပွဲကို မင်္ဂလာဒုံ ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်းတွင် ကျင်းပသည်။ ပါဝင်ယှဉ်ပြိုင်သော အသင်း များမှာ

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဒုံ ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်း၊ မိတ္ထီလာ လေ့ကျင့်ရေးလေတပ်စခန်း၊ မိတ္ထီလာရှမ်းတဲ အမှတ် ၅၀၃ လေတပ်စခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)၊ မြစ်ကြီးနား အမှတ် ၂ လေယာဉ်မောင်းသင်ကျောင်းနှင့် မှော်ဘီ အမှတ် ၅၀၁ လေတပ်စခန်းအသင်းများ ဖြစ်ကြသည်။

## ၁၉၇၃ ဇန်နဝါရီလ

ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ခြင်းလုံးခတ်ပြိုင်ပွဲကို မန္တလေး နန်းတွင်းအားကစားရုံတွင် ကျင်းပသည်။ ပြိုင်ပွဲလေးမျိုးပေါင်းတွင် နမခအသင်းက ၂၂ မှတ်ဖြင့် တံခွန်စိုက်ဒိုင်းဆုကြီးကိုဆွတ်ခူးသည်။ တပ်မတော် (ရေ) အသင်းက ၁၅ မှတ်ဖြင့် ဒုတိယ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းက ၁၄ မှတ်ဖြင့် တတိယ အသီးသီးရရှိကြသည်။

၁၉၆၄ မှ ၁၉၇၃ အထိ တပ်မတော် (ကြည်း၊ ရေ၊ လေ) ခြင်းလုံးတံခွန်စိုက်ဒိုင်းဆုကြီးကို နမခအသင်းက ၁၀ နှစ် ဆက်တိုက် ရရှိခဲ့သည်။

## ၁၉၇၅ ဖေဖော်ဝါရီလ

တပ်မတော် (ကြည်း၊ ရေ၊ လေ) တံခွန်စိုက်ခြင်းလုံးခတ်ပြိုင်ပွဲကို မန္တလေး နန်းတွင်း ဂျူဒိုအားကစားရုံတွင်ကျင်းပခဲ့သည်။ နမခအသင်းက တံခွန်စိုက်ဆုရရှိပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက ဒုတိယ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းက တတိယ အသီးသီးရရှိကြသည်။



## ကျောင်းပေါင်းစုံ ခြင်းခတ်ပြိုင်ပွဲ

၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ ကျောင်းပေါင်းစုံ ပြေး ခုန် ပစ် အ သင်း ကြီး က ဦးစီးကျင်းပခဲ့သော ကျောင်းပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲကို အောင်ဆန်းအားကစားကွင်းအတွင်းရှိ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ ရုံးခန်းမဆောင်၌ ကျင်းပခဲ့ရာ ပါဝင် ယှဉ်ပြိုင်ကြသော ခြင်းအဖွဲ့များမှာ ဗဟန်း အထကခြင်းအဖွဲ့၊ တာမွေ အထကခြင်းအဖွဲ့၊ ကန်တော်ကလေး အထက ခြင်းအဖွဲ့၊ ဗဟိုစံပြ အထကခြင်းအဖွဲ့၊ အမှတ် (၁) ကြည့်မြင်တိုင် အထက ခြင်းအဖွဲ့တို့ ဖြစ်ကြပါသည်။ ၎င်းငါးဖွဲ့ ယှဉ်ပြိုင်ရာတွင် ဗဟိုစံပြကျောင်းက ပထမ ရလေသည်။

၁၉၆၄-၆၅ ခုနှစ် ကျောင်းပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲကို နိုဝင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်နေ့များတွင် ရန်ကုန်မြို့ အောင်ဆန်းကွင်းရှိ အားကစားရုံ၌ ကျင်းပရာ ဗဟိုအစိုးရ အထကမှ ၃၂၆ မှတ်ဖြင့် ပထမရရှိ၍ ကြည့်မြင်တိုင် အမှတ် (၁) အထကမှ အမှတ် ၃၂၀ ဖြင့် ဒုတိယ၊ ပြီး သင်္ဃန်းကျွန်း အထကမှ တတိယ ရရှိလေသည်။ ၎င်းအသင်းများအား ရန်ကုန် ကျောင်းပေါင်းစုံ ပြေးခုန်ပစ်အသင်း ဥက္ကဋ္ဌ ဒုပညာ ညွှန်ကြားရေးဝန် ဦးဘိုးထိုက ဒိုင်းဆုများ ချီးမြှင့်လေသည်။

၁၂-၁၁-၆၆ နေ့မှ ၁၉-၁၁-၆၆ နေ့ထိ ရန်ကုန် ကျောင်းပေါင်းစုံ ပြေးခုန်ပစ် အသင်းကြီးက ကြီးမှူး၍ ခြေကိုကြိမ်မြောက် ကျောင်းပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပခဲ့ရာ ၎င်းပြိုင်ပွဲသို့ အစိုးရ အ ထက် တန်း ကျောင်း အလယ်တန်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းများနှင့် ဘောင်ဒရီလမ်း စက်မှုပညာသင်ကျောင်း၊ နတ်မောက်လမ်း စက်မှုလက်မှု အထက်တန်းကျောင်းများမှ ပါဝင် ယှဉ်ပြိုင်ကြလေသည်။ နောက်ဆုံး ဗိုလ်လုပွဲကို ကျို္ကဆံ အားကစားရုံ၌ ကျင်းပရာ သက်န်းကျွန်း အထက အမှတ် (၁) က ပထမဒိုင်းဆုကို ရရှိပြီး လသာ အထက က ဒုတိယ ဆုကိုရရှိလေသည်။ နောက်နှစ်များတွင်လည်း ကျောင်းပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲများ ဆက်လက် ကျင်းပလျက် ရှိပါသည်။

အခန်း ၉

# ပြည်သူ့ရဲတပ်ဖွဲ့ ခြင်းခတ်ပြိုင်ပွဲများ

၁၉၃၇ ခုနှစ်မှစ၍ မန္တလေးမြို့တွင် ရဲဝန်ကြီးရုံးမှ ရုံးအုပ်စာရေးကြီးက လူ့ဆော် ဦးစီးပြီးလျှင် မြို့ပေါ်ရှိ ရဲဌာနအချင်းချင်း ခြင်းလုံးခတ်ပြိုင်ပွဲများကို ၆ မှတ်ဌာနရှိ ရဲကလပ်ရိပ်သာ ရွှေတွင် လေးနှစ်တိတိ နှစ်စဉ် ကျင်းပခဲ့လေသည်။

၁၉၅၂ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ရုံးအုပ်စာရေးကြီး ဦးဗိုလ်ကြီးကပင် ဦးစီးလျက် ရဲဌာနအချင်းချင်း ခြင်းလုံးခတ်ပြိုင်ပွဲကို သံတဲ ရဲဌာနဝင်းအတွင်း၌ ကျင်းပခဲ့ရာ ယှဉ်ပြိုင်သည့် အသင်း ငါးသင်းရှိသည့်အနက်မှ ဆိုင်းတန်း ရဲဌာနအသင်းက ပထမရသဖြင့် ၁၀၀ိ တန် ဆုဖလားကို ရရှိလေသည်။

ဆိုင်းတန်း ရဲဌာနအသင်းမှ ခတ်သားများမှာ ကိုတင် (ရဲကြပ်)၊ ကိုသိန်းမောင် (ရဲကြပ်)၊ ကိုထွန်းကြည် (ရဲကြပ်)၊ ကိုလှဖေ (ရဲကြပ်) နှင့် ကိုထွန်းလင်း (ရဲကြပ်) တို့ ဖြစ်ကြပါသည်။

### ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့ ခြင်းခတ်ပြိုင်ပွဲများ

၁၉၆၉ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့ ကျိုက္ကဆံ အားကစားရုံ၌ ပြည်သူ့ရဲတပ်ဖွဲ့ ပြည်နယ်နှင့် တိုင်းအလိုက် ပထမဆုံးအကြိမ် ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပခဲ့လေသည်။ ၎င်း



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲတွင် မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းက ပထမတံခွန်စိုက် ဒိုင်းကြီးကို ရရှိလေသည်။ မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်း၌ ပါဝင်သူများမှာ –

၁။ ဦးကျော်၊ လုံခြုံရေးမှူး၊ မန္တလေး (အသင်းခေါင်းဆောင်)၊
၂။ ကိုအုန်းဖေ၊ ဒုတိယတပ်ကြပ်၊ မန္တလေး (လေ့ကျင့်ရေးမှူး)၊
၃။ ကိုချစ်ရွှေ၊ ဒုတိယတပ်ကြပ်၊ မန္တလေး၊
၄။ ကိုလှမြိုင်၊ အထက်တန်းစာရေး၊ ကျောက်ဆည်၊
၅။ ကိုအုန်းခင်၊ ဒုတိယတပ်ကြပ်၊ ကျောက်ဆည်၊
၆။ ကိုချန်ထွန်း၊ အထက်တန်းစာရေး၊ ရမည်းသင်း၊
၇။ ကိုကြည်လွင်၊ ဒုတိယ လုံခြုံရေးမှူး၊ ရမည်းသင်း၊
၈။ ကိုဖုန်းမြင့်ဆွေ၊ ဒုတိယလုံခြုံရေးမှူး၊ မိတ္ထီလာ၊
၉။ ကိုလှမောင်၊ ဒုတိယတပ်ကြပ်၊ မိတ္ထီလာ၊
၁၀။ ကိုဗိုလ်စီ၊ တပ်သား၊ မိတ္ထီလာ တို့ ဖြစ်ကြသည်။

ဒုတိယအကြိမ် ပြည်နယ်နှင့်တိုင်း ပြည်သူ့ရဲခြင်းခတ်ပြိုင်ပွဲကို ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းက ရန်ကုန်မြို့ ကျိုက္ကဆံအားကစားရုံ၌ ကျင်းပခဲ့လေသည်။ ပထမ တံခွန်စိုက် ဒိုင်းကို မန္တလေးတိုင်း ပြည်သူ့ရဲတပ်ဖွဲ့ကပင် ရလေသည်။ မန္တလေးတိုင်း ရဲတပ်ဖွဲ့မှ ပါဝင်သူများမှာ –

၁။ ဦးကျော်၊ လုံခြုံရေးမှူး၊ မန္တလေး (အသင်းခေါင်းဆောင်)၊
၂။ ကိုအုန်းဖေ၊ ဒုတိယတပ်ကြပ်၊ မန္တလေး (လေ့ကျင့်ရေးမှူး)၊



၃။ ကိုကြည်၊ ဒုတိယ လုံခြုံရေးမှူး၊ မန္တလေး၊
၄။ ကိုချစ်ရွှေ၊ ဒုတိယ တပ်ကြပ်၊ မန္တလေး၊
၅။ ကိုလှမြိုင်၊ အထက်တန်းစာရေး၊ ကျောက်ဆည်၊
၆။ ကိုစံညွန့်၊ တပ်ကြပ်ကြီး၊ ကျောက်ဆည်၊
၇။ ကိုချန်ထွန်း၊ အထက်တန်းစာရေး၊ ရမည်းသင်း၊
၈။ ကိုကြည်လွင်၊ ဒုတိယ လုံခြုံရေးမှူး၊ ရမည်းသင်း၊
၉။ ကိုလှမောင်၊ ဒုတိယတပ်ကြပ်၊ မိတ္ထီလာ၊
၁၀။ ကိုဗိုလ်စီ၊ တပ်သား၊ မိတ္ထီလာတို့ ဖြစ်ကြသည်။

တတိယအကြိမ် ပြည်နယ်နှင့်တိုင်း ပြည်သူ့ရဲခြင်းခတ်ပြိုင်ပွဲကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ရန်ကုန်မြို့ ကျိုက္ကဆံကွင်း အားကစားရုံ၌ နှစ်ရက်ဆက် ကျင်းပသည်။

စတုတ္ထအကြိမ်ပြည်နယ်နှင့်တိုင်း ပြည်သူ့ရဲခြင်းခတ်ပြိုင်ပွဲကို ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ရန်ကုန်မြို့ ကျိုက္ကဆံကွင်း အားကစားရုံ၌ ကျင်းပရာ အောက်ပါ ခြင်းအဖွဲ့ ကိုးဖွဲ့ ပါဝင် ယှဉ်ပြိုင်ကြသည်။

၁။ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့အသင်း၊
၂။ မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်း၊
၃။ ပဲခူးတိုင်း ရဲတပ်ဖွဲ့အသင်း၊
၄။ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်း၊
၅။ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့အသင်း၊
၆။ ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်အသင်း၊
၇။ မကွေးတိုင်း ရဲတပ်ဖွဲ့အသင်း၊
၈။ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့အသင်း၊
၉။ တနင်္သာရီတိုင်း ရဲတပ်ဖွဲ့အသင်း၊

www.burmeseclassic.com

www.burmeseclassic.com



ယင်းပြိုင်ပွဲ၌ ပြည်သူ့ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ ပထမ တံခွန်စိုက်ဒိုင်းဆုကို တနင်္သာရီတိုင်းအသင်းက ရသည်။ ဒုတိယဆုကို ဧရာဝတီတိုင်းအသင်းက ရသည်။ တတိယဆုကို မန္တလေးတိုင်းအသင်းက ရသည်။

ပဉ္စမအကြိမ် ပြည်နယ်နှင့်တိုင်း ပြည်သူ့ရဲ ခြင်းခတ်ပြိုင်ပွဲကို ၁၉၇၃ ခုနှစ် မတ်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရန်ကုန်မြို့ ကျိုက္ကဆံ အားကစားရုံတွင် ကျင်းပရာ အောက်ပါ ခြင်းရှစ်ဖွဲ့ ပါဝင် ယှဉ်ပြိုင်ကြသည်။

၁။ ပြည်သူ့ရဲတပ်ဖွဲ့ ဌာနချုပ်အသင်း၊
၂။ ရန်ကုန်တိုင်းအသင်း၊
၃။ ပဲခူးတိုင်းအသင်း၊
၄။ ဧရာဝတီတိုင်းအသင်း၊
၅။ တနင်္သာရီတိုင်းအသင်း၊
၆။ မန္တလေးတိုင်းအသင်း၊
၇။ မကွေးတိုင်းအသင်း၊
၈။ ရှမ်းပြည်နယ် အသင်းတို့ ဖြစ်ကြပါသည်။ ပြည်သူ့ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ ပထမ တံခွန်စိုက်ဒိုင်းဆုကြီးကို တနင်္သာရီတိုင်း အသင်းကပင် ရရှိလေသည်။

ဆဋ္ဌမအကြိမ် ပြည်နယ်နှင့်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်ဒိုင်း ခြင်းခတ်ပြိုင်ပွဲကို ၁၉၇၄ ခုနှစ် မေလ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရန်ကုန်မြို့ ကျိုက္ကဆံ အားကစားရုံ၌ ကျင်းပရာ ဝင်ရောက် ယှဉ်ပြိုင်သော အသင်းများမှာ —

၁။ ပြည်သူ့ရဲတပ်ဖွဲ့ ဌာနချုပ်အသင်း၊
၂။ ရန်ကုန်တိုင်းအသင်း၊



၃။ ပဲခူးတိုင်းအသင်း၊
၄။ ရခိုင်ပြည်နယ်အသင်း၊
၅။ ဧရာဝတီတိုင်းအသင်း၊
၆။ မွန်ပြည်နယ်အသင်း၊
၇။ မန္တလေးတိုင်းအသင်း၊
၈။ မကွေးတိုင်းအသင်းနှင့်
၉။ ရှမ်းပြည်နယ်အသင်းတို့ ဖြစ်ကြပါသည်။ မွန်ပြည်နယ်အသင်းက ပထမ တံခွန်စိုက်ဒိုင်းကြီးကို ရရှိလေသည်။ မန္တလေးတိုင်းအသင်းက ဒုတိယ၊ မကွေးတိုင်းအသင်းက တတိယ ရရှိလေသည်။

## ခရိုင်ပေါင်းစုံ တံခွန်စိုက်ပြိုင်ပွဲများ

၁၉၅၄ ခုနှစ်မှစ၍ ခရိုင်အလိုက် ခြင်းလုံးခတ် တံခွန်စိုက်ပြိုင်ပွဲကို ရန်ကုန်မြို့၌ ပထမဆုံးအကြိမ်ကျင်းပခဲ့သည်။ ဤပြိုင်ပွဲတွင် ပခုက္ကူခရိုင် ခြင်းအဖွဲ့က ပထမ တံခွန်စိုက်ဒိုင်းဆု ရရှိလေသည်။

၁၉၅၅ ခုနှစ်တွင် ရန်ကုန်မြို့၌ ဒုတိယအကြိမ် ကျင်းပသည်။ ၎င်းပြိုင်ပွဲတွင် ပခုက္ကူခရိုင်နှင့် ရန်ကုန်ခရိုင် (၁) တို့ ပူးတွဲ၍ တံခွန်စိုက်ဆု ရရှိကြလေသည်။

၁၉၅၆ ခုနှစ်တွင် ရန်ကုန်မြို့၌ တတိယအကြိမ် ကျင်းပသည်။ ရန်ကုန်ခရိုင်နှင့် မန္တလေးခရိုင်တို့ ပူးတွဲ၍ တံခွန်စိုက်ဆု ရရှိကြလေသည်။ ပထမအဆင့်ဝင် (က) တန်း၌ ပုသိမ်ခရိုင် ခြင်းအဖွဲ့က ပထမ ရရှိလေသည်။

၁၉၅၇ ခုနှစ်တွင် မန္တလေးမြို့၌ လေးကြိမ်မြောက် ကျင်းပသည်။ မန္တလေးခရိုင် ခြင်းအဖွဲ့က ပထမ တံခွန်စိုက်ဆု ရရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပထမအဆင့်ဝင် (က) တန်း၌ ပခုက္ကူခြင်းအဖွဲ့က ပထမ ရသည်။

၁၉၅၈ ခုနှစ်တွင် ရန်ကုန်မြို့၌ ငါးကြိမ်မြောက် ကျင်းပသည်။ ရန်ကုန်ခရိုင် (က) အဖွဲ့က ပထမ တံခွန်စိုက်ဆု ရရှိသည်။ ပထမအဆင့်ဝင် (က) တန်း၌ ပဲခူးခရိုင် ခြင်းအဖွဲ့က ပထမ ရရှိလေသည်။

၁၉၅၉ ခုနှစ်တွင် တောင်ကြီးမြို့၌ ခြောက်ကြိမ်မြောက် ကျင်းပသည်။ မန္တလေးခရိုင် (ခ) အဖွဲ့က ပထမ တံခွန်စိုက်ဆု ရရှိသည်။ ပထမအဆင့်ဝင် (က) တန်း၌ ရန်ကုန်ခရိုင် အဖွဲ့က ပထမ ရရှိလေသည်။

၁၉၆၀ ပြည့်နှစ် ရန်ကုန်၌ ခုနစ်ကြိမ်မြောက် ကျင်းပသည်။ မန္တလေးခရိုင် ခြင်းအဖွဲ့က ပထမ တံခွန်စိုက်ဆု ရရှိသည်။ ပထမအဆင့်ဝင် (က) တန်း၌ မြောင်းမြခရိုင် ခြင်းအဖွဲ့က ပထမရသည်။

၁၉၆၁ ခုနှစ်တွင် ရန်ကုန်မြို့၌ ရှစ်ကြိမ်မြောက် ကျင်းပသည်။ မန္တလေးခရိုင် ခြင်းအဖွဲ့က ပထမ တံခွန်စိုက်ဆု ရရှိသည်။ ပထမအဆင့်ဝင် (က) တန်း၌ မကွေးခရိုင် ခြင်းအဖွဲ့က ပထမ ရရှိလေသည်။

၁၉၆၂ ခုနှစ်တွင် ရန်ကုန်မြို့ ဗဟန်းအထက၌ ကိုးကြိမ်မြောက် ကျင်းပခဲ့သည်။ မန္တလေးခရိုင် ခြင်းအဖွဲ့က ပထမ တံခွန်စိုက်ဆု ရရှိသည်။ ပထမအဆင့်ဝင် (က) တန်း၌ မော်လမြိုင်ကျွန်းအဖွဲ့က ပထမ ရရှိလေသည်။

၁၉၆၂ ခုနှစ်တွင် မြင်းခြံမြို့၌ ၁၀ ကြိမ်မြောက် ကျင်းပသည်။ ရန်ကုန်ခရိုင် ခြင်းအဖွဲ့က ပထမ တံခွန်စိုက်ဆု [illegible]



သည်။ ပထမအဆင့်ဝင် (က)တန်း၌ မကွေးခရိုင် ခြင်းအဖွဲ့က ပထမ ရရှိသည်။

၁၉၆၃ ခုနှစ်တွင် တောင်ငူမြို့၌ ၁၁ ကြိမ်မြောက် ကျင်းပသည်။ ရန်ကုန်ခရိုင် ခြင်းအဖွဲ့က ပထမတံခွန်စိုက်ဆု ရရှိသည်။ ပထမအဆင့်ဝင် (က) တန်း၌ မကွေးခရိုင် ခြင်းအဖွဲ့က ပထမ ရရှိသည်။

၁၉၆၄ ခုနှစ်တွင် ပြည်မြို့၌ ၁၂ ကြိမ်မြောက် ကျင်းပသည်။ ရန်ကုန်ခရိုင် (၁) ခြင်းအဖွဲ့က ပထမ တံခွန်စိုက်ဆု ရရှိသည်။ ပထမအဆင့်ဝင်(က) တန်း၌ ရန်ကုန်ခရိုင် (၂) အဖွဲ့က ပထမ ရရှိလေသည်။

၁၉၆၅ ခုနှစ်တွင် မော်လမြိုင်မြို့၌ ၁၃ ကြိမ်မြောက် ကျင်းပသည်။ မကွေးခရိုင် ခြင်းအဖွဲ့က ပထမ တံခွန်စိုက်ဆု ရရှိသည်။ ပထမအဆင့်ဝင် (က) တန်း၌ တပ်မတော်ခြင်းအဖွဲ့က ပထမရရှိပြီး ပထမအဆင့်ဝင် (ခ) တန်း၌ မော်လမြိုင်ခရိုင် အဖွဲ့ (၁) က ပထမ ရလေသည်။ ဤနှစ်တွင် ပထမအဆင့်ဝင် (ခ) တန်းတခု တိုးချဲ့ခဲ့လေသည်။

၁၉၆၆ ခုနှစ်တွင် ဟင်္သာတမြို့၌ ၁၄ ကြိမ်မြောက် ကျင်းပသည်။ ရန်ကုန်ခရိုင်နှင့် မြန်မာပြည်မီးရထားဌာန ခြင်းအဖွဲ့တို့ ပူးတွဲ၍ တံခွန်စိုက် ပထမဆု ရကြသည်။ ပထမအဆင့်ဝင် (က) တန်း၌ ပဲခူးခရိုင်အဖွဲ့က ပထမ ရသည်။ ပထမအဆင့်ဝင် (ခ) တန်း၌ ရန်ကုန်ခရိုင် (၂) နှင့် တပ်မတော်အဖွဲ့တို့ ပူးတွဲ၍ ပထမ ရလေသည်။

၁၉၆၇ ခုနှစ်တွင် ပြိုင်ပွဲမကျင်းပဖြစ်ပါ။

၁၉၆၈ ခုနှစ်တွင် နေပြည်တော်မြို့၌ ၁၅ ကြိမ်မြောက် ကျင်းပသည်။ မြင်းခြံခရိုင် ခြင်းအဖွဲ့က ၁၀ ပေ[illegible]တန်းတွင်

www.burmeseclassic.com

www.burmeseclassic.com



ပထမ တံခွန်စိုက်ဆု ရရှိသည်။ မော်လမြိုင်ခရိုင် ခြင်းအဖွဲ့က ရှစ်ပေါက်တန်း၌ ပထမရရှိပြီး တက္ကသိုလ်ခြင်းအဖွဲ့က ခြောက်ပေါက်တန်း၌ ပထမ ရရှိလေသည်။

၁၉၆၉ ခုနှစ်တွင် ပုသိမ်မြို့၌ ၁၆ ကြိမ်မြောက် ကျင်းပသည်။ ရန်ကုန်ခရိုင်အဖွဲ့နှင့် မြင်းခြံခရိုင်အဖွဲ့တို့ ၁၀ ပေါက်တန်းတွင် ပူးတွဲ၍ ပထမတံခွန်စိုက်ဆု ရရှိကြသည်။ တပ်မတော်ခြင်းအဖွဲ့က ရှစ်ပေါက်တန်းတွင် ပထမရရှိပြီး ဘားအံခရိုင် ခြင်းအဖွဲ့က ခြောက်ပေါက်တန်းတွင် ပထမရရှိလေသည်။

၁၉၇၀ ပြည့်နှစ်တွင် မိတ္ထီလာမြို့၌ ၁၇ ကြိမ်မြောက် ကျင်းပသည်။ မြင်းခြံခရိုင် ခြင်းအဖွဲ့က ၁၀ ပေါက်တန်းတွင် ပထမ တံခွန်စိုက်ဆု ရရှိသည်။ တက္ကသိုလ် ခြင်းအဖွဲ့က ရှစ်ပေါက်တန်းတွင် ပထမရရှိပြီး တောင်ငူခရိုင် ခြင်းအဖွဲ့က ခြောက်ပေါက်တန်းတွင် ပထမ ရရှိလေသည်။


၁၉၇၁ ခုနှစ်တွင် တောင်ကြီးမြို့၌ ၁၈ ကြိမ်မြောက် ကျင်းပသည်။ တက္ကသိုလ် ခြင်းအဖွဲ့က ၁၀ ပေါက်တန်းတွင် ပထမ တံခွန်စိုက်ဆု ရရှိသည်။ တောင်ငူခရိုင် ခြင်းအဖွဲ့က ရှစ်ပေါက်တန်းတွင် ပထမရရှိပြီး တောင်ကြီးခရိုင် ခြင်းအဖွဲ့က ခြောက်ပေါက်တန်းတွင် ပထမ ရရှိလေသည်။

၁၉၇၂ ခုနှစ်တွင် မော်လမြိုင်မြို့၌ ၁၉ ကြိမ်မြောက် ကျင်းပသည်။ ရန်ကုန်ခရိုင် ခြင်းအဖွဲ့နှင့် ရေနံမြေတို့ ပူးတွဲ၍ ၁၀ ပေါက်တန်းတွင် ပထမ တံခွန်စိုက်ဆု ရရှိကြသည်။ ဆိပ်ကမ်းကော်ပိုရေးရှင်းအဖွဲ့က ရှစ်ပေါက်တန်းတွင် ပထမရရှိပြီး တပ်မတော်အဖွဲ့၊ ဖျာပုံခရိုင်အဖွဲ့နှင့် မကွေးခရိုင်အဖွဲ့တို့ ပူးတွဲ၍ ခြောက်ပေါက်တန်း၌ ပထမ ရရှိကြလေသည်။



၁၉၇၃ ခုနှစ်တွင် ဟသ်ာတမြို့၌ အကြိမ် ၂၀ မြောက် ကျင်းပသည်။ (ပြည်နယ်နှင့်တိုင်း အကို ပြိုင်ပွဲ အဖြစ်ဖြင့် ၅ှစ်ပေါက်တန်းတမျိုးတည်းနှင့် အတော့အတွဲ ပြိုင်ပွဲသာ ကျင်းပသည်။) ဆိပ်ကမ်းကော်ပိုရေးရှင်း အသင်းက ပထမ တံခွန်စိုက်ဆု ရရှိသည်။ တက္ကသိုလ်ပေါင်းစုံ အသင်းက ဒုတိယဆု ရရှိသည်။

၁၉၇၄ ခုနှစ်တွင် ရန်ကုန်မြို့၌ ပထမဦးဆုံး ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ် တံခွန်စိုက်ပြိုင်ပွဲ ကျင်းပသည်။ မန္တလေးတိုင်း ခြင်းအဖွဲ့က ပထမ တံခွန်စိုက်ဆု ရရှိသည်။ ရန်ကုန်တိုင်း ခြင်းအဖွဲ့က ဒုတိယဆု ရရှိပြီး ရှမ်းပြည်နယ် အဖွဲ့က တတိယဆု ရရှိလေသည်။



၁၉၇၄ ခုနှစ်၊ ပထမအကြိမ် ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ် တံခွန်စိုက် ဒိုင်းဆုကြီးကို မန္တလေးတိုင်းအသင်းက လက်ခံရယူစဉ်

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၄ ခုနှစ် ဩဂုတ်လ ၁၃ ရက်၊ ၁၄ ရက်နေ့များတွင် ဆက်လက်၍ "အမျိုးသား ခြင်းလုံးတံခွန်စိုက် ပြိုင်ပွဲ" ကို ရန်ကုန်၌ ကျင်းပလေသည်။ မန္တလေးတိုင်းအဖွဲ့နှင့် ဆိပ်ကမ်းကော်ပိုရေးရှင်းအဖွဲ့တို့ ပူးတွဲ၍ အမျိုးသားတံခွန်စိုက် ပထမဆုကို ရရှိကြလေသည်။ ကုန်သွယ်ရေးအဖွဲ့က ဒုတိယဆု ရရှိလေသည်။

ပါဝင်ယှဉ်ပြိုင်သည့် ကျန်ရှိသော အဖွဲ့များက အမှတ်ကြီးလုံးဝ မရကြပါ။ ဤအမျိုးသား တံခွန်စိုက်ပြိုင်ပွဲသည် ယခုနှစ်မှ အစပထမ ပေါ်ပေါက်လာသော ပြိုင်ပွဲ ဖြစ်လေသည်။

၁၉၇၅ ခုနှစ်တွင် ရန်ကုန်မြို့၌ ဒုတိယအကြိမ် ပြည်နယ်နှင့်တိုင်း ခြင်းလုံးတော် တံခွန်စိုက်ပြိုင်ပွဲ ကျင်းပသည်။ မန္တလေးတိုင်း ခြင်းအသင်းက ပထမ တံခွန်စိုက်ဆုကို ရရှိသည်။ ရှမ်းပြည်နယ်အသင်းက ဒုတိယဆုကို ရရှိပြီးလျှင် ရန်ကုန်တိုင်းအသင်းက တတိယဆုကို ရရှိလေသည်။

၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်၊ ၂၄ ရက်နေ့များတွင် ဆက်လက်၍ အမျိုးသား ခြင်းလုံးတော် တံခွန်စိုက်ပြိုင်ပွဲကို ကျင်းပရာ ကုန်သွယ်ရေးအသင်းက ပထမဆုကို ရရှိသည်။ မန္တလေးတိုင်းအသင်းက ဒုတိယဆုရပြီးလျှင် ဆိပ်ကမ်းအသင်းက တတိယဆု ရရှိလေသည်။

## အခန်း ၁၀

# ခြင်းလုံးဒိုင်လူကြီးနှင့် နည်းပြ သင်တန်းများ

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီအစိုးရ တက်ရောက်လာပြီးနောက် နှစ်လ နီးပါးခန့်အကြာတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ကျင်းပခဲ့သော ရှစ်ကြိမ်မြောက် မြန်မာပြည် အိုလံပစ်ပွဲတော်တွင် ၂၉-၄-၆၂ ရက်မှစ၍ မြန်မာပြည်ခရိုင်ပေါင်းစုံ ခြင်းလုံး တံခွန်စိုက်ပြိုင်ပွဲကိုလည်း ပူးတွဲလျက် ကျင်းပခဲ့ပါသည်။ ၎င်းပြိုင်ပွဲပြီးဆုံးသောအခါ ၇-၅-၆၂ ရက်နေ့ ၁ နာရီအချိန်တွင် ခြင်းလုံးညီလာခံတရပ်ကို အောင်ဆန်း အားကစားပြိုင်ဝင်းရှိ တည်းခိုရိပ်သာ ခန်းမဆောင်၌ ကျင်းပခဲ့ကြပါသည်။ ထိုညီလာခံမှ ၁၉၆၂-၆၃ ခုနှစ်အတွက် ခြင်းလုံးအဖွဲ့ချုပ် အမှုဆောင် အသစ်များကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ကြလေသည်။

### ခြင်းလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့

၁။ ဦးဘ၊ နာယကလူကြီး၊
၂။ ဦးဘဇော်၊ နာယကလူကြီး၊



www.burmeseclassic.com

www.burmeseclassic.com



၃။ ဦးအောင်သိန်း၊ ဥပဒေအကြံပေးလူကြီး၊
၄။ ဦးအောင်ကိုး၊ ဥက္ကဋ္ဌ၊
၅။ ဒုဗိုလ်မှူးကြီး စိုးတင်(ကြည်း)၊ ဒု ဥက္ကဋ္ဌ၊
၆။ ဗိုလ်မှူး သန်းဆွေ(လေ)၊ အတွင်းရေးမှူး၊
၇။ ဦးသက်ညွန့်၊ တွဲဖက်အတွင်းရေးမှူး၊
၈။ ဦးညိမ်းလှိုင်၊ ဘဏ္ဍာရေးမှူး၊
၉။ ဦးလှဖေ၊ စာရင်းစစ်၊
၁၀။ ဦးအုန်းဖေ အမှုဆောင်အဖွဲ့ဝင်
၁၁။ ဗိုလ်ကြီး ခင်မောင် ( ။ )
၁၂။ ဦးလှကြည် ( ။ )
၁၃။ ဦးပွကြီး ( ။ )
၁၄။ ဦးစံသိန်း ( ။ )
၁၅။ ဦးကံ ( ။ )

ဤအမှုဆောင်လူကြီးများ၏ လက်သက်မှစ၍ ခြင်းလောက သိသိသာသာတိုးတက်ထွန်းကားလာသည်ကို တွေ့ရပါသည်။

## နည်းပြဆရာ ခန့်ထားခြင်း

၁၉၆၂ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ ဗမာ့တပ်မတော်တွင် ခြင်းလုံးခတ် နည်းပြဆရာများအဖြစ် ကိုလှမောင် (စလင်း) နှင့် ကိုတင်အေး (ရန်ကုန်) တို့ကို ခန့်ထားလိုက်လေသည်။ ၎င်းတို့သည် ကြည်း ရေ လေ တပ်မတော်များအတွင်း အနယ်နယ်သို့ သွားရောက်၍ ခြင်းလုံးခတ် သင်တန်းများ ပေးကြရပါသည်။ ၎င်းနောက် ၁၉၆၅ ခုနှစ် စက်တင်ဘာလ အကုန်တွင် ကိုတင်အေးကို အလုပ်မှ ရပ်နားစေပြီး ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ကုန်သောအခါ ကိုလှမောင်ကိုလည်း အလုပ်မှရပ်နား



စေခဲ့ပါသည်။ အလုပ်စခန့်စဉ်က လခ ၁၇၅ ကျပ် နှင့် ရှားပါးစရိတ် ရရှိကြပါသည်။

## ရေဒီယိုမှ အသံလွှင့်ခွင့် ရခြင်း

၁၉၆၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့မှစ၍ လစဉ် အင်္ဂလိပ်လဆန်း ၅ ရက်နေ့တိုင်း ည ၇ နာရီ ၁၅ မိနစ် အချိန်မှ ၇ နာရီခွဲအထိ မြန်မာ့အသံမှ ခြင်းလုံးခတ်ကစားနည်း ပြန့်ပွားစေရန် ခြင်းလုံးသမိုင်းနှင့် ခြင်းကစားခြင်း၏ အကျိုးကျေးဇူး၊ ခြင်းသမားများ လိုက်နာရန်စည်းကမ်း စသည်ဖြင့် ပညာပေးဟောပြောချက်များကို တိုင်းပြည်သို့ ရေဒီယိုမှတဆင့် အသံလွှင့်ခွင့်ရရှိခဲ့လေသည်။ နောက်ပိုင်းတွင် အင်္ဂလိပ်လဆန်း ၅ ရက်နေ့အစား အင်္ဂလိပ်လဆန်းတိုင်း ပထမဦးဆုံး စနေနေ့ည ၆ နာရီ ၁၅ မိနစ် အချိန်သို့ ပြောင်းလဲ၍ အသံလွှင့် ပြောကြားလျက်ရှိပါသည်။ ဤကဲ့သို့ လစဉ်ပြောကြားခွင့်မရမီက ဒဂုဏ်ပ ဦးဘတင်သည် ခြင်းလုံးအကြောင်းကို ရေဒီယိုမှ လေးကြိမ် ပြောကြားခဲ့ပါသည်။

## တပ်မတော်မှ ငွေလှူခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒု ဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီး စိုးတင် နှင့် အတွင်းရေးမှူး ဗိုလ်မှူးသန်းဆွေ (လေ)တို့၏ မေတ္တာရပ်ခံချက်အရ ဗမာ့တပ်မတော် ကြည်း၊ ရေ၊ လေ တို့မှ ဗိုလ်များနှင့် အကြပ်၊ တပ်သားရဲဘော်များက စိတ်အားထက်သန်စွာဖြင့် ခြင်းလုံးအဖွဲ့ချုပ်သို့ရန်ပုံငွေလှူဒါန်းကြရာ ငွေပေါင်း ၇၉၃၀ ကျပ် (ခုနစ်ထောင် ကိုးရာသုံးဆယ်

www.burmeseclassic.com

www.burmeseclassic.com


ကျပ်) ရရှိလေသည်။ ၎င်းအလှူငွေများနှင့်မတည်ပြီး ခြင်းလုံးခတ် ဒိုင်လူကြီးများသင်တန်းကိုလည်း ဖွင့်လှစ်နိုင်ခဲ့လေသည်။

## ဒိုင်သင်တန်းများ ဖွင့်လှစ်ခြင်း

၁၉၆၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားကွင်း၌ ခြင်းလုံးဒိုင်လူကြီး သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ကျန်းမာရေးနှင့် ပညာရေးဌာနတာဝန်ခံ ဗိုလ်မှူးကြီး လှဟန် တက်ရောက်၍ အခမ်းအနားဖွင့်လှစ်ပေးပါသည်။ ၎င်းဖွင့်ပွဲသို့ ဒုဗိုလ်မှူးကြီး စိုးတင်၊ ဦးပိုင် (အိုင်စီအက်)၊ ပညာဝန် ဦးဖိုးထို၊ မင်းသုဝဏ်၊ ဦးဂုဏ်ဘဏ်၊ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ ညွှန်ကြားရေးဝန် ဦးဇော်ဝိတ်နှင့် အမျိုးသား ကိုယ်လက် ကြံ့ခိုင်ရေး ကောင်စီဝင်များ တက်ရောက်ကြပါသည်။ ဒိုင်သင်တန်းအတွက် သင်ရိုးညွှန်းမျဉ်း ရေးဆွဲရေး ဆပ်ကော်မတီ ဖွဲ့စည်းရာတွင် ဦးအုန်းဖေ၊ ဒု ရဲမင်းကြီးဟောင်း၊ ဗိုလ်မှူး အောင်ဝင်း၊ ဦး သက် ညွှန့် (ကျောင်းဆရာ)၊ ဦးသိန်းဟန်နှင့် ဦးလှမောင်(စလင်း)တို့ ပါဝင်ကြပါသည်။ ဒိုင်သင်တန်း ကျောင်းအုပ်ဆရာအဖြစ် ဦးအုန်းဖေကို ခန့်အပ်ကြပါသည်။

ခြင်းလုံး ဒိုင်လူကြီးသင်တန်း နှစ်ပတ်တိတိသို့ မြန်မာ့တပ်မတော် ကာယပညာဌာန၊ တောင်ကြီးမြို့၊ မြင်းခြံမြို့၊ ရေနံချောင်းမြို့၊ ပဲခူးမြို့၊ ရန်ကုန်မြို့၊ မော်လမြိုင်မြို့၊ ဘိုကလေး မနဖြူ၊ သောင်တိုး၊ မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ သရက် ပြည်နှင့် စစ်ကိုင်း စသည်တို့မှ ခြင်းဝါသနာရှင် ၄၀ တက်ရောက် သင်ကြားကြပါသည်။ ဤဒိုင်သင်တန်းသည် ခြင်းလောက၌ ပထမဦးဆုံးပေါ် ပေါက်လာသော သင်တန်းဖြစ်လေသည်။

## ရန်ကုန်တိုင်း ခြင်းလုံးဆပ်ကော်မတီမှ ဒိုင်သင်တန်း

၁၉၆၇ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ရန်ကုန်တိုင်း ခြင်းလုံး ဆပ်ကော်မတီက ကြီးမှူး၍ ရန်ကင်း ဆရာအတတ်သင် သိပ္ပံကျောင်း ခန်းမဆောင်တွင် ဒိုင်သင်တန်းကို ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းအတွင်းရှိ နယ်မြေအသီးသီးမှ သင်တန်းသား ၄၀ ကျော် တက်ရောက်သင်ကြားခဲ့ပါသည်။ ၁၉၆၇ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ၎င်းသင်တန်းဆင်းပွဲကို ကျိုက္ကဆံ အားကစားရုံ၌ ကျင်းပ၍ (က) အဆင့်မှအောင်မြင်သူ ၁၁ ဦး နှင့် (ခ)အဆင့်မှ အောင်မြင်သူ ၂၈ ဦးတို့ကို အောင်လက်မှတ်များ ချီးမြှင့်ရာ၌ ခြင်းလုံး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူး ဟန်ရင်နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များ တက်ရောက်ကြပါသည်။

## ခြင်းလုံးနည်းပြနှင့် ဒိုင်သင်တန်းအမှတ် (၂)

၁၉၇၁ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ ခြင်းလုံး အဖွဲ့ချုပ်မှကြီးမှူး၍ အမှတ်(၂)ခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီး သင်တန်းဖွင့်ပွဲကို သုဝဏ္ဏမြို့သစ် စုပေါင်းဇာတ်ရုံ၌ ကျင်းပခဲ့လေသည်။ ၎င်းဖွင့်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန တွဲဖက် အတွင်းဝန် ဒု ဗိုလ်မှူးကြီး လှမိုး၊ အားကစားနှင့် ကာယပညာ ကော်မတီမှ ဒု ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဦးသန်းဝင်း နှင့် ဦးသိန်းတင်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုး၊ ဒုဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီး စိုးတင်နှင့် အဖွဲ့ချုပ်အမှုဆောင် လူကြီးများ တက်ရောက်ကြပါသည်။ သင်တန်း ညွှန်ကြားရေး

www.burmeseclassic.com

မှူး အဖြစ် ဒု ဗိုလ်မှူးကြီးစိုးတင်ကလည်းကောင်း၊ သင်တန်းမှူး အဖြစ် ဦးသက်ညွန့်ကလည်းကောင်း၊ ဟောပြောပို့ချသည့် ပုဂ္ဂိုလ်များအဖြစ် ဦးဂုဏ်ဘဏ်၊ ဦးအောင်ကိုး၊ ဒုဗိုလ်မှူးကြီး စိုးတင်၊ ဦးအောင်သိန်း၊ ဦးသက်ညွန့်တို့က လည်း ကောင်း၊ သင်တန်းနည်းပြဆရာများအဖြစ် ဦးတင်အေး၊ ဦးသန်းလှိုင်၊ ဦးအောင်ကြွယ် တို့ကလည်းကောင်း၊ သရုပ်ပြ တာဝန်ခံအဖြစ် ခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ခင် က လည်းကောင်း ဆောင်ရွက်ကြပါသည်။ အမှတ် (၂) သင်တန်းသို့ ၄၂ ခရိုင်မှ သင်တန်းသား ၅၀ တက်ရောက်ကြပါသည်။ ၎င်းသင်တန်းဆင်းပွဲကို ၁၀-၇-၁၉၇၁ နေ့က သုဝဏ္ဏ မြို့သစ် စုပေါင်းဇာတ်ရုံကြီး၌ပင် ကျင်းပရာ ပါတီတိုင်းခွဲ ဘ ပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူး ထွန်းငြိမ်းတို့ တက်ရောက် အားပေးကြပါသည်။ သင်တန်းသား များအား ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုးက အောင် လက်မှတ်များ ပေးအပ် ချီးမြှင့်ပါသည်။ ဤတလကြာ သင် တန်းတွင် ကျောက်ဆည်ခရိုင်မှ ကိုဝင်းမြင့်က ဒိုင်သင်တန်း အမှတ်အများဆုံးနှင့် အောင်မြင်ပြီး နည်းပြသင်တန်း၌ အရှေ့ တောင်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ်ကြီးစိုးအောင်က အမှတ် အများဆုံးနှင့် အောင်မြင်ကြလေသည်။ ဤအမှတ်(၂)ဒိုင်သင် တန်းအတွက် ကုန်ကျစရိတ်များကို ဗဟို အားကစားနှင့်ကာယ ပညာဌာနက တာဝန်ယူပါသည်။

### ၁၀ ကြိမ်မြောက် ခရိုင်ပေါင်းစုံ တံခွန်စိုက်ပြိုင်ပွဲ

၂၄-၁၂-၆၂ နေ့မှ ၃၀-၁၂-၆၂ နေ့ထိ ရက်သတ္တတပတ် တိတိ မြင်းခြံမြို့ ဘောလုံးကွင်း၌ ကျင်းပခဲ့သော ၁၀ ကြိမ်



မြောက် ခရိုင်ပေါင်းစုံ တံခွန်စိုက်ပြိုင်ပွဲသို့ အောက်ဖော်ပြပါ ဌာနများနှင့် ခရိုင်ခြင်းအဖွဲ့များ လာရောက် ယှဉ်ပြိုင်ကြပါ သည်။

၁။ ရန်ကုန်တက္ကသိုလ်ခြင်းအဖွဲ့၊
၂။ ရန်ကုန်ခရိုင်ခြင်းအဖွဲ့ နှစ် ဖွဲ့၊
၃။ မန္တလေးခရိုင် ခြင်းအဖွဲ့၊
၄။ မြန်မာပြည် မီးရထားဌာန ခြင်းအဖွဲ့ နှစ် ဖွဲ့၊
၅။ ဗမာ့တပ်မတော် ခြင်းအဖွဲ့၊
၆။ ဟင်္သာတခရိုင် ခြင်းအဖွဲ့၊
၇။ မော်လမြိုင်ကျွန်း ခြင်းအဖွဲ့၊
၈။ ပဲခူးခရိုင် ခြင်းအဖွဲ့၊
၉။ မကွေးခရိုင် ခြင်းအဖွဲ့ သုံး ဖွဲ့၊
၁၀။ ရမည်းသင်းခရိုင် ခြင်းအဖွဲ့၊
၁၁။ မိတ္ထီလာခရိုင် ခြင်းအဖွဲ့ နှစ် ဖွဲ့၊
၁၂။ မုံရွာခရိုင် ခြင်းအဖွဲ့၊
၁၃။ ပခုက္ကူခရိုင်ခြင်းအဖွဲ့ နှစ် ဖွဲ့၊
၁၄။ မြင်းခြံခရိုင်ခြင်းအဖွဲ့ နှစ် ဖွဲ့၊

ပြိုင်ပွဲဝင်အဖွဲ့ ၂၀ ဖွဲ့ ရှိသည့်အနက် ပထမ တံခွန်စိုက်တန်း တွင် ခုနစ်ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပထမအဆင့်ဝင် ပြိုင်ပွဲ၌ ၁၃ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ တံခွန်စိုက်တန်း ပထမဆု ဖလားကို ရန်ကုန်ခရိုင် အဖွဲ့ (၁) က ရရှိလေသည်။ ပထမ အဆင့်ဝင် အတန်းတွင် မကွေးခရိုင် အဖွဲ့ (၂) က ပထမဆု ဖလားကြီးကို ဆွတ်ခူးသွားလေသည်။ ၁၉၅၄ ခုနှစ်မှစ၍ နှစ်စဉ် တံခွန်စိုက်ပြိုင်ပွဲ ကျင်းပလာခဲ့ရာ ယခု ကိုးကြိမ်မြောက်

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများခြင်းအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခြင်းသည် ပထမဦးဆုံး အကြိမ်ပင် ဖြစ်လေသည်။

မြင်းခြံ ဘောလုံးကွင်း၌ ကျင်းပရာတွင် ခြင်းပြိုင်ပွဲကြည့် ပရိသတ်များသည် နေ့စဉ် ရုံဝင်ခပေး၍ ကြည့်ကြရသော်လည်း စည်ကားလျက်ရှိပါသည်။ ရုံဝင်ပေါက်မှ တကျပ်တန်းနှင့် ငါးဆယ်တန်း လက်မှတ်များ ရောင်းချပါသည်။ ရှိုင်ပေါင်းစုံ ခြင်းပြိုင်ပွဲကို ပထမဦးဆုံးအကြိမ်အဖြစ် ရုံဝင်ခ ပေးကြည့်ကြရခြင်း ဖြစ်လေသည်။

တံခွန်စိုက် ခြင်းလုံးခတ်ပြိုင်ပွဲ ပြီးဆုံးသည့် ၃၀-၁၂-၆၂ နေ့ည ၆ နာရီအချိန်တွင် အမှတ် (၁) အလယ်တန်းကျောင်းဝင်းအတွင်း၌ မီးပုံပွဲ ကျင်းပကြပါသည်။ ၅ ပေ၊ ၆ ပေခန့် ရှည်သော ထင်းတုံးကြီးများကို စုပုံပြီး မီးရှို့၍ ရှိုင်အသီးသီးမှ ခြင်းအဖွဲ့သားများက တလှည့်စီ မီးပုံကို တပတ်ပတ်၍ ကကြရာတွင် မြင်းခြံ မြို့မ တူရိယာအဖွဲ့က တီးမှုတ် ပေးခြင်းဖြင့် ပါဝင်ဆင်နွှဲလေသည်။ နောက်ဆုံးတွင်အဖွဲ့ချုပ်မှ လူကြီးများ ပင်ပါဝင် ကခုန်လာသဖြင့် မြင်ရသူအပေါင်းက ဝမ်းသာအယ်လဲ ပျော်မဆုံးဖိတ် ဖြစ်ကြရပါသည်။ ခြင်းပြိုင်ပွဲအပြီး မီးပုံပွဲကျင်းပခြင်းသည် ဤပွဲမှ အစပထမပင် ဖြစ်လေသည်။

မီးပုံပွဲကျင်းပနေစဉ် တဘက်ဘေး ကွက်လပ်၌ မုန့်ဟင်းခါး၊ မုန့်လုံးရေပေါ်၊ ပြောင်းဖူးပြုတ်၊ ထန်းပင်မြစ်ဖုတ်၊ ဘူးသီးကြော်၊ ဗယာကြော်၊ မြေပဲကြော်၊ လိမ္မော်သီး စသည်တို့ဖြင့် ခြင်းလုံးအဖွဲ့ချုပ်က နိဗ္ဗာန်ဈေးဖွင့်၍ ကျွေးမွေးသည့်အပြင် လက်ကိုင်ပဝါ၊ ဇာဘော်လီအကျီ၊ ကျွဲ ကော်ရုပ်ကလေးများ စသည်တို့ကို အခမဲ့ အပျော် မဲလိပ် နှိုက်စေပြီး မဲကျရာ ပစ္စည်းများကို ပေးပါသည်။ နိဗ္ဗာန်ဈေးဖွင့်ရာတွင် အစစအရာရာ



စီလုပ်ဖွယ်ရာ အားလုံးကို အမှတ် (၁) အလယ်တန်းကျောင်း ဆရာမများနှင့် ကျောင်းသူ ကင်းထောက်မယ်ကလေးများက တာဝန်ယူ ဆောင်ရွက်ကြခြင်းဖြင့် ကူညီကြလေသည်။

ဤပြိုင်ပွဲသည် တော်လှန်ရေး အစိုးရလက်ထက်တွင် ပထမဦးဆုံး ကျင်းပသည့် ပြိုင်ပွဲ ဖြစ်လေသည်။ ယခင်က ကျင်းပခဲ့သော ခြင်းလုံးခတ် တံခွန်စိုက် ပြိုင်ပွဲများထက် တိုးတက်သိက်မြိုက် ခမ်းနားလေသည်။ ဖွင့်ပွဲကျင်းပသည့် ပထမနေ့က ရှိုင်အသီးသီးမှ ခြင်းအဖွဲ့များသည် သဇင်ခွေနှင့် ခြင်းလုံးတံဆိပ်ပါရှိသော အလံများကို တချိန်တည်း တပြိုင်တည်း စစ်ဘင်ခရာ တီးဝိုင်းက တီးမှုတ်လျက် အလံတိုင်ထိပ်သို့ ကြိုးဖြင့်ဆွဲ၍ တင်ကြရပါသည်။ ပြိုင်ပွဲကျင်းပနေစဉ် ရက်သတ္တတပတ်လုံးပြိုင်ပွဲ ကျင်းပသည့် ဘောလုံးကွင်းထဲ၌ ရောင်စုံအလံများ တလွင့်လွင့်နှင့် တွေ့မြင်နေရသည်မှာ ကြည်နူးဖွယ်ရာနှင့် စိတ်တက်ကြွစရာ ကောင်းလှပါသည်။ ပြိုင်ပွဲ ပြီးဆုံးသော နေ့တွင်မှ လွှင့်တင်စဉ်ကကဲ့သို့ ခြင်းအဖွဲ့ ခေါင်းဆောင်များက တပြိုင်တည်း တဖြည်းဖြည်း ချ၍ ရုပ်သိမ်းကြပါသည်။ အလံအရွယ်အစားချင်း တူညီသော်လည်း တခရိုင်နှင့် တခရိုင် အသွေးအရောင်ချင်း မတူကြရပါ။ တမင် ခွဲခြားထားခြင်း ဖြစ်လေသည်။ ဤကဲ့သို့ အလံတင်ခြင်းနှင့် ချခြင်းကို အခမ်းအနားဖြင့် ကျင်းပပြုလုပ်ခြင်းသည်လည်း ထိုပြိုင်ပွဲမှအစ ပထမပင် ဖြစ်လေသည်။

၂၇-၅-၆၄ နေ့တွင် လက်ရှိ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေး ကောင်စီကို ဖျက်သိမ်း၍ အားကစားနှင့် ကာယပညာကော်မတီတရပ်ကို အစားထိုး ဖွဲ့စည်းလိုက်သည်။ ၎င်းအဖွဲ့တွင် ကျန်းမာရေးနှင့် ပညာရေးဌာန တာဝန်ခံ ဗိုလ်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဟန်အား ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်သည်။ အတွင်းရေးမှူး အဖြစ် ဗိုလ်မှူးဂွမ်ရှိန်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး တန့်ယုဆိုင်၊ ဗိုလ်မှူးကြီး ခင်ညို၊ ဗိုလ်မှူးကြီး မင်းသိန်း၊ ဗိုလ်မှူးကြီး ထွန်းသာ (လေ)၊ ဒုတိယဗိုလ်မှူးကြီး မောင်လှိုင်၊ ဒုတိယဗိုလ်မှူးကြီး လှဖုန်း၊ ဒုတိယဗိုလ်မှူးကြီးသန်းညွှန့်၊ ဒုတိယရဲချုပ် ဦးဘအေး၊ ကာကွယ်ရေးဌာန စာရင်းစစ်ဝန်နှင့် ဒုတိယစာရင်းစစ်ဝန်တို့ ပါဝင်ကြသည်။

၁၉၆၄ ခုနှစ် ဒီဇင်ဘာလကို အားကစားလဟူ၍ သတ်မှတ်ကြေငြာပြီး အကောင်အထည် ဖော်ခဲ့လေသည်။

## အခန်း ၁၁

# ပြိုင်ပွဲစည်းမျဉ်း ဥပဒေများ

ခြင်းလုံးခတ်ပြိုင်ပွဲ စည်းမျဉ်းဥပဒေများမှာ ၁၀ ပေါက်တန်းပြိုင်ပွဲ၊ ရှစ် ပေါက်တန်းပြိုင်ပွဲ၊ ခြောက် ပေါက်တန်းပြိုင်ပွဲများအပြင် ကျောင်းသားများအတွက် ပြိုင်ပွဲဥပဒေ သီးခြား ပြုလုပ်ထားသည်များလည်း ရှိပါသည်။ ၎င်းဥပဒေများကို အသေးစိတ်ရေးသား ဖော်ပြရလျှင် စာတအုပ် ဖြစ်နိုင်ပါသည်။ သို့ပါ၍ ဤခြင်းသမိုင်းစာအုပ်၌ အတတ်နိုင်ဆုံး အကျဉ်းချုပ်၍ လွယ်လွယ်နှင့် သဘောပေါက်နိုင်စေရန်မျှသာ တင်ပြ လိုပါသည်။

မည်သည့် အဆင့်အတန်း၌ ပါဝင်ယှဉ်ပြိုင်သည် ဖြစ်စေ ပြိုင်ပွဲဝင်သည့် ခြင်းတဖွဲ့လျှင် ခြင်းခတ်သား ခြောက်ယောက်နှင့် အရန်လူ နှစ်ယောက် ပေါင်းရှစ်ယောက် စာရင်းပေးသွင်းကြရပါသည်။

### ၁၀ ပေါက်တန်း ခြင်းလုံးတံခွန်စိုက်ပြိုင်ပွဲ

၁၀ ပေါက်တန်း ခြင်းလုံး တံခွန်စိုက်ပြိုင်ပွဲ ကျင်းပရာတွင် ယှဉ်ပြိုင်ကြရသည့်ကဏ္ဍ လေးမျိုး ရှိပါသည်။ ၎င်းတို့မှာ –

၁။ ဝိုင်းဖွဲ့ (၁) အမှတ်ခတ် ပြိုင်ပွဲ၊
၂။ ဝိုင်းဖွဲ့ (၂) အလှခတ် ပြိုင်ပွဲ၊



www.burmeseclassic.com

www.burmeseclassic.com



၃။ တဦးချင်း အတော့ခတ် ပြိုင်ပွဲ၊
၄။ တဦးချင်း အတွဲခတ် ပြိုင်ပွဲ
များ ဖြစ်ကြပါသည်။

## ဝိုင်းဖွဲ့ (၁) ပြိုင်ပွဲ

ဝိုင်းဖွဲ့ (၁) အတွက် ယှဉ်ပြိုင်ခတ်ကစားရန် အချိန်သည် ၄၅ မိနစ်တိတိ ဖြစ်လေသည်။ ၎င်း ၄၅ မိနစ်ကို အောက်ပ အတိုင်း ပိုင်းခြား၍ ခတ်ကစား ကြရလေသည်။ (ခြင်းတ လျှင် ခြောက်ယောက် ခတ်ကြရပါသည်။)

ပထမ ၁၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းလတ် ကိုးမျ ရောရာခတ် လေးမျိုးကွဲကစ၍ အမှတ်ပေးသည်။ တယော တမျိုး လေးယောက်ခတ်နိုင်လျှင် တမှတ်ပေးသည်။ င ယောက် နှစ် မှတ်၊ ခြောက်ယောက် တဝိုင်းလည်လျှင် သ မှတ်ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေး ခြင်းကြောလည်းမပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင် လျှ တယောက်တိုးတိုင်း တမှတ်တိုး၍ ရလေသည်။

ဒုတိယ ၁၅ မိနစ်။ ။ ဤအပိုင်းတွင် ခြင်း ၁၀ မျ ရောရာတော် လေးမျိုးကွဲကစ၍ အမှတ်ပေးသည်။ တယော တမျိုး လေးယောက် ခတ်နိုင်လျှင် တမှတ်ပေးသည်။ င ယောက် နှစ်မှတ်၊ ခြောက်ယောက် တဝိုင်းလည်လျှင် သုံးမှ ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ ခြ ကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှ တယောက်တိုးတိုင်း တမှတ် တိုး၍ ရလေသည်။

တတိယ ၂၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီး ၁၀ မျ စလုံးကို တမျိုးချင်း မျိုးတူကူးအောင် ခတ်ကစားရမည်



သုံးယောက် ကူးအောင် ခတ်နိုင်လျှင် နှစ်မှတ်ပေးသည်။ လေးယောက် လေးမှတ်၊ ငါးယောက် ခြောက်မှတ်၊ ခြောက်ယောက် တဝိုင်းလည်လျှင် ရှစ်မှတ်၊ တဝိုင်းလည်ပြီးနောက် ခြင်း မြေမကျသေးပဲ ခြင်းကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက် တိုးတိုင်း နှစ်မှတ် တိုး၍ ရလေသည်။

ပြိုင်ပွဲစသည်မှ ပြီးဆုံးသည်အထိ ၄၅ မိနစ်အတွင်း ခြင်းလုံး မြေသို့ တကြိမ်ကျတိုင်း ကျတိုင်း တမှတ်စီ လျော့သည်။ ၂၂ ပေ အကျယ်အဝန်းရှိသော စည်းဝိုင်းအတွင်း၌ ခတ်ကစားရသည်။ ပြိုင်ပွဲဝင် ခြင်းတဖွဲ့အတွက် (၁) အမှတ်ခေါ် ဒိုင်လူကြီး၊ (၂) အမှတ်ရေးဒိုင်လူကြီး၊ (၃) စည်းဝိုင်း ဒိုင်လူကြီးနှင့် (၄) အချိန်မှူးဟူ၍ ဒိုင်လူကြီး လေးယောက် ထားရှိရသည်။

| ပထမ ၁၀ မိနစ်တွင် ခတ်ရသည့် ခြင်းလတ် ကိုးမျိုး | ဒုတိယနှင့်တတိယပိုင်းတွင် ခတ်ရသည့် ခြင်းကြီး ၁၀ မျိုး |
|---|---|
| ၁။ ပတ်ဒူး | ၁။ မဟာဒူး |
| ၂။ ပတ်ဖဝါး | ၂။ တည့်ဖဝါး |
| ၃။ ပတ်ဖနောင့် | ၃။ ဇလွယ် |
| ၄။ ပတ်ဇလွယ် | ၄။ ဝိုက်ကြီး |
| ၅။ စောင်းဇလွယ် | ၅။ တည့်ဖနောင့် |
| ၆။ ဖီလာဇလွယ် | ၆။ မဟာ |
| ၇။ ဖီလာဖဝါး | ၇။ ညှန့်ဒူး |
| ၈။ ဖီလာဖနောင့် | ၈။ ရင်လိမ်ဖဝါး |
| ၉။ မဟာနွယ် | ၉။ ရင်လိမ်ဖနောင့် |
| | ၁၀။ မဟာညှန့် |

www.burmeseclassic.com

www.burmeseclassic.com



## ဝိုင်းဖွဲ့ (၂) ပြိုင်ပွဲ

ဝိုင်းဖွဲ့ (၂) ၁၀ ပေါက်တန်း ခြင်းလုံးတော်ပြိုင်ပွဲ ခတ်ကစားချိန် ၄၅ မိနစ်တိတိ ဖြစ်လေသည်။ ၎င်း ၄၅ မိနစ်ကို အောက်ပါအတိုင်း ပိုင်းခြား၍ ခတ်ကစား ကြရလေသည်။ တသင်းလျှင် ခြောက်ယောက် ပါဝင် ခတ်ကစားကြရသည်။

ပထမ ၁၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီး ၁၀ မျိုးကို တမျိုးချင်း ဗယ် ညာ စုံခတ်ကြရမည်။ ခြင်းတပေါက်ကို ဗယ်ခြေရော ညာခြေပါ တဆက်တည်း ခတ်ရမည်။ ခတ်သား တယောက်လျှင် တစုံ အနည်းဆုံးရအောင် ခတ်ရမည်။ တစုံရလျှင် ငါးမှတ် ပေးသည်။

ဒုတိယ ၁၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီး ၁၀ မျိုးကို မျိုးကွဲ ကူးအောင် ခတ်ရမည်။ တယောက်နှင့် တယောက် ခြင်းပေါက် မတူအောင်တော်ကြရမည်။ သုံးယောက်ကူးအောင် ခတ်ကစားနိုင်လျှင် နှစ် မှတ် ပေးသည်။ လေးယောက် လေးမှတ်၊ ငါးယောက် ခြောက် မှတ်၊ ခြောက်ယောက် တဝိုင်းလည်လျှင် ရှစ်မှတ်၊ တ ဝိုင်း လည် ပြီး နောက် ခြင်း မြေမကျသေးပဲ ခြင်းကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း နှစ် မှတ် တိုး၍ ရလေသည်။

တတိယ ၁၀ မိနစ်။ ။ဤအပိုင်းတွင် လက်ရွေးစင် ခြင်းပေါက် ကိုးမျိုးကို မျိုးကွဲကူးအောင် ခတ်ရမည်။ နှစ်မျိုးကွဲ နှစ်ယောက်ကူးအောင် ခတ်နိုင်လျှင် နှစ် မှတ် ပေးသည်။ သုံးယောက် လေးမှတ်၊ လေးယောက် ခြောက်မှတ်၊ ငါးယောက် ရှစ်မှတ်၊ ခြောက်ယောက် တဝိုင်းလည်လျှင် ၁၀ မှတ်၊



တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း နှစ်မှတ်တိုး၍ ရလေသည်။

စတုတ္ထ ၁၅ မိနစ်။ ။ဤအပိုင်းတွင် လက်ရွေးစင် ခြင်းပေါက် ကိုးမျိုးကို တမျိုးချင်း မျိုးတူကူးအောင် ခတ်ကစားကြရမည်။ နှစ်ယောက်ကူးအောင် ခတ်နိုင်လျှင် သုံးမှတ်ပေးသည်။ သုံးယောက် ငါးမှတ်၊ လေးယောက် ခုနစ်မှတ်၊ ငါးယောက် ကိုးမှတ်၊ ခြောက်ယောက် တဝိုင်းလည်လျှင် ၁၁ မှတ်ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်ကစားနိုင်လျှင် တယောက်တိုးတိုင်း နှစ် မှတ် တိုး၍ ပေးလေသည်။

ပြိုင်ပွဲစသည်မှ ပြီးဆုံးသည်အထိ ၄၅ မိနစ်အတွင်း ခြင်းသုံးမြေသို့ တကြိမ်ကျတိုင်း ကျတိုင်း တမှတ်စီ လျှော့သည်။ ၂၂ ပေအကျယ်အဝန်းရှိသော စည်းဝိုင်းအတွင်း၌ ခတ်ကစားရသည်။ (၁) အမှတ်ခေါ်ဒိုင်လူကြီး၊ (၂) အမှတ်ရေးဒိုင်လူကြီး၊ (၃) စည်းဝိုင်းဒိုင်လူကြီးနှင့် (၄) အချိန်မှူးဟူ၍ ဒိုင်လူကြီးလေးယောက် ထားရပါသည်။

### တတိယပိုင်းနှင့် စတုတ္ထပိုင်းတွင် ခတ်ရသော လက်ရွေးစင် ခြင်းပေါက် ကိုးမျိုး

| | |
|---|---|
| ၁။ ရှပ်ထိပ်တင် | ၆။ မြင်းစီး |
| ၂။ ဝိုက်ဒူး(ဒူးဝိုက်ကြီး) | ၇။ ရှပ်ဒူး |
| ၃။ မဟာနွယ် | ၈။ မန္တလာ ဖိလာနွယ် |
| ၄။ သမင်လည်ပြန် ဖနောင့် | ၉။ အပျောက်ရိုက် |
| ၅။ မန္တလာဒူးခံ ခြေဖျား | |

www.burmeseclassic.com

www.burmeseclassic.com



## တဦးချင်း အတော့ခတ် ပြိုင်ပွဲ

၁၀ ပေါက်တန်း အတော့ခတ်[1] ပြိုင်ပွဲတွင် တသင်းလျှင် ခတ်သား စာရင်း ရှစ်ယောက် ပေးထားသည့်အနက်မှ ကြိုက်ရာ သုံးယောက်ကို ထုတ်နုတ်၍ ယှဉ်ပြိုင်ကြရသည်။ ခြင်းကြီး ၁၀ မျိုးကို တမျိုးချင်း လူတယောက် သုံးကြိမ်စီ တော့ကြရသည်။

၁၂ ပေ အကျယ်အဝန်းရှိသော စည်းဝိုင်းအတွင်း၌ တော့ကြရသည်။ ပထမအကြိမ် တော့၍ ရသော လုံးရေကို ဒိုင်က မှတ်သားထားရသည်။ ဒုတိယအကြိမ် တော့၍ ရသော လုံးရေကိုလည်း မှတ်သားထားရလေသည်။ တတိယအကြိမ် တော့၍ရသော လုံးရေကိုလည်း မှတ်သား ထားရလေသည်။ သုံးကြိမ်တော့ထားရသည့်အနက်မှ အများဆုံးရသော အကြိမ်၏ လုံးရေကို အတည်ပြုပါသည်။ သုံးယောက်ပေါင်း၏ လုံးရေအများဆုံး စံချိန်သည် ၎င်းအသင်း၏ စံချိန်ပင် ဖြစ်လေသည်။ ဤနည်းဖြင့် ပြိုင်ပွဲဝင် အသင်းအားလုံးတို့၏ စံချိန်ချင်း တိုက်ကြည့်ပြီး စံချိန်လုံးရေ အနည်းအများကို လိုက်၍ ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် အရှုံးအနိုင် သတ်မှတ်လေသည်။ ယင်းပြိုင်ပွဲတွင် (၁) အတော့ ရေတွက်ရန် ဒိုင်လူကြီး (ခေါ်ဒိုင်)၊ (၂) အတော့ အချက်ရေ ရေးမှတ်ရန် ဒိုင်လူကြီး(မှတ်ဒိုင်) နှင့် (၃) စည်းဝိုင်းဒိုင် ဟူ၍ ဒိုင်လူကြီး သုံးဦး ထားရှိရသည်။

၁။ အတော့ခတ် ဆိုသည်မှာ ခြင်းပေါက်တမျိုးတည်းကို တဆက်တည်း ထပ်ကာ ထပ်ကာ ခတ်ခြင်းကို ခေါ်သည်။



## တဦးချင်း အတွဲခတ်ပြိုင်ပွဲ

အတွဲခတ်[2] ပြိုင်ပွဲတွင် တဖွဲ့လျှင် ခတ်သား ရှစ်ယောက် စာရင်း ပေးထားသည့် အနက်မှ ကြိုက်ရာ လူသုံးယောက်ကို ထုတ်နုတ်၍ ယှဉ်ပြိုင်ကြရသည်။ ခြင်းကြီး ၁၀ မျိုး ကို တမျိုးစီ တွဲဖက်၍ ခတ်ကစား ကြရသည်။ တဦးချင်း အတော့ပြိုင်ပွဲကဲ့သို့ ၁၂ ပေ အကျယ်အဝန်းရှိသော စည်းဝိုင်းအတွင်း၌ တွဲကြရသည်။

ပထမအကြိမ် တွဲ၍ရသော လုံးရေကို ဒိုင်က ရေးမှတ်ထားရလေသည်။ ဒုတိယအကြိမ် တွဲ၍ရသော လုံးရေကိုလည်း မှတ်သားထားရလေသည်။ တတိယအကြိမ် တွဲ၍ရသော လုံးရေကိုလည်း မှတ်သား ထားရလေသည်။ လူတယောက်လျှင် သုံး ကြိမ် တွဲထားသည့်အနက်မှ အများဆုံးရသော အကြိမ်၏ လုံးရေကို အတည်ပြုပါသည်။ သုံးယောက်ပေါင်း ရရှိသော လုံးရေစံချိန်သည် ၎င်းအဖွဲ့၏ စံချိန်ပင် ဖြစ်လေသည်။ ဤနည်းဖြင့် ပြိုင်ပွဲဝင် အဖွဲ့အားလုံးတို့၏ စံချိန်ချင်း တိုက်ကြည့်ပြီး စံချိန်လုံးရေ အနည်းအများကို လိုက်၍ ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် အရှုံးအနိုင် သတ်မှတ်လေသည်။ ဤပြိုင်ပွဲတွင် (၁) တွဲလုံးထပ် မထပ်နှင့် လုံးရေ ရေတွက်ရန် ဒိုင်လူကြီး ခေါ်ဒိုင်၊ (၂) အတွဲလုံးရေ ရေးမှတ်ရန် ဒိုင်လူကြီး (မှတ်ဒိုင်) နှင့် (၃) စည်းဝိုင်းဒိုင်ဟူ၍ ဒိုင်လူကြီး သုံးယောက် ထားရသည်။

၂။ အတွဲခတ် ဆိုသည်မှာ ခြင်းပေါက် တမျိုးနှင့်တမျိုး မကူးအောင် ပြောင်းလဲ၍ တဆက်တည်း ခတ်ခြင်းကို ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်ကြီး ပေးပုံ ပေးနည်း

ဝိုင်းဖွဲ့ (၁) အမှတ်ခတ်ပွဲ — ပထမရသော အသင်းကို ၁၀ မှတ်ပေးသည်။ ဒုတိယရသော အသင်းကို ခြောက်မှတ် ပေးသည်။ တတိယရသော အသင်းကို နှစ်မှတ် ပေးသည်။

ဝိုင်းဖွဲ့ (၂) အလှခတ်ပြိုင်ပွဲ — ပထမရသော အသင်းကို ၁၀ မှတ်ပေးသည်။ ဒုတိယရသော အသင်းကို ခြောက် မှတ် ပေးသည်။ တတိယရသော အသင်းကို နှစ်မှတ် ပေးသည်။

တဦးချင်း အတော့ခတ်ပြိုင်ပွဲ — ပထမ ရသော အသင်းကို ငါး မှတ်ပေးသည်။ ဒုတိယရသော အသင်းကို သုံးမှတ်ပေးသည်။ တတိယ ရသော အသင်း ကို တမှတ် ပေးသည်။

တဦးချင်း အတွဲခတ် ပြိုင်ပွဲ — ပထမရသော အသင်းကို ငါး မှတ်ပေးသည်။ ဒုတိယရသော အသင်းကို သုံးမှတ်ပေးသည်။ တတိယရသော အသင်း ကို တမှတ် ပေးသည်။

ဤပြိုင်ပွဲကဏ္ဍ လေးမျိုးစလုံးမှ ရရှိသော အမှတ်ကြီးများ ကို ပေါင်းလျက် အမှတ် အများဆုံးရသော အသင်းကို ပထမ တံခွန်စိုက်ဆုဒိုင်း ချီးမြှင့်လေသည်။



## လေးကဏ္ဍပေါင်း အမှတ်ကြီး ပေးပုံဇယား

| အသင်း အမည် | ဝိုင်းဖွဲ့ (၁) | ဝိုင်းဖွဲ့ (၂) | အတော့ | အတွဲ | အမှတ် ပေါင်း | အဆင့် |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၀ | ၆ | – | ၁ | ၁၇ | ဒုတိယ |
| မော်လမြိုင် | – | ၂ | ၅ | – | ၇ | စတုတ္ထ |
| မန္တလေး | ၆ | ၁၀ | – | ၅ | ၂၁ | ပထမ တံခွန်စိုက် |
| မြင်းခြံ | ၂ | – | ၃ | ၃ | ၈ | တတိယ |
| ဖျာပုံ | – | – | ၁ | – | ၁ | ပဥ္စမ |

ဒိုင်လူကြီး လက်မှတ် မှတ်ချက်

## ရှစ်ပေါက်တန်း ပြိုင်ပွဲ စည်းမျဉ်းဥပဒေ

ရှစ်ပေါက်တန်း ပြိုင်ပွဲတွင်လည်း ၁၀ ပေါက်တန်း ပြိုင်ပွဲကဲ့သို့ လေးကဏ္ဍ ယှဉ်ပြိုင်ကြရလေသည်။ ယင်းတို့မှာ ၁။ ဝိုင်းဖွဲ့ (၁) အမှတ်တော်ပြိုင်ပွဲ၊ ၂။ ဝိုင်းဖွဲ့ (၂) အလှခတ်ပြိုင်ပွဲ (လက်ရွေးစင်ခတ်ပြိုင်ပွဲ)၊ ၃။ အတော့ခတ်ပြိုင်ပွဲနှင့် ၄။ အတွဲခတ်ပြိုင်ပွဲ ဟူ၍ ဖြစ်သည်။

### ဝိုင်းဖွဲ့ (၁) ပြိုင်ပွဲ

ဝိုင်းဖွဲ့ (၁) ပြိုင်ပွဲ ခတ်ကစားချိန် ၄၅ မိနစ်တိတိ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ တသင်းလျှင် ခြောက်ယောက် ပါဝင် ခတ်ကစားကြရသည်။ ခတ်ကစားချိန် ၄၅ မိနစ်ကို အောက်ပါအတိုင်း ပိုင်းခြား၍ ခတ်ကစား ကြရလေသည်။

ပထမ ၁၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းလတ်ကိုးမျိုးနှင့် မဟာဒူး၊ တည့်ဖဝါး၊ တည့်ဖနောင့်၊ ရေရာခတ် သုံးမျိုးကွဲကစ၍ အမှတ်ပေးသည်။ တယောက်တမျိုး သုံးယောက်ခတ်နိုင်လျှင် တမှတ်ပေးသည်။ လေးယောက် နှစ်မှတ်၊ ငါးယောက် သုံးမှတ်၊ ခြောက်ယောက်တဝိုင်းလည်လျှင် လေးမှတ်ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း တမှတ်တိုး၍ ရလေသည်။

ဒုတိယ ၁၅ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီး ၁၀ မျိုး ရေရာခတ် သုံးမျိုးကွဲကစ၍ အမှတ်ပေးသည်။ တယောက် တမျိုးသုံးယောက်ခတ်နိုင်လျှင် တမှတ်ပေးသည်။လေးယောက် နှစ်မှတ်၊ ငါးယောက် သုံးမှတ်၊ ခြောက်ယောက် တဝိုင်းလည်လျှင် လေးမှတ်ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျ သေးပဲ၊ ခြင်းကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း တမှတ်တိုး၍ ရလေသည်။

တတိယ ၂၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီး ရှစ်မျိုးကို (မဟာညွန့်နှင့် ရင်လိမ်ဖနောင့်မပါ) တမျိုးချင်း မျိုးစုံ ခတ်ကစားရမည်။ သုံးယောက် ခတ်ကစားနိုင်လျှင် နှစ်မှတ်၊ လေးယောက် လေးမှတ်၊ ငါးယောက် ခြောက်မှတ်၊ ခြောက် ယောက်တဝိုင်းလည်လျှင် ရှစ်မှတ် ပေးသည်။ တဝိုင်းလည်ပြီး နောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြောလည်းမပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း နှစ်မှတ်တိုး၍



လေသည်။ ပြိုင်ပွဲစသည်မှ ပြီးဆုံးသည်အထိ ခြင်းလုံး မြေသို့ တကြိမ်ကျတိုင်း ကျတိုင်း တမှတ်လျှော့သည်။ ၂၂ ပေအကျယ် အဝန်းရှိသော စည်းဝိုင်းအတွင်း၌ ခတ်ကစားရသည်။ ၁၀ ပေါက်တန်းပြိုင်ပွဲ၌ ဒိုင်လူကြီးလေးယောက် ထားရှိရပါသည်။

| ပထမ ၁၀ မိနစ်တွင် ခတ်ရသည့် ခြင်းလတ် ကိုးမျိုး | တတိယ ၂၀ မိနစ်တွင် ခတ်ရသည့် ခြင်းကြီး ရှစ်မျိုး |
|---|---|
| ၁။ ပတ်ဒူး | ၁။ မဟာဒူး |
| ၂။ ပတ်ဖဝါး | ၂။ တည့်ဖဝါး |
| ၃။ ပတ်ဖနောင့် | ၃။ စလွယ် |
| ၄။ ပတ်စလွယ် | ၄။ ဝိုက်ကြီး |
| ၅။ စောင်းစလွယ် | ၅။ တည့်ဖနောင့် |
| ၆။ ဖီလာစလွယ် | ၆။ မဟာ |
| ၇။ ဖီလာဖဝါး | ၇။ ညွန့်ဒူး |
| ၈။ ဖီလာဖနောင့် | ၈။ ရင်လိမ်ဖဝါး |
| ၉။ မဟာနွယ် | |

## ဝိုင်းဖွဲ့ (၂) ပြိုင်ပွဲ

ရှစ်ပေါက်တန်းဝိုင်းဖွဲ့ (၂) ပြိုင်ပွဲခတ်ကစားချိန် ၄၅ မိနစ် ထားဖြစ်လေသည်။ တသင်းလျှင် ခြောက်ယောက် ပါဝင်ခတ် ကစားရသည်။ ခတ်ကစားချိန် ၄၅ မိနစ်ကို အောက်ပါအတိုင်း ပိုင်းခြား၍ ခတ်ကစားကြရသည်။

ပထမ ၁၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီး ရှစ်မျိုးကို တမျိုးချင်း ဇယ်ညာ တစုံစီ ခတ်ကြရမည်။ ဇယ်ညာဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



ညာဗယ်ဖြစ်စေ တဆက်တည်း တစုံခတ်ရသည်။ သို့မဟုတ် ညာခြေနှင့် ခတ်၍ ထွက်သွားသော ခြင်းကို တခြား ခတ်သားတယောက်က တချက်တည်းနှင့် ပြန်ရောက်အောင် ခတ်ပို့လိုက်သော ခြင်းကို ဗယ်ခြေဖြင့် ခတ်ရမည်။ ခြင်းပေါက်တမျိုးကို ဗယ်ညာတစုံခတ်နိုင်လျှင် ငါးမှတ် ပေးသည်။ ခြင်းခတ်သားခြောက်ယောက်စလုံး တယောက်လျှင် တစုံ အနည်းဆုံး ခတ်ကြရမည်။ တမျိုးအောင်မြင်ပြီးမှ နောက်တမျိုးကို ခတ်ရသည်။ ရှစ်မျိုးစလုံး အောင်မြင်ပြီးသောအခါ အမှတ် (၁) ခတ်ပေါက်မှ ပြန်စ၍ အချိန်မစေ့မီအတွင်း အခေါက်ခေါက်အခါခါ ခတ်ကစားနိုင်သည်။

ဒုတိယ ၁၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီး ၁၁ မျိုးစလုံးကို မျိုးကွဲကူးခတ်ရမည်။ တယောက်နှင့် တယောက် ခြင်းပေါက် မတူအောင် ခတ်ကြရသည်။ သုံးယောက် ကူးအောင် ခတ်နိုင်လျှင် နှစ်မှတ်ပေးသည်။ လေးယောက် လေးမှတ်၊ ငါးယောက် ခြောက်မှတ်၊ ခြောက်ယောက် တဝိုင်းလည်လျှင် ရှစ်မှတ်ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ ခြင်းကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း နှစ်မှတ်တိုး၍ ရလေသည်။

တတိယ ၁၀ မိနစ်။ ။ဤအပိုင်းတွင် လက်ရွေးစင် ခြင်းပေါက်များကို မျိုးကွဲ ကူးခတ်ရမည်။ နှစ်မျိုးကွဲ နှစ်ယောက် ကူးအောင် ခတ်နိုင်လျှင် နှစ်မှတ်ပေးသည်။ သုံးယောက် လေးမှတ်၊ လေးယောက် ခြောက်မှတ်၊ ငါးယောက် ရှစ်မှတ် ခြောက်ယောက်တဝိုင်းလည်လျှင် ၁၈ မှတ်ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြောလည်း မပြတ်



သေးပဲဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း နှစ်မှတ်တိုး၍ ရလေသည်။

စတုတ္ထ ၁၅ မိနစ်။ ။ဤအပိုင်းတွင် လက်ရွေးစင် ခြင်းပေါက် ရှစ်မျိုးကို တမျိုးချင်း မျိုးတူကူးအောင် ခတ်ရမည်။ နှစ်ယောက် ကူးအောင် ခတ်နိုင်လျှင် သုံးမှတ်ပေးသည်။ သုံးယောက် ငါးမှတ်၊ လေးယောက် ခုနစ်မှတ်၊ ငါးယောက် ကိုးမှတ်၊ ခြောက်ယောက်တဝိုင်းလည်လျှင် ၁၁ မှတ်ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း နှစ်မှတ်တိုး၍ ရလေသည်။

ခြင်းပြိုင်ပွဲ စတင် ခတ်ကစားသည့် အချိန်မှ ပြီးဆုံးသည့် အချိန်ထိ ခြင်းလုံး မြေသို့ တကြိမ်ကျတိုင်း ကျတိုင်း တမှတ်စီ လျော့သည်။ ၂၂ ပေအကျယ်အဝန်းရှိသော စည်းဝိုင်းအတွင်း၌ ခတ်ကစားကြရသည်။

ဤပြိုင်ပွဲ ကျင်းပသည့်အခါတွင် (၁) အမှတ်ခေါ်ဒိုင်လူကြီး (ခေါ်ဒိုင်)၊ (၂) အမှတ်ပေးဒိုင်လူကြီး (မှတ်ဒိုင်)၊ (၃) စည်းဝိုင်းဒိုင်လူကြီးနှင့် (၄) အချိန်မှူးဟူ၍ဒိုင်လူကြီးလေးဦးထားရသည်။

## တတိယပိုင်းနှင့်စတုတ္ထပိုင်းတွင်ခတ်ရသည့် လက်ရွေးစင် ခြင်းပေါက် ရှစ်မျိုး

| | |
|---|---|
| ၁။ မန္တလာ | ၅။ မဟာနွယ် |
| ၂။ မြင်းစီး | ၆။ ဒူးဝိုက်ကြီး |
| ၃။ သမင်လည်ပြန် | ၇။ ရှပ်ဒူး |
| ၄။ ရှပ်ထိပ်တင် | ၈။ မန္တလာခံ ဗိလာစလွယ် |

တို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



### တဦးချင်း အတော့ခတ်ပြိုင်ပွဲ

ရှစ်ပေါက်တန်း အတော့ခတ်ပြိုင်ပွဲတွင် တသင်းလျှင် ခတ်သား ရှစ်ယောက် စာရင်းပေးထားသည့် အနက်မှ ကြိုက်ရာ သုံးယောက်ကို ထုတ်နုတ်၍ ယှဉ်ပြိုင်ကြရသည်။ ခြင်းကြီး ရှစ်မျိုးကို တမျိုးချင်း တယောက် သုံးကြိမ်စီ တော့ကြရသည်။ ၁၂ ပေ အကျယ်အဝန်း ရှိသော စည်းဝိုင်းအတွင်း၌ တော့ကြရသည်။ ပထမအကြိမ် တော့၍ ရသော လုံးရေကို ဒိုင်က မှတ်သားထားရလေသည်။ ဒုတိယအကြိမ် တော့၍ ရသော လုံးရေကိုလည်း မှတ်သားထားရလေသည်။ တတိယ အကြိမ် တော့၍ရသော လုံးရေကိုလည်း မှတ်သားထားရလေသည်။ သုံးကြိမ်တော့ထားသည့် အနက်မှ အများဆုံးရသော အကြိမ်၏အလုံးရေကို အတည်ပြုပါသည်။သုံးယောက်ပေါင်း၏ လုံးရေ အများဆုံးစံချိန်သည် ၎င်းအသင်း စံချိန်ပင် ဖြစ်လေသည်။ ဤနည်းဖြင့် ပြိုင်ပွဲဝင် အသင်းအားလုံးတို့၏ စံချိန်ချင်း ကိုက်ကြည့်ပြီး စံချိန်လုံးရေ အနည်းအများကို လိုက်၍ ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် အရှုံးအနိုင် သတ်မှတ်လေသည်။

ဤပြိုင်ပွဲ ကျင်းပသည့်အခါ (၁) အတော့ရေတွက်ရန် ဒိုင်လူကြီး (ခေါ်ဒိုင်)၊ (၂) အတော့အချက်ရေ ရေးမှတ်ရန် ဒိုင်လူကြီး (မှတ်ဒိုင်) နှင့် (၃) စည်းဝိုင်းဒိုင်ဟူ၍ ဒိုင်လူကြီးသုံးယောက် ထားရသည်။

### တဦးချင်း အတွဲခတ်ပြိုင်ပွဲ

အတွဲခတ်ပြိုင်ပွဲတွင် ၁၀ ပေါက်တန်း၊ ရှစ်ပေါက်တန်းနှင့်



ခြောက်ပေါက်တန်းများအတွက် ခွဲခြား သတ်မှတ်ခြင်း မရှိ။ ခြင်းကြီး ၁၀ မျိုးစလုံးကို ရောရောတွဲဖက်၍ ခတ်ကြရလေသည်။ တသင်းလျှင် ရှစ်ယောက် စာရင်းပေးထားသည့် အနက်မှ ကြိုက်ရာသုံးယောက်ကို ထုတ်၍ယှဉ်ပြိုင်ကြရသည်။ တဦးချင်း အတော့ခတ်ပြိုင်ပွဲကဲ့သို့ ၁၂ ပေ အကျယ်အဝန်းရှိသော စည်းဝိုင်းအတွင်း၌ တွဲကြရသည်။ပထမအကြိမ်တွဲ၍ရသော လုံးရေကို ဒိုင်လူကြီးက မှတ်ထားရလေသည်။ ဒုတိယအကြိမ်တွဲ၍ ရသော လုံးရေကိုလည်း ဒိုင်က မှတ်သား ထားရလေသည်။ တတိယအကြိမ် တွဲ၍ရသော လုံးရေကိုလည်း ဒိုင်ကမှတ်သား ထားရလေသည်။ လူတယောက်လျှင် သုံးကြိမ်တွဲထားသည့် အနက် အများဆုံးရသော အကြိမ်၏လုံးရေကို အတည်ပြုပါသည်။ သုံးယောက်ပေါင်း၏လုံးရေ အများဆုံးစံချိန်သည် ၎င်း အသင်း၏ စံချိန်ပင်ဖြစ်လေသည်။ ဤနည်းဖြင့် ပြိုင်ပွဲဝင် အသင်းအားလုံးတို့၏ စံချိန်ချင်း တိုက်ကြည့်ပြီး စံချိန်လုံးရေ အနည်းအများကိုလိုက်၍ ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် အရှုံးအနိုင် သတ်မှတ်လေသည်။

ဤပြိုင်ပွဲတွင် (၁) တွဲလုံးထပ် မထပ်နှင့် လုံးရေ ရေတွက်ရန် ဒိုင်လူကြီး (ခေါ်ဒိုင်)၊ (၂) အတွဲလုံးရေ ရေးမှတ်ရန် ဒိုင်လူကြီး (မှတ်ဒိုင်) နှင့် (၃) စည်းဝိုင်းဒိုင်ဟူ၍ ဒိုင်လူကြီး သုံးယောက် ထားရသည်။

### ခြောက်ပေါက်တန်း ပြိုင်ပွဲစည်းမျဉ်းဥပဒေ

ခြောက်ပေါက်တန်းပြိုင်ပွဲတွင် ရှစ်ပေါက်တန်း ပြိုင်ပွဲကဲ့သို့ လေးကဏ္ဍ ယှဉ်ပြိုင်ကြရလေသည်။ ယင်းတို့မှာ —

၁။ ဝိုင်းဖွဲ့ (၁) အမှတ်ခတ်ပြိုင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



၂။ ဝိုင်းဖွဲ့ (၂) အလှခတ်ပြိုင်ပွဲ (လက်ရွေးစင်ခတ်ပြိုင်ပွဲ)
၃။ အတော့တော်ပြိုင်ပွဲ
၄။ အတွဲခတ်ပြိုင်ပွဲ

ဟူ၍ ဖြစ်သည်။

## ဝိုင်းဖွဲ့ (၁) ပြိုင်ပွဲ

ဝိုင်းဖွဲ့ (၁) ပြိုင်ပွဲ ခတ်ကစားချိန် ၄၅ မိနစ်တိတိ ဖြစ်လေသည်။ တသင်းလျှင် ခြောက်ယောက် ပါဝင် ကစားကြရသည်။ ခတ်ကစားချိန် ၄၅ မိနစ်ကို အောက်ပါအတိုင်း ပိုင်းခြား၍ ခတ်ကစားကြရသည်။

ပထမ ၁၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းလတ်ကိုးမျိုးနှင့် မဟာဒူး၊တည့်ဖဝါး၊တည့်ဖနောင့်တို့ကိုရှောရာမျိုးကွဲ ခတ်ရမည်။ သုံးမျိုးကွဲကစ၍ အမှတ်ပေးသည်။ တယောက်တမျိုး သုံးယောက်ကူးအောင် ခတ်နိုင်လျှင် တမှတ် ပေး သည်။ လေးယောက် နှစ်မှတ်၊ငါးယောက် သုံးမှတ်၊ ခြောက်ယောက် တဝိုင်းလည်လျှင် လေးမှတ် ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြောမပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း တမှတ်တိုး၍ ရလေသည်။

ဒုတိယ ၁၅ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီး ၁၀ မျိုးကို ရှောရာမျိုးကွဲ ခတ်ရမည်။ တယောက်တမျိုး၊ သုံးယောက်ကူး ခတ်နိုင်လျှင် တမှတ်ပေးသည်။ လေးယောက် နှစ်မှတ်၊ ငါးယောက် သုံးမှတ်၊ ခြောက်ယောက် တဝိုင်းလည်လျှင် လေးမှတ် ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျ



သေးပဲ၊ ခြင်းကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း တမှတ်တိုး၍ ရလေသည်။

တတိယ ၂၀ မိနစ်။ ။ဤအပိုင်းတွင် သီးခြား သတ်မှတ်ထားသော ခြင်းကြီး ခြောက်မျိုးကို တမျိုးချင်း မျိုးတူ ခတ်ကစားရမည်။ မျိုးတူ သုံးယောက် ကူးခတ်နိုင်လျှင် နှစ်မှတ်ပေးသည်။ လေးယောက် လေးမှတ်၊ ငါးယောက် ခြောက်မှတ်၊ ခြောက်ယောက် တဝိုင်းလည်လျှင် ရှစ်မှတ် ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း နှစ်မှတ်တိုး၍ ရလေသည်။ ခြင်း မြေသို့ကျတိုင်း တမှတ်စီလျော့သည်။ ၂၂ ပေ အကျယ်အဝန်းရှိသော စည်းဝိုင်းအတွင်းခတ်ကြရသည်။ ရှစ်ပေါက်တန်းကွဲသို့ ဒိုင်လူကြီး လေးယောက်ထားရှိရလေသည်။

သီးခြားမှုသေသတ်မှတ်ထားသော ခြင်းကြီးခြောက်မျိုးမှာ (၁)၊ မဟာဒူး၊ (၂)၊ တည့်ဖဝါး၊ (၃)၊ စလွယ်၊ (၄) ဝိုက်ကြီး၊ (၅)၊ တည့်ဖနောင့်နှင့် (၆) မဟာတို့ ဖြစ်ကြသည်။

ဤခြောက်မျိုးကို တတိယပိုင်း မိနစ် ၂၀ တွင် တမျိုးပြီး တမျိုး အစဉ်အတိုင်း ခတ်ကြရသည်။

## ဝိုင်းဖွဲ့ (၂) ပြိုင်ပွဲ

ခြောက်ပေါက်တန်း ဝိုင်းဖွဲ့ (၂) ပြိုင်ပွဲ ခတ်ကစားချိန် ၄၅ မိနစ်တိတိဖြစ်လေသည်။ တသင်းလျှင် ခြောက်ယောက် ပါဝင် ခတ်ကစားကြရသည်။ ခတ်ကစားချိန် ၄၅ မိနစ် ကို အောက်ပါအတိုင်း ပိုင်းခြား၍ ခတ်ကစားကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမ ၁၀ မိနစ်။ ။ဤအပိုင်းတွင် သီးခြားမှုသေ သတ်မှတ်ထားသော ခြင်းကြီး ခြောက်မျိုးကို တမျိုးချင်း ဗယ်ညာ စုံ ခတ်ကြရသည်။ ဗယ်ညာ တဆက်တည်း သို့မဟုတ် ညာခြေနှင့် ခတ်လိုက်၍ ထွက်သွားသောခြင်းကို တခြား ခတ်သားတယောက်က တချက်တည်းနှင့် ပြန်ရောက် အောင် ပို့လိုက်သောခြင်းကို ဗယ်ခြေနှင့် ခတ်ရမည်။ ခြင်း ပေါက် တမျိုးကို ဗယ်ညာတစုံ ခတ်နိုင်လျှင်ငါးမှတ်ပေးသည်။ ခတ်သား ခြောက်ယောက်လုံး တယောက်တစုံစီ ခတ်ကြရ မည်။ ခြောက်မျိုးစေ့လျှင် ပထမအမျိုးက ပြန်စ၍ အချိန် မစေ့မီအတွင်း အခေါက်ခေါက် အပြန်ပြန် ခတ်နိုင်သည်။

ဒုတိယ ၁၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီး ၁၀ မျိုး ကို ရောရာမျိုးကွဲ ကူးခတ်ရမည်။ တယောက်နှင့်တယောက် ခြင်းပေါက်မတူအောင် ခတ်ကြရသည်။ သုံးယောက် ကူးခတ် နိုင်လျှင် နှစ်မှတ်ပေးသည်။ လေးယောက် လေးမှတ်၊ ငါး ယောက် ခြောက်မှတ်၊ ခြောက်ယောက်တဝိုင်းလည်လျှင် ရှစ် မှတ်ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်း မြေ မကျသေးပဲ ခြင်းကြော မပြတ်သေးပဲ ဆက်လက်၍ခတ်နိုင်လျှင် တယောက် တိုးတိုင်း နှစ်မှတ်တိုး၍ ရလေသည်။

တတိယ ၁၀ မိနစ်။ ။ဤအပိုင်းတွင် လက်ရွေးစင် ခြင်း ပေါက် ကိုးမျိုးကို ရောရာ မျိုးကွဲ ကူးခတ်ရမည်။ နှစ်မျိုး နှစ်ယောက်ကူးအောင်ခတ်နိုင်လျှင် နှစ်မှတ်ပေးသည်။ လေး ယောက် လေးမှတ်၊ ငါးယောက်ခြောက်မှတ်၊ ခြောက်ယောက် တဝိုင်းလည်လျှင် ရှစ်မှတ်ပေးသည်။ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြောလည်းမပြတ်သေးပဲ ဆက်လက်



၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း နှစ်မှတ် တိုး၍ ရလေ သည်။

စတုတ္ထ ၁၅ မိနစ်။ ။ဤအပိုင်းတွင် လက်ရွေးစင်ခြင်း ပေါက်ခြောက်မျိုးကို တမျိုးချင်း မျိုးတူကူးအောင်ခတ်ကစားရ မည်။ နှစ်ယောက်ကူးလျှင် သုံးမှတ်၊ သုံးယောက်ကူးလျှင် ငါးမှတ်၊ လေးယောက် ခုနစ် မှတ်၊ ငါးယောက် ကိုး မှတ်၊ ခြောက်ယောက်တဝိုင်းလည်လျှင် ၁၁ မှတ်ပေးသည်။ တဝိုင်း လည်ပြီးနောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြောလည်း မပြတ် သေးပဲ ဆက်လက်၍ ခတ်ကစားနိုင်လျှင် တယောက်တိုးတိုင်း နှစ် မှတ်တိုး၍ ရလေသည်။

ခြင်းလုံး စတင်ခတ်ကစားသည့်အချိန်မှ ပြီးဆုံးသည့်အချိန် အထိ ခြင်းမြေသို့တကြိမ်ကျတိုင်း တမှတ်စီလျော့သည်။ ၂၂ ပေ အကျယ်အဝန်းရှိသော စည်းဝိုင်းအတွင်း၌ ခတ်ကစားကြရ သည်။

ဤပြိုင်ပွဲတွင် (၁) အမှတ်ခေါ် ဒိုင်လူကြီး (ခေါ်ဒိုင်)၊ (၂) အမှတ်ရေးဒိုင်လူကြီး(မှတ်ဒိုင်)၊ (၃)စည်းဝိုင်းဒိုင်လူကြီး နှင့်(၄) အချိန်မှူးဟူ၍ ဒိုင်လူကြီးလေးယောက် ထားရှိရသည်။

| သီးခြား မှုသေ သတ်မှတ် ထားသော ခြင်းကြီးခြောက်မျိုး | ခြောက်ပေါက်တန်းအတွက် မှုသေသတ်မှတ်ထားသော လက်ရွေးစင်ခြင်းပေါက် ခြောက်မျိုး |
|---|---|
| ၁။ မဟာဒူး | ၁။ ရှပ်ထိပ်တင် |
| ၂။ တည့်ဖဝါး | ၂။ ဒူးဝိုက်ကြီး |
| ၃။ စလွယ် | ၃။ မဟာနွယ် |
| ၄။ ဝိုက်ကြီး | ၄။ သမင်လည်ပြန် ဖနောင့် |

www.burmeseclassic.com

www.burmeseclassic.com



၅။ တည့်ဖနောင့်
၆။ မဟာ

၅။ မန္တလာဒူးခံ ခြေဖျားရစ်
၆။ မြင်းစီး

## တဦးချင်း အတော့ခတ်ပြိုင်ပွဲ

အတော့ခတ်ပြိုင်ပွဲတွင် တသင်းလျှင် ခတ်သား ရှစ်ယောက် စာရင်းပေးထားသည့်အနက် ကြိုက်ရာသုံးယောက်ကို ထုတ်နုတ်၍ ယှဉ်ပြိုင်ကြရသည်။ မူသေ သတ်မှတ်ထားသော ခြင်းကြီး ခြောက်မျိုးကို တမျိုးချင်း တယောက်သုံးကြိမ်စီ တော့ကြရသည်။ ၁၂ ပေအကျယ်အဝန်းရှိသော စည်းဝိုင်း အတွင်း၌ တော့ကြရသည်။ ပထမအကြိမ် တော့၍ရသော လုံးရေကို ဒိုင်က မှတ်သားထားရသည်။ ဒုတိယအကြိမ် တော့၍ရသော လုံးရေကိုလည်း မှတ်သားထားရလေသည်။ တတိယအကြိမ် တော့၍ရသော လုံးရေကိုလည်း မှတ်သား ထားရလေသည်။ သုံးကြိမ် တော့ထားသည့်အနက် အများဆုံးရသော အကြိမ်၏ လုံးရေကို အတည်ပြုပါသည်။ သုံးယောက်ပေါင်း၏ လုံးရေ အများဆုံး စံချိန်သည် ၎င်းအသင်း၏စံချိန်ပင် ဖြစ်လေသည်။ ဤနည်းဖြင့် ပြိုင်ပွဲဝင် အသင်းအားလုံးတို့၏ စံချိန်ချင်း တိုက်ကြည့်ပြီး စံချိန်လုံးရေ အနည်းအများကိုလိုက်၍ ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် အရှုံးအနိုင် သတ်မှတ်လေသည်။

ဤပြိုင်ပွဲတွင် (၁) အတော့ရေတွက်ရန် ဒိုင်လူကြီး (ခေါ်ဒိုင်)၊ (၂) အတော့အချက်ရေ ရေးမှတ်ရန် ဒိုင်လူကြီး (မှတ်ဒိုင်)နှင့် (၃) စည်းဝိုင်းဒိုင်လူကြီးဟူ၍ ဒိုင်လူကြီးသုံးယောက် ထားရသည်။



## တဦးချင်း အတွဲခတ်ပြိုင်ပွဲ

အတွဲခတ်ပြိုင်ပွဲတွင် ခြင်းကြီး ၁၀ မျိုးစလုံးကို ရောရာတွဲဖက်၍ ခတ်ကြရလေသည်။ တသင်းလျှင် ရှစ်ယောက် စာရင်းပေးထားသည့်အနက် ကြိုက်ရာ သုံးယောက်ကိုထုတ်နုတ်၍ ယှဉ်ပြိုင်ကြရသည်။ တဦးချင်းအတော့ပြိုင်ပွဲကဲ့သို့ ၁၂ ပေ အကျယ်အဝန်းရှိသောစည်းဝိုင်းအတွင်း၌ တွဲကြရသည်။ ပထမအကြိမ် တွဲ၍ရသော လုံးရေကို ဒိုင်ကရေးမှတ်ထားရသည်။ ဒုတိယအကြိမ်တွဲ၍ရသော လုံးရေကိုလည်း ရေးမှတ်ထားရသည်။ တတိယအကြိမ် တွဲ၍ရသော လုံးရေကိုလည်း ရေးမှတ်ထားရသည်။ လူတယောက်လျှင်သုံးကြိမ်တွဲထားသည့်အနက် အများဆုံးရသော အကြိမ်၏ လုံးရေကို အတည်ပြုပါသည်။ သုံးယောက်ပေါင်း၏ အလုံးရေ အများဆုံးစံချိန်သည် ၎င်းအသင်း၏ စံချိန်ပင်ဖြစ်လေသည်။ ဤနည်းဖြင့် ပြိုင်ပွဲဝင် အသင်းအားလုံးတို့၏ စံချိန်ချင်း တိုက်ကြည့်ပြီး စံချိန်လုံးရေအနည်းအများကိုလိုက်၍ ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် အရှုံးအနိုင် သတ်မှတ်လေသည်။

ဤပြိုင်ပွဲတွင် (၁)တွဲလုံးထပ် မထပ်နှင့် လုံးရေ ရေတွက်ရန် ဒိုင်လူကြီး (ခေါ်ဒိုင်)၊ (၂) အတွဲလုံးရေရေးမှတ်ရန် ဒိုင်လူကြီး (မှတ်ဒိုင်)နှင့် (၃) စည်းဝိုင်းဒိုင်ဟူ၍ ဒိုင်လူကြီးသုံးဦး ထားရသည်။ လေးကဏ္ဍပေါင်း အမှတ်ကြီး ပေးပုံ ဇယားမှာ ၁၀ ပေါက်တန်းနှင့် ရှစ်ပေါက်တန်းတို့အတိုင်းပင် ဖြစ်လေသည်။

## ဒိုင်လူကြီးများ၏ တာဝန်များ

ခြောက်ပေါက်တန်း၊ ရှစ်ပေါက်တန်းနှင့် ၁၀ ပေါက်တန်းတို့

www.burmeseclassic.com

www.burmeseclassic.com



တွင် ခတ်ကစားရသော ဝိုင်းဖွဲ့(၁)နှင့် (၂)ပြိုင်ပွဲများ၌ ဆောင်ရွက်ကြရသော ဒိုင်လူကြီး လေးယောက်တို့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

### အမှတ်ခေါ် ဒိုင်လူကြီး၏တာဝန်များ

၁။ ခတ်သားများသည် သူ့အချိန်ပိုင်းနှင့် ကန့်သတ်၍ ပေးထားသော ခြင်းပေါက်များကိုသာ ခတ်မခတ် ကြည့်ရခြင်း၊
၂။ ၎င်းခြင်းပေါက်များကို ခတ်သောအခါ ခြင်းဝင်လမ်း မှန်မမှန် ကြည့်ရခြင်း၊
၃။ ခြင်းပေါက်အလိုက် ခြင်းနှင့် ခြေ အထိမှန် မမှန် ကြည့်ရခြင်း၊
၄။ ခြင်းမျိုးကွဲ ကူးခတ်သောအခါ မျိုးကွဲ မကွဲ ကြည့်ရခြင်း၊
၅။ ခတ်သား ခြောက်ယောက်စလုံး စေ့အောင် ခတ် မခတ် ကြည့်ရခြင်း၊
၆။ တဝိုင်းလည်ပြီးနောက် ဆက်လက်၍ခတ်နိုင်လျှင် ဝိုင်းစေ့နောက်ဆုံးလူ၏ ခတ်ပေါက်နှင့် နောက်ဘဝိုင်း အစလူ၏ ခတ်ပေါက် မျိုးကွဲ မကွဲ ကြည့်ရခြင်း၊
၇။ မျိုးတူ ကူးခတ်သောအခါ မျိုးတူ မတူ ကြည့်ရခြင်း၊
၈။ ခြင်းကြော ပြတ်၊ ပြတ် ကြည့်ခြင်း၊
၉။ သုံးမျိုးကွဲကစ၍ အမှတ်ပေးသောအပိုင်းတွင် သုံးမျိုးကွဲ မကွဲ ခတ်သားများကြားအောင် ခြင်းပေါက်၏အမည်ကို အော်ပေးခြင်း၊
၁၀။ ခတ်သား ခြောက်ယောက်စလုံး စေ့အောင် ခတ်နိုင် မခတ်နိုင်၊ တဝိုင်းလည် မလည်ကိုလည်း ခတ်သားများ ကြားအောင် သုံးယောက်၊ လေးယောက်၊ ငါးယောက်၊ ခြောက်ယောက် တဝိုင်းလည် စသည်တို့ကို အော်ပေးရခြင်း၊
၁၁။ ခြင်းမြေကျလျှင် "ကျ"ဟု အော်ပေးခြင်းနှင့် ခြင်းကြောပြတ်လျှင် "ခြင်းကြောပြတ်"ဟု အော်ပေးရခြင်း စသည်တို့ဖြစ်၏။



### အမှတ်ရေး ဒိုင်လူကြီး၏ တာဝန်များ

ဇယားကွက်များ အဆင်သင့် ရေးထားသည့် ကျောက်သင်ပုန်းကြီးပေါ်တွင် အမှတ်ခေါ် ဒိုင်လူကြီးက အော်ပြောသည့်အတိုင်း ရေးမှတ်ထားရသည်။ ခြင်းမြေကျသည့်အကြိမ်တိုင်းလည်း ရေးမှတ်ထားရသည်။ ပြိုင်ပွဲပြီးဆုံးသည့် အချိန်တွင် ဇယားကွက် ချထားသည့် စာရွက်နှင့် အားလုံးကူးယူ ရေးသားရပါသည်။

### စည်းဝိုင်း ဒိုင်လူကြီး၏တာဝန်များ

၁။ စည်းဝိုင်းဒိုင်၏ တာဝန်မှာ ခြင်းခတ်သားများ စည်းကို ခြေနှင့်နင်းပြီးမှ ခတ်လျှင် ခရာမှုတ်၍ အချက်ပေးရသည်။
၂။ ခြင်းမြေကျလျှင် ခရာမှုတ်ရသည်။
၃။ ခြင်းကို လက်နှင့်ဖမ်းလျှင် ပုတ်လျှင် တံတောင် လက်မောင်းတို့ဖြင့်ဖေးမလျှင် ခရာမှုတ်ရသည်။ ဤသို့ပြုမှုခြင်းများကို ခြင်းမြေကျစာရင်းတွင် ရေးမှတ်ရသည်။
၄။ စည်းဝိုင်းအပြင်ဘက်မှနေ၍ ဝိုင်းကိုလှည့်လည်၍ ကြည့်နေရမည်။ တဘက်သတ် တနေရာတည်း၌ ကြာကြာကြီး

www.burmeseclassic.com



ရပ်မနေရပါ။ ခေါ်ဒိုင်နှင့် မျက်နှာချင်းဆိုင် နေရာတွင် အမြဲနေရမည်။

၅။ ခေါ်ဒိုင်၌ အကြောင်းအမျိုးမျိုး ရှုတ်တရက် ပေါ်ပေါက်လာပါက စည်းဒိုင်က အကူအညီပေးရမည်။

## အချိန်မှူး၏တာဝန်များ

၁။ ပြိုင်ပွဲစရန် အချိန်အနည်းငယ် အလိုတွင် ခတ်သားများ အဆင်သင့် ဖြစ်နေကြရန် အချက်ပေး ခရာတချက် မှုတ်ရပါသည်။

၂။ ခတ်ကစားရန် အချိန် ကျရောက်သည့်အခါ ခရာမှုတ်၍ အချက်ပေးရသည်။

၃။ ပြိုင်ပွဲကဏ္ဍ အသီးသီးအတွက် ပိုင်းခြား သတ်မှတ်ထားသည့် အချိန်စေ့တိုင်း အချက်ပေး ခရာမှုတ်ရသည်။ ခတ်ကစားချိန် ကုန်ဆုံးသော အခါတွင်လည်း ခရာရှည် မှုတ်ရသည်။

ဒိုင်လူကြီးများသည် ခြင်းလုံးအဖွဲ့ချုပ်က သတ်မှတ်၍ ပေးထားသော တူညီဝတ်စုံများကို ဝတ်ဆင်၍ ပြိုင်ပွဲ တာဝန်ဝတ္တရားများကို ဆောင်ရွက် ကြရပါသည်။ ဒိုင်လူကြီးတို့၏ တာဝန်များကို အကျဉ်းချုံး၍ ဖော်ပြခြင်းမျှသာ ဖြစ်ပါသည်။ အကျယ်သိလိုပါလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အပျော်ထမ်း ခြင်းလုံးအဖွဲ့ချုပ်က ပြုစုသော ၁၉၆၄ ခုနှစ် ဒီဇင်ဘာလထုတ် ခြင်းလုံးခတ်ပြိုင်ပွဲ စည်းမျဉ်းများ စာအုပ်ကို ကြည့်ရှုနိုင်ပါသည်။

နောက်ဆက်တွဲ အခန်း၌ တင်ပြခဲ့သော ၁၀ ပေါက်တန်း၊ ရှစ်ပေါက်တန်းနှင့် ခြောက်ပေါက်တန်း ပြိုင်ပွဲ ဥပဒေများမှာ



၁၉၇၃ ခုနှစ် မတိုင်မီက ကျင့်သုံးခဲ့ကြသော ဥပဒေများပင် ဖြစ်လေသည်။ ၁၉၇၃ ခုနှစ်တွင် ပြည်နယ်နှင့်တိုင်း အကြို ပြိုင်ပွဲ ကျင်းပသည့်နှစ်မှစ၍ ၁၀ ပေါက်တန်းနှင့် ခြောက်ပေါက်တန်း ပြိုင်ပွဲများကို ရုပ်သိမ်းလိုက်ပြီး ရှစ်ပေါက်တန်း အတွက် သတ်မှတ်ထားရှိခဲ့သော ဥပဒေ စည်းကမ်းကိုသာ အတည်ပြု၍ ပြိုင်ပွဲကို ကျင်းပခဲ့ပါသည်။

၁၉၇၄ ခုနှစ်တွင် ရန်ကုန်မြို့ အောင်ဆန်းကွင်း၌ ပထမဆုံးအကြိမ် ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ် တံခွန်စိုက်ပြိုင်ပွဲကြီး ကျင်းပသောအခါ ယခင်နှစ်က အတိုင်း ပြိုင်ပွဲဥပဒေ တမျိုးတည်းနှင့် တတန်းတစားတည်း ပြိုင်ပွဲ ပြုလုပ်ပါသည်။ ယခင် ရှစ်ပေါက်တန်းပြိုင်ပွဲ ဥပဒေကို ဆိုလိုပါ၏။ ပြိုင်ပွဲကဏ္ဍမှာ လေးကဏ္ဍ ဖြစ်လေသည်။ ယင်းတို့မှာ ၁။ ဝိုင်းဖွဲ့ (၁)၊ ၂။ ဝိုင်းဖွဲ့ (၂)၊ ၃။ တယောက်ချင်း အတော့ခတ် နှင့် ၄။ တယောက်ချင်း အတွဲခတ်ပြိုင်ပွဲများ ဖြစ်ပါသည်။ ဤနှစ်တွင် ထူးခြားသည့် အချက်တခုမှာ ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲအပြီး နှစ်ရက်ခြားလျက် အမျိုးသား တံခွန်စိုက် ခြင်းခတ်ပြိုင်ပွဲတရပ် ဆက်လက် ကျင်းပပါသည်။ ဤပြိုင်ပွဲသည်လည်း ပထမဦးဆုံးအကြိမ် ကျင်းပသော ပြိုင်ပွဲပင် ဖြစ်လေသည်။

ပြည်နယ်နှင့် တိုင်း ပြိုင်ပွဲကို ဗဟိုအားကစားနှင့် ကာယပညာကော်မတီက ဦးစီး၍ ကျင်းပ ပေးလေသည်။ အမျိုးသား တံခွန်စိုက် ပြိုင်ပွဲကို မြန်မာနိုင်ငံလုံးဆိုင်ရာ ခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ကျင်းပလေသည်။

အမျိုးသား တံခွန်စိုက် ပြိုင်ပွဲသည် အစိုးရဌာန အသင်းများနှင့် အခြား ကလပ်အသင်းများအတွက် သီးခြားပြိုင်ပွဲ တခု ဖွင့်ပေးခြင်းပင် ဖြစ်သည်။ သို့သော် ပြည်နယ်နှင့်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲ၌ ပထမနှင့် ဒုတိယရရှိသော အသင်းနှစ်သင်းကို ဝင်ရောက် ယှဉ်ပြိုင်ခွင့် ပြုသည်။

အမျိုးသား တံခွန်စိုက် ပြိုင်ပွဲတွင် ကလပ်သင်းများ ပါဝင်နိုင်သည်ဟု ဆိုသော်လည်း ကလပ်သင်းတိုင်း ဝင်နိုင်သည် မဟုတ်ပေ။ ဝင်ရောက်ယှဉ်ပြိုင်လိုသော ကလပ်သင်းများသည် ခြေစစ်ပွဲများ ကစား ရပါသေးသည်။ သတ်မှတ်ထားသော အရည်အချင်းကို မီအောင် ကစားနိုင်မှသာလျှင် ဝင်ခွင့်ပြုလေသည်။ အစိုးရဌာန အသင်းများနှင့် ကလပ်သင်းများသည် နှစ်လုံးပေါက် တွေ့ဆုံလေ့ကျင့်နေနိုင်သည့် အသင်းများ ဖြစ်ခြင်းကြောင့် ၎င်းတို့အတွက် ပြိုင်ပွဲဥပဒေကို အနည်းငယ် အဆင့်မြှင့်၍ သတ်မှတ်ထားပါသည်။

### အမျိုးသားတံခွန်စိုက် ခြင်းလုံးခတ်ပြိုင်ပွဲဥပဒေ

အမျိုးသား တံခွန်စိုက်ခြင်းလုံးခတ်ပြိုင်ပွဲတွင် ၁။ ဝိုင်းဖွဲ့ (၁) အမှတ်တော်ပြိုင်ပွဲ၊ ၂။ ဝိုင်းဖွဲ့ (၂) အလှခတ်ပြိုင်ပွဲ (လက်ရွေးစင်တော်ပြိုင်ပွဲ)၊ ၃။ တဦးချင်း အတော့ခတ် ပြိုင်ပွဲနှင့် ၄။ တဦးချင်း အတွဲခတ် ပြိုင်ပွဲဟူ၍ လေးမျိုး ပြိုင်ကြရလေသည်။

## ဝိုင်းဖွဲ့ (၁) ပြိုင်ပွဲ

ဝိုင်းဖွဲ့(၁)ခတ်ကစားချိန် ၄၅ မိနစ်တိတိ ဖြစ်လေသည်။ တသင်းလျှင် ခတ်သား ခြောက်ယောက် ပါဝင် ခတ်ကစား ရလေသည်။ ခတ်ကစားချိန် ၄၅ မိနစ်ကို အောက်ပါအတိုင်း ပိုင်းခြား၍ ခတ်ကစားကြရသည်။

ပထမ ၁၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းလက်ကိုးမျိုး ရောရာခတ် သုံးမျိုးကွဲ လေးယောက် ကူးအောင် ခတ်နိုင်လျှင်



တမှတ်က စ၍ပေးသည်။ ငါးယောက်နှစ်မှတ်၊ ခြောက်ယောက် သုံးမှတ်၊ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း တမှတ်တိုး၍ ရလေသည်။

ဒုတိယ ၁၅ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီး ၁၀ မျိုး၊ ရောရာခတ် လေးမျိုးကွဲ လေး ယောက် ဆက်၍ ခတ်နိုင်လျှင် တမှတ်ပေးသည်။ ငါးယောက် နှစ်မှတ်၊ ခြောက်ယောက် သုံးမှတ်၊ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြော လည်း မပြတ် သေးပဲ ဆက် လက် ၍ ခတ် နိုင် လျှင် တယောက်တိုးတိုင်း တမှတ်တိုး၍ ရလေသည်။

တတိယ ၂၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီး ရှစ်မျိုးကို တမျိုးချင်း မျိုးတူ ကူးအောင် ခတ်ကစားရမည်။ လေးယောက်ကူးအောင်ခတ်နိုင်မှ နှစ်မှတ်ပေးသည်။ ငါးယောက် လေးမှတ်၊ ခြောက်ယောက် ခြောက်မှတ်၊ တဝိုင်းလည်ပြီးနောက် ခြင်းမြေမကျသေးပဲ၊ ခြင်းကြောလည်း မပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက် တိုးတိုင်း နှစ်မှတ် တိုး၍ ရလေသည်။

တတိယပိုင်း၌ ခတ်ရမည့် ခြင်းကြီးရှစ်မျိုး၏အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

၁။ မဟာဒူး
၂။ တည့်ဖဝါး
၃။ စလွယ်
၄။ ဝိုက်ကြီး
၅။ တည့်ဖနောင့်
၆။ မဟာ
၇။ ညှန့်ဒူး
၈။ ရင်လိမ်ဖဝါး

www.burmeseclassic.com

www.burmeseclassic.com



## ဝိုင်းပွဲ (၂) လက်ရွေးစင် ခြင်းခတ်ပြိုင်ပွဲ

ခတ်ကစားချိန် ၄၅ မိနစ်တိတိပေးသည်ကို အောက်ပါအတိုင်း ပိုင်းခြား၍ခတ်ကစားကြရမည်။

ပထမ ၁၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီးရှစ်မျိုးကို (ရင်လိမ်ဖနောင့်နှင့် မဟာညှန့်မပါ) တမျိုးချင်း ဗယ်ညာစုံခတ်ကြရမည်။ ခြင်းပေါက် တမျိုးကို ဗယ်ပြီး ညာသော်လည်းကောင်း၊ ညာပြီးဗယ်သော်လည်းကောင်း တဆက်တည်း တစုံ ခတ်နိုင်လျှင် ငါးမှတ် ပေးသည်။ ခြင်းခတ်သား ခြောက်ယောက် စလုံး မိမိ ကြိုက်ရာ အမျိုးကို အနည်းဆုံး တယောက်လျှင် တစုံပါအောင် ခတ်ကြရမည်။ လူခြောက်ယောက်စေ့ပြီးနောက် ပြန်ကျော့၍ခတ်တိုင်း တယောက်တစုံပါအောင် ခတ်ရမည်။

ဒုတိယ ၁၀ မိနစ်။ ။ဤအပိုင်းတွင် ခြင်းကြီး ၁၀ မျိုးစလုံး မျိုးကွဲ ကူးအောင် ခတ်ကြ ရမည်။ တ ယောက် နှင့်တယောက် ခြင်းပေါက်မတူအောင်ခတ်ကြရမည်။ လေးမျိုးကွဲ လေးယောက်ကူးအောင် ခတ်နိုင်လျှင် နှစ်မှတ်ပေးသည်။ ငါးယောက် လေးမှတ်၊ ခြောက်ယောက် ခြောက်မှတ်၊ တဝိုင်းလည်ပြီးနောက် ခြင်းကြော မပြတ် သေး ပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း နှစ်မှတ်တိုး၍ ရလေသည်။

တတိယ ၁၀ မိနစ်။ ။ဤအပိုင်းတွင် လက်ရွေးစင်ခြင်းပေါက်များကို မျိုးကွဲ ကူးအောင် ခတ်ရမည်။ သုံးမျိုးကွဲ သုံးယောက်ကူးအောင် ခတ်နိုင်လျှင် နှစ်မှတ် ပေးသည်။ လေးယောက် လေးမှတ်၊ ငါးယောက် ခြောက်မှတ်၊ ခြောက်ယောက်



ရှစ်မှတ်၊ တဝိုင်းလည်ပြီးနောက် ခြင်းကြောမပြတ်သေးပဲ ဆက်လက်၍ ခတ်နိုင်လျှင် တယောက်တိုးတိုင်း နှစ်မှတ်တိုး၍ ရလေသည်။

စတုတ္ထ ၁၅ မိနစ်။ ။ဤအပိုင်းတွင် လက်ရွေးစင် ခြင်းပေါက်ရှစ်မျိုးကို (လေဝဲနှင့် အပျောက်ဝိုက်မပါ) တမျိုးချင်း မျိုးတူ ကူးအောင် ခတ်ကစား ရမည်။ မျိုးတူ သုံးယောက်ကူးအောင် ခတ်နိုင်လျှင် သုံးမှတ် ပေးသည်။ လေးယောက် ငါးမှတ်၊ ငါးယောက် ခုနစ်မှတ်၊ ခြောက်ယောက် ကိုးမှတ်၊ တဝိုင်းလည်ပြီးနောက် ခြင်းကြောမပြတ်သေးပဲ ဆက်လက်၍ ခတ်ကစား နိုင်လျှင် တယောက် တိုး တိုင်း နှစ်မှတ် တိုး၍ ရလေသည်။

ဝိုင်းဖွဲ့ (၁) ပြိုင်ပွဲနှင့် ဝိုင်းဖွဲ့ (၂) ပြိုင်ပွဲ နှစ်ခုစလုံးတွင် ပြိုင်ပွဲစခတ်သည့်အချိန်မှ ပြီးဆုံးသည့် အချိန်အထိ ခြင်းလုံး မြေသို့တကြိမ်ကျတိုင်း တမှတ်စီလျှော့သည်။

၂၂ ပေ အကျယ် အဝန်း ရှိသော စည်းဝိုင်း အတွင်း၌ ခတ်ကစားကြရသည်။

ဤပြိုင်ပွဲတွင် (၁) အမှတ်ခေါ် ဒိုင်လူကြီး (ခေါ်ဒိုင်)၊ (၂)အမှတ်ရေး ဒိုင်လူကြီး(မှတ်ဒိုင်)၊(၃)စည်းဝိုင်း ဒိုင်လူကြီးနှင့် (၄)အချိန်မှူးဟူ၍ ဒိုင်လူကြီးလေးယောက်ထားရှိရသည်။

### လက်ရွေးစင် ခြင်းပေါက်များ

| | |
|---|---|
| ၁။ မန္တလာ | ၄။ ရှပ်ထိပ်တင် |
| ၂။ မြင်းစီး | ၅။ မဟာညှယ် |
| ၃။ သမင်လည်ပြန်ဖနောင့် | ၆။ ဒူးဝိုက်ကြီး |

www.burmeseclassic.com

www.burmeseclassic.com



၇။ ရှပ်ဒူး ၉။ အပျောက်ဝိုက်
၈။ မန္တလာခံ ဖီလာစလွယ် ၁၀။ လေဝဲ

ဝိုင်းဖွဲ့ (၂) လက်ရွေးစင် ခတ်ပြိုင်ပွဲ စတုတ္ထ ၁၅ မိနစ် အပိုင်းတွင် လက်ရွေးစင် ခြင်းပေါက် နံပါတ် (၁) မှ (၈) အထိ မျိုးတူခတ်ကစားကြရသည်။

**တဦးချင်း အတော့ခတ်နှင့် အတွဲခတ်ပြိုင်ပွဲ**

အမျိုးသား တံခွန်စိုက် အတော့ခတ်နှင့် အတွဲခတ်ပြိုင်ပွဲများသည် ပြည်နယ်နှင့်တိုင်းပြိုင်ပွဲတွင် တော့ကြ တွဲကြရသော စည်းမျဉ်းဥပဒေအတိုင်းပင် ဖြစ်လေသည်။ ထူးခြားသတ်မှတ်ထားခြင်းမရှိပါ။ ၎င်းဥပဒေကို အထက် အခန်းများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါ၍ ထပ်မံမဖော်ပြတော့ပါ။

## ခြင်းခတ်ပေါက်များအကြောင်း

ခြင်းလုံးခတ်နည်း ခတ်ပေါက်အမျိုးပေါင်း ၁၀၀ ကျော် ရှိပါသည်။ ၎င်းခတ်ပေါက်များကို အတိအကျ သတ်မှတ် ဖော်ပြ၍မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ခတ်ပေါက်များကို တနေ့တခြား သူ့ထက်ငါ အဆန်းထွင်၍ ခတ်ကစားနေ ကြ ခြင်း ကြောင့် တနှစ်ထက် တနှစ် ခတ်ပေါက်များ တိုးတက်ပွားများလျက် ရှိနေပါသည်။

ခြင်းခတ်ပေါက်များကို အုပ်စုလိုက်သတ်မှတ်၍ ပြိုင်ပွဲများတွင် အချိန်ပိုင်းပါ သတ်မှတ်ပေးပြီး ပထမ ၁၀ မိနစ်အတွင်း ဘယ်အမျိုးအစားတွေကိုသာ ခတ်ကြရမည် စသည်ဖြင့် အုပ်စု လိုက် သတ်မှတ်ပေးလေသည်။



**အုပ်စုလိုက် သတ်မှတ်ထားသော အမည်များ**

၁။ အခြေခံ ခြင်းပေါက် ရှစ်မျိုး
၂။ ခြင်းလတ် ခြင်းပေါက် ကိုးမျိုး
၃။ ခြင်းကြီး ခြင်းပေါက် ၁၀ မျိုး
၄။ လက်ရွေးစင် ခြင်းပေါက် ၁၀ မျိုး

ဟူ၍ ဖြစ်လေသည်။ ဤအမျိုးအစားများသည် ပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခတ်ပေါက်များ ဖြစ်လေသည်။ ဤ ခြင်းပေါက်များ၏ အုပ်စုကိုလည်း အထက်က ဖော်ပြခဲ့သော ပြိုင်ပွဲ စည်းမျဉ်းများ၌ ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

**အထိ ခြေခက်မျိုးကို တရားဝင်သတ်မှတ်ခြင်း**

ခြင်းလုံးခတ်ပြိုင်ပွဲများ ခတ်ကစားရာတွင် ခြင်းလုံးနှင့်ခြေ အထိ ခြေခက်မျိုးကိုသာ တရားဝင် အသိအမှတ်ပြုလေသည်။ ၎င်းတို့မှာ —

၁။ ခြေဖျားနှင့်ထိအောင် ခတ်ခြင်း
၂။ ခြေဖဝါးနှင့်ထိအောင် ခတ်ခြင်း
၃။ ခြေအတွင်း ဘေးနှင့် ထိအောင် ခတ်ခြင်း (အတွင်း ခြေဖမျက်)
၄။ ခြေအပြင် ဘေးနှင့် ထိအောင်ခတ်ခြင်း (အပြင် ခြေဖမျက်)
၅။ ခြေဖနောင့်နှင့် ထိအောင်ခတ်ခြင်း
၆။ ဒူးနှင့်ထိအောင်ခတ်ခြင်း တို့ ဖြစ်လေသည်။

**အမျိုးသမီး အကြီးတန်း ခြင်းလုံးခတ်ပြိုင်ပွဲ ဥပဒေ**

၁၉၇၅ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ရန်ကုန်တိုင်းခြင်းလုံး

www.burmeseclassic.com

www.burmeseclassic.com



ဆပ်ကော်မတီမှ ကြီးမှူး၍ ကျိုက္ကဆံကွင်း အားကစားရုံ၌ အမျိုးသမီး ခြင်းလုံးတော်ပြိုင်ပွဲကို ပထမဦးဆုံးအကြိမ် ကျင်းပခဲ့ပါသည်။ ပြိုင်ပွဲမှာ အကြီးတန်းပြိုင်ပွဲနှင့် အငယ်တန်းပြိုင်ပွဲဟု နှစ်တန်းခွဲ၍ ကျင်းပရာ တတန်းလျှင် အမျိုးသမီး ခုနစ်ယောက်စီ ပါဝင်ယှဉ်ပြိုင်ကြလေသည်။ အကြီးတန်း၌ ပါဝင်ယှဉ်ပြိုင်ကြသူများမှာ (၁)မမြင့်မြင့်ဝင်း၊(၂)မသန်းသန်းဌေး (၃) မလှကျင်၊ (၄) မခင်ဝေမြင့်၊ (၅) မကျော့စိန်၊ (၆) မရီရီမြင့်၊ (၇) မအုန်းငွေ တို့ ဖြစ်ကြပါသည်။ မမြင့်မြင့်ဝင်းက အမှတ်ပေါင်း ၇၁၇ မှတ်ဖြင့် ပထမ ရရှိလေသည်။ မသန်းသန်းဌေးက အမှတ်ပေါင်း ၇၁၆ မှတ်ဖြင့် ဒုတိယ ရပြီးလျှင် မလှကျင်က ၃၃၅ မှတ်ဖြင့် တတိယ ရရှိလေသည်။ ၎င်းတို့ ယှဉ်ပြိုင် ကြရသည့် ဥပဒေမှာ အောက်ပါ အတိုင်းပင် ဖြစ်ပါသည်။

ခြင်းခတ်ချိန် မိနစ် ၃၀ တိတိ ဖြစ်သည်။ ပထမ ၁၀ မိနစ်တွင် ခြင်းလတ် ကိုးမျိုးကိုသာ ခတ်ကစားရသည်။ ဒုတိယ ၁၀ မိနစ်တွင် ခြင်းကြီး ခြောက်မျိုးကို အစဉ်အတိုင်းခတ်ရသည်။ တတိယ ၁၀ မိနစ်တွင် လက်ရွေးစင် ခြင်းပေါက် ငါးမျိုးကို အစဉ်အတိုင်း ခတ်ရသည်။ ပြိုင်ပွဲဝင် အမျိုးသမီးတဦးသည် ၎င်းအား အပံ့အထောက် ပြုလုပ်ရန်အတွက် မိမိယှဉ်တွဲခတ်လိုသူ အမျိုးသား ငါးယောက်ကို စိတ်ကြိုက် ရွေးချယ်နိုင်သည်။ ခြောက်ယောက်ဝိုင်း ဝိုင်းဖွဲ့ခတ်ကစားရသော်လည်း အမျိုးသမီးတယောက်၏ ခြင်းခတ်ကွက် ခတ်ပေါက်ကိုသာ ကြည့်၍ ဒိုင်လူကြီးက အမှတ်ပေးရလေသည်။ ခြင်းလုံးမြေသို့ တကြိမ်ကျတိုင်း တမှတ် လျော့သည်။ ပထမ ၁၀ မိနစ်တွင် ခတ်ရသော ခြင်းလတ် ကိုးမျိုးကို အစဉ်အတိုင်း



ခတ်ရသည်။ တချက်ခတ်လျှင် တမှတ်ရသည်။ ဆက်တိုက်နှစ်မျိုး သုံးမျိုးကိုလည်း ခတ်နိုင်သည်။ ဒူး၊ ခြေခွင်၊ ခြေဖျားနှင့် ဆင်၍ မခတ်ရပါ။ ခြင်းပို့ပေးသူက မည်သည့် ခြင်းပေါက်နှင့်မဆို ပို့ပေးနိုင်သော်လည်း ပြန်ထွက်လာသောခြင်းကို ခြင်းလတ်နှင့်ပင် ထောက်မှ အမှတ်ရသည်။

ဒုတိယ ၁၀ မိနစ်တွင် ခြင်းကြီး ခြောက်မျိုးကို အစဉ်အတိုင်း ခတ်ကြရသည်။ တချက်ခတ်လျှင် နှစ်မှတ် ရသည်။ ဆက်တိုက် နှစ်မျိုး သုံးမျိုးကိုလည်း ခတ်နိုင်သည်။ မိမိဘာသာ ဆင်၍ မခတ်ရ။ ပို့ပေးသူက မည်သည့် ခြင်းပေါက်နှင့်မဆို ပို့နိုင် ထောက်နိုင်သည်။ တတိယ ၁၀ မိနစ်တွင် လက်ရွေးစင် ခြင်းငါးမျိုးကိုအစဉ်အတိုင်း ခတ်ရသည်။ တချက်ခတ်လျှင် သုံးမှတ်ရသည်။ ဆက်တိုက်နှစ်မျိုးသုံးမျိုးကိုလည်း ခတ်နိုင်သည်။ မိမိဘာသာ ဆင်၍ ခတ်နိုင်သည်။ မည်သည့် ခြင်းပေါက်နှင့်မဆို ပို့နိုင် ထောက်နိုင်သည်။ ခြင်းခတ်ချိန် ကုန်ဆုံးသောအခါ ရမှတ်ထဲမှ ကျမှတ်ကိုနုတ်ပြီး အသားတင် ရမှတ်၏ အနည်းအများကိုလိုက်၍ ပထမ၊ ဒုတိယ၊ တတိယ အရှုံးအနိုင် ဆုံးဖြတ်ပါသည်။

ပထမ ၁၀ မိနစ်တွင် ခတ်ရမည့် ခြင်းလတ် ငါးမျိုးမှာ (၁) ပတ်ဒူး၊ (၂) စောင်းစလွှယ်၊ ဖီလာစလွှယ်၊ ပတ်စလွှယ် (၃) ဖီလာဖဝါး၊ ပတ်ဖဝါး၊ (၄) ဖီလာဖနောင့်၊ ပတ်ဖနောင့်နှင့် (၅) မဟာနွှယ်တို့ ဖြစ်ကြသည်။

ဒုတိယ ၁၀ မိနစ်တွင် ခတ်ရမည့် ခြင်းကြီး ခြောက်မျိုးမှာ (၁) မဟာဒူး၊ (၂) တည့်ဖဝါး၊ (၃) စလွှယ်၊ (၄) ဝိုက်ကြီး၊ (၅) တည့်ဖနောင့် နှင့် (၆) မဟာ တို့ ဖြစ်ကြသည်။

တတိယ ၁၀ မိနစ်တွင် ခတ်ရမည့် လက်ရွေးစင် ခြင်းငါး

www.burmeseclassic.com

www.burmeseclassic.com



မျိုးမှာ (၁) ရှပ်ထိပ်တင်၊ (၂) မဟာနွယ် (၃) သမင်လည်ပြန် ဖနောင့်၊ (၄) မန္တလာဒူး နှင့် (၅) မြင်းမိုးဖနောင့် ဘို့ ဖြစ်ကြသည်။

**မှတ်ချက်။** ပထမ ၁၀ မိနစ်၌ စောင်းစလွယ်၊ ဖီလာ စလွယ်၊ ပတ်စလွယ် သုံးမျိုးအနက် ကြိုက်ရာတမျိုးကို ခတ်နိုင် သည်။ ဖီလာဖဝါးနှင့် ပတ်ဖဝါးကိုလည်း ကြိုက်ရာ ခတ်နိုင် သည်။ ဖီလာဖနောင့်နှင့် ပတ်ဖနောင့်ကိုလည်း နှစ်သက်ရာ ခတ်နိုင်သည်။

## အမျိုးသမီး အငယ်တန်းပြိုင်ပွဲ

အမျိုးသမီး အငယ်တန်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသော အမျိုးသမီးကလေးများမှာ (၁) မမေသန္တာ၊ (၂) မချိုချိုဦး (၃) မသိန်းသိန်းဝင်း၊ (၄) မအေးအေးသိန်း၊ (၅) မမေသင် (၆) မလှတင် နှင့် (၇) မအေးအေးနွယ် တို့ ဖြစ်ပါသည်။ ၎င်းတို့၏ ပြိုင်ပွဲမှာ ဝိုင်းဖွဲ့ပြိုင်ပွဲ မဟုတ်ပါ။ အတော့ခတ် ပြိုင်ပွဲ ဖြစ်လေသည်။

(၁) ထပ်ခြေဖျား၊ (၂) ထပ်ခြေခွင်၊ (၃) ဘောဖဝါး (၄) ဘောဖနောင့်၊ (၅) စောင်းစလွယ် နှင့် (၆) မဟာနွယ် ဟူသော ခြင်းခတ်ပေါက် ခြောက်မျိုးကို တမျိုးလျှင် သုံးကြိမ် တော့ကြ၍ အများဆုံးရသော စံချိန်ကို အတည်ပြုပြီး ၅-၃-၁ အမှတ်ပေးလျက် အမှတ်ပေါင်းများရာကို အနိုင်ပေးပါသည်။ ၎င်းအမျိုးသမီးအငယ်တန်းပြိုင်ပွဲ၌ မအေးအေးနွယ်က ပထမ မမေသန္တာက ဒုတိယ၊ မလှတင်က တတိယရရှိပါသည်။ မလှတင်က ထပ်ခြေဖျား ၁၀ လုံးနှင့် ထပ်ခြေခွင် ၁၃ လုံး စံချိန်တင်နိုင်သည်။ မသိန်းသိန်းဝင်းက ဘောဖဝါး ၉၅ လုံး



ဘောဖနောင့် ခုနစ်လုံး စံချိန်တင်သည်။ မအေးအေးနွယ်က စောင်းစလွယ် သုံးလုံး စံချိန်တင်သည်။ ဤအမျိုးသမီး ခြင်းလုံးခတ် ပြိုင်ပွဲများသည် နောက်နှစ်များတွင် ကျင်းပ နိုင်ခြင်း မရှိပါ။

## ရှေးက အခြေခံ ခြင်းရိုးလေးမျိုးနှင့် ခြင်းကြီး ခြောက်မျိုး သတ်မှတ်ပုံ

အခြေခံခြင်းရိုးလေးမျိုးမှာ (၁) ခြေဖျား (အထောက်)၊ (၂) ဒူး(အထိန်း)၊ (၃) ခြေခွင်(အပို့) နှင့် (၄) ဘောပေါက် (အပလီ)တို့ ဖြစ်ကြသည်။

ခြေဖျားသည် ခြင်းခတ် ကစားရာ၌ ခြင်း မကျ စေရန် ထောက်ရာ ဆယ်ရာတွင် အသုံးအဝင်ဆုံး ဖြစ်လေသည်။ နေရာ ဝေးဝေးကိုလည်း လိုက်နိုင်သည်။

ဒူးသည် ခြင်းခတ်ရာ၌ မိမိထံသို့ ရောက်လာသော ခြင်းကို တခြားသို့ ထွက်မသွားအောင် ထိန်းသိမ်းရာတွင် အသုံးအဝင် ဆုံးဖြစ်လေသည်။

ခြေခွင်သည် သူများထံသို့ ပို့ခြင်း ရောက်သွားအောင် ပို့ရာတွင် အသုံးအဝင်ဆုံးနှင့် အလွယ်ကူဆုံး ဖြစ်လေသည်။

ဘောပေါက်သည် ခြင်းခတ်ကစားရာတွင် အလှအပ အပလီ အခရာ သဘော ခတ်ကစားသည့် ခြင်းကွက် ဖြစ်သည်ဟူ၍ မှတ်သားခဲ့ရဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကြီးခြောက်မျိုးမှာ (၁) မဟာဒူးနှင့် (၂) ညွန့်ဒူး (အထက်ခြင်း) (၃)စလွယ်နှင့်(၄)ရင်လိမ်ဖဝါး(အလယ်ခြင်း) (၅) မဟာနှင့် (၆) မဟာညွန့် (အောက်ခြင်း) တို့ ဖြစ်ကြလေသည်။

မဟာဒူးနှင့်ညွန့်ဒူးတို့မှာ ဗယ်ဒူးနှင့် ညာဒူး တတွဲဖြစ်လေသည်။ စလွယ်နှင့် ရင်လိမ်ဖဝါးသည်လည်းကောင်း၊ မဟာနှင့် မဟာညွန့်တို့သည်လည်းကောင်း ဗယ်ခြေနှင့် ညာခြေ တတွဲစီ ဖြစ်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် ညာမဟာဒူး သန်သောသူများသည် ညွန့်ဒူး ခတ်ရာတွင် ဗယ်ဒူး သန်ကြလေသည်။ ညာစလွယ် သန်သော သူများသည် ရင်လိမ်ဖဝါး ခတ်ရာတွင် ဗယ်ဖဝါး သန်ကြလေသည်။ ညာမဟာ သန်သော သူများသည် မဟာညွန့် ခတ်ရာတွင် ဗယ်မဟာညွန့် သန်ကြလေသည်။

ခြင်းကြီးခြောက်မျိုးတို့ကို တတွဲစီသုံးတွဲ တွဲပြထားရာ၌ ပထမ အတွဲမှ မဟာဒူးနှင့်ညွန့်ဒူးကို အထက် ခြင်းဟု ဆိုသည်မှာ ခါးအထက် ရောက်အောင် ဒူးကို မ၍ ခြင်းလုံးကိုတို့ကန်သောကြောင့် အထက်ခြင်း သို့မဟုတ် အမြင့်ခြင်းဟုခေါ်သည်။ မြေမှ အကွာအဝေး အမြင့်ဆုံး ဖြစ်လေသည်။

စလွယ်နှင့် ရင်လိမ်ဖဝါးသည် တံကောက်ကွေးမှ တင်ပါးဆုံ ခွက်အထိသာ ရှိသော နေရာတလျှောက်တွင်သာ ရိုက်ခတ်ကစားရသော ခြင်းပေါက်များဖြစ်၍ အလယ်ခြင်း သို့မဟုတ် ခွတ်လတ်ခြင်းဟုခေါ်သည်။

မဟာနှင့် မဟာညွန့်တို့သည် တံကောက်ကွေး အောက်ခြေ အမြင့် တထွာတမိုက်ခန့် (၅ လက်မ၊ ၆ လက်မ) နေရာမှ



ခြေဖျားနှင့် ခတ်ကစားရသော ခြင်းပေါက်များဖြစ်၍ အောက်ခြင်း သို့မဟုတ် အနိမ့်ခြင်းဟု ခေါ်သည်။

ခြင်းခတ်ကွက် ခတ်ပေါက်များ အမျိုးမျိုးရှိသည့်အနက်မှ ဤခတ်ပေါက် ခြောက်မျိုးကိုသာ ခြင်းကြီးဟူ၍ ခေါ်ဆို သတ်မှတ်ခြင်း ခံရသည့် အကြောင်းရင်းမှာ ၎င်းခြင်းပေါက်များသည် ဗယ်ပခုံးပေါ်မှ ကျော်၍ နောက်ကျောဘက်သို့ စလွယ်သိုင်း ဝင်လာသောခြင်းကို ရှေ့သို့ စလွယ်သိုင်းပြန်၍ ထွက်လာအောင် ခတ်ကစားသော ခြင်းပေါက်များဖြစ်သည့် အတွက်ကြောင့်ပင် ဖြစ်လေသည်။

## စလွယ်နှင့် ဆက်စပ်ပုံ

လူများသည် စလွယ်ကို အမျိုးမျိုး အသုံးပြုကြရာတွင် ပုဏ္ဏားလူမျိုးများက ဘာသာရေးနှင့် စပ်လျဉ်း၍ အတန်းအစားခွဲခြားပြီး ချည်ကြိုး အပင်ရေ အနည်းအများအလိုက် သုံးသွယ်၊ ခြောက်သွယ်၊ ကိုးသွယ် စသည်ဖြင့် ဆင်ယင်ကြရိုး ထုံးစံ ရှိလေသည်။ မြန်မာလူမျိုးများက ရာထူး ဌာနန္တရနှင့် ပတ်သက်၍ အဆင့်အတန်း ရာထူး ဂုဏ်ထူးကို ခွဲခြား ပြသသော အထိမ်းအမှတ်အနေဖြင့် စလွယ်များကို ဆင်ယင်ကြရသည့် ဓလေ့ထုံးစံ ရှိခဲ့လေသည်။ မှူးတော် မတ်တော် အငယ်အလတ်တို့မှာလည်း ပုဏ္ဏားသုံးပါးနည်း၊ သုံးသွယ်တန်သည်၊ ခြောက်သွယ် တန်သည်၊ ကိုးသွယ် တန်သည် အထိုက်အလျောက်သာ ဆင်ယင် ဆောက်ရွက်ရလေသည်။ မှူးကြီးမတ်ကြီး အဂ္ဂမဟာသေနာပတိတို့မှာ ၁၂ သွယ်၊ မင်းဆွေမင်းမျိုးတို့မှာ ၁၅ သွယ်၊ မင်းသားတို့မှာ ၁၈ သွယ်၊ အိမ်ရှေ့ မင်းသားမှာ ၂၁ သွယ်၊ ရေမြေ့ရှင် ဘုရင် မင်းမြတ်မှာ ၂၄

www.burmeseclassic.com

www.burmeseclassic.com



သွယ် ဆောင်ရွက် ဆင်ယင်သင့်ကြောင်းကိုလည်း သသ်ကရိုက် ကျမ်း အတိုးအဆုတ် နည်းနှင့်အညီ သိမှတ် အပ်လေသည်။ ဤအကြောင်းများကို ထောက်ထား၍ လူတို့တွင် ဧလွှယ်ကို ဆင်မြန်းရသော ပုဂ္ဂိုလ်များသည် သာမန်လူများထက် အဆင့် အတန်း မြင့်ကြောင်းနှင့် ရာထူး ဂုဏ်ထူးကြီးကြောင်း ထင်ရှား သိသာလေသည်။

ဤနည်းကိုမှီး၍ ခြင်းလုံးခတ် ပညာ၌လည်း စလွယ်သိုင်း ဝင်၍ ဧလွယ်သိုင်း ပြန်ထွက်လာအောင် ခတ်ကစားရသော ခြင်းခတ်ပေါက် ခြောက်မျိုးတို့သည် သာမန် ခြင်းပေါက်များ မဟုတ်တော့ပဲ ဂုဏ်ထူးရှိသော သို့မဟုတ် အဆင့်အတန်း ရှိသော ခြင်းပေါက်အဖြစ် သတ်မှတ်ကာ "ကြီး" ဆိုသည့် ကင်ပွန်းတပ်လျက် "ခြင်းကြီး" ဟူ၍ ခေါ်ဆိုခဲ့ကြခြင်းပင် ဖြစ်လေသည်။ ထိုစေတ် ထိုအခါက ရင်လိမ်ဖနောင့် ခတ်ပေါက် မရှိသေးပါ။ ယခုအခါ၌ အခြေခံခြင်းရိုး ရှစ်မျိုးနှင့် ခြင်းကြီး ၁၀ မျိုးအထိ သတ်မှတ်ထားရှိလေသည်။

၁၉၅၃ ခုနှစ်တွင် ရန်ကုန်မြို့ အောင်ဆန်းကွင်း၌ ကျင်းပ ခဲ့သော ၃၃ မြို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည့် ခြင်းလုံးညီလာခံကြီးက ခြင်းကြီးကိုးမျိုးဟု သတ်မှတ် ဆုံးဖြတ် အတည်ပြု ခဲ့ကြပါသည်။ ထို့နောက် ၁၉၅၆ ခုနှစ်တွင် အောင် ဆန်းကစားကွင်း၌ပင် ကျင်းပသည့် ညီလာခံမှ မဟာဒူး ခတ် ပေါက်ကို ဖြည့်စွက်လျက် ခြင်းကြီး ၁၀ မျိုးဟူ၍ သတ်မှတ် အတည်ပြုခဲ့ကြရာ ယနေ့အထိ အတည်ဖြစ်နေပါသည်။

ခြင်းကြီးဟူသည်မှာ နောက်ခြင်းအပျောက်ကို အမှန်းအဆ နှင့် ချိန်၍ ခတ်ရသော ခြင်းပေါက်များကို ခေါ်သည်။ ခြင်း ကြီး အမျိုးအစား ခတ်ပေါက် များစွာထဲမှ အဖွဲ့ချုပ်ဆုံးဖြတ်



ချက်များအရ နောက်ဆုံး အသိအမှတ်ပြုထားသော ခြင်းကြီး ခတ်ပေါက်များမှာ ဖော်ပြပါအတိုင်း ၁၀ မျိုး ထားရှိလေသည်။ ဝိုက်ကြီးကိုမူကား နောက်ခြင်းမဟုတ်သော်လည်း ကိုယ်ကို ပစ် လှဲ၍ ခတ်ရသောကြောင့် ခြင်းကြီးစာရင်းတွင်ထည့်ထားသည်။

## အခြေခံခြင်းရိုးရှစ်မျိုး

၁၉၆၄ ခုနှစ် ဒီဇင်ဘာလထုတ် ပြည်ထောင်စုမြန်မာနိုင်ငံ၌ အပျော်ထမ်းခြင်းလုံးအဖွဲ့ချုပ်က ပြဋ္ဌာန်းသော ခြင်းလုံးခတ် ပြိုင်ပွဲ စည်းမျဉ်းများစာအုပ်၌ ခြင်းရိုးရှစ်မျိုးကို အောက်ပါ အစီအစဉ်အတိုင်း ဖော်ပြထားလေသည်။

| | |
|---|---|
| ၁။ ဒူး | ၅။ ဘေးဖဝါး |
| ၂။ ခြေဖျား | ၆။ ဘေးဖနောင့် |
| ၃။ ခြေခွင် | ၇။ ရှေ့ဖဝါး |
| ၄။ ဘေးပေါက် | ၈။ ရှေ့ဖနောင့် |

## ခြင်းသမားတိုင်း လိုက်နာအပ်သောစည်းကမ်းများ

၁။ ပေးခြင်းကို ကောင်းကောင်းမွန်မွန် ပေးရမည်။ လူရှေ့ သို့ မြှောက်၍ ပစ်ပေးရမည်။ လူနောက်သို့ ပစ်မပေးရ။

၂။ တဘက်သားက လက်ဖြင့် ပစ်ပေးသောခြင်းကို လက်ခံ ၍ ခတ်ကစားရသောလူသည် ၎င်းပေးခြင်းကို အဆန်း မထွင်ရ။ လက်နှင့် ပေးသူထံသို့ ပထမဦးစွာပေး၍ ပြန်လည်ရောက်ရှိအောင် ဒူး၊ ခြေခွင်၊ ဘေးဖဝါး၊ ရှေ့ ဖဝါး စသော အခြေခံခြင်းရိုးတခုခုဖြင့် တချက်တည်း နှင့် ခတ်ပို့ပေးရမည်။

၃။ ဝိုင်းဖွဲ့၍ခတ်ကစားကြရာတွင် မိမိညာဘက်ကိုသာ လိုက်

www.burmeseclassic.com

www.burmeseclassic.com



၍ ခတ်ရမည်။ ဗယ်ဘက်သို့ လိုက်မခတ်ရ။ မိမိ၏ ဗယ်ဘက်သို့ လာသောခြင်းကို ညာဘေးဖဝါးနှင့် သော် လည်းကောင်း၊ ဗယ်ဘေးပေါက်နှင့်သော် လည်းကောင်း ခတ်ခွင့် ရှိလေသည်။ မိမိ၏ ညာဘက်သို့ လိုက်၍ ခတ် ရမည်ဆိုသော်လည်း ညာဘက်ကလူအတွက် ဘေးဖဝါး တလုံးစာ နေရာချန်၍ လိုက်ရမည်။

၄။ မိမိ၏ ရှေ့ခြင်းဝိုင်းအတွင်းသို့ဝင်၍ သော်လည်းကောင်း လိုက်၍သော်လည်းကောင်း ခတ်ကစားရာ၌ ခြင်းဝိုင်း၏ အလယ်ဗဟိုနေရာထက် ကျော်လွန်၍ မလိုက်သင့်ပေ။

၅။ တခြား ခတ်သား တယောက်ယောက်က ခတ်လွှတ် လိုက်သော ခြင်းသည် မိမိထံသို့ မြားဦးတည့်၍လာမှသာ မိမိ ခတ်ကစားရမည်။

၆။ မိမိဗယ်ဘက်နှင့် ညာဘက်မှ လူများထံသို့ မြားဦးတည့် လာသောခြင်းကို ရှေ့က ဖြတ်၍မခတ်ရ။ မှားပြီး ဖြတ်၍ ခတ်မိသော် ရင်းခြင်းကို မိမိက ဖြတ်၍ယူလိုက်သူထံတွင် ချန်ထားခဲ့ရမည်။

၇။ ခတ်သားတယောက်သည် ခြင်းတော်ပာင်း ဝိုင်းလယ်သို့ ဝင်ထိုင်လျှင် ထိုသူထံသို့ ခြင်းကောင်းကောင်းရောက် အောင် ပို့ပေးကြရမည်။ ဝိုင်းအလယ်မှ ထိုင်လျက် ခြင်းတောင်းသူ၊ မျှော်သူ ရှိနေစဉ် တခြားခတ်သားများ က ခြင်းလုံးကို တော့ထားခြင်း ဆွဲထားခြင်း မပြုအပ်ပါ။

၈။ မိမိထံသို့လာသော ခြင်းကို လှည့်စဉ် ထိန်းထားဆွဲထား ခြင်းမပြုရ။

၉။ မိမိတော်ကစားလိုသည့် ခြင်းတကွက် ခတ်ကစားနိုင်ရန်အ



တွက် အခြေခံခြင်းကလေးများဖြင့် သုံးလေးလုံးအထိ တော့၍ ဆင်ပြီးမခတ်ရ။

၁၀။ မိမိ၏ နောက်တည့်တည့်နှင့် ညာဘက်ဘေးသို့ ကျသော ခြင်းများကို မိမိ၏ တာဝန်ဖြစ်သည့်အတိုင်း ဆောလျင် စွာ လိုက်ကောက်၍ ပေးရမည်။

၁၁။ ခြင်းခတ်ရာတွင် အပေးအယူဝါဒကို ကျင့်သုံးရမည်။ မိမိတော်ဖို့ကိုသာ စိတ်စောမနေရ၊ သူများခတ်ကစားနိုင် အောင်လည်း ပို့ပေးရမည်။

၁၂။ မိမိဘက်မှ ခြင်းမြေကျနည်းနိုင်သမျှနည်းစေရမည်။ ခြင်း မြေကျခြင်းကို စိုးရိမ်စိတ် နှမြောစိတ် ရှိရမည်။

၁၃။ ခြင်းဝိုင်း အတွင်း၌ ဝိုင်းဖွဲ့၍ရပ်ပြီး ခတ်ကစားကြရာတွင် မိမိ၏ ဝဲယာရှိလူတို့နှင့်အတူ အညီရပ်ကြရမည်။ မိမိက ရှေ့တလှမ်းတိုး၍ မရပ်ရ။ ရှေ့တလှမ်းတိုး၍ ရပ်လျှင် သို့မဟုတ် နောက်တလှမ်းဆုတ်၍ ရပ်လျှင် ခြင်းဝိုင်းသည် ဝိုင်းစက်ခြင်းမရှိနိုင်သဖြင့် ကြည့်၍လည်းမကောင်း၊ ခတ် ကစား၍လည်း မကောင်းပါ။

ဤအထက်ပါ စည်းကမ်းများသည် ရှေးအစဉ်အလာက ထားရှိခဲ့ကြသော စည်းကမ်းများဖြစ်ပါသည်။ နေ့စဉ် အပျော် ထမ်း ကျန်းမာရေးအတွက် ခတ်ကစားကြသည့် ဝိုင်းများနှင့် ဆိုင်းဖြင့် ခတ်သော ဧည့်ခံအလှဝိုင်းများ ခတ်ကစားရာတွင် ဤစည်းကမ်းများကို လိုက်နာကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘိလပ်ပြတိုက်တွင် ရှိသည့် ခြင်းလုံး

၁၉၄၇ ခုနှစ် မေလတွင် ပြင်သစ်ပြည် ပဲရစ်မြို့၌ကျင်းပခဲ့သည့် ကမ္ဘာ့နိုင်ငံပေါင်းစုံ စာတိုက်ညီလာခံသို့ မြန်မာနိုင်ငံမှ လက်ထောက်စာတိုက်မင်းကြီး ဦးအရိန်နှင့် ရန်ကုန်စာတိုက် အင်စပက်တော် ဦးပွင့်တို့ သွားခဲ့ကြရလေသည်။ ထိုအချိန်က ဦးအရိန်သည် ခြင်းသုံးလုံးယူဆောင်သွားပြီးလျှင် ၎င်းရောက်ရာ အရပ်ဒေသတွင် အလျဉ်းသင့်သလို တော်ကစားပြခဲ့သည်ဟု သိရှိရပါသည်။ ၎င်းပြင် ဘိလပ်မှာရှိသည့် ဗြိတိသျှအင်ပါယာ ပြတိုက်တွင် ခြင်းယဉ်ကစားနေသည့် ပန်းပုရုပ်လုံးပေါ် တခုကို တွေ့ရှိရလေသည်။ ထိုပုံမှာ သျှောင်ထုံးနှင့် ပုဆိုးကို ခါးတောင်းကျိုက်ပြီး လက်မောင်းပေါ်တွင် ခြင်းတလုံးတင်ထားသည့်ပုံ ဖြစ်လေသည်။ ၎င်းအရုပ်မှ ခြင်းလုံးသည် ဟောင်းနွမ်းဆွေးမြည့်နေသဖြင့် ဦးအရိန်ယူသွားသော ခြင်းတလုံးဖြင့် အစားထိုး၍ လဲလှယ်ပေးခဲ့လေသည်။

## ခြင်းလုံးအတွက် တနှစ်ငွေ ၁၀၀၀ သုံးခွင့်ရခြင်း

၁၉၃၉ - ၄၀ ခုနှစ်များတွင် ရန်ကုန်တက္ကသိုလ်တွင် နိုင်ငံခြားကစားနည်းများဖြစ်သည့် ဘောလုံး၊ တင်းနစ်အား ရှိသည်တို့အတွက် နှစ်ငွေ ထောင်ချီ၍ အကုန်အကျခံကာ အားပေးလျက်ရှိသော်လည်း ခြင်းလုံးကို ယူနီဗာစီတီတခုလုံးအတွက် တနှစ်လျှင် ငွေ ၁၀၀ ကျပ်သာ ခွင့်ပြုခဲ့ပါသည်။ သို့အတွက် ထိုအချိန်က ခြင်းတော် ဝါသနာပါသည့် ကျောင်းသားများ ပေါင်း၍ တက္ကသိုလ်အားကစားအရာရှိထံ အကြောင်းပြုအ



ဆိုခဲ့ကြရာ ခြင်းလုံးအားကစားအတွက် တနှစ်လျှင် ငွေ ၁၀၀၀ ကျပ် အထိ အသုံးပြုရန် အခွင့်အရေးရရှိခဲ့ကြလေသည်။

## ပညာမင်းကြီးနှင့် တွေ့ဆုံခြင်း

၁၉၆၂ ခုနှစ် မေလအတွင်းက ရန်ကုန်မြို့ရှိ ခြင်းလုံးအဖွဲ့ချုပ်မှ အမှုဆောင်လူကြီးများသည် ပညာမင်းကြီး ဦးဖိုးထိုထံသို့ သွားရောက် တွေ့ဆုံ၍ စာသင်ကျောင်းများ၌ ခြင်းလုံးတော်ကစားခြင်းများ ပျံ့နှံ့စေရန် ဆွေးနွေးပြောကြား တိုက်တွန်းကြရာ ပညာမင်းကြီးက ကာယပညာဝန်အား ခြင်းလုံးတော်ကစားခြင်းကို ပို့ချအားပေးရန် ညွှန်ကြားပါမည်ဟု ကတိပေးလိုက်လေသည်။

ထို့ပြင် ခြင်းလုံးပညာ တိုးတက်ထွန်းကားရေး အတွက် အတွင်းရေးမှူး ဗိုလ်ကြီးသန်းဆွေက အောက်ပါအဖွဲ့အစည်းများအား ခြင်းလုံးအဖွဲ့ချုပ်နှင့်ဆက်သွယ်၍ အသင်းအဖွဲ့အနေဖြင့် ပြိုင်ပွဲများတွင် ပါဝင်ကြရန် မေတ္တာရပ်ခံ နှိုးဆော်ခဲ့ပါသည်။

၁။ ရန်ကုန် ရဲအဖွဲ့
၂။ မြန်မာနိုင်ငံ ရဲအဖွဲ့
၃။ ပြည်ခောင့်ရဲတပ်
၄။ အကောက်တော် ဌာန
၅။ ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့
၆။ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးဌာန
၇။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



## ပြည်ထောင်စုဒိုင်းကြီး

၁၉၆၃ ခုနှစ်မှစ၍ ခရိုင်ပေါင်းစုံ တံခွန်စိုက် ပြိုင်ပွဲတွင် ခရိုင်အသီးသီးမှ အသင်းများများ ပါဝင်ယှဉ်ပြိုင်လာကြစေရန် ရည်ရွယ်လျက် ပြည်ထောင်စုဒိုင်းကို ချီးမြှင့်ခဲ့လေသည်။

၁၀ ပေါက်တန်းပြိုင်ပွဲ၊ ရှစ်ပေါက်တန်းပြိုင်ပွဲ၊ ခြောက်ပေါက်တန်းပြိုင်ပွဲဟူ၍ သုံးတန်းရှိသည့်အနက် ခရိုင် တခရိုင်လျှင် သုံးတန်းလုံး၌ ပါဝင်ယှဉ်ပြိုင်နိုင်လေသည်။ ပြည်ထောင်စုဒိုင်း ပေးသည့်စနစ်မှာ ၁၀ ပေါက်တန်း၌ ပါဝင်ယှဉ်ပြိုင်သောအသင်း၏ ရမှတ်ကြီးများ၊ ရှစ်ပေါက်တန်း၌ ပါဝင်ယှဉ်ပြိုင်သောအသင်း၏ ရမှတ်ကြီးများ၊ ခြောက်ပေါက်တန်း၌ ပါဝင် ယှဉ်ပြိုင်သော အသင်း၏ ရမှတ်ကြီးများ အားလုံးကို ပေါင်း၍ အမှတ်အများဆုံးရရှိသောခရိုင်အား ပြည်ထောင်စုဒိုင်းကို ချီးမြှင့်ခြင်းပင်ဖြစ်လေသည်။ ၁၉၇၃ ခုနှစ် ဟင်္သာတမြို့၌ ပြည်နယ်နှင့်တိုင်းအကြိုပြိုင်ပွဲ ကျင်းပပြုလုပ်သည့်နှစ်မှစ၍ ပြည်ထောင်စုဒိုင်းကို မပေးတော့ပဲ ရုပ်သိမ်းခဲ့ပါသည်။

## အကောင်းဆုံးခြင်းသမားဆု ချီးမြှင့်ခြင်း

၁၉၆၇ ခုနှစ်မှစ၍ အကောင်းဆုံး ခြင်းသမားဆုကို ချီးမြှင့်ခဲ့ပါသည်။ ၎င်းဆုကို ချီးမြှင့်ရန်အတွက် လူရွေးချယ်ရာတွင် အောက်ပါ မူငါးချက်နှင့်ညှိနှိုင်း၍ ရွေးချယ်သည်ဟု သိရှိရသည်။

၁။ ခြင်းပညာပြည့်စုံခြင်း
၂။ မိမိဝိုင်းကို ခေါင်းဆောင်မှုပေးနိုင်ခြင်း



၃။ စည်းရုံးမှုနှင့် ဆက်ဆံရေးကောင်းခြင်း
၄။ အားကစားစိတ်ဓာတ်ပြည့်ဝခြင်း
၅။ မိမိ ခရိုင်က ထောက်ခံချက် ရရှိခြင်း

သည်တို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၂

# ခြင်းလောက၏ ရှေ့ဆောင်များ

ဦးကရင်

ဦးကရင်သည် ၁၂၅၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ ရက် (၆-၄-၁၈၉၅) နေ့တွင် မန္တလေးမြို့ ၈၄ နှင့် ၈၅ လမ်းအတွင်း၊ ၃၀ လမ်း ယွန်းတန်း ရပ်၌ မွေးဖွားခဲ့လေသည်။ ခတ္တိယဝင်းထဲမှ ဆရာဦးထွန်းမွေး ကျောင်းတွင် မြန်မာစတုတ္ထတန်း အထိ သင်ကြားပြီးနောက် ဝက်စလီယံ အထက်တန်းကျောင်း၌ ဆက်လက်၍ အင်္ဂလိပ်စာ ၁၀ တန်း အောင်သည်အထိ သင်ကြားခဲ့လေသည်။ ကျောင်းသားဘဝ ကပင် ခြင်းခတ်ကစားခြင်းကို ဝါသနာပါ၍ လိုက်စားခဲ့သည်။ အသက် ၂၀ ခန့်အရွယ်တွင် ကျောင်းထွက်ပြီးနောက် မန္တလေးမြို့ ၂၆ ဘီလမ်းရှိ အင်ပီးရီးယဲဘဏ်တိုက် ငွေစာရင်း ဌာန၌ စာရေးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်မှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသည့်အချိန်အထိ ဖြစ်သည်။

ဦးကရင်သည် ခြင်းခတ်ဝါသနာပါသည့် အလျောက် ညနေတိုင်း ခတ်ကစားလေ့ရှိသည်။ ဗုဒ္ဓဘာသာကျောင်း အရှေ့ဘက်ရှိ ဦးမောင်ကြီး ခြင်းဝိုင်းမှ မိတ်ဆွေများ စည်းရုံး၍ ဗုဒ္ဓဘာသာ ခြင်းအသင်းကို တည်ထောင်ခဲ့







ခြင်းလုံး ကစားခြင်း တိုးတက်အောင် ဆောင်ရွက်ခဲ့သူ ဦးကရင်

သည်။ အသင်းဝင်ကြေးငွေ သုံးကျပ်နှင့် လစဉ်ကြေးငွေ လေးပဲ (နှစ်ဆယ့်ငါးပြား) သတ်မှတ်ခဲ့ပါသည်။ ရင်းပြင် ခြင်းခတ်ကစားရာတွင် ကိုယ်တုံးလုံး မကစားရ။ လုံချည် ခါးတောင်းကျိုက်နှင့် မကစားရ၊ ဆေးလိပ်သောက်ရ စသည့် စည်းကမ်းချက်များကိုလည်း စတင်သတ်မှတ်ခဲ့ပါသည်။ ခြင်းပွဲခတ်ရာတွင် တူညီဝတ်စုံကို ဝတ်ဆင်ခတ်ကစားခြင်း၊ ခြင်းပွဲပိတ်လာလျှင် အသင်းဥက္ကဋ္ဌကြီးထံစာတင်၍ ပိတ်ကြားစေခြင်းတို့ကိုလည်း ပြုလုပ်ခဲ့လေသည်။

www.burmeseclassic.com


www.burmeseclassic.com



ခြင်းလုံးခတ် ကစားမည့် နေရာတွင် ခြင်းခတ် သားများ ထိုင်ရန် စားပွဲ ကုလားထိုင်များ ခင်းကျင်းထားရန်အထိ ခြင်းပွဲ ဖိတ်သူများက တာဝန်ယူစေပါသည်။ ယခင်အချိန်အခါများက ခြင်းသမားများ ထိုင်ရန် ဖျာကြမ်း ခင်းပေးလေ့ရှိပါသည်။ ၎င်း အ ပြင် ခြင်းအသင်းပိုင် မြေရာ၊ အဆောက် အအုံနှင့် အသင်းရုံ ဖြစ်အောင် ဆောင်ရွက် ခဲ့လေသည်။ ညနေခြင်းခတ်ချိန်၌ မအားလပ် သူများအတွက် ည တွင် ခတ်ကစားနိုင်ရန် လျှပ်စစ်မီးများဖြင့် ခတ်ကစားနိုင်အောင် စီစဉ်ခဲ့သည်။ ခြင်းလုံးခတ်ကစားမှုတိုးတက်စေရန် ဗုဒ္ဓဘာသာ ခြင်းအသင်းသားများကို သင့်တော်သလိုတွဲဖက်၍ ငါးဝိုင်း၊ ခြောက်ဝိုင်းအထိ ဖွဲ့စည်းပြီး ခြင်း ခတ် ပြိုင်ပွဲ ကျင်းပလျက် ဆုဖလား၊ ဆုဒိုင်းများကို အခမ်းအနားဖြင့် ပေးအပ်ချီးမြှင့် ခဲ့ခြင်းများလည်း ပြုလုပ်ပေးခဲ့လေသည်။ အနိုင်ရရှိသော အဖွဲ့၏အမည်ကို သတင်းစာ၌ပါရှိအောင်လည်း ဆောင်ရွက် ခဲ့လေသည်။

ခြေနင်းစီး၍ ခြင်းလုံးကို ခတ်ကစားရန် စိတ်မကူးကြ သေးသောအချိန်တွင် ၁၉၃၁ ခုနှစ်၌ ဆာဂျေအေမောင်ကြီး ဘုရင်ခံအဖြစ်နှင့် မန္တလေးသို့ တိုင်းခန်း လှည့်လည်လာစဉ်က ဗုဒ္ဓဘာသာခြင်းအသင်းက ခြင်းလုံးကို ညှော်ခံခတ်ကစားရာ၌ ဦးကရင်သည် ကင်းဗတ်ခြေနင်းဝတ်၍ ပါဝင်ကစားပြခဲ့လေ သည်။ ဦးကရင်သည် ခြင်းခတ်ပြိုင်ပွဲများ ကျင်းပနိုင်ရေး အတွက် စည်းမျဉ်းဥပဒေများကိုလည်း အမြဲတစေစိတ်ကူးရေး ဆွဲပြီး အကြိမ်ကြိမ်စမ်းသပ်၍ ပြိုင်ပွဲများကျင်းပခဲ့လေသည်။ မြန်မာ့ ခြင်းခတ်ပညာကို အထက်တန်းသို့ရောက်အောင် အမျိုး မျိုးကြံဆောင်ခဲ့ခြင်း၊ ဂရိတ်ဗုဒ္ဓဘာသာ ခြင်းလုံးခတ်အသင်း





ဂရိတ် ဗုဒ္ဓဘာသာ ခြင်းလုံးအသင်း ရွှေရတုသဘင် ကျင်းပနေစဉ် (၁၉၈၁)

www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုလည်း တာရှည်တည်တံ့အောင် ထိန်းသိမ်း စောင့်ရှောက် ခဲ့ခြင်းဖြင့် တာဝန်ဆောင်ရွက် ခဲ့ရာ ၎င်း၏အသက် ၈၀ ပြည့်နှစ်အရွယ် ၁၉၇၅ ခုနှစ်တွင် အသင်း၏ အနှစ် ၅၀ မြောက် ရွှေရတုသဘင် ဆင်ယင်ကျင်းပနိုင်ခဲ့လေသည်။ ဦးကရင်သည် ယနေ့တိုင် အသင်း၏တိုးတက်ရေးနှင့် ခြင်းလောက၏ တိုးတက်ရာ တိုးတက်ကြောင်းများကို စိတ်ဝင်စားလျက်ပင် ရှိနေလေသည်။

## ဦးကံ

ပြည်ခရိုင် ရွှေဟသ်ာကျွန်းရွာတွင် နေထိုင်ကြသော ဦးပြုံးနှင့်ဒေါ်မြိုင်တို့ဇနီးမောင်နှံတွင် သားသမီး ကိုးယောက်ထွန်း



ခြင်းခတ်ကစားခြင်းကို မြေတောင်မြှောက်ပေးခဲ့သူ ဦးကံ



ကားသည့်အနက် စတုတ္ထမြောက် သားဖြစ်သည့် ဦးကံကို ၁၂၇၄ ခုနှစ် တော်သလင်းလဆန်း ၂ ရက်နေ့တွင် ဖွားမြင်ခဲ့လေသည်။ ဦးကံသည် အသက် ၁၂ နှစ်သား အရွယ်ကစ၍ ခြင်းလုံးခတ်ကစားလာသူဖြစ်၏။ ကြီးပြင်းလာသောအခါ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်လျက် အရောင်းအဝယ် လုပ်ကိုင်သင်း တဘက်မှမိမိဝါသနာပါသော ခြင်းလုံးခတ် ကစားခြင်း၏ တိုးတက်ရာ တိုးတက်ကြောင်းများကို လူအား ငွေအားဖြင့် အားပေးလျက် လက်လှမ်းမီသမျှ ဆောင်ရွက်လေသည်။

၁၉၄၆ ခုနှစ်တွင် ဦးအောင်ကိုးနှင့်တွဲဖက်၍ ရွှေဘခြင်းအဖွဲ့ကို တည်ထောင်လျက် ပြိုင်ပွဲများနှင့် အလှူပွဲများတွင် ပါဝင်ခတ်ကစားခဲ့လေသည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်ခရိုင်ခြင်းအသင်း၌ အမှုဆောင်လူကြီးတဦး အဖြစ်နှင့် ဆောင်ရွက်ခဲ့ပြီး ၁၉၆၂ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ရန်ကုန်တိုင်း ခြင်းလုံးအသင်းတွင် ဥက္ကဋ္ဌအဖြစ်ဖြင့် ခြင်းလုံးကိစ္စအဝဝကို လုပ်ကိုင်ဆောင်ရွက်ခဲ့လေသည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ခြင်းလုံးအဖွဲ့ချုပ်ကြီးတွင် ဒုတိယဥက္ကဋ္ဌအဖြစ် လက်ခံဆောင်ရွက်ခဲ့သည်။

ဦးကံသည် စာရေး စာဖပ် ဝါသနာပါသူ တယောက်ဖြစ်၍ ခြင်းလုံးနှင့် ပတ်သက်ပြီး ကဗျာ လင်္ကာ တေးထပ် သံပေါက် သီချင်းများကို "ညွန့်အကုန်း" အမည်ခံ၍ အဆက်မပြတ် ရေးသားခဲ့လေသည်။ အဆိုတော်များနှင့် ဂီတပညာရှင်များကို ၎င်း၏အိမ်သို့ ဖိတ်ခေါ်၍ ၎င်းကိုယ်တိုင်ရေးသော သီချင်းများကို တီးမှုတ်သီဆိုပြီး တိတ်ခွေများဖြင့် အသံဖမ်းယူထားလေ့ရှိသည်။ ၎င်း၏ သက်မွေးဝမ်းကျောင်းအလုပ်မှာ ယက်ကန်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းဖြစ်၍ စမ်းချောင်းရပ် ညောင်တုံးလမ်း အမှတ် ၁၇ တွင် နေထိုင်လျက်ရှိသည်။

## ဦးဗိုလ်ကြီး

ဦးဗိုလ်ကြီးသည် ငယ်စဉ်က မန္တလေးမြို့ရှိ ၃၄ လမ်းနှင့် ၃၃ လမ်းအတွင်း ၈၁ လမ်းနှင့် ၈၂ လမ်းအကြားရှိ ကယ်လီ ကျောင်းမှ ၁၀ တန်း အောင်ပြီးကျောင်းထွက်၍ ရဲဝန်ကြီးရုံး၌ စာရေးအလုပ်ကို ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ကျောင်းသား ဘဝမှာပင် ခြင်းလုံးခတ်ကစားခြင်းကို ဝါသနာပါခဲ့လေသည်။ စာရေးဘဝတွင် နေ့စဉ် ရုံးဆင်းချိန်၌ ခြင်းခတ်ကစားသည်။ ၎င်းတို့ခေတ်က စာရေးများမှ အရာရှိအရာခံ အစိုးရအမှုထမ်း များထက ခြင်းလုံးခတ်ကစားသူ အလွန် ရှားပါးခဲ့လေသည်။ အကြောင်းသော်ကား အင်္ဂလိပ်မင်းအုပ်စိုးသည့် ခေတ်ဖြစ်၍ နိုင်ငံခြား ကစားနည်းကိုမှ အထင်ကြီးခဲ့ကြလေသည်။ ခြင်းလုံး ခတ်ကစားခြင်းသည် အောက်တန်းစား လူများ၏ ကစားနည်း တရပ် ဖြစ်သည်ဟု ယူဆထင်မှတ် ခဲ့ကြလေသည်။ ဤကဲ့သို့ ယူဆ ထင်မှတ်ကြခြင်းကို မခံချင်လှသဖြင့် ဦးဗိုလ်ကြီးသည် ဗုဒ္ဓဘာသာ ခြင်းလုံးခတ်အသင်းသို့ ပါဝင်ပြီး မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားနည်းကို အထက်တန်းစားလူများ ပါဝင် ခတ်ကစားလာကြစေရန် မည်ကဲ့သို့ဆွဲဆောင်ကြရမည်ဆိုသော အချက်များကို ဦးကရင်နှင့် အမြဲတမ်းတိုင်ပင်ဆွေးနွေးလျက် ဉာဏ်စွမ်းရှိသမျှ လက်လှမ်းမီသမျှ ဆောင်ရွက်ခဲ့လေသည်။

ထိုဆောင်ရွက်ချက်များအနက် အချို့ကို ဖော်ပြရသော် နေ့စဉ် ခြင်းခတ်ကစားရာတွင် အင်္ကျီမဝတ်ပဲ ကိုယ်တုံးလုံးခတ် ကစားခြင်း၊ လုံချည်ခါးတောင်းကျိုက် ခတ်ကစားခြင်းများကို





ခြင်းကစားခြင်း တိုးတက်အောင် မြေတောင်မြှောက်ပေးခဲ့သူ
ဦးဗိုလ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လက်မခံပဲ အင်္ကျီ ဘောင်းဘီဝတ်၍ ပါဝင်တော်ကစားခွင့်ပြုခြင်း၊ မှုးယစ် သောက်စားပြီး တော်ကစားသူကိုလည်း ခွင့်မပြု။ ခြင်းဝိုင်းကိုအမြဲတမ်း သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ပြုလုပ်ထားလေသည်။ ခြင်းပွဲတော်သည့်အခါ လှပသန့်ရှင်းသော တူညီဝတ်စုံများဖြင့် တော်ကစားစေခြင်း၊ ခြင်းပွဲတော်ရန် သွားကြသည့်အခါ အသင်းလူကြီးများပါ ကောင်းမွန်သော အဝတ်အစားများကို ဝတ်ဆင်၍ သိုက်သိုက်မြိုက်မြိုက် လိုက်ပါကြည့်ရှုအားပေးခြင်းများကို ဂရုတစိုက် စီစဉ် ဆောင်ရွက်ခဲ့လေသည်။ ၎င်းကိုယ်တိုင်လည်း ခြင်းပွဲများတွင် ပါဝင် တော်ကစားခဲ့လေသည်။

၎င်း၏ ဆရာများမှာ မန္တလေး ဦးစိန်ကြီးနှင့် ရန်ကုန်မှ ခြင်းဦး ဖိုးစိန်တို့ ဖြစ်ကြပါသည်။ ခြင်းဦး ဖိုးစိန် တော်ဟန်များမှာ အလွန်လှပသဖြင့် ဦးဗိုလ်ကြီး အလွန် နှစ်သက်သဘောကျသောကြောင့် ဦးဖိုးစိန်တော်ဟန်နှင့် အနီးကပ်ဆုံး တူအောင် ကိုယ်လုံးပေါ်မှန်များကို ထောင်၍ ခြင်းတော် လေ့ကျင့်ခဲ့လေသည်။ နေ့ဦး ခြင်းတော်ရာတွင် ပိုးပဝါခေါင်းပေါင်း၊ ပိုးဘောင်းဘီ၊ ဖဲဘောင်းဘီများကို ဝတ်ဆင်၍ တော်ကစားလေ့ရှိသည်။ တခြား ခြင်းသမား များကိုလည်း ခြင်းတော် ရာတွင် အင်္ကျီ ဘောင်းဘီ ကောင်းကောင်း သန့်သန့်ရှင်းရှင်း ဝတ်နေ့ အမြဲတိုက်တွန်း လေ့ရှိသည်။ "ခြင်းတော် သွားတဲ့အခါ လူပျိုလှည့်သွားသလို သွားပါ" ဟု ပြောလေ့ရှိသည်။ ခြင်းသမားများကို လူအသင်အမြင် သေမှာကို အလွန် စိုးရိမ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်မီကာလမှစ၍ စစ်ပြီးသည့်နောက်အထိ ရာဇဝတ် ရုံးအုပ်စာရေးကြီး ဘဝဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်လာသည့် တလျှောက်လုံးတွင် ခြင်း



လောက၏ တိုးတက်ရာ တိုးတက်ကြောင်းများကိုသာ အနည်းတစိုက် စိတ်ဝင်စား၍ အခွင့်အရေးရတိုင်း မင်းပွဲ စိုးပွဲများတွင် ခြင်းပွဲပါအောင်ကြိုးစားခဲ့လေသည်။ မန္တလေးမြို့ ရဲအတတ်သင် သိပ္ပံကျောင်းဆင်းပွဲများ ပြုလုပ်သည့်အခါ ဦးဗိုလ်ကြီးသည် ခြင်းအဖွဲ့ကို ခေါ်ဆောင်သွားပြီး ခြင်းပွဲဖြင့် ဧည့်ခံ တော်ကစားခြင်း၊ ၎င်းအပြင် ကျောင်းသားများ ကျောင်းဆင်းသွားကြပြီးနောက် အမြို့မြို့အနယ်နယ်တွင် ရာထူးဌာနန္တရနှင့် နေကြသည့်အခါ မြန်မာ့ရိုးရာ ခြင်းလုံးတော်ကစားခြင်းကို အားပေးကြရန်ဟော ပြောလေ့ ရှိပါသည်။ မန္တလေးမြို့ပေါ်ရှိ ရဲဌာနများမှ ခြင်းတော် ဝါသနာပါသော ရဲသားများကို စာရင်းကောက်ယူ၍ စည်းရုံးပြီးလျှင် ခြင်းတော်ကစားစေပါသည်။ ၎င်း၏ ဆရာ ခဲဝန်ကြီးထံ စာတင်၍ ရဲဌာနအသီးသီးသို့ ခြင်းလုံးများ နှစ်ဦးထုတ်၍ ပေးလေသည်။ ရဲဌာနအချင်းချင်း ခြင်းလုံးတော် ပြိုင်ပွဲများဖြစ်အောင်လည်း ဆောင်ရွက်ခဲ့သည်။ အင်္ဂလိပ်လက်ထက်က မန္တလေးမြို့သို့ တိုင်းနန်း လှည့်လည် လာကြသော ဘုရင်ခံများကို ဧည့်ခံပွဲ ကျင်းပရာတွင် ခြင်းပွဲများ ပါအောင် ဆောင်ရွက်လေသည်။

၁၉၅၆ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံသို့ လာရောက်ကြသော ယူဂိုဆလပ်နိုင်ငံမှ လူငယ်အဖွဲ့ ခေါင်းဆောင်များအား မန္တလေးမြို့ အမှတ် ၂ အထက်တန်းကျောင်းဝင်း၌ ဇူလိုင်လ ၂ ရက်နေ့ည ၈ နာရီတွင် ညစာ ထမင်းစားပွဲဖြင့် ဧည့်ခံရာ မန္တလေးရိုင် ညွန့်ပေါင်းခြင်းအဖွဲ့က ခြင်းဝိုင်း အလှတော်ပြကြရသည်။ ခြင်းမတော်မီ ဦးဗိုလ်ကြီးက ထ၍ ခြင်းလုံးသမိုင်း အကျဉ်းချုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းပြောကြားပြီးမှ ခြင်းပွဲစပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုလ်ကြီးသည် ဂရိတ် ဗုဒ္ဓဘာသာ ခြင်း အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မန္တလေးခရိုင် ခြင်းအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ခြင်းလုံးအဖွဲ့ချုပ်ကြီးတွင် နာယကလူကြီးအဖြစ် တင်မြှောက်ခြင်းကိုလည်း ခံရပါသည်။ ဦးဖိုလ်ကြီးသည် အသက် ၇၀ ကျော်လာသည့်တိုင်အောင် ခရိုင်ပေါင်းစုံ ခြင်းခတ်ပြိုင်ပွဲ ကျင်းပရာမြို့များသို့ မန္တလေးခရိုင် ခြင်းအဖွဲ့ကို အုပ်ချုပ်လိုက်ပါ ခဲ့လေသည်။ ၎င်းလိုက်ပါခဲ့သော မြို့များမှာ ရန်ကုန်၊ တောင်ကြီး၊ မြင်းခြံ၊ ပြည်တို့ ဖြစ်လေသည်။ ၎င်းသည် စာရေးစာဖတ် ဝါသနာပါသူဖြစ်၍ သတင်းစာများတွင် ခြင်းလုံးဆောင်းပါးများ ရေးခြင်း၊ မန်းရာပြည့် စာစောင်တွင် ခြင်းဆောင်းပါး ရေးခြင်း၊ ခြင်းလုံးဒီကာစာအုပ်ရေးခြင်း၊ မြန်မာ့ခြင်းပညာ ခတ်နည်းတရာ စာအုပ်ရေးခြင်းတို့အပြင် ခြင်းလုံးနှင့်ပတ်သက်သော မှတ်စု၊ လင်္ကာ၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ တေးထပ် ၈၀ ပေါ်ထပ်တွန့် တေးထပ်၊ ကေပိုဒ်ရတု၊ ဗုံထောက်သံ ဩဘာစာ စသည်ဖြင့် တော်တော်များများ ရေးသားပြုစုခဲ့သည်။

၁၉၇၀ ပြည့်နှစ် ဧပြီလ ၁၂ ရက်နေ့တွင် အသက် ၇၇ နှစ် အရွယ်ရှိ ဦးဖိုလ်ကြီးသည် လူကြီးရောဂါဖြင့် ကွယ်လွန်သွားရှာလေသည်။ မျိုးချစ်စိတ်ရှိသူဖြစ်၍ အင်္ဂလိပ်ကျောင်းသားဘဝကပြီး ကွယ်လွန်သည်အထိ ဗိုလ်ကေမထားပဲ ဆံပင်ရှည် သျှောင်ထုံးနှင့် နေသွားလေသည်။



ဒုတိယဗိုလ်မှူးကြီး စိုးတင်နှင့် ဗိုလ်မှူးသန်းဆွေ

၁၉၆၂ ခုနှစ် ဧပြီလ ၂၉ ရက်မှ မေလ ၆ ရက်နေ့ အထိ ရန်ကုန်မြို့ ဗဟန်း အထက နှင့် အောင်ဆန်းကွင်း၌ နှစ်နေရာ ခွဲ၍ ကျင်းပခဲ့သည့် ခရိုင်ပေါင်းစုံ တံခွန်စိုက် ပြိုင်ပွဲအပြီးတွင် ဖွဲ့စည်းခဲ့သော ခြင်းလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့တွင် ဒုတိယဗိုလ်မှူးကြီး စိုးတင်က ဒုတိယ ဥက္ကဋ္ဌအဖြစ် ပါဝင်လာပြီး ဗိုလ်မှူး သန်းဆွေက အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့လေသည်။



ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်ခဲ့သူ
ဒုတိယ ဗိုလ်မှူးကြီးစိုးတင်

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၂ ခုနှစ် ဒီဇင်ဘာလ ၂၄ မှ ၃၀ ရက်အထိ မြင်းခြံမြို့၌ ကျင်းပခဲ့သည့် ရှိုင်ပေါင်းစုံ ပြိုင်ပွဲမှစ၍ နည်းစနစ်ကျကျ အဆင့်မြင့်မြင့် ကျင်းပနိုင်ခြင်းသည် ဒုတိယ ဗိုလ်မှူးကြီးစိုးတင်နှင့် ဗိုလ်မှူး သန်းဆွေတို့၏ ဦးစီးစီမံ နိုင်ခဲ့မှုကြောင့်ပင် ဖြစ်လေသည်။ ပြိုင်ပွဲများတွင် တိုင်းမှူးများ၊ တပ်မဟာမှူးများ၏ အကူအညီများ ရယူခဲ့ပါသည်။ ရုပ်ရှင်လောကမှ အနုပညာရှင်များနှင့် အဆိုကျော်များကို ဖိတ်ခေါ်ဆွေးနွေး၍ ခြင်းပြိုင်ပွဲကျင်းပရာ ဌာနများ၌ ပါဝင်ဖျော်ဖြေခြင်း များဖြင့်လည်း စည်ကား သိုက်မြိုက်အောင် တဘက်တလမ်းမှ ဆောင်ရွက်လုပ်ကိုင်နိုင်ခဲ့လေသည်။

ခြင်းပညာ တိုးတက် ပြန့်ပွားရေးနှင့် အဆင့်မြင့်မားရေးအတွက် အမြဲတမ်းကြိုးစား၍ ဆောင်ရွက်ရာတွင် အစိုးရ ဌာနပေါင်းစုံတို့နှင့် အဆက်အသွယ် ပြုလုပ်၍ ဝါဒဖြန့်ခြင်း၊ စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်းများက ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့လေသည်။ သရုပ်ပြ ခြင်းအဖွဲ့ နှစ်ဖွဲ့ ဖွဲ့စည်းပြီး စာသင်ကျောင်းများသို့ သွားရောက်ခတ်ပြခြင်း၊ အလုပ်ရုံ စက်ရုံများသို့ သွားရောက်ခတ်ပြခြင်း၊ နိုင်ငံခြားမှ လာရောက်ကြသော အစိုးရ ဧည့်သည်တော်ကြီး များနှင့် အားကစားအဖွဲ့များကို အင်းလျားကန်ဟော်တယ်၌ သရုပ်ပြခြင်းအဖွဲ့ဖြင့် ဧည့်ခံဖျော်ဖြေ၍ မြန်မာ့ခြင်းပညာကို ဂုဏ်ဘင်လျက် အကြိမ်ကြိမ် ဝါဒဖြန့်ချိခဲ့ခြင်း၊ အခြားတိုင်းနှင့် ပြည်နယ်များအထိ သွားရောက် ခတ်ကစားပြခြင်း၊ ခြင်းလုံး စည်းရုံးရေးမှူးများ ခန့်ထားပြီး တပ်မတော်အတွင်း၌ ခြင်းလုံးခတ် နည်းပြသင်တန်းများ ဖွင့်ပေးခြင်း၊ ရှိုင်ခြင်းအဖွဲ့များက အကူအညီ တောင်းခံလျှင် စည်းရုံးရေးမှူးကိုလွှတ်၍ ခတ်နည်းခတ်ဟန်နှင့် ပြိုင်ပွဲဥပဒေများကို ရှင်းလင်း



ပြောပြပေးခြင်း၊ တပ်မတော် အရာရှိများနှင့် အကြပ် တပ်သားများထံမှ အလှူငွေကောက်ခံ၍ အမှတ် (၁) ခြင်းလုံးဒိုင်လူကြီးသင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်း၊ အမှတ် (၂) ဒိုင်လူကြီးသင်တန်းနှင့် ခြင်းလုံးနည်းပြသင်တန်းကို ဖွင့်လှစ် သင်ကြားပို့ချခဲ့ခြင်း၊ အမျိုးသမီး ခြင်းသမားများ ပေါ်ထွက်ရေးအတွက် အားပေးချီးမြှောက်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

ခြင်း လုံး များ ကို ဈေး ပေါပေါနှင့် လူတိုင်း ဝယ်ယူခတ်ကစားနိုင်အောင် နိုင်ငံခြားမှ ကြိမ်များကို ခြင်းလုံးအဖွဲ့ချုပ်က ဦးစီး၍ အကောက်ခွန် ချိုသာစွာနှင့် ဝယ်ယူတင်သွင်းပြီး အမှန်တကယ် ခြင်းလုံးရက်လုပ် ရောင်းချသူများကိုသာ စိစစ်၍ ခြင်းတလုံးလျှင် ငါးကျပ်ဘက် ပိုမရောင်းရန် ဈေးနှုန်းကန့်သတ်လျက် ကြိမ်များကို ရောင်းချပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။ အဖွဲ့ချုပ်က ခြင်းလုံးနှင့် ခြင်းခတ်ဖိနပ်ဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုချိုသာသာဖြင့် ဖြန့်ချိရောင်းချပေးခြင်းများကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဗိုလ်မှူး သန်းဆွေ၏ ထူးခြား ပြောင်မြောက်စွာ ဧမ်းသပ်တီထွင်ခဲ့သော အချက်တခုမှာ ခြင်းခတ်နည်း သရုပ်ပြစနစ်ပင် ဖြစ်ပေသည်။ ခြေဖျား၊ ခြေခွင်၊ ဒူးမှ၍ ခြင်းကြီး ၁၀ မျိုးအထိ ခြင်းခတ်နည်း သင်တန်း ပေးရန်အတွက် နိုင်ငံခြား အားကစား သင်တန်းများကိုမှီး၍ ခေတ်မီစနစ်ဖြင့် သင်တန်းပေးနည်းများကို အောင်မြင်စွာ တီထွင်ခဲ့လေသည်။

ဗိုလ်မှူး သန်းဆွေ ကွယ်လွန်ပြီး နောက် ရှိုင် ပေါင်းစုံ ခြင် လုံးခတ် တံခွန်စိုက် ပြိုင်ပွဲ အဆင့်မှ ပြည်နယ် နှင့် တိုင်း တံခွန်စိုက် ပြိုင်ပွဲ ကြီး အဆင့်သို့ ရောက်ရှိလာအောင် ဒုတိယ ဗိုလ် မှူး ကြီး စိုးတင်က ဆက် လက် ဆောင် ရွက် ခဲ့သ ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသား တံခွန်စိုက်ပြိုင်ပွဲ ကျင်းပနိုင်သည်အထိ တိုးတက်ခဲ့လေသည်။

၁၉၇၅ ခုနှစ်အောက်တိုဘာလ ၆ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး အားကစားခရီး ထွက်ကြရာ၌ ခြင်းပညာရှင်များတွင် အမျိုးသမီး သုံးယောက် ပါဝင်သော ခြင်း အဖွဲ့ နှစ်ဖွဲ့ စေလွှတ် နိုင်ရေး အတွက်မှာလည်း ဒုတိယဗိုလ်မှူးကြီးစိုးတင်၏ ကြိုးပမ်းဆောင်ရွက်မှုများ အများအပြား ပါဝင်လေသည်။

၁၉၇၅ ခုနှစ်တွင် ဒုတိယ ဗိုလ်မှူးကြီး စိုးတင် သည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ်နှင့် တိုးတက်ရာ တိုးတက်ကြောင်းများကို စိတ်အားထက်သန်စွာဖြင့် ဆက်လက် ဆောင်ရွက်လျက်ပင် ရှိလေသည်။

## ဦးအရိန်

ဦးအရိန်သည် မုံရွာမြို့၌ စာတိုက်ဗိုလ်ကလေးဘဝတွင် ရှိနေစဉ်ကပင် ခြင်းလုံးခတ်ကစားခြင်းကို နှစ်သက်စွဲလမ်းခဲ့လေသည်။ နေ့စဉ်ခြင်းလုံးခတ်ကစားနေရရုံနှင့် မတင်းတိမ်ပဲ ခြင်းကစားခြင်း ပညာရပ်ကို အထက်တန်းသို့ရောက်အောင် ပို့လိုသူဖြစ်၍ ဘယ်ပုံဘယ်နည်းဆောင်ရွက်ရမည်ကို အမြဲတမ်းစိတ်ကူးနေသူဖြစ်လေသည်။ အစိုးရစာတိုက်လုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်၍ မုံရွာမြို့မှာပင် အတည်တကျမနေရပဲ ရန်ကုန်၊ ဟင်္သာတ၊ အောင်လံ၊ မကွေးစသောမြို့များသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရလေသည်။ ၎င်းရောက်လေရာ မြို့ရွာဒေသများတွင် ခြင်းလုံးခတ်ကစားခြင်းကို မြှောက်စားအားပေးခဲ့လေသည်။ ခြင်းသမား





ခြင်းလုံးကစားခြင်းကို မြေတောင်မြှောက်ပေးသူ ဦးအရိန် (၁၉၅၅)

www.burmeseclassic.com

www.burmeseclassic.com

များကို စည်းရုံးခြင်း၊ ခြင်းတော်ပြိုင်ပွဲများ ဖြစ်မြောက်အောင် လှုံ့ဆော်ခြင်း၊ ဖန်တီးခြင်းနှင့် ခြင်းသမားအကျော်အမော်များကို ဖိတ်ခေါ်၍ ခင်းကျင်းပြစေခြင်း စသည်တို့ကို ပြုလုပ်လျက် ခြင်းခတ်ကစားနည်းကို လူအများ စိတ်ပါဝင်စားလာအောင် ဆွဲဆောင်မှုများကိုလည်း ပြုလုပ်လေ့ရှိသည်။

ထိုခေတ်ကာလက ခြင်းပြိုင်ပွဲဥပဒေများသည် တရွာတပုဒ် ဆန်းဆိုသလို အမျိုးမျိုး ကွဲပြားခဲ့လေသည်။ ခြင်းပြိုင်ပွဲတခါ ပြုလုပ်လျှင် ဥပဒေတမျိုးဖြစ်သည်။ ထို့ကြောင့် ဦးအရိန်သည် ခြင်းလုံးခတ်ပြိုင်ပွဲစည်းမျဉ်းဥပဒေ ကောင်းကောင်းတခု ဖြစ်ပေါ်တည်ရှိစေရန် ၁၉၃၀ ပြည့်နှစ် လောက်မှစ၍ စိတ်ကူး အမျိုးမျိုးထုတ်ကာ ဥပဒေရေးဆွဲပြီး ပြိုင်ပွဲများတွင် အကြိမ်ကြိမ် လက်တွေ့စမ်းသပ်ခဲ့သည်။ ချွတ်ယွင်းချက် တွေ့ရှိတိုင်း အသစ်အသစ် ရေးဆွဲ၍ ညှိနှိုင်း လုပ်ဆောင်လာခဲ့ရာ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းရှိ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီက ဦးစီးပြီး စနစ်တကျ ကျင်းပခဲ့သော ခြင်းလုံးတော်ပြိုင်ပွဲ ဥပဒေပြုညီလာခံကြီး တွင် ရန်ကုန်ခရိုင်မှ ကိုယ်စားလှယ်က တင်သွင်းသော ဦးအရိန် ဦးဆောင်၍ ရေးဆွဲခဲ့သည့် ဝိုင်းဖွဲ့အမှတ်တော်ပြိုင်ပွဲဥပဒေသည် အတည်ဖြစ်ခဲ့လေသည်။ ဥပဒေပြု ညီလာခံသို့ ၃၃ ခရိုင်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်ဟု အဆိုရှိလေသည်။ တခြားခရိုင်များမှ တင်သွင်းကြသော ဥပဒေ ရည်းကမ်းများကိုလည်း ဝိုင်းဝန်းစုပေါင်းညှိနှိုင်းကြပြီးလျှင် ဝိုင်းဖွဲ့ အလှတော်ပြိုင်ပွဲ၊ အတောင့်တော်ပြိုင်ပွဲ၊ အတွဲ့တော်ပြိုင်ပွဲဥပဒေ စသည်ဖြင့် ပြိုင်ပွဲ လေးမျိုး အထိ ထားရှိ အတည်ပြုခဲ့ကြလေသည်။

ရန်ကုန်ခရိုင် ကိုယ်စားလှယ်က တင်သွင်းသော ဝိုင်းဖွဲ့



အမှတ်ခတ်ပြိုင်ပွဲ ဥပဒေသည် သုံးယောက်ကောင်း၊ လေးယောက်ကောင်း၊ တဝိုင်းလည် စသည်နှင့် ဒိုင်လူကြီး တဦးက အများကြားအောင် အော်၍ပေးရလေသည်။ ၎င်းအော်သည့် အတိုင်း အမှတ်ပေးဒိုင်က ဇယားကွက်တွင် ရေးမှတ်ရသည်။ ၎င်းဥပဒေသည် တကိုယ်ကောင်းခတ်ကစားခြင်းကို အလေး မပေးပဲ ဝိုင်းဖွဲ့ခတ်ကစားခြင်းသည် တဖွဲ့သားလုံး ကိုယ်စီကိုယ်င ညီညီမျှမျှ ခတ်ကစားနိုင်မှ အနိုင်ရရှိသော ခတ်ကစားနည်း ဖြစ်သည်ကို ဖော်ညွှန်းသည်။ အဖွဲ့သားအားလုံး လှုပ်ရှားနေရသဖြင့် အားကစားအသွင်ကို ပေါ်လွင် ထင်ရှားစေပါသည်။ ဤဥပဒေကို ၁၉၅၄ ခုနှစ်က ပထမဦး ဆုံးအကြိမ်ကျင်းပသည့် ခရိုင်ပေါင်းစုံ ပြိုင်ပွဲမှစ၍ အသုံးပြုခဲ့ကြပါသည်။ နောက်နှစ် များတွင် အနည်းငယ်စီ တခုချင်း နှစ်ခုချင်း ပြုပြင်၍ သုံးစွဲ လာခဲ့ကြရာ ၁၉၅၇ ခုနှစ်အထိ တည်မြဲလျက်ပင် ရှိလေသည်။

၁၉၅၃ ခုနှစ် ခြင်းလုံးဥပဒေပြု ညီလာခံကြီး အောင်မြင်စွာ ပြီးဆုံးသွားသည့်နေ့က ဦးအရိန်သည် "ကျွန်တော်တော့ သေပျော်ပါပြီ" ဟူ၍ ထုတ်ဖော်ပြောကြားခဲ့လေသည်။ စာတိုက် ဝန်ထောက် အဖြစ်နှင့် မကွေးမြို့တွင် နေထိုင်စဉ်က ၎င်း၏ သားသမီး များ ရှင်ပြု နားသ အလှူမင်္ဂလာ ပြုလုပ်ရာတွင် မန္တလေးမှ နာမည်ကျော် ခြင်းသမားများဖြစ်သည့် ဦးဘသိန်း ကြီး၊ ဦးအောင်ဘနှင့် ရွှေကြက်ယက်ရွာမှ ပုဏ္ဏား ဦးစိန်ဒွေး၊ မြင်းခြံမြို့မှ ဦးဘခိုင်၊ ဦးစိန်ကွန်နှင့် ခြင်းလူမှက် ဦးမောင်၊ ပြည်မြို့မှ ဦးကောက်၊ ဦးစိန်ဖေနှင့် ဦးဘထွား၊ ဆင်ဖြူကျွန်းမှ ဦးအုန်းဖေနှင့် ဦးဆင့်၊ ရေနံချောင်းမှ ဦးစောလှိုင် စသည့် ခြင်းသမားများကို ဖိတ်ခေါ်၍ ခြင်းအလှခတ်ပွဲများကို တခမ်း တနား ကျင်းပခဲ့လေသည်။ ရန်ကုန်မြို့တွင် လက်ထောက်

www.burmeseclassic.com

 www.burmeseclassic.com

စာတိုက်မင်းကြီးဘဝဖြင့် နေထိုင်သည့် အချိန်ကာလအတွင်း ရန်ကုန်၌ ခြင်းခတ်ပြိုင်ပွဲကြီးများဖြစ်မြောက်အောင် လှုံ့ဆော်ခြင်းနှင့် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်း၊ ဘီအေ အေ ဘော လုံးကွင်းထဲသို့ ခြင်းပြိုင်ပွဲရောက်ရှိအောင် နည်းပရိယာယ် အမျိုးမျိုးဖြင့် ဆောင်ရွက်ခြင်း၊ ၁၉၄၈ ခုနှစ် တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် စာတိုက်နှင့် ကြေးနန်းဌာနမှ ထုတ်ဝေသော တပြားတန် တံဆိပ်ခေါင်းတွင် လူငါးယောက် ခြင်းလုံးဝိုင်းဖွဲ့ခတ်ကစားနေပုံ ပါရှိစေခြင်းတို့ကို ဆောင်ရွက်ခဲ့လေသည်။

၁၉၄၇ ခုနှစ် မေလအတွင်းက ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့နိုင်ငံပေါင်းစုံစာတိုက်ညီလာခံသို့ ဦးအရိန် သွားရောက်ခဲ့စဉ်က ခြင်းလုံး ၃၀ ယူဆောင်လျက် အင်္ဂလန်နှင့် ပြင်သစ်၌ အလျဉ်းသင့်သလို ခြင်းခတ်ကစားခဲ့သည်။ ခြင်းခတ်ကစားခြင်း၏ ကောင်းသော အချက်အလက် များကိုလည်း ပြောကြား၍ ဝါဒဖြန့်ခဲ့သည်ဟု သိရလေသည်။ အင်္ဂလန်တွင်ရှိသည့် ဗြိတိသျှ အင်ပါယာ ပြတိုက်တွင် ခြင်းတလုံး ပေးလှူထားခဲ့သည်။ ၎င်း၏ အသက်မွေးဝမ်းကျောင်းဖြစ်သည့် စာတိုက်နှင့် ကြေးနန်းဌာန လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်း စေ့စေ့စပ်စပ်လုပ်ကိုင်သဖြင့် အမှုထမ်းကောင်း ရွှေတံဆိပ်နှင့် ကျက်သရေဆောင် ရွှေစလွယ်တို့ကို ချီးမြှင့်ပေးအပ်ခြင်းခံရလေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ လက်ထောက်စာတိုက်မင်းကြီးရာထူးကိုလည်းကောင်း၊ စာတိုက်နှင့် ကြေးနန်းဌာန ဥပဒေပြင်ဆင်ရေးအဖွဲ့ အတွင်းဝန်ရာထူးကိုလည်းကောင်း ရရှိခဲ့လေသည်။ ၁၉၅၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေယင်း နိုဝင်ဘာလ ၁၄ ရက်နေ့ ည ၉ နာရီခွဲအချိန်တွင် အသက် ၆၅



နှစ်အရွယ်ရှိ ဦးအရိန်သည် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း အမှတ် ၁၇၃ မြို့ရိပ်သာတွင် ကွယ်လွန်သွားရှာလေသည်။

## ဦးအောင်ကိုး

၁၂၇၄ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ဦးဖိုးကာ၊ ဒေါ်ငွေတင့်တို့မှ ဦးအောင်ကိုးကို ဖွားမြင်ခဲ့လေသည်။ ဦးအောင်ကိုးသည် ကျောင်းနေစဉ် ၁၅ နှစ်သားအရွယ်မှစ၍ ခြင်းလုံးခတ်ကစားလာသူ ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ် စမ်းချောင်း ရှမ်းလမ်းမှ "မြန်မာ့ဂုဏ်ရောင်" ခြင်းအသင်းတွင် ပါဝင်လျက် ခြင်းပွဲများကို ခတ်ကစားခဲ့လေသည်။ ၎င်းအဖွဲ့၏ တူညီဝတ်စုံမှာ ငှက်ပျောညှန့်ရောင် ပိုးပုဆိုးနှင့် ခေါင်းပေါင်း ဖြစ်လေသည်။ ၁၉၃၄ ခုနှစ်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပခဲ့သည့် စက်မှုလက်မှုပြပွဲတွင် ထည့်သွင်းကျင်းပပြုလုပ်ခဲ့သော ခြင်းလုံးခတ်ပြိုင်ပွဲ၌ မြန်မာ့ဂုဏ်ရောင်ခြင်းအဖွဲ့မှ ခတ်သား တဦးအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆု ရရှိခဲ့လေသည်။ အလှူပွဲ၊ ဘုရားပွဲများနှင့် ပြိုင်ပွဲများတွင် အကြိမ်ကြိမ် ပါဝင်ခဲ့လေသည်။

၁၉၅၇ ခုနှစ် မန္တလေးမြို့၌ ကျင်းပခဲ့သော လေးကြိမ်မြောက် ခရိုင်ပေါင်းစုံ ပြိုင်ပွဲတွင် ရန်ကုန်ခရိုင် ခြင်းအသင်းမှ ပါဝင်ခတ်ကစားခဲ့လေသည်။ ၁၉၅၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ပထမဦးဆုံးအကြိမ် ကျင်းပသော အရှေ့တောင်အာရှ မိသားစုအားကစားပွဲတော်သို့ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ သွားရောက်၍ သရုပ်ပြ ခြင်းအဖွဲ့တဖွဲ့ ခတ်ကစားပြခဲ့ရာ ဦးအောင်ကိုးသည် ခတ်သားတဦးအဖြစ် ပါဝင်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ်တွင် ဦးကံ

www.burmeseclassic.com

www.burmeseclassic.com





ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်ခဲ့သူ ဦးအောင်ကိုး

နှင့် ပုးတဲ့ဦးဆောင်၍ စမ်းချောင်းရပ်၌ "ရွှေဗမာ" ခြင်းအဖွဲ့ကို တည်ထောင်ခဲ့ပြီး ယနေ့တိုင် အသင်း တည်မြဲလျက် ရှိပါသည်။

၁၉၅၃ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ခြင်းလုံးဥပဒေပြု ညီလာခံကြီး ဖြစ်မြောက်ရေးအတွက် ဦးအရိန်ဦးဆောင်၍ အထူးဖွဲ့စည်းခဲ့သော ကော်မတီတွင် အမှုဆောင်အဖြစ် ပါဝင်ခဲ့လေသည်။ ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ရန်ကုန်ခရိုင် ခြင်းလုံးအဖွဲ့၏ဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ခြင်းလုံး



အဖွဲ့ချုပ် အမှုဆောင်လူကြီးအဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှစ၍ ၁၉၇၂ ခုနှစ်အထိ ၁၁ နှစ်တိတိ ပြည်ထောင်စု မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌအဖြစ်တင်မြှောက်ခြင်းခံခဲ့ရလေသည်။ ၁၉၇၂ ခုမှ ၁၉၇၅ ခုနှစ်အထိ ခြင်းလုံး အဖွဲ့ချုပ်တွင် အမှုဆောင်တဦးအဖြစ်ဖြင့် ပါဝင်၍ ခြင်းလုံးလောက၏ တိုးတက်ရာ တိုးတက်ကြောင်းများကို ဆက်လက်လုပ်ဆောင်လျက်ပင် ရှိလေသည်။ ဦးအောင်ကိုးသည် ကျောင်းနေစဉ်က ဘီအေ ဘီအီးဒီ စာမေးပွဲအောင်မြင်ခဲ့သဖြင့် ကျောင်းဆရာအဖြစ်နှင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ယခုအချိန်တွင် စမ်းချောင်းရပ် ညောင်တုံးလမ်း အမှတ် ၁ ၌ အင်္ဂလိပ်စာ ကျူရှင်ကျောင်း ဖွင့်လှစ်၍ ၎င်း၏ မိသားစုနှင့်အတူ ငြိမ်းချမ်း ပျော်ရွှင်စွာ နေထိုင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ

## ခြင်းလုံးဝေါဟာရ ရှင်းလင်းချက်

(၁) ကျခြင်း။ ။ခြင်းလုံးခတ်ကစားရာ၌ မြေသို့ကျသော ခြင်းကို ကျခြင်းဟု ခေါ်သည်။

(၂) ကရွတ်ကင်းရှောက်။ ။ဝိုင်းဖွဲ့ ခတ်ကစားရာတွင် ထိပ်တိုက် ခြင်းမကျူးပဲ ဘေးတိုက်လက်ယာရစ် သော်လည်းကောင်း၊ လက်ဝဲရစ်သော်လည်းကောင်း ဝိုင်းလည်သည်ကို ကရွတ်ကင်းရှောက်ဟု ခေါ်သည်။

(၃) ကျော်ခြင်း။ ။ဝိုင်းဖွဲ့၍ ခြင်းလုံးခတ် ကစားကြရာ၌ ခြင်းလုံးသည် ခတ်သားတယောက်ထံမှ အခြား ခတ်သားများထံသို့ ရိုးရိုးကူးသန်း သွားလာခြင်းမျိုးမဟုတ်ပဲ ခတ်သားတယောက်၏နောက်မှ ရှေ့ကိုသော်လည်းကောင်း၊ ရှေ့မှနောက်ကိုသော်လည်းကောင်း၊ ဘေးတိုက်သော်လည်းကောင်း ခေါင်းပေါ်မှ ခြင်းလုံးဖြတ်ကျော်၍ ရောက်သွားသောခြင်းကို ကျော်ခြင်းဟု ခေါ်သည်။

(၄) ခတ်ခြေ။ ။ခြင်းလုံးကို ထိအောင် ခတ်သည့်ခြေထောက်ကို ခတ်ခြေဟု ခေါ်သည်။

(၅) ချန်ခြင်း။ ။ခြင်းခတ်ကစားကြရာ၌ မိမိနှင့် အနီးကပ်ဆုံး နေရာတွင်ရှိသော ဘေးလူထံကိုသော် လည်းကောင်း၊ နောက်လူထံကို သော်လည်းကောင်း အသာအယာပုတ်၍ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေ၊ အတိုအခံနှင့်ဖြစ်စေ ချန်ထားခဲ့သောခြင်းကို ချန်ခြင်း ဟု ခေါ်သည်။

(၆) ခြင်းထောင်ခြင်းလတ်။ ။ဝိုင်းဖွဲ့ ကစားကြရာ၌ တယောက်ထံမှ တယောက်ထံသို့ ခြင်းလုံး ကူးပြောင်းသွားရာတွင် အမြင့်အနေအထား ရှစ်ပေ၊ ကိုးပေလောက်မှ ကူးပြောင်းသွားလာအောင် ခတ်ကစားခြင်းကို ခြင်းထောင် ခြင်းလတ် ခတ်ကစားသည်ဟု ခေါ်သည်။

(၇) ခြင်းအေးခတ်။ ။ဝိုင်းဖွဲ့၍ ခတ်ကစားကြရာတွင် ခတ်သားတို့သည် ခြင်းထောင်ခြင်းလတ် အနေအထားဖြင့် အတော့ အတွဲ့ အဆွဲ့တို့နှင့် ခတ်ကစားခြင်းကို ခြင်းအေးခတ်ဟု ခေါ်သည်။

(၈) ခြင်းပူခတ်။ ။ဝိုင်းဖွဲ့၍ ခတ်ကစားကြရာတွင် ခတ်သားတို့သည် ခြင်းအထိုးဖြင့် ခတ်ကွက်များကို တယောက် တချက် ကျဖမ်း ဇွတ်ဝင် ဇွတ်ထွက် ခတ်ကစားခြင်းကို ခြင်းပူ ခတ်ဟု ခေါ်သည်။

(၉) ခြင်းကလေး။ ။အခြေခံခြင်းရိုး ရှေ့ခြင်းနှင့် ဘေး ခြင်းများကို အထပ်၊ အကျော်၊ အရစ်၊ အခွအထိုးနည်းတို့ဖြင့် ကွန့်၍ခတ်သော ခြင်းကွက်များကို ခြင်းကလေးဟု ခေါ်သည်။

(၁၀) ခြင်းလတ်။ ။ရှေ့ခြင်းနှင့် ဘေးခြင်းတို့ကို အပျောက်ထား၍ ခတ်ကစားသော ခြင်းကွက်များကို ခြင်းလတ် ဟု ခေါ်သည်။

(၁၁) ခြင်းကြီး။ ။မဟာဒူး၊ ညွန့်ဒူး၊ မဟာ၊ မဟာညွန့်၊ ရင်လိမ်ဖဝါး၊ နင်လိမ်ဖနောင့်၊ တည့်ဖဝါး၊ တည့်ဖနောင့်၊ ဇလယ် ဝိုက်ကြီး စသော ခြင်းပေါက်များကို ခြင်းကြီးဟု ခေါ်သည်။



ဝိုက်ကြီးခတ်ပေါက် တခုမှလွဲ၍ ကျန် ခတ်ပေါက် များသည် ပခုံးပေါ် ခေါင်းပေါ်မှကျော်၍ နောက်ကျောဘက်သို့ကျသော ခြင်းလုံးကို ခြင်းဝင်လမ်းအပျောက်တွင် အမှန်းအဆနှင့် ရှေ့သို့ ပြန်ထွက်လာအောင် ခတ်ရသော ခတ်ပေါက်များ ဖြစ်လေသည်။

(၁၂) ခေတ်ဆန်းခြင်း။ ။ရှေးအစဉ်အလာကရှိခဲ့သော ခြင်းခတ်ကွက်များမဟုတ်ဘဲ နောက်မှ ခေတ်အလိုက် အဆန်း ထွင်၍ခတ်သော ခြင်းကွက်များကို ခေတ်ဆန်းခြင်းဟု ခေါ် သည်။

(၁၃) ခြင်းကြော။ ။ဝိုင်းဖွဲ့၍ ခတ်ကစားကြရာ၌ ခတ် သားတယောက်မှတယောက်သို့ ကူးပြောင်းသွားလာနေအောင် အဆက်မပြတ် ခတ်ကစားနေကြသည့် ခတ် ကွက် များ ၏ အပေါင်းအစုကို ခြင်းကြောဟု ခေါ်သည်။

(၁၄) ခြင်းကလေးကြော။ ။ခြင်းကလေးဟုခေါ်သော ခတ်ကွက်များနှင့်သာ တယောက်မှတယောက်သို့ ကူးပြောင်း သွားလာ ဝိုင်းလည်အောင် အဆက်မပြတ် ခတ်ကစားနေကြ သည့် ခတ်ကွက်များ၏အပေါင်းအစု အားလုံးကို ခြင်းကလေး ကြောဟု ခေါ်သည်။

(၁၅) ခြင်းလတ်ကြော။ ။ခြင်းလတ်ဟုခေါ်သော ခတ် ကွက်များနှင့်သာ ဝိုင်းလည်နေအောင် အဆက်မပြတ် ခတ် ကစားနေကြသည့် ခတ်ကွက်များ၏ အပေါင်းအစုအားလုံးကို ခြင်းလတ်ကြောဟု ခေါ်သည်။

(၁၆) ခြင်းကြီးကြော။ ။ခြင်းကြီးဟုခေါ်သော ခတ် ကွက်များနှင့်သာ ကူးပြောင်းသွားလာ ဝိုင်းလည်နေအောင်

www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ် ခတ်ကစားနေကြသည့် ခေါ်ကွက်များ၏ အပေါင်းအစုအားလုံးကို ခြင်းကြိုးကြောဟု ခေါ်သည်။

(၁၇) ခြင်းကြောပြတ်။ ။ခြင်းလုံးခတ် ပြိုင်ပွဲများတွင် အချိန်ပိုင်းနှင့် သတ်မှတ်ထားသော ခြင်းကွက်များမှ လွဲ၍ တခြား ခြင်းကွက်တခုခုကို ခတ်မိလျှင် ခြင်းကြောပြတ်သည်ဟု ခေါ်သည်။

(၁၈) ချခြင်း။ ။ခြင်းပြိုင်ပွဲများ၌ အချိန်ပိုင်းနှင့် သတ်မှတ်ထားသော ခြင်းကွက်များကို ခတ်နေစဉ် ၎င်းထက်အဆင့် အတန်းမြင့်သည့် ခတ်ကွက်တခုခုကို ကြားညှပ်၍ ခတ်မိသော ၎င်းခြင်းကို ချခြင်းဟုခေါ်သည်။ (ချခြင်း ဆိုသည်မှာ အမှတ်ပေးသည့် အရေအတွက်တွင် စာရင်းမပါ၊ အမှတ်မရ၊ ခြင်းကြောလည်းမပြတ်၊ ရှေ့ဆက်လက်၍ သတ်မှတ်ထားသော ခြင်းကွက်များကို ဆက်ခတ်နိုင်သည်။)

(၁၉) ခြင်းခွင်ကောင်းသည်။ ။ခြင်းခတ်ကွက် အမျိုးမျိုးရှိသည့်အနက်မှ မည်သည့်အမျိုးကိုဖြစ်စေ ခြင်းအဝင်မှန် အထွက်မှန်နှင့် ခေါင်းခါး ခြေလက် အချိုးကျ အံဝင်ခွင်ကျ ခတ်ကစားနိုင်ခြင်းကို ခြင်းခွင်ကောင်းသည်ဟု ခေါ်သည်။

(၂၀) ခြင်းထွက်ကောင်း။ ။ဝိုင်းဖွဲ့၍ ခတ်ကစားကြရာ တွင် ခတ်သားတယောက်ယောက်က ခတ်လိုက်သော ခြင်းသည် လှလှပပ အသာအယာဖြင့် တခြားခတ်သားများထံသို့ ထွက် သွားသောခြင်းကို ခြင်းထွက်ကောင်းသည်ဟုခေါ်သည်။

(၂၁) ခြင်းထွက်ဆိုး။ ။ဝိုင်းဖွဲ့၍ ခတ်ကစားကြရာတွင် ခတ်သားတယောက်ယောက်က ခတ်လိုက်သော ခြင်းသည် ထိုးထိုးစိုက်စိုက် ခပ်သန်သန်ဖြင့် တခြား ခတ်သားများထံသို့ ထွက်သွားသော ခြင်းကို ခြင်းထွက်ဆိုးသည်ဟု ခေါ်သည်။



(၂၂) ခြင်းမင်းသား။ ။အလှူ အတန်း၊ ဘုရားပွဲ၊ ကျောင်းပွဲနှင့် အောင်ပွဲ၊ ဂုဏ်ပြုညှော်ခံပွဲများ ကျင်းပရာတွင် ခြင်းဆိုင်းတီး၍ အလှပွဲ ခတ်ကစားကြသောအခါ ခြင်းအဖွဲ့တဖွဲ့တွင် ပါဝင်ခတ်ကစားသူ ငါးယောက် ခြောက်ယောက်လောက်ရှိသည့် အနက်မှ ပရိသတ်ကြိုက်အောင် အကောင်းဆုံး ခတ်ကစား နိုင်သူကို ခြင်းမင်းသားဟု ခေါ်သည်။

(၂၃) ခြင်းလူပျက်။ ။ခြင်းဆိုင်းတီး၍ အလှပွဲ ခတ်ကစားကြရာတွင် ခတ်သားတဦးက ခြင်းပွဲကြည့် ပရိသတ်များ ရယ်ရွှင်ကြရအောင် ခြင်းခတ်ဟန်များကို တမင်ဖျက်၍ ကိုးရိုး ကားရား ခတ်ကစားခြင်း၊ တင်ပါးနှင့်ပေါက်ခြင်း၊ လက်ဖြင့် ပုတ်ခြင်း၊ ကျွမ်းထိုး၍ခတ်ခြင်းများကို ပြုလုပ်သူအား ခြင်းလူ ပျက်ဟု ခေါ်သည်။

(၂၄) ခြင်းပို့ခြင်းထောက်။ ။ခြင်းဆိုင်းတီး၍ အလှပွဲ ခတ်ကစားကြရာတွင် ခြင်းမင်းသားနှင့်ခြင်းလူပျက်တို့ကို သူတို့ ကြိုက်နှစ်သက်ရာ ခတ်ကွက်ကို ခတ်ကစားနိုင်စေရန် ခြင်းပို့ပေး ခြင်းနှင့် ၎င်းတို့က ခတ်ထုတ်လိုက်သော ခြင်းကို ခြင်းပို့ ခြင်း ထောက်ဟု ခေါ်သည်။

(၂၅) ခြောက်ယောက်ဝိုင်း။ ။ခြင်း ပြိုင်ပွဲ ခတ်ကစား ရာတွင် တဖွဲ့လျှင် ခတ်သား ခြောက်ယောက် ပါဝင်ခတ်ကစားရ သည်။ ခြောက်ယောက် ဝိုင်းဖွဲ့၍ ခတ်ကစားသော ဝိုင်းကို ခြောက်ယောက်ဝိုင်းဟု ခေါ်သည်။

(၂၆) ငါးယောက်ဝိုင်း။ ။ခြင်းဆိုင်းတီး၍ အလှပွဲများ ခတ်ကစားကြရာတွင်ခတ်သားငါးယောက်သာပါဝင် ခတ်ကစား လေ့ရှိလေသည်။ ခတ်သားငါးယောက်နှင့် ဝိုင်းဖွဲ့၍ ခတ်သော ဝိုင်းကို ငါးယောက်ဝိုင်းဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၇) ဆင်ခြင်း။ ။မိမိခတ်လိုသော ခြင်းကွက်ကို ခတ်ကစားနိုင်ရန် အခြေခံ ခြင်းရိုးတခုခုဖြင့် မိမိလိုရာနေရာသို့ ခြင်းရောက်အောင် တကြိမ်တည်းနှင့် ဖြစ်စေ၊ နှစ်ကြိမ်သုံးကြိမ်နှင့် ဖြစ်စေ အကွက်ဆင်၍ ခတ်သောခြင်းကို ဆင်ခြင်းဟု ခေါ်သည်။

(၂၈) ဆွဲခြင်း။ ။ဝိုင်းဖွဲ့ ခတ်ကစားရာတွင် မိမိထံသို့ ရောက်လာသောခြင်းကို တချက်တည်းနှင့် ခတ်မထုတ်ဲ မိမိကျွမ်းကျင်သည့် ခတ်ကွက်သုံးလေးမျိုးဖြင့် လှည့်ပတ်ပြောင်းလဲ၍ ထပ်တလဲလဲ မိမိတယောက်တည်း ခတ်ကစားလျက် တခြားခတ်သားများထံ ခြင်းမရောက်အောင် အချိန်ဆွဲထားခြင်းကို ဆွဲခြင်းဟု ခေါ်သည်။

(၂၉) ဆက်ခြင်း။ ။ဝိုင်းဖွဲ့၍ ခတ်ကစားကြရာတွင် ခတ်သား တဦးနှင့်တဦး အပြန်အလှန် တမင်သက်သက် ခြင်းရောက်အောင် ပို့ပေးနေခြင်း၊ သို့မဟုတ် သူ့တော်ကိုယ်ခတ်ခတ်သင်း နှစ်ယောက်တည်း ဆက်ကာဆက်ကာ ကူးသန်းနေခြင်းကို ဆက်ခြင်းဟုခေါ်သည်။ ခြင်းဆက်ဟုလည်း ခေါ်သည်။

(၃၀) ညခြင်း။ ။ညအချိန်တွင် မီးထွန်း၍ ခြင်းခတ်ကစားခြင်းကို ညခြင်းဟုခေါ်သည်။

(၃၁) ညာခြင်း။ ။ဝိုင်းဖွဲ့၍ ခတ်ကစားရာတွင် မိမိတို့၏ ညာဘက်ဘေးသို့ လာသောခြင်းကို ညာခြင်းဟု ခေါ်သည်။

(၃၂) တွဲခြင်း။ ။ခြင်းခတ်ကွက် အမျိုးမျိုး ရှိသည့် အနက်မှ လူတယောက်တည်းက ခြင်းကွက် တခုနှင့်တခု မထပ်အောင် တဆက်တည်း တချက်ချင်း ပြောင်းလဲ၍ အနည်းဆုံး နှစ်မျိုးမှ အများဆုံး ရသလောက် တွဲဖက်ခတ်ကစားခြင်းကို တွဲခြင်းဟု ခေါ်သည်။



(၃၃) တော့ခြင်း။ ။ခြင်းခတ်ကွက် ၀၂ မျိုး တည်းကို ဆက်ကာဆက်ကာ အနည်းဆုံး နှစ်ကြိမ်မှ အများဆုံး ရသလောက် ခတ်ကစားခြင်းကို ခြင်းလုံးတော့သည်ဟုခေါ်သည်။

(၃၄) တေးခြင်း။ ။မိမိထံသို့ ရောက်လာသော ခြင်းကို တချက်တည်းနှင့် ခတ်မထုတ်ပဲ မိမိခေါင်းပေါ်တွင် ခြင်းလုံး ထောင်နေစေရန် ခတ်ကွက်တမျိုးဖြင့် တေးထားသော ခြင်းကို တေးခြင်းဟု ခေါ်သည်။

(၃၅) တောင်းခြင်း။ ။ဝိုင်းဖွဲ့ ခတ်ကစားကြရာတွင် တခြား ခတ်သားတယောက်ယောက်ထံသို့ မိမိက အသံထုတ်ပြီး မိမိထံသို့ ခြင်းပြန်ပို့ပေးရန် ဟန်ပြင်၍ စောင့်နေခြင်းကို တောင်းခြင်းဟု ခေါ်သည်။

(၃၆) တဝိုင်းလည်သည်။ ။ဝိုင်းဖွဲ့၍ ခြင်းလုံးခတ်ကစားကြရာတွင် လူဘယ်နှစ်ယောက်အထိ ပါဝင်ခတ်ကစားသည်ဖြစ်စေ ပေးခြင်းမှစ၍ ခြင်းမြေမကျပဲ ပါဝင်သူအားလုံး လူစေ့အောင် ခတ်ကစားမိလျှင် တဝိုင်းလည်သည်ဟု ခေါ်သည်။

(၃၇) ထောက်ခြင်း။ ။မြေသို့ကျမည့် ခြင်းကို မကျရလေအောင် ခြေဖျားနှင့် သော်လည်းကောင်း၊ ခြေဖနောင့်နှင့်သော်လည်းကောင်း မမိမကမ်းနေရာသို့ လှမ်း၍ဖြစ်စေ၊ လိုက်၍ ဖြစ်စေ ခတ်ရသောခြင်းကို ထောက်ခြင်းဟု ခေါ်သည်။

(၃၈) ထားခြင်း။ ။ဝိုင်းဖွဲ့၍ ခတ်ကစား ကြရာတွင် မိမိထံသို့ ရောက်လာသော ခြင်းကို တချက်တည်းနှင့် ခတ်မထုတ်ပဲ မိမိထံမှာပင် နေစေရန် အမှန်းအဆဖြင့် ခတ်၍ထားသော ခြင်းကို ထားခြင်းဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃၉) နေဝင်ခြင်း။ ။ညနေ နေဝင်ချိန် နေလုံးကွယ်ပျောက်စဉ် အလင်းရောင်အနည်းငယ် ကျန်ရှိရစ်သေးသော အချိန်တွင် ခတ်ကစားသည့်အခါ နေဝင်ခြင်းဟု ခေါ်သည်။

(၄၀) နောက်ခြင်း။ ။ခြင်းလုံး ခတ်ကစား နေစဉ် နောက်ကျောဘက်သို့ လာသောခြင်းကို နောက်ခြင်းဟု ခေါ်သည်။

(၄၁) ပေးခြင်း။ ။ခြင်းလုံးခတ်ကစားကြရာတွင် ပထမဦးဆုံး လက်ဖြင့် ပစ်ပေးသော ခြင်းနှင့် မြေကျ၍ လက်ဖြင့် ကောက်ပြီး ပေးရသောခြင်းများကို ပေးခြင်းဟု ခေါ်သည်။

(၄၂) ပြန်ခြင်း။ ။လက်ဖြင့် ပစ်ပေးသူထံသို့ အပေးခံသူက ချက်ချင်းပြန်၍ ရောက်အောင် ခြေဖြင့်ခတ်လျက် ပြန်ပို့သောခြင်းကို ပြန်ခြင်းဟု ခေါ်သည်။

(၄၃) ဖြတ်ခြင်း။ ။ဝိုင်း ဖွဲ့၍ ခတ် က စား ကြ ရာ တွင် ကိုယ့်ညာဘက်ကလူထံသို့ မြားဦးတန်းလျက် လာသော ခြင်းကို ကိုယ်က ၎င်းလူ့ရှေ့မှ ဖြတ်၍ခတ်သောခြင်းကို ဖြတ်ခြင်းဟု ခေါ်သည်။

(၄၄) ဘေးခြင်း။ ။ခြင်းလုံး ခတ် ကစား ကြ ရာ တွင် မိမိ၏ ဗယ်ဘက်နှင့် ညာဘက်ဘေးနေရာများ၌ ခတ်ရသော ခြင်းကို ဘေးခြင်းဟု ခေါ်သည်။

(၄၅) ဗယ်ခြင်း။ ။ဝိုင်းဖွဲ့၍ ခတ်ကစားကြရာတွင် မိမိ ရပ်နေသည့် ဗယ်ဘက်ဘေးသို့ လာသောခြင်းကို ဗယ်ခြင်းဟု ခေါ်သည်။

(၄၆) ရှေ့ခြင်း။ ။ခြင်းလုံး ခတ်ကစားရာတွင် မိမိ ရှေ့သို့လာသော ခြင်းကို ရှေ့ခြင်းဟု ခေါ်သည်။



(၄၇) ရပ်ခြေ။ ။ခြင်းလုံး ခတ် ကစားရာတွင် ခြေကာဘက်က အားပြုလျက် မြေ၌ထောက်၍ ရပ်ထားသော ခြေကို ရပ်ခြေဟု ခေါ်သည်။

(၄၈) လှန်ခြင်း။ ။ဝိုင်းဖွဲ့၍ ခတ်ကစားကြရာ၌ မိမိ၏ ဗယ်ဘက်ဘေးသို့ လာသောခြင်းကို ညာခြေဖျား၊ ညာဒူး၊ ညာခြေခွင်၊ ညာဘေးပေါက် စသည်တို့ဖြင့် ဗယ်ဘက်သို့ လှည့်၍ သော်လည်းကောင်း၊ လိုက်၍ သော်လည်းကောင်း ခတ်သောခြင်းကို လှန်ခြင်းဟု ခေါ်သည်။

(၄၉) လွှတ်ခြင်း။ ။ဝိုင်းဖွဲ့၍ ခတ်ကစားကြရာ၌ မိမိထံသို့ ရောက်လာသောခြင်းကို တေးထားဆွဲထားပြီးမှ မိမိကြိုက်နှစ်သက်ရာ ခတ်ကွက်တခုဖြင့် တခြားသူများထံသို့ တမင် ခတ်လွှတ်လိုက်သောခြင်းကို လွှတ်ခြင်းဟု ခေါ်သည်။

(၅၀) လွှတ်ခြင်း။ ။ဝိုင်းဖွဲ့၍ ခတ်ကစားကြရာ၌ မိမိထံသို့ ရောက်လာသောခြင်းကို သုံး လေး လုံး နေ အောင် တေးထား ဆွဲထားစဉ် အလိုအလျောက် ထွက်သွားသော ခြင်းကို လွှတ်ခြင်းဟု ခေါ်သည်။

(၅၁) ဝင်ခြင်း။ ။တခြား ခတ်သား တယောက်ထံမှ မိမိထံသို့ ကူးပြောင်းဝင်ရောက်လာသော ခြင်းကို ဝင်ခြင်းဟု ခေါ်သည်။

(၅၂) ဝိုင်းကောင်းဝိုင်းလည်။ ။ခြင်း ခတ် ကစား သူတို့သည် တယောက်လျှင် တချက်နှစ်ချက်ထက် မပိုပဲ ခြင်းကြီး ခြင်းလတ် ခေတ်ဆန်းခြင်းများကို ရှောင်ကြဉ်၍ နှစ်ဝိုင်းသုံးဝိုင်းလည်အောင် ခတ်ကစားခြင်းကို ဝိုင်းကောင်း ဝိုင်းလည်ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၅၃) အခြေခံခြင်းရိုး။ ။ရှေ့ခြင်း များ ဖြစ် သည့် ဒူး ခြေခွင်၊ ခြေဖျား၊ ရှေ့ဖဝါး၊ ရှေ့ဖနောင့်နှင့် ဘေးဖဝါး၊ ဘေးဖနောင့်၊ ဘေးပေါက် စသည့် ခြင်းခတ်ကွက် ရှစ်မျိုးကို အခြေခံခြင်းရိုးဟု ခေါ်သည်။

(၅၄) အပျောက်။ ။ခြင်း ခတ်ရာတွင် ခြင်းသည် မိမိ၏ ကိုယ်ကာယဖြင့် ကွယ်ပျောက်ပြီးမှ အမှန်းအဆဖြင့် ခတ်ရသောခြင်းကို ခြင်းပျောက် သို့မဟုတ် အပျောက်ဟု ခေါ်သည်။

## ခြင်းလုံးရက်စွဲစဉ်သမိုင်း

၁၇၈၂ ခုနှစ်။ ။မြန်မာနိုင်ငံအင်းဝနေပြည်တော်သို့ ရောက်ရှိလာသော ဗရင်ဂျီ ဘုန်းတော်ကြီး စန်ဂါမနိုက ခြင်းဝိုင်း တွေ့ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။

၁၇၇၄-၇၅ ခုနှစ်။ ။မြန်မာနိုင်ငံ ပြည်မြို့သို့ ရောက်ရှိလာသော အင်္ဂလန်မှ ခွဲစိတ်ကုဆရာဝန်ကြီး မစ္စတာ စီအေဂေါ် ဒွန်သည် ပြည်မြို့၌ ခြင်းခတ်နေသည်ကို တွေ့ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။

၁၈၀၀ ပြည့်နှစ်။ ။မန္တလေး အိမ်တော်ရာ ဘုရားအတွင်း၌ နေ့စဉ်ခတ်ကစားသော ခြင်းဝိုင်း ရှိသည်။ ရန်ကုန် သရက်တော ကျောင်းတိုက် အတွင်းမှာလည်းရှိသည်။

၁၈၁၀ ပြည့်နှစ်။ ။ခြင်းခတ်ပေါက်ကို အမှတ်ပေး၍ အနိုင်အရှုံး ယှဉ်ပြိုင် ခတ်ကစားလာသည်။

၁၈၁၀-၁၁ ခုနှစ်။ ။မန္တလေးမြို့ ဝက်စလီယံ အထက်တန်းကျောင်းဝင်း အတွင်း၌ ခြင်းလုံး ခတ်ကစားခွင့် မပြုပါ။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၁၉၁၁ ခုနှစ်။ | ။ခြင်းရွဲဝိဇ္ဇာ ဦးဖိုးသင်း ဟင်ဆန်ဆပ်ကပ်နှင့် လိုက်ပါ၍ အိန္ဒိယ၊ အင်္ဂလန်၊ ဂျာမနီ၊ စပိန်နှင့် အမေရိကန် နိုင်ငံများတွင် ခြင်းရွဲပညာကို ပြသခဲ့ရသည်။ |
| ၁၉၁၁-၁၂ ခုနှစ်။ | ။မန္တလေး အိမ်တော်ရာ ခြင်းဝိုင်းသည် ဝါတွင်း ဥပုသ်နေ့များ၌ နံနက်ပိုင်းမှစ၍ တနေ့လုံး လူလ်နှင့် ခတ်ကစားကြသည်။ |
| ၁၉၁၆ ခုနှစ် ဒီဇင်ဘာလ။ | ။ရန်ကုန်ကောလိပ်ကျောင်း၌ ခြင်းပြိုင်ပွဲ စတင်ပါဝင်သည်။ |
| ၁၉၂၃-၂၄ ခုနှစ်။ | ။ခြင်းခတ်ကစားသူများကို အလုပ်လက်မဲ့ဟု သတ်မှတ်ကြသည်။ |
| ၁၉၂၄ ခုနှစ်။ | ။ခြင်းရွဲဝိဇ္ဇာ ဦးလော်ပေါ် သည် အင်္ဂလန်ပြည် လန်ဒန်မြို့၌ ကျင်းပသည့် ဗြိတိသျှ အင်ပိုင်ယာ ပြပွဲကြီးတွင် ခြင်းရွဲပညာ ပြသခဲ့လေသည်။ |
| ၁၉၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်။ | ။မန္တလေးမြို့တွင် ပထမဦးဆုံး ဗုဒ္ဓဘာသာ ခြင်းလုံးခတ် အသင်းဖွဲ့စည်းခဲ့သည်။ |
| ၁၉၂၆ ခုနှစ်။ | ။ခြင်းရွဲခတ် ကစားရာတွင် တူညီဝတ်စုံကို ဝတ်ဆင်ကြသည်။ |
| ၁၉၂၆-၂၇ ခုနှစ်။ | ။ရွှေဟောင်း သုတေသန ဌာနက ခင်ပကုန်းတွင် ငွေခြင်းလုံး တလုံးကို တူးဖော်ရရှိသည်။ |
| ၁၉၂၈ ခုနှစ်။ | ။ညဥ့် လက် ဆွဲ ခတ် မီး ထွန်း၍ ခြင်းပွဲ ခတ်ကစားသည်။ |



| | |
|---|---|
| ၁၉၃၀ ပြည့်နှစ်။ | ။ခြင်းဝိဇ္ဇာ ဦးထွန်းတင်က ကြိမ်ကွင်းဖြင့် ခြင်းခတ်ပြသည်။ ပါးစပ်ဖြင့် ခြင်းတလုံးကို ကိုက်ထားပြီး ခတ်လုံးဖြင့် ဆင့်တင်သည်။ |
| ၁၉၃၀ ပြည့်နှစ်။ | ။ရန်ကုန်တွင် ခြင်းပွဲများ ခတ်ကစားရာ၌ ခြင်းဆိုင်း ထည့်သွင်းလာသည်။ |
| ၁၉၃၀-၃၃ ခုနှစ်။ | ။ရန်ကုန်မြို့တွင် ဗဟို ခြင်းလုံးခတ်အသင်းကြီး တည်ထောင်ခဲ့သည်။ |
| ၁၉၃၁-ခုနှစ်။ | ။"အာဇာနည်"အမည်ဖြင့် ကလေးခြင်းဝိုင်း ပေါ်ပေါက်လာသည်။ |
| ၁၉၃၁ ခုနှစ်။ | ။ဗုဒ္ဓဘာသာ ခြင်းအသင်းပိုင် မြေ၌ အသင်းရုံးဆောက်သည်။ |
| ၁၉၃၁ ခုနှစ်။ | ။ဘုရင်ခံ ဆာ ဂျေ အေမောင်ကြီးအား ဧည့်ခံပွဲတွင် ကင်းဗတ် ခြေနင်းဖြင့် ခြင်းခတ်ပြသည်။ |
| ၁၉၃၁ ခုနှစ်။ | ။ဗုဒ္ဓဘာသာ ခြင်းအသင်းရုံ ဖွင့်ပွဲ၌ အဝေးရောက်မင်း မိန့်ခွန်း ပြောကြားသည်။ |
| ၁၉၃၁ ခုနှစ်။ | ။ညခြင်းပွဲ ခတ်ရာတွင် မီးကွင်းဖြင့် ခတ်ကစားပြခြင်း ပေါ်ပေါက်လာသည်။ |
| ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီလ။ | ။ရန်ကုန် မော်လမြိုင်ကျောင်းတိုက်အတွင်း၌ ပထမဦးဆုံး အကြိမ်ခြင်းလုံးညီလာခံ ကျင်းပသည်။ |
| ၁၉၃၆-၃၇ ခုနှစ်။ | ။ရန်ကုန်မှ ခြင်းသမားများ ပွဲခတ်ရာတွင် ကတ္တီပါ ဘောင်းဘီခံ၍ ပိုးပုဆိုး ခါးတောင်းကျိုက်လျက် |

www.burmeseclassic.com

www.burmeseclassic.com

ပိုးပဝါခေါင်းပေါင်းပြီး ခတ်ကစား-ခဲ့ကြသည်။

၁၉၃၇ ခုနှစ် ဇန်နဝါရီလ။ ။ပန္တလေး ပုဒ္ဓဘာသာ ခြင်းအသင်း-အား အိန္ဒိယ ဘုရင်ခံချုပ်က "ဂရိတ်ဘွဲ့" ပေး အပ် ချီး မြှင့်သည်။

၁၉၃၇ ခုနှစ်။ ။မန္တလေးမြို့ပေါ်ရှိ ရဲဌာန အချင်းချင်း ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပခဲ့သည်။

၁၉၃၉ ခုနှစ်။ ။ရန်ကုန်မြို့ ဘီအေအေ ဘောလုံးကွင်းထဲ၌ ခြင်းပွဲ ခတ် ကစားခွင့်မပြု။

၁၉၃၉-၄၀ ပြည့်နှစ်။ ။ရန်ကုန် တက္ကသိုလ်တွင် ခြင်းလုံးအ တွက် တနှစ် ငွေ ၁၀၀၀ိ/-သုံးစွဲခွင့် ပြုသည်။

၁၉၄၀ ပြည့်နှစ်။ ။ရန်ကုန်မြို့ လိပ်ကန်ပန်းခြံ၌ ကြက်တံဆိပ် ဘိလပ်ရည်ဒိုင်း ပြိုင်ပွဲပြုလုပ်သည်။

၁၉၄၁ ခုနှစ်။ ။ရန်ကုန်မြို့ ဘီအေအေ ဘောလုံးကွင်း၌ ခြင်းပြိုင်ပွဲ ပြုလုပ်ခွင့်ရသည်။

၁၉၄၂ ခုနှစ် ဧပြီလ ၃ ရက်။ ။ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ဗုဒ္ဓဘာသာ ခြင်းအသင်းရုံး မီးလောင်သွားသည်။

၁၉၄၇ ခုနှစ် နိုဝင်ဘာလ။ ။မြန်မာပြည် အိုလံပစ် အသင်းကြီး တည်ထောင်သည်။ အိုလံပစ် ခြင်းအဖွဲ့ ဖွဲ့စည်းခဲ့သည်။



၁၉၄၇ ခုနှစ် နိုဝင်ဘာလ။ ။ဘုတလင်မြို့၌ "ဝိဇ္ဇာညွန့်" အမျိုးသမီး ခြင်းဝိုင်း စတင် ဖွဲ့စည်းခဲ့သည်။

၁၉၄၇ ခုနှစ် နိုဝင်ဘာလ။ ။ခြေဖျားတော့စံချိန် ၃ မိနစ်နှင့် ၅ စက္ကန့် ကြာအောင် တော့နိုင်သဖြင့် မအူပင်မြို့မှ မောင်လှကြိုင် ၁၃ နှစ်သားက ခြေဖျားမောင်ဘွဲ့ ရလေသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်။ ။ဘုတလင်မြို့၌ လွတ်လပ်ရေး အောင်ပွဲတွင် အမျိုးသမီး ခြင်းပွဲ တောင်ကျင်းပသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်။ ။ရန်ကုန်မြို့ အောင်ဆန်း ကစားကွင်းတွင် ကျင်းပသည့် မြန်မာနိုင်ငံ အိုလံပစ် အားကစားပွဲတွင် ခြင်းခတ်ပြိုင်ပွဲ ပါဝင်သည်။

၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်။ ။ခြင်းဝိုင်းပုံ ပါသော တပြားတန် စာပို့ တံဆိပ်ခေါင်းများ ထုတ်ဝေခဲ့သည်။

၁၉၅၁ ခုနှစ်။ ။အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေး ကောင်စီ ဖွဲ့စည်း တည်ထောင်ခဲ့သည်။

၁၉၅၃ ခုနှစ်။ ။ပထမဦးဆုံး ရန်ကုန်တပ်နယ် ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပခဲ့သည်။

၁၉၅၃ ခုနှစ်။ ။ရန်ကုန်မြို့ တော်ဝန် ဒိုင်းလုပွဲ တတိယ တန်း၌ စစ်လက်နက်ပစ္စည်းတပ်မှ ပါဝင် ယှဉ်ပြိုင်ရာ ပထမ ရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၂၉-၆-၅၃ နေ့။ | ။ရန်ကုန် မြို့တော်ခန်းမတွင် ကျန်းမာရေးဌာနဝန်ကြီး ဦးခင်မောင်လတ်က ခြင်းလုံး ညီလာခံကြီးကို ဖွင့်လှစ်ပေးသည်။ |
| ၃၀-၆-၅၃ မှ ၆-၇-၅၃ ထိ။ | ။အောင်ဆန်းကွင်းတွင်ခြင်းလုံးခတ်ပြိုင်ပွဲ ဥပဒေ ရေးဆွဲရေးညီလာခံ ကျင်းပခဲ့သည်။ ၎င်းညီလာခံကြီးမှ ခြင်းကြီး ကိုးမျိုးကို သတ်မှတ်၍ အတည်ပြုခဲ့ကြသည်။ |
| ၁၉၅၄ ခုနှစ်။ | ။တောင် ပိုင်း တိုင်း စစ် ဌာ န ချုပ် ပြေးခုန်ပစ်ပြိုင်ပွဲတွင်ခြင်းခတ်ပြိုင်ပွဲ ပါဝင်သည်။ |
| ၁၁-၁-၅၄ နေ့။ | ။ရန်ကုန်မြို့ ရွှေဂုံတိုင်တွင် အမျိုးသမီး ခြင်းလုံးခတ်သင်တန်းဖွင့်လှစ်သည်။ |
| ၁၂-၂-၅၄ နေ့။ | ။ရန်ကုန် အောင်ဆန်းကွင်း၌ ပထမဦးဆုံးအကြိမ် ခရိုင်ပေါင်းစုံ ခြင်းလုံးခတ် တံခွန်စိုက်ပြိုင်ပွဲ ကျင်းပသည်။ |
| ၂-၄-၅၄ နေ့။ | ။နှစ် ကြိမ် မြောက် ခ ရိုင် ပေါင်း စုံ ပြိုင်ပွဲ ကျင်းပသည်။ |
| ၁၉၅၄ ခုနှစ် စက်တင်ဘာလ။ | ။ခြင်းခတ်အင်္ကျီပေါ် ရောင်စုံပုံ ရိုက်ခြင်းကို စတင် အသုံးပြုကြသည်။ |
| ၁-၁၀-၅၄ နေ့။ | ။ဦးဘပုကို ခြင်းလုံး စည်းရုံးရေးမှူး ခန့်ထားသည်။ |
| ၁၉၅၅ ခုနှစ်။ | ။တပ်ပေါင်းစုံ ခြင်းလုံးခတ် ပြိုင်ပွဲ ကျင်းပသည်။ |
| ၁၉၅၅ ခုနှစ် အောက်တိုဘာလ။ | ။ဂျပန်ပြည် တိုကျိုမြို့နှင့် အိုဆာကာမြို့၊ တရုတ်ပြည် ကန်တုန်၊ ဟံကော၊ ပီကင်းနှင့် ဟောင်ကောင် တို့တွင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများက ခြင်းအလှခတ်ကစား ပြခဲ့ကြသည်။ |



| | |
|---|---|
| ၁၉၅၆ ခုနှစ်။ | ။တပ်မတော် ကြည်း ရေ လေပြိုင်ပွဲ စတင်ကျင်းပခဲ့သည်။ |
| ၁၉၅၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်။ | ။ရန်ကုန်အောင်ဆန်းကွင်း၌ ကျင်းပသည့် သုံးကြိမ်မြောက်ခရိုင်ပေါင်းစုံ တံခွန်စိုက်ပြိုင်ပွဲမှစ၍အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဗိုလ်လုပွဲ စတင်ကျင်းပခဲ့သည်။ |
| ၁၉၅၇ ခုနှစ်။ | ။တောင်ပိုင်းတိုင်း စစ် ဌာ န ချုပ် ခြင်းခတ် ပြိုင်ပွဲ ကျင်းပခဲ့သည်။ ၎င်းနှစ် ရန်ကုန်၌ ကျင်းပသည့် လွတ် လပ် ရေး အောင် ပွဲ တွင် တပ်မတော်မှ ခြင်းတဖွဲ့ ပါဝင်ယှဉ်ပြိုင်သည်။ |
| ၂၃-၄-၅၇ နေ့။ | ။မန္တလေး၌ ကျင်းပသည့် လေးကြိမ်မြောက် ခရိုင်ပေါင်းစုံ တံခွန်စိုက် ခြင်းပြိုင်ပွဲတွင် တပ်မတော် ခြင်းအဖွဲ့ နှစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်သည်။ |
| ၂၄-၉-၅၇ နေ့။ | ။ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ခြင်းလုံးအားကစားအတွက် ဦးစားပေး၍ ငွေကိုအသုံးပြုသင့်ကြောင်း အဆိုတင်သွင်းသည်။ |
| ၂၆-၁၀-၅၇ နေ့။ | ။မန္တလေး အဆွေတော် ခြင်းအဖွဲ့ |

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| | သွားရေဘွာက်ဖိနပ်များဖြင့် ခြင်းပွဲ ခတ်ကစားကြသည်။ |
| ၁၂-၂-၅၈ နေ့။ | ။ငါး ကြိမ် မြောက် ခ ရိုင် ပေါင်း စုံ ပြိုင်ပွဲ ကျင်းပသည်။ |
| ၁၉၅၈ ခုနှစ် နိုဝင်ဘာလ။ | ။ပြည်သူ့လွှတ်တော် ဘာစည်းအဝေး၌ အစိုးရကျောင်းများတွင်ခြင်းပညာကို သင်ကြားပေးရန် အမတ်တဦးက ဆွေးနွေးခဲ့ပါသည်။ |
| ၂၅-၄-၅၉ နေ့။ | ။ခြောက်ကြိမ်မြောက် ခရိုင်ပေါင်းစုံ ပြိုင်ပွဲကို တောင်ကြီး၌ ကျင်းပသည်။ |
| ၁၂-၁၂-၅၉ နေ့။ | ။ထိုင်းနိုင်ငံ ဘန်ကောက်မြို့ အရှေ့တောင်အာရှ မိသားစု အိုလံပစ်ပွဲတော်တွင် မြန်မာခြင်းအဖွဲ့က အလှပြ ခတ်ကစားခဲ့သည်။ |
| ၂၆-၂-၆၀ နေ့။ | ။အောင်ဆန်းကွင်း၌ ကျောင်းပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲကျင်းပသည်။ |
| ၄-၄-၆၀ နေ့။ | ။အောင်ဆန်းကွင်း၌ ကျင်းပသော ခုနစ်ကြိမ် မြောက် ခရိုင်ပေါင်းစုံ ခြင်းလုံးခတ် တံခွန်စိုက် ပြိုင်ပွဲတွင် ခြင်းကြီး ၁၀ မျိုးအနက် တမျိုးချင်းကို အတော့ စံချိန်တင်နိုင်သူများအား မောင်ဘွဲ့ပေးသည်။ |
| ၁၂-၉-၆၀ နေ့။ | ။တ ရုတ် ပြည် သွား မည့် ခြင်းအဖွဲ့ အောင်ဆန်းကွင်း၌ ဖိနပ်ဖြင့် ခြင်းခတ် လေ့ကျင့်ကြသည်။ |
| ၂၆-၉-၆၀ နေ့။ | ။ဘောလုံး၊ ခြင်းလုံး၊ မြန်မာ့လက်ဝှေ့သမားများ ပါဝင် သည့် အား က စား အဖွဲ့ တရုတ်ပြည်သို့ သွားကြသည်။ |
| ၂၇-၉-၆၀ နေ့။ | ။နံနက် ၈ နာရီ၊ ကူမင်း လေဆိပ်မှ ထွက်သည်။ ညနေ ၅ နာရီ ၅၀ မိနစ် အချိန်တွင် ပီကင်း မြို့ တော် လေဆိပ်သို့ ရောက်သည်။ |
| ၂-၁၀-၆၀ နေ့။ | ။ပီကင်းရှိ အလုပ်သမား အားကစားကွင်းကြီးတွင် လူထု တသိန်းခန့် ရှေ့၌ ခြင်းအလှ ခတ်ကစား ပြရသည်။ |
| ၅-၁၀-၆၀ နေ့။ | ။ပီကင်းမြို့ရှိ ဘတ်စကက်ဘော အားကစားရုံတခု၌ ည ၇ နာရီခွဲအချိန် ခြင်းတဝိုင်း အလှခတ်ပြကြရသည်။ |
| ၆-၁၀-၆၀ နေ့။ | ။ည ၆ နာရီ ၂၅ မိနစ်တွင် အထူးရထားဖြင့် ပီကင်းမှ ထွက်သည်။ နောက်နေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရှင်ယန်မြို့ရောက်သည်။ |
| ၈-၁၀-၆၀ နေ့။ | ။ညနေ ဘောလုံးကွင်းထဲ၌ ခြင်းခတ်ပြရသည်။ ထိုနေ့ည ၇ နာရီ၊ အားကစားရုံ တခုအတွင်း၌ ခြင်းတပွဲ ခတ်ပြရသည်။ |
| ၁၀-၁၀-၆၀ နေ့။ | ။ည ၁၁ နာရီ၊ ရှင်ယန်မြို့မှ အထူးမီးရထားဖြင့်ထွက်၊ နေ့ရောညပါ ခုတ်မောင်းလာရာ ၁၂-၁၀-၆၀ နေ့ နံနက် ၈ နာရီအချိန်တွင် နန်ကင်းမြို့သို့ ရောက် သည်။ မိုင်ပေါင်း ၁၀၆၂ ½ ရှိသည်။ |

www.burmeseclassic.com

www.burmeseclassic.com

၁၃-၁၀-၆၀ နေ့။ ။ည ၇ နာရီ၊ နန်ကင်းမြို့ရှိ အားကစားရုံ တခုအတွင်း၌ ခြင်းပွဲ ခတ်ရသည်။

၁၄-၁၀-၆၀ နေ့။ ။ညနေ ဘောလုံးကွင်းထဲ၌ ခြင်းခတ်ပြရသည်။ ထိုနေ့ည ၁၂ နာရီ၊ နန်ကင်းမှ အထူး မီးရထားဖြင့် ထွက်ခွာခဲ့ကြသည်။

၁၅-၁၀-၆၀ နေ့။ ။နံနက် ၆ နာရီ၊ ရှန်ဟဲမြို့သို့ ရောက်သည်။

၁၆-၁၀-၆၀ နေ့။ ။ည ၈ နာရီ၊ အားကစား ရုံ တ ခု အတွင်း၌ ခြင်းတပွဲ ခတ်ပြရသည်။

၂၅-၁၀-၆၀ နေ့။ ။ညနေ ဘောလုံးကွင်း၌ ခြင်းတပွဲ ခတ်ပြရသည်။ ရုပ်မြင်သံကြား စက်ဖြင့်ရုပ်လွှင့်ပေးသည်။ ၎င်းနေ့ ည ၇ နာရီ၊ အားကစားရုံ၌ ခြင်းတပွဲ ခတ်ပြရသည်။

၂၉-၁၀-၆၀ နေ့။ ။ညနေ ကူမင်း ဘောလုံးကွင်း၌ ခြင်းခတ်ပြရသည်။

၁-၁၁-၆၀ နေ့။ ။ကူမင်း ဘောလုံးကွင်း၌ ဒုတိယ အကြိမ် ခြင်းခတ် ပြရသည်။

**မှတ်ချက်။** ခြင်းအဖွဲ့၏ ပီကင်း ခရီးစဉ် အသေးစိတ်ကို ဤရက်စဉ် သမိုင်း၌ ထည့်သွင်းခြင်းမှာ ယဉ်ကျေးမှုဖလှယ်သော ခရီးဖြစ်ခြင်းကြောင့် သမိုင်းမှတ်တမ်း ရှိသင့်သည်ဟုဆုံးဖြတ်လျက် ထည့်သွင်းခြင်း ဖြစ်ပါသည်။



၂၀-၄-၆၁ နေ့။ ။ရန်ကုန် အောင်ဆန်း ကွင်း၌ ရှစ်ကြိမ်မြောက် ခရိုင် ပေါင်းစုံ ပြိုင်ပွဲ ကျင်းပသည်။

၃၁-၅-၆၁ နေ့။ ။သတင်း မန္တလေး၌ အနုမြူရောင်ခြည်ဆေးသုတ်ထားသောခြင်းလုံးကို ခတ်ကစားသည်။

၇-၅-၆၂ နေ့။ ။တော်လှန်ရေး အစိုးရ လက်ထက် အမှုဆောင်အသစ် ရွေးချယ် တင်မြှောက်သည်။

၁၉၆၂ ခုနှစ် မေလ။ ။ခြင်းလုံး အဖွဲ့ချုပ်က ပညာမင်းကြီးနှင့် တွေ့၍ ကျောင်းများ၌ ခြင်းပညာသင်ကြားပေးရန် ဆွေးနွေးသည်။

၁-၆-၆၂ နေ့။ ။ဗမာ့ဘုပ်မတော်တွင် ခြင်းလုံးခတ်နည်းပြဆရာအဖြစ် စလင်း ဦးလှမောင်နှင့် ဦးတင်အေးတို့ကို ခန့်ထားသည်။

၅-၇-၆၂ နေ့။ ။ထိုနေ့မှစ၍ လစဉ် ည ၇ နာရီ ၁၅ မိနစ်အချိန်တွင် ရေဒီယို မြန်မာ့အသံမှ ခြင်းလုံးအကြောင်း အသံလွှင့် ဟောပြောခွင့် ရရှိခဲ့သည်။

၂၄-၉-၆၂ နေ့။ ။ပထမအကြိမ် ခြင်းလုံးဒိုင် သင်တန်း ဖွင့်ခဲ့သည်။ ထို့နောက် သရုပ်ပြ ခြင်းအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းခဲ့သည်။

၂၄-၁၂-၆၂ နေ့။ ။မြင်းခြံမြို့၌ ကျင်းပသည့် [illegible] ကြိမ်မြောက် ခရိုင်ပေါင်းစုံ တံခွန်စိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲမှစ၍ ရန်ကုန် တက္ကသိုလ် ခြင်းအဖွဲ့ ပါဝင်လာသည်။

၃၀-၁၂-၆၂ နေ့။ ။မြင်းခြံမြို့၌ တံခွန်စိုက်ပြိုင်ပွဲအပြီး ညတွင် မီးပုံပွဲ ကျင်းပသည်။ နိဗ္ဗာန်ဈေးဖွင့်၍ ကျွေးမွေးညှော်ခံသည်။

၁၁-၁-၆၃ နေ့။ ။မေမြို့ အမှတ် (၂) လေ့ကျင့်ရေးတပ်ကျောင်း၌ အမျိုးသမီး ခြင်းသင်တန်းဖွင့်လှစ်သည်။

၂၉-၉-၆၃ နေ့။ ။တောင်ငူ မြို့ ၌ ၁၁ ကြိမ် မြောက် ခရိုင်ပေါင်းစုံပြိုင်ပွဲ ကျင်းပသည်။

၁၉၆၄ ခုနှစ် ဒီဇင်ဘာလ၊ ။မန္တလေးတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တပ်ရင်း တပ်ဖွဲ့အလိုက် ခြင်းခတ်ပြိုင်ပွဲ ကျင်းပသည်။

၂၆-၁၂-၆၄ နေ့။ ။ပြည်မြို့တွင်ကျင်းပသော ၁၂ ကြိမ်မြောက် ခရိုင်ပေါင်းစုံ တံခွန်စိုက်ပြိုင်ပွဲ၌ အဖွဲ့ချုပ် အမျိုးသမီး ခြင်းဝိုင်း အလှခတ်ပြပွဲ တောင်ပါဝင်လာသည်။

၁၆-၁၁-၆၅ နေ့။ ။ရန်ကုန် အောင်ဆန်း ကွင်း၌ ကျောင်းပေါင်းစုံ ခြင်းခတ်ပြိုင်ပွဲ ကျင်းပသည်။

၁၀-၁၂-၆၅ နေ့။ ။အနောက်မြောက်တိုင်း စစ်ဌာနချုပ် တပ်ရင်း၊ တပ်ဖွဲ့အလိုက် ခြင်းပြိုင်ပွဲ ကျင်းပသည်။

၂၅-၁၂-၆၅ နေ့။ ။မော်လမြိုင်မြို့၌ ၁၃ ကြိမ်မြောက် ခရိုင်ပေါင်းစုံ ပြိုင်ပွဲ ကျင်းပသည်။



၁၂-၁၁-၆၆ နေ့။ ။ခြောက် ကြိမ် မြောက် ကျောင်းပေါင်း စုံ ခြင်းခတ်ပြိုင်ပွဲ ကျင်းပသည်။

၂၅-၁၂-၆၆ နေ့။ ။ဟင်္သာတမြို့၌ ၁၄ ကြိမ်မြောက် ခရိုင်ပေါင်းစုံ ပြိုင်ပွဲ ကျင်းပသည်။

၅-၂-၆၇ နေ့။ ။ရန်ကုန် ကမာရွတ် ရပ်ကွက်မှ ဦးပါစီ၏ မိသားစု ခြင်းအဖွဲ့ ပေါ်ပေါက်လာသည်။

၁၈-၄-၆၇ နေ့။ ။ရန်ကုန်၌ ကျင်းပခဲ့သော ကြည်းရေ လေ တံခွန်စိုက်ပြိုင်ပွဲမှ စ၍ ပိုက်တန်းကျော် ခြင်းခတ်ပြိုင်ပွဲ ကျင်းပခဲ့သည်။

၁၉-၆-၆၇ နေ့။ ။ရန်ကုန် ပညာရေးတက္ကသိုလ်တွင် အမျိုးသမီး ခြင်းခတ် သင် တန်း ဖွင့်လှစ်သည်။

၃၁-၆-၆၇ နေ့။ ။ခြင်းလုံး စည်းရုံးရေးမှူး ဦးဘပုကို အလုပ်မှ ရပ်နားစေသည်။

၄-၃-၆၈ နေ့။ ။ခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ၏ အလောင်းနှင့်အတူ ခြင်းတလုံး ထည့်သွင်းသင်္ဂြိုဟ် မြှုပ်နှံခဲ့သည်။

၁-၄-၆၈ နေ့။ ။ရေနံချောင်းမြို့၌ ၁၅ ကြိမ်မြောက် ခရိုင်ပေါင်းစုံ ပြိုင်ပွဲ ကျင်းပသည်။

၁၉၊၂၀-၄-၆၈ နေ့များ။ ။အကြိမ် ၂၀ မြောက် ချင်းအမျိုးသားနေ့တွင် တွန်းဇံမြို့၌ ရန်ကုန်မှ သရုပ်ပြ ခြင်းအဖွဲ့က ခြင်း ခတ်ကစားပြသည်။

၁၉၆၈ ခုနှစ် မေလ။ ။ပုသိမ်မြို့တွင် ကြည်း ရေ လေ

www.burmeseclassic.com

www.burmeseclassic.com

ခြင်းလုံးခတ် တံခွန်စိုက် ပြိုင်ပွဲ ကျင်းပသည်။

၆-၇-၆၈ နေ့။ ။ရန်ကုန်တိုင်း ခြင်းလုံး ဆပ်ကော်မတီက ကြီးမှူး၍ ဒိုင်သင်တန်း ဖွင့်လှစ်သည်။

၄-၁၀-၆၈ နေ့။ ။ဟသ်ာတမြို့ အမှတ်(၄)အထက်၌ အမျိုးသမီး ခြင်းလုံးခတ်သင်တန်း ဖွင့်လှစ်သည်။

၆-၁၁-၆၈ နေ့။ ။ရန်ကုန် ပုဇွန်တောင် အထက(၁)၌ ခြင်းသင်တန်းဖွင့်သည်။

၆-၃-၆၉ နေ့။ ။မိတ္ထီလာ လေ့ကျင့်ရေး စခန်း၌ ကြည်း ရေ လေ ခြင်းလုံးခတ် တံခွန်စိုက်ပြိုင်ပွဲ ကျင်းပသည်။

၃၀-၃-၆၉ နေ့။ ။ပြည်နယ်နှင့်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့ ခြင်းလုံးခတ် တံခွန် စိုက် ပြိုင်ပွဲ စတင် ကျင်းပသည်။

၂-၄-၆၉ နေ့။ ။ပုသိမ်မြို့၌ ၁၆ ကြိမ်မြောက် ခရိုင်ပေါင်းစုံ ပြိုင်ပွဲ ကျင်းပသည်။

၂၀-၁၀-၆၉ နေ့။ ။ရန်ကုန် စမ်းချောင်း မြင်းခြံရုံ၌ ခြင်းပညာရှင် သက်ကြီးပူဇော်ပွဲ ကျင်းပသည်။

၁၇-၁၁-၆၉ နေ့။ ။အနောက် မြောက် တိုင်း စစ်ဌာနချုပ် တပ်ရင်းတပ်ဖွဲ့အလိုက် ခြင်း တံခွန်စိုက်ပြိုင်ပွဲ ကျင်းပသည်။

၂၀-၁၂-၆၉ နေ့။ ။မော်လမြိုင်မြို့၌ အရှေ့တောင်တိုင်း စစ် ဌာန ချုပ် တပ် ရင်း တပ်ဖွဲ့ အလိုက် တံခွန်စိုက် ခြင်းလုံးခတ် ပြိုင်ပွဲ ကျင်းပသည်။



၂၅-၂-၇၀ နေ့။ ။မင်္ဂလာဒုံ ပြုပြင်ရေးလေတပ်စခန်းတွင် ဒုတိယကာကွယ်ရေး ဦးစီးချုပ် (လေ) ၏ တံခွန်စိုက်ဒိုင်း ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပသည်။

၂-၃-၇၀ နေ့။ ။ရန်ကုန် "မိသားစု" ခြင်းအဖွဲ့က ပထမဦးဆုံး ရေနံဆီမီးတုတ်ဖြင့် ညခြင်းပွဲ ခတ်သည်။ မီးခြင်းလုံး ကိုလည်း ခတ်သည်။

၃-၄-၇၀ နေ့။ ။မိတ္ထီလာမြို့၌ ၁၇ ကြိမ်မြောက် ခရိုင်ပေါင်းစုံ ပြိုင်ပွဲကျင်းပသည်။

၅-၄-၇၀ နေ့။ ။ရန်ကုန် မျိုးညွန့်လေး ခြင်းအဖွဲ့က ပထမဦးဆုံး လက်နှိပ်ဓာတ်မီးဖြင့် ခြင်းပွဲခတ်သည်။

၂၂-၄-၇၀ နေ့။ ။တောင်ကြီးမြို့၌ ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း ကြည်း ရေ လေ တံခွန်စိုက် ခြင်းခတ်ပြိုင်ပွဲ ကျင်းပသည်။

၃-၄-၇၁ နေ့။ ။တောင်ကြီးမြို့၌ ၁၈ ကြိမ်မြောက် ခရိုင် ပေါင်းစုံပြိုင်ပွဲ ကျင်းပသည်။

၅-၄-၇၁ နေ့။ ။မော်လမြိုင်မြို့၌ ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ကြည်း ရေ လေ တံခွန်စိုက် ခြင်းခတ်ပြိုင်ပွဲ ကျင်းပသည်။

၂၀-၆-၇၁ နေ့။ ။ခြင်းလုံးအဖွဲ့ ချုပ်မှ ကြီး မှူး ၍ အမှတ်(၂)ဒိုင်သင်တန်းနှင့် ခြင်းလုံး နည်းပြ သင်တန်း ဖွင့်လှစ်သည်။

၃၁-၁၀-၇၁ နေ့။ ။"ရွှေစလွယ်" မိသားစုခြင်းအဖွဲ့မှ မောင်သောင်း စိန်က လူ နှစ်

www.burmeseclassic.com

ယောက် လှည့်ပေးသော မီးကြိုးဟုတ်ဝင်း၍ မီးခြင်းလုံးကို မီးကျွင်းဖြင့် ခတ်ကစားပြသည်။

၂၈-၁၂-၇၁ နေ့။ ။မိတ္ထီလာ၌ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် (လေ) ၏ တံခွန်စိုက်ဒိုင်း ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပသည်။

၇-၁-၇၂ နေ့။ ။ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ တံခွန်စိုက် ဒိုင်း ခြင်းခတ်ပြိုင်ပွဲ ကျင်းပသည်။

၉-၁-၇၂ နေ့။ ။ရန်ကုန် ကြည့်မြင်တိုင် "ရွှေစလွယ်" ခြင်းရုံတွင် အသက် ၁၅ နှစ်သား မောင်သောင်း စိန် နှင့် ကိုးနှစ်သမီး မအေးအေးသိန်းတို့ ခြေဖျားတသောင်းကျော် တော့ပြကြသည်။

၂၁-၁-၇၂ နေ့။ ။သံလျက်စွန်းရောဘ် စက်မှုလက်မှုတပ်တွင် ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(ရေ) ၏ တံခွန်စိုက်ဒိုင်း ခြင်းခတ်ပြိုင်ပွဲ ကျင်းပသည်။

၂၆-၂-၇၂ နေ့။ ။မော်လမြိုင်မြို့၌ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ကြည်း ရေ လေ တံခွန်စိုက် ခြင်းခတ်ပြိုင် ပွဲ ကျင်းပသည်။

၂၄-၃-၇၂ နေ့။ ။မော်လမြိုင်မြို့၌ ၁၉ ကြိမ်မြောက် ခရိုင်ပေါင်းစုံ ပြိုင်ပွဲ ကျင်းပသည်။

၂၇-၁၁-၇၂ နေ့။ ။မင်္ဂလာဒုံ၌ ဒုတိယကာကွယ်ရေး ဦးစီးချုပ် (လေ) ၏ တံခွန်စိုက်



ဒိုင်း ခြင်းခတ်ပြိုင်ပွဲ ကျင်းပသည်။

၂၂-၁-၇၃ နေ့။ ။မန္တလေးမြို့၌ ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ကြည်း ရေ လေ တံခွန်စိုက်ခြင်းခတ်ပြိုင်ပွဲ ကျင်းပသည်။

၄-၄-၇၃ နေ့။ ။ပြည်နယ်နှင့်တိုင်း ပွဲအကြို ဟသာတမြို့၌ အကြိမ် ၂၀ မြောက် ခရိုင်ပေါင်းစုံပြိုင်ပွဲ ကျင်းပသည်။

၈-၈-၇၄ နေ့။ ။ရန်ကုန် အောင်ဆန်း ကွင်း၌ ပထမအကြိမ် ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲ ကျင်းပသည်။

၁၃-၈-၇၄ နေ့။ ။ရန်ကုန် အောင်ဆန်းကွင်း၌ ပထမအကြိမ် အမျိုးသား တံခွန်စိုက် ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပသည်။

၉-၁၂-၇၅ နေ့။ ။ရန်ကုန် အောင်ဆန်းအားကစားပြိုင်ပွဲရုံ၌ ဒုတိယအကြိမ် ပြည်နယ်နှင့်တိုင်းပြိုင်ပွဲ ကျင်းပသည်။

၁၃-၁၂-၇၅ နေ့။ ။ရန်ကုန် အောင်ဆန်း အားကစားပြိုင်ပွဲရုံ၌ ဒုတိယအကြိမ် အမျိုးသားတံခွန်စိုက် ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းကိုးစာရင်း

## စာအုပ်စာတမ်းများ

၁။ ခင်မောင်၊ ဗိုလ်ကြီး၊ "ဗမာ့ခြင်းလုံး ကမ္ဘာ့အိုလံပစ်သို့ ရောက်ရှိရေး"၊ မြဝတီမဂ္ဂဇင်း၊ အတွဲ ၈၊ အမှတ် ၈၊ စာမျက်နှာ ၁၇၃–၁၇၇၊ ၁၉၆၀ ပြည့်နှစ်၊ ဇွန်လ။

၂။ ချစ်ဆွေ၊ မေမြို့၊ "မြန်မာ့ရိုးရာ ခြင်းပညာ"၊ တံခွန်ဂျာနယ်၊ အတွဲ ၄၊ အမှတ် ၁၆၊ စာမျက်နှာ ၈၊ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ။

၃။ ဂေါ်ဒွန်၊ စီအေ၊ မစ္စတာ၊ ခွဲစိတ်မှုဆရာဝန်၊ "မြန်မာပြည်သို့ ကျွန်ုပ်တို့ ခရီးထွက်ခြင်း"၊ လန်ဒန်ဗေလယ်ယာ၊ တင်ဒါနှင့်ကောက်၊ ၁၈၇၅ ခုနှစ်။

၄။ စန်ဂါမနို၊ မစ္စတာ၊ သာသနာပြု ဘုန်းတော်ကြီး၊ "မြန်မာလက်နက်နိုင်ငံ"၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ဒုတိယပုံနှိပ်ခြင်း (၁၈၃၃ ခုနှစ်၊ စာအုပ်၊ အင်္ဂလိပ်ဘာသာပြန်)၊ စာမျက်နှာ ၁၃၁၊ ၁၉၂၄ ခုနှစ်။

၅။ စိန်၊ ဦး၊ "ခြင်းယိုင်ခတ်နိသျှည်း"၊ ရန်ကုန်၊ ချစ်စရာပုံနှိပ်တိုက်။

၆။ ထွန်းတင်၊ ဦး၊ ခြင်းဝိဇ္ဇာ၊ "ခြင်းယိုင်ခတ်နည်းနိသျှည်း"၊ ရန်ကုန်၊ မိဘမေတ္တာ၊ ရွှေတံဆိပ်ပုံနှိပ်တိုက်၊ ၁၉၅၃ ခုနှစ်။

၇။ ဗူရှိုင်ဇယ်၊ မစ္စတာ၊ အိန္ဒိယ ရှေးဟောင်း သုတေသနဌာန၊ "၁၉၂၆ – ၂၇ နှစ်ချုပ် (အင်္ဂလိပ်ဘာသာ)"၊ ၁၉၃၀ ပြည့်နှစ် စာမျက်နှာ ၁၈၁။

၈။ နန်းညွန့်ဆွေ၊ "ခြင်းလုံးမေတ္တာ"၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၁၁၉၊ စာမျက်နှာ ၆၇၊ ၁၉၇၀ ပြည့်နှစ်၊ မေလ။

၉။ ဖာနီဗယ်၊ ဂျေ အက်စ၊ မစ္စတာ၊ သတိုးသိရိသုဓမ္မ၊ "မြန်မာနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



သုတေသနဂျာနယ်၊ အတွဲ ၄၃၊ အပိုင်း ၁”၊ စာမျက်နှာ ၄၆၊ ၁၉၆၀ ပြည့်နှစ်၊ ဇွန်လ။

၁၀။ ဘတင်၊ ဦး၊ ဒဂုဏ်ပ၊ “ဒဂုဏ်ပအသိမြန်မာမှု”၊ ရန်ကုန်၊ မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်၊ ၁၉၅၃ ခုနှစ်။

၁၁။ ဘဇော်၊ ဦး၊ “ခြင်းလုံး ခတ်ကစားခြင်းသမိုင်း”၊ ရန်ကုန်၊ မြန်ကြားရေးဌာန၊ ၁၉၆၈ ခုနှစ်။

၁၂။ ဘဇော်၊ ဦး၊ “ခြင်းလုံး ပညာပဒေသာ”၊ ရန်ကုန်၊ မြန်မာ့တံခွန်ပုံနှိပ်တိုက်၊ ၁၉၇၁ ခုနှစ်၊ ဧပြီလ။

၁၃။ သိန်း၊ ဆရာ၊ စာတော်ပြန်၊ “ဦးပေါ်ဦးလျှောက်ထုံးမည်သော ကဝိသတ္တု မဉ္ဇူသာကျမ်း”၊ ဒုတိယတွဲ၊ ပိဋကတ်တော် ပြန့်ပွားရေး ပုံနှိပ်တိုက်၊ ၁၉၆၈ ခုနှစ်၊ စာမျက်နှာ ၅၀၊ မန္တလေး ပိဋကတ်တော် ပြန့်ပွားရေးပုံနှိပ်တိုက်၊ စာမျက်နှာ ၅၀၊ ၁၉၆၀ ပြည့်နှစ်။

၁၄။ သက်တင်၊ ဦး၊ ကထိက၊ “ရွှေပေလွှာဟိန္ဒူမယူခဲ့” လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ၊ ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ။

၁၅။ “နှစ်ငါးဆယ်လူမှုရေးရာ (၁၉၀၀ – ၁၉၅၀)”၊ အမ်စတာဒမ်မြို့၊ ပထမနှိပ်ခြင်း၊ မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း၊ ရန်ကုန်၊ စာမျက်နှာ ၁၀၅ – ၆၊ ၁၉၅၆ ခုနှစ်၊ နိုဝင်ဘာလ။

၁၆။ ပြည်ထောင်စုမြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ကြီး၏ နှစ်ပတ်လည် အစီရင်ခံစာများ။

## လူပုဂ္ဂိုလ်များ

၁။ ကရင်၊ ဦး၊ ငွေထိန်း၊ ဂရိတ်ဗုဒ္ဓဘာသာခြင်းအသင်း၊ မန္တလေးမြို့။

၂။ ကေသရ၊ ဦး၊ ကျောက်ကာဆရာကော်၊ ရွှေဘိုမြို့။

၃။ ကာ၊ ဦး၊ အရေးပိုင်ဟောင်း၊ မန္တလေးမြို့။

၄။ ကံ၊ ဦး၊ ခြင်းလုံးအဖွဲ့ချုပ်အမှုဆောင်၊ ရန်ကုန်မြို့။

၅။ ကျော်ဇင်၊ ဦး၊ မလိုင် ပေါက်စီဆိုင်၊ အိမ်တော်ရာခြင်းဝိုင်း၊ မန္တလေးမြို့။

၆။ ကျော်၊ ဦး၊ လုံခြုံရေးမှူး၊ မန္တလေးမြို့။



၇။ ခင်မ၊ ဒေါ်၊ ခြင်းလုံးအဖွဲ့ချုပ် အမျိုးသမီး ခြင်းအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့။

၈။ ဂုဏ်ဘဏ်၊ ဦး၊ ဂီဘ အငြိမ်းစားအသုရှိ၊ ယဉ်ကျေးမှုကောင်စီ၊ ရန်ကုန်။

၉။ စံလှိုင်၊ ဦး၊ ပုံရိုက်နည်းပြဆရာ၊ ဆောင်းဒါးယက္ကန်းကျောင်း၊ အမရပူရ။

၁၀။ စိန်ကွန့်၊ ဦး၊ ခြင်းလုံးအဖွဲ့ချုပ်ဒိုင်လူကြီး၊ မြင်းခြံမြို့။

၁၁။ စိန်ညွန့်၊ ဦး၊ ခြင်းလုံး ဒိုင်လူကြီး၊ ရန်ကုန်မြို့။

၁၂။ ဆန်းထွန်း၊ ဦး၊ မြန်မာစာကထိက၊ ဝ/သ တက္ကသိုလ်၊ မန္တလေးမြို့။

၁၃။ ညိမ်းမောင်၊ ဦး၊ မြန်မာသုတေသီ၊ ရှေးဟောင်းသုတေသနဌာန၊ ရန်ကုန်။

၁၄။ ညစ်၊ ဦး၊ ခြင်းလုံး ထိုး၍ ဆော့သူ၊ မန္တလေးမြို့။

၁၅။ ငွေအောင်၊ မောင်၊ ခြင်းလုံး အခဘော့ အတွဲ ချုပ်ပိယံ၊ တက္ကသိုလ်ကျောင်းသား၊ ရန်ကုန်မြို့။

၁၆။ ဗိုလ်၊ ဆရာ၊ တပ်ကြပ်ကြီး၊ နမခ၊ ခြင်းလုံးဒိုင်လူကြီး၊ မန္တလေးမြို့။

၁၇။ တင်ကြည်၊ ဦး၊ တပ်မတော် လက်ရွေးစင် ဘောလုံးသမား၊ ရန်ကုန်မြို့။

၁၈။ တင်မောင်၊ ဦး၊ ဂရိတ်ဗုဒ္ဓဘာသာ ခြင်းအသင်း၊ မန္တလေးမြို့။

၁၉။ ထွေးစိန်၊ ဦး၊ လက်ထောက် ထိန်းသိမ်းရေးမှူးဟောင်း၊ ပုဂံပြတိုက်၊ ပုဂံမြို့။

၂၀။ ထွန်းတင်၊ ဦး၊ ခြင်းဝိဇ္ဇာ၊ ရန်ကုန်မြို့။

၂၁။ နွယ်၊ ဦး၊ ရုံးအုပ်စာရေးကြီးဟောင်း၊ ရှေးဟောင်း သုတေသနဌာန၊ မန္တလေးမြို့။

၂၂။ ပွကြီး၊ ဦး၊ ရန်ကုန်တိုင်း အမျိုးသမီး ခြင်းအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့။

၂၃။ ပါစီ၊ ဦး၊ မိသားစု ခြင်းဝိုင်းခေါင်းဆောင်၊ ရန်ကုန်မြို့။

၂၄။ ပွင့်၊ ဦး၊ စာတိုက်ဝန်ထောက်၊ စစ်ကိုင်းမြို့။

၂၅။ ဗိုလ်ကြီး၊ ဦး၊ မန္တလေးခရိုင် ခြင်းအသင်းဥက္ကဋ္ဌ။

၂၆။ ငွေး၊ ကို၊ ခြင်းလုံးဒိုင်လူကြီး၊ မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com



၂၇။ ဘတင်၊ ဦး၊ ရွှေပြည်၊ ရာဇဝင်ပါမောက္ခ၊ မန္တလေးမြို့။
၂၈။ ဘသန်း၊ ဦး၊ အဘွင်းရေးမှူး၊ နန်းညွန့်နွယ် ခြင်း အသင်း၊ မန္တလေးမြို့။
၂၉။ ဘ၊ ဦး၊ ရတနာပုံ ခြင်းလုံးအဖွဲ့ချုပ်ငွေထိန်းလူကြီး၊ ရန်ကုန်မြို့။
၃၀။ ဘပု၊ ဦး၊ ခြင်းလုံးစည်းရုံးရေးမှူး၊ ခြင်းလုံးအဖွဲ့ချုပ်၊ ရန်ကုန်မြို့။
၃၁။ ဘကြည်၊ ဦး၊ ဝိဇ္ဇာညွန့်ခြင်းအဖွဲ့ဥက္ကဋ္ဌ၊ မုံရွာမြို့။
၃၂။ ဘသန်း၊ ဦး၊ အာဇာနည်၊လက်သရပ်ရှာ။
၃၃။ ဘသိန်းကြီး၊ ဦး၊ ရွှေတံဆိပ်ရ၊ နေပြည်တော် ခြင်းအသင်း၊ မန္တလေးမြို့။
၃၄။ ဘအုန်း၊ ဦး၊ နေပြည်တော်ခြင်းအသင်းသား၊ မန္တလေးမြို့။
၃၅။ ဘဇော်၊ ဦး၊ ခြင်းလုံးအဖွဲ့ချုပ် နာယက၊ ရန်ကုန်မြို့။
၃၆။ ဘဘင်၊ဦး၊ ရန်ကုန်ကောလိပ်ကျောင်းသားဟောင်း၊မန္တလေးမြို့။
၃၇။ မှတ်၊ ဦး၊ ခြင်းလုံးဥပဒေပြု ညီလာခံ ကိုယ်စားလှယ်၊ ရွှေဘိုမြို့။
၃၈။ မြင့်အောင်၊ ဦး၊ ဝန်ထောက်၊ ရှေးဟောင်း သုတေသနဌာန၊ မန္တလေးမြို့။
၃၉။ မြ၊ ဦး၊ အငြိမ်းစား ကျောက်စာဝန်၊ မန္တလေး။
၄၀။ မောင်ကြီး၊ ဦး၊ အမ် အေ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဟောင်း၊ ရန်ကုန်မြို့။
၄၁။ မောင်အို၊ ဦး၊ ခြင်းလုံးအဖွဲ့ချုပ် ဗိုင်လူကြီး၊ ရန်ကုန်မြို့။
၄၂။ မောင်မောင်တင်၊ ဦး၊ မဟာဝိဇ္ဇာ၊ သမိုင်းကော်မရှင်၊ မန္တလေးမြို့။
၄၃။ မူစူး၊ ဦး။
၄၄။ ရွှေသား၊ ဦး၊ ခြင်းဝါသနာရှင်၊ မန္တလေးမြို့။
၄၅။ လှကျော်၊ ဦး၊ နန်းညွန့်နွယ် ခြင်းအဖွဲ့ခေါင်းဆောင်၊ မန္တလေးမြို့။
၄၆။ လှမောင်၊ ဦး၊ စလင်း၊ ခြင်းလုံးနည်းပြဆရာ၊ ဗမာ့တပ်မတော်၊ ရန်ကုန်မြို့။
၄၇။ လှဖေဝင်း၊ ဦး၊ အငြိမ်းစား ကျောက်စာဝန်ဟောင်း၊ ရန်ကုန်မြို့။
၄၈။ လှသိန်း၊ ဦး၊ နိုင်ငံကျော် ဓမ္မကထိက၊ ရန်ကုန်မြို့။
၄၉။ လေးမောင်၊ ဦး၊ ကယ်လီကျောင်းသားဟောင်း၊ မန္တလေးမြို့။



၅၀။ သောဘိတ၊ ဦး၊ ရွှေကိုင်းသား၊ စာရေးဆရာ၊ စစ်ကိုင်းတောင်ရိုး။
၅၁။ သိန်းအောင်၊ ဦး၊ သဘာဝဓမ္မဆရာကြီး၊ ဗုဒ္ဓကျမ်းစာ ကထိက၊ မန်းတက္ကသိုလ်။
၅၂။ သက်ညွန့်၊ ဦး၊ အဘွင်းရေးမှူး၊ ခြင်းလုံးအဖွဲ့ချုပ်၊ ရန်ကုန်မြို့။
၅၃။ သန်းထွန်း၊ ဦး၊ ဒေါက်တာ၊ သမိုင်းပါမောက္ခ၊ ဝ/သ တက္ကသိုလ်၊ မန္တလေးမြို့။
၅၄။ သန်းကြီး၊ ကို၊ ပိကင်းပြန်၊ မြန်မာ့လက်ရွေးစင် ခြင်းသမား။
၅၅။ အောင်ဝင်း၊ ဗိုလ်မှူး၊ ခြင်းလုံးအဖွဲ့ချုပ်အမှုဆောင်၊ ရန်ကုန်မြို့။
၅၆။ အောင်ကြွယ်၊ ကို၊ ပီကင်းပြန်၊ သရုပ်ပြ လက်ရွေးစင် ခြင်းသမား၊ ရန်ကုန်မြို့။
၅၇။ အောင်ကိုး၊ ဦး၊ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရန်ကုန်မြို့။
၅၈။ အုန်းဖေ၊ ဦး၊ အငြိမ်းစား ဒုတိယ ရဲမင်းကြီး၊ ရန်ကုန်မြို့။
၅၉။ အောင်သော်၊ ဦး၊ ညွှန်ကြားရေးဝန်၊ ရှေးဟောင်းသုတေသနဌာန၊ ရန်ကုန်မြို့။
၆၀။ အောင်သိန်း၊ ဦး၊ နန်းညွန့်ဆွေ၊ ယဉ်ကျေးမှုအရာရှိ၊ ဂီတသမိုင်းပြုစုရေးဌာန၊ ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



၁၉၈၁ ခုနှစ်၊ စာပေဗိမာန် စာမူဆု
သုတပဒေသာ (ဝိဇ္ဇာ) ပထမဆုရ
“ မြန်မာ့ခြင်းလုံးသမိုင်း ”
ရေးသူ–ခြင်းဦးဘသိန်း
(ပီကင်းမြန်)

မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက်နေ့တွင် အဖ ဦးဖိုးသက်၊ အမိ ဒေါ်အိတို့မှ မန္တလေးမြို့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဘသိန်းပင် ဖြစ်သည်။ မန္တလေးမြို့ ဗဟိုအမျိုးသားကျောင်းတွင် အဋ္ဌမတန်းအထိ ပညာသင်ခဲ့သည်။

ဂရိတ်ဗုဒ္ဓဘာသာ ခြင်းလုံးအသင်း၊ မန္တလေးခရိုင် ခြင်းအသင်းနှင့် မန္တလေး ဝါဆိုခြင်း အဖွဲ့တို့တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ခရိုင်ပေါင်းစုံ ခြင်းခတ်ပြိုင်ပွဲများတွင် မန္တလေးခရိုင်မှ လေးကြိမ်ပါဝင်ကစားခဲ့သည်။ ခြင်းခတ်ပြိုင်ပွဲများတွင်လည်း ဒိုင်လူကြီးအဖြစ် အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့သို့ မြန်မာခြင်းအဖွဲ့နှင့် လိုက်ပါခဲ့သည်။ ၁၉၆၄ ခုနှစ်က “ဗမာ့ခြင်းပညာ ခတ်နည်းတရာ” စာအုပ်ကို ဦးဗိုလ်ကြီးနှင့် တွဲဖက်ရေးသားခဲ့သည်။

ယခုအခါ ခြင်းလုံးနှင့် ခြင်းဖိနပ်များကို ပြုလုပ် ရောင်းချယင်း ခြင်းခတ်ပညာဆောင်းပါးများကို စာနယ်ဇင်းများတွင် ရေးသားလျက်ရှိသည်။

နေရပ်လိပ်စာမှာ အမှတ် ၂၅၉၊ အောင်ဆန်းလမ်း၊ မန္တလေးမြို့ ဖြစ်သည်။

www.burmeseclassic.com